# ကျော်ငြိမ်း

သိန်းဖေမြင့်




## မာတိကာ


| | |
|---|---|
| အမှာ | ၁ |
| ဦးကျော်ငြိမ်း၏ နိဒါန်း | ၄ |
| သိန်းဖေမြင့်၏ ကျော်ငြိမ်း | ၂၀ |
| ကျော်ငြိမ်းအတ္ထုပ္ပတ္တိအကျဉ်း | ၁၆၂ |
| သိန်းဖေမြင့်အတ္ထုပ္ပတ္တိအကျဉ်း | ၁၆၆ |
| အညွှန်း | ၁၇၃ |



## စာအုပ်ရာဇဝင်




ပထမအကြိမ်
၁၂၊ ဖေဖော်ဝါရီ၊ ၁၉၆၁
ရွှေပြည်တန်စာအုပ်တိုက်



ဒုတိယအကြိမ်
၁၊ နိုဝင်ဘာ၊ ၁၉၆၉
နံ့သာတိုက်



တတိယအကြိမ်
၁၉၇၀
အောင်စစ်သည်စာပေ



စတုတ္ထအကြိမ်
ဒီဇင်ဘာ၊ ၁၉၉၉
စာအုပ်ဈေး စာအုပ်တိုက်



## အမှာ

ဦးကျော်ငြိမ်းနှင့် ဦးသိန်းဖေမြင့်တို့မှာ အသက်ချင်း မတိမ်းမယိမ်း၊ တက္ကသိုလ်ကျောင်းသားဘဝမှ နိုင်ငံရေးလောကသို့ တစ်ချိန်တည်း ဝင်ရောက်လာကြသော သူငယ်ချင်းများဖြစ်ကြသည်။

နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအသီးသီးကို ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂမှစ၍ ပြည်သူ့အရေးတော်ပုံပါတီနှင့် ဖဆပလအဖွဲ့ချုပ်ကြီးအထိ အတူပါဝင်လက်တွဲဆင်နွှဲခဲ့ကြသော ရဲဘော်ရဲဘက်များလည်း ဖြစ်ကြ၏။

တစ်ခါတုန်းက ဦးကျော်ငြိမ်းက ဆိုရှယ်လစ်

ပါတီခေါင်းဆောင်ဖြစ်ပြီး၊ ဦးသိန်းဖေမြင့်က ကွန်မြူနစ်ပါတီခေါင်းဆောင်ဖြစ်သည်။ ဦးကျော်ငြိမ်းက ဒီမိုကရေစီကိုယုံကြည်ပြီး၊ ကွန်မြူနစ်ဆန့်ကျင်ရေးသမားဖြစ်၏။ ဦးသိန်းဖေမြင့်က ကွန်မြူနစ်ဝါဒကိုယုံကြည်ပြီး၊ ဒီမိုကရေစီကိုလိုလားသူဖြစ်၏။ သူတို့သည် တိုင်းပြည်နှင့်အများပြည်သူအကျိုးအတွက် ပူးပေါင်းဆောင်ရွက်ဖူး၏။ ဆန့်ကျင်ကွဲလွဲဖူး၏။

ဦးသိန်းဖေမြင့်သည် နိုင်ငံရေးခေါင်းဆောင်အဖြစ်သာမက၊ စာပေအနုပညာနှင့် သတင်းစာပညာတွင် ထက်မြက်သူအဖြစ် အသိအမှတ်ပြုရသလို၊ ဦးကျော်ငြိမ်းသည်လည်း နိုင်ငံရေးခေါင်းဆောင်အဖြစ်သာမက အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် စီးပွားရေးကျွမ်းကျင်သူအဖြစ် ကျော်ကြား၏။

ဦးသိန်းဖေမြင့်က ဤစာအုပ်တွင် ဦးကျော်ငြိမ်း၏ နိုင်ငံရေးပုံရိပ်ကို ဖွဲ့နွဲ့ရေးသားသည်။ နိုင်ငံရေးခေါင်းဆောင်တစ်ဦး၏ကောက်ကြောင်းကို မြန်မာနိုင်ငံရေးလှုပ်ရှားမှုသမိုင်းနောက်ခံဖြင့်လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း အစရှိသော နိုင်ငံရေးခေါင်းဆောင်များ၏ နိုင်ငံရေးလှုပ်ရှားမှုသမိုင်းနောက်ခံဖြင့်လည်းကောင်း ပုံဖော်သည်။

သူတို့နှစ်ဦး၏ နိုင်ငံရေးသဘောထားနှင့် လှုပ်ရှားမှုပုံစံတို့ကို ထောက်ခံသဘောကျသည်များ ရှိနိုင်သည်။ သို့မဟုတ် ဆန့်ကျင်ကွဲလွဲသည်များ ရှိနိုင်



သည်။ သို့မဟုတ် ကြားနေလိုသည်များလည်း ရှိနိုင်သည်။ ယင်းသို့ သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ ပေါ်လွင်ထင်ရှားသည့်အချက်မှာ သူတို့တွင် အဘိဓမ္မာ ခိုင်ခိုင်မာမာ ရှိကြခြင်းဖြစ်၏။ သူတို့၏ အဘိဓမ္မာသည် နိုင်ငံရေးအဘိဓမ္မာ ဖြစ်သည်။ ယင်းအဘိဓမ္မာသည် ကိုယ်ကျိုးပေါ်တွင် အခြေမပြုဘဲ၊ အများအကျိုးတွင် အခြေပြုသည်။

ထို့ကြောင့် ဤစာအုပ်ကို ပြန်လည်ထုတ်ဝေဖြစ်ပါသည်။ ဤစာအုပ်ကို ဖတ်ရှုပြီး အတွေးအမြင်သစ် တစ်စုံတစ်ရာရနိုင်သည်ဟု ယင်မြင်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံရေးသမိုင်းကို လေ့လာရန်အသော်လည်းကောင်း၊ နိုင်ငံရေးအတ္ထုပ္ပတ္တိ စာပေအဖွဲ့အနွဲ့ကိုလေ့လာရန်သော်လည်းကောင်း၊ တန်ဖိုးရှိမည့်စာအုပ်ဖြစ်သည်ဟုလည်း ယုံကြည်ပါသည်။

ယခုလို စာတွဲအကြိမ် ပြန်လည်ထုတ်ဝေနိုင်ရေးအတွက် အထူးကူညီပေးခဲ့သော ဆရာဦးသိန်းဖေမြင့်၏ဇနီး ဒေါ်ခင်ကြည်ကြည်အား များစွာကျေးဇူးတင်ရှိပါသည်။

စာအုပ်ဈေး စာအုပ်တိုက်
၇၊ အောက်တိုဘာ၊ ၁၉၉၉

## ဦးကျော်ငြိမ်း၏ နိဒါန်း

ဦးသိန်းဖေမြင့်ရေးသော ကျွန်တော့ အတ္ထုပ္ပတ္တိသည် သာမန် အတ္ထုပ္ပတ္တိ မျိုးမဟုတ်ဘဲ၊ ငယ်ရာက ကြီးလာကြပြီဖြစ်သော ဗိုလ်ချုပ်အောင် ဆန်းအပါအဝင် စစ်ကြိုခေတ်လူငယ်ခေါင်းဆောင်များ၏ လွတ်လပ်ရေး ကြိုးပမ်းမှုအကြောင်းကို နောက်ခံကားအနေဖြင့် ဖော်ပြထားသဖြင့် အနာဂတ် သမိုင်းရေးဆရာများနှင့် ပြည်သူလူထုအတွက် ဓါတ်ဝင်စားဖွယ်ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။



ကျွန်တော်မှတ်မိပါသေးသည်။

၁၉၃၃ခုနှစ်တွင် မန္တလေးကောလိပ်မှ အိုင်အေအောင်လာကြသော ကိုသိန်းဖေနှင့် ကျွန်တော်တို့သည် ၁၉၃၆ခုနှစ် ကျောင်းသားသပိတ်ကြီးအထိ ကျောင်းသားစည်းရုံးရေးကို အခက်အခဲကြား၊ ပါးအရိုက်ခံရသည့်ကြား၊ ကျောင်းမှ အထုတ်ခံရမည့်ဘေးတို့အထဲမှနေ၍ ဆောင်ရွက်ကြရသည်။ ဘီ အယ်လ် ကျောင်းသားကြီး ကိုနု၊ ကိုအုန်းတို့နှင့် သခင်နိုင်ငံရေးလောကရှိ သခင်ဘစိန်၊ သခင်သိန်းမောင်၊ သခင်မြတို့အား တာက်ဘုန်းကြီးသိန်းဖေမြင့်က ကျွန်တော့အား မိတ်ဆက်ပေး၍၊ ကျွန်တော်က သူ့အား အိုင်အေကျောင်း သား ကိုအောင်ဆန်း(ဗိုလ်ချုပ်)နှင့် ဆရာဖြစ်သင်ကောလိပ်ကျောင်းသား ကို သန်းထွန်း(ယခုကွန်မြူနစ်သခင်သန်းထွန်း)တို့အား မိတ်ဆက်ပေးခဲ့သည်။

ကိုစိုးမောင်၊ ကိုသီဟန်၊ တီကေဘွန်း၊ ကိုထွန်းဝင်း၊ ဗိုလ်ခင်မောင်က လေး၊ ကိုဘရှမ်း၊ ကိုဗဟိန်း၊ ဗိုလ်လက်ျာ(ခေါ်)ကိုလှဖေ၊ ကိုမောင်မောင် (ယခုဗိုလ်မှူးချုပ်)၊ ကိုဘွန်းတင်(ဗိုလ်မှူးထွန်းတင်)၊ ကိုလှရွှေ၊ ကိုသိန်းအောင် တို့မှာလည်း ခေါင်းဆောင်လက်ရုံးများဖြစ်ကြသည်။

ဤခေတ်ကျောင်းသားခေါင်းဆောင်များအနက် ဗိုလ်ချုပ်အောင်ဆန်း၊ ကိုအုန်း၊ ကျွန်တော်၊ ကိုထွန်းဝင်းတို့က ဒီမိုကရေစီဝါဒနှင့် ဆိုရှယ်လစ် စီးပွား ရေးစနစ်ကို ကြိုက်သူများဖြစ်လာကြ၍ ကိုသိန်းဖေမြင့်၊ ကိုဗဟိန်း၊ ကိုသန်း ထွန်းတို့က ကွန်မြူနစ်ဝါဒကို ကြိုက်သောပုဂ္ဂိုလ်များဖြစ်လာကြသည်။

သခင်သန်းထွန်းနှင့် ဦးသိန်းဖေမြင့်တို့ ကွန်မြူနစ်ဖြစ်ပုံခြင်းမှာလည်း မတူသေးပေ။ သခင်သန်းထွန်းက ပါလီမန်စနစ်ကို မနှစ်သက်သူ ဗိုလ်တာန်းစားများ အား ကိုယ်စားပြုသောအဖွဲ့အစည်းတစ်ခုအနေနှင့်ရှုတ်ချကာ ပြည်တွင်းစစ် ကိုယုံကြည်သော တစ်ယူသန်စာအုပ်ကြီးသမား စတာလင်ဂိုဏ်းသားဖြစ်လာ ၍၊ ဦးသိန်းဖေမြင့်က ကာလဒေသကိုလိုက်၍ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ပါလီမန်နည်းဖြင့် ထူထောင်၍ ဖြစ်နိုင်သောအခြေအနေရှိလျှင် ပါလီမန်စနစ်

ကို လက်ခံကျင့်သုံးလိုသော၊ ပြည်တွင်းစစ်ကို ရှောင်နိုင်က ရှောင်လိုသော ကရုဏာရှက်ဗ်ဂိုဏ်းသားဖြစ်လာသည်။

အကယ်၍ စတာလင်သာ ၁၀နှစ်ခန့်အသေစော၍ ကရုဏာရှက်ဗ်သာ ရုရှခေါင်းဆောင် ၁၀နှစ်ခန့်အဖြစ်စောလျှင် ငြိမ်းချမ်းစွာအတူနေရေးမူကြီးလည်း စောစောက ပေါ်ပေါက်လာမည်ဖြစ်သည်။

အာရှတိုက်များရှိ ကွန်မြူနစ်ပါတီများ၏ ပြည်တွင်းစစ်ပေမ်းစဉ်လည်း မပေါ်ပေါက်ဘဲ၊ ဗမာပြည်ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးသည် စတာလင်ဂိုဏ်းသား သခင်သန်းထွန်း၊ သခင်စိုးတို့မဟုတ်ဘဲ ဦးသိန်းဖေမြင့်သာလျှင် ဆက်လက်ဖြစ်နေလိမ့်မည်။ မြန်မာပြည်ကြီးလည်း ပြည်တွင်းစစ်ဘေးရန်မှ လွတ်ကင်းခဲ့မည်ဟု ထင်ပါသည်။

တစ်ချိန်က တက္ကသိုလ်ကျောင်းသားဘဝမှစ၍ နိုင်ငံရေးဆောင်ရွက်ရာတွင် ရင်းနှီးစွာဆောင်ရွက်လာကြသော မိတ်ဟောင်းဆွေဟောင်းများတို့သည် လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်း၌ မြန်မာ့လွတ်လပ်ရေးကို ညီညီညွတ်ညွတ် လက်တွဲ၍ထိန်းကြရမည့်အစား အချင်းချင်းလက်နက်ကိုင်တိုက်ကြရသည့်အခြေသို့ရောက်ခဲ့သည်မှာ ငမ်းနည်းစရာ အလွန်ကောင်းပေသည်။

ဤကဲ့သို့ဖြစ်ရခြင်းမှာ သခင်သန်းထွန်းခေါင်းဆောင်သော ကွန်မြူနစ်ပါတီသည် တစ်ယူသန် စတာလင် ဝါဒီးသောကွန်မြူနစ်ဝါဒကျေးကျွန်အကျဉ်းသမားဘဝသို့ ကျရောက်သွားခဲ့ကြ၍ဖြစ်သည်ဟု ကျွန်တော် ရိုးသားစွာယူဆရပါတော့သည်။

လွတ်လပ်ရေးမရမီ (တစ်) နှစ်၊ ရပြီးခါစ (နှစ်) နှစ် (၁၉၄၇– ၄၉) အချိန်အတွင်း၌ မြန်မာပြည်သည် ကွန်ဂိုပြည်၊ ကိုရီးယားပြည် ဖြစ်လုဖြစ်ဆဲအခြေတွင် တည်ရှိနေပါသည်။

'အသူတစ်ရာနက်သော ချောက်ကြီးထဲသို့ ကျခါနီးဘဝမှ လွတ်မြောက်လာသူသည် ၎င်းချောက်ကြီးကို ပြည်လည်လှည့်ကြည့်သည့်အခါမှ



အသည်းပို၍ ထိတ်စရာတွေ့ရသကဲ့သို့' ထိုစဉ်က အဖြစ်အပျက်များကို ပြန်ပြောင်းကြည့်သည့်အခါတွင်မှ အလွန်အသည်းထိတ်စရာကောင်းလှပါသည်။ ထိုအချိန်က ဖဆပလခေါင်းဆောင်များ ညီညွတ်မှု၊ ရဲဘော်စိတ်ရှိမှု၊ သတ္တိရှိမှု၊ ခေါင်းအေးအေးထားနိုင်မှုတို့ကြောင့်သာလျှင် တိုင်းပြည်ကြီး မတိမ်းမစောင်း ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပေသည်။ ထိုကဲ့သို့ မတိမ်းစောင်းရေးအတွက် အတိုက်အခံအများဆုံး၏ အမုန်းတည်းဟူသော ကျည်ဆန်မိုးကို အများဆုံးရင်ဆိုင်ရသော ပြည်ထဲရေးဝန်ကြီး၏ တာဝန်ကို ထမ်းဆောင်ရသည့်သူသည် ကျွန်တော် တစ်ဦးတည်းသာလျှင်ဖြစ်ပါသည်။

ကျွန်တော် ဘီလပ်သို့ နု–အက်တလီစာချုပ်အတွက် သွားရောက်နေစဉ်အတွင်း ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ စသောအမျိုးသားခေါင်းဆောင်များ လုပ်ကြံခံကြရပါသည်။ ထိုအချိန်က ဂဠုန်ဦးစော အင်္ဂလိပ်စစ်တပ်မှ ခိုးထုတ်သွားသော စက်သေနတ်၊ ဘရင်းဂန်းများသည် အစိုးရအဖွဲ့၏ အင်အားထက်များပြားပါသည်။

ထိုသေနတ်များနှင့် ဦးနုစသော ကျန်ဖဆပလခေါင်းဆောင်များအား သတ်ဖြတ်ရန်ဖြစ်ပါသည်။ ကျွန်တော့အားလည်း ချောင်းမြောင်းသတ်ဖြတ်ရန် ကြိုးစားပါသေးသည်။

ကျွန်တော်သည် လက်မြန်၍ မသင်္ကာသောသူများအားလုံးဖမ်းရန်အာဏာကို ဖဆပလအမတ်များအားပေးလိုက်၍ လည်းကောင်း၊ သောင်းကျန်းမှုနှိမ်နင်းရေးတပ်(ယခုပြည်စောင့်ရဲ)များကို လွှတ်၍ ထိုသေနတ်ပုန်းများကို ၃– ၄ ရက်အတွင်းမိအောင်ဖမ်းဆီးနိုင်၍သာလျှင် တိုင်းပြည်သည် ဦးစောသူပုန်တို့၏ ဘေးရန်မှလွတ်ကင်းသွားပါသည်။ အဖမ်းခံရသော မျိုးချစ်အဖွဲ့ဝင်များကမူကား ပြည်ထဲရေးဝန်ကြီးလုပ်သူ ကျွန်တော့အား ရန်သူကြီးဟု မြင်လာပါတော့သည်။

ထိုအချိန်က ဒုတိယအရေးကြီးသောပြဿနာမှာ ကွန်မြူနစ်များဖြစ်ကြ

ပါသည်။ ၁၉၅၂ခုနှစ် တတိယကမ္ဘာ့ကွန်မြူနစ်ပေါင်းချုပ်ကြီး၏ ဝါဒနှင့် လုပ်ငန်းစဉ် (Policy and Programme of Third International) စာအုပ်တွင်လည်းကောင်း၊ လီနင်၊ စတာလင်ရေးကျမ်းစာများတွင်လည်းကောင်း၊ ကိုလိုနီနိုင်ငံရှိ ကွန်မြူနစ်များသည် မလွတ်လပ်မီ ကွန်မြူနစ်မဟုတ်သူ မျိုးချစ်များနှင့်ပူးတွဲ၍ ဥရောပနယ်ချဲ့အား တိုက်ပွဲဝင်ပြီး၊ လွတ်လပ်ရေးရသည်နှင့် တစ်ပြိုင်နက် မိမိတို့ပါတီက အာဏာကိုလက်ရသိမ်းယူနိုင်ရမည်။ ပြည်တွင်းစစ်ကျင်းပရမည်ဟု အတိအလင်းပါရှိပါသည်။ ဤလမ်းစဉ်အရ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖဆပလအစိုးရအဖွဲ့ ဖွဲ့ပြီးခါစ ဖဆပလအဖွဲ့ချုပ်မှ ကွန်မြူနစ်ပါတီအား ထုတ်ဖယ်ပစ်ပြီးခါစကတည်းက ကွန်မြူနစ်ပါတီသည် ပြည်တွင်းစစ်လမ်းစဉ်ကို စပါတော့သည်။

ဥပမာ လယ်သမားကြီးတွေ ငတ်နေပါသည်ဟု မမှန်သောအကြောင်းများကိုပြ၍ တောရွာမှ လယ်သမားကြီးများ၊ အမျိုးသမီးများနှင့် ကလေးများကို ဆန်ရမည်ဟုလိမ်ခေါ်ကာ ရှေ့တန်းမှတင်၍ ကွန်မြူနစ်ခေါင်းဆောင်များက နောက်ကလိုက်ကာ ဒိုက်ဦး၊ သောင်လေးပင်၊ ပဲခူး စသောမြို့များတွင် အစိုးရဆန်ဂိုဒေါင်များကို အခမ္ဘလုယက် ဖောက်ယူကြပါတော့သည်။

အကယ်၍ ဤလူအုပ်ကိုတားဆီးရာတွင် ရှေ့တန်း၌တင်ထားသော မသိနားမလည်သည့် အမျိုးသမီးများ၊ ကလေးလူမမယ်များအား ရိုက်မိ၊ ပစ်မိလျှင်လည်း ဖဆပလ အစိုးရသည် ရက်စက်ကြမ်းကြုတ်သည်ဟု တိုင်းပြည်ကို လှုံ့ဆော်ကြမည် ဖြစ်ပါသည်။

အစိုးရက လက်ပိုက်၍ကြည့်နေလျှင်လည်း သူတို့က နောက်တစ်ဆင့် ပြည်သူ့ရိက္ခာထောက်ပံ့ရေးဌာနပိုင် အထည်အလိပ်ဂိုဒေါင်များကို လုကြမည်။ ဤနည်းဖြင့် မင်းမဲ့တိုင်းပြည်ဖြစ်ကာ ပြည်တွင်းစစ်သို့အရောက် လူထုအား ဆွဲခေါ်သွားကြမည် ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်အရ



ကျွန်တော်က ဆန်လုလျှင် အမျိုးသမီးနှင့်ကလေးများအား မထိခိုက်စေဘဲ၊ လူအုပ်ထဲရှိ ကွန်မြူနစ်ခေါင်းဆောင်များအား သေချာစွာရှာဖွေရွေးချယ်ပြီးလျှင် သေနတ်နှင့်ပစ်ရန် သတင်းစာမှနေ၍ အမိန့်ထုတ်ပြန်ရပါသည်။ ကံအားလျော်စွာ ဤကဲ့သို့ အမိန့်ထုတ်ပြီးသည့်နောက် အစိုးရဆန်ဂိုဒေါင်များအား လုယက်တိုက်ခိုက်မှုသည် ရပ်စဲသွားပါသည်။ ကျွန်တော့်ကိုကား ကွန်မြူနစ်မိတ်ဆွေများက (ဟင်မလာ)ဟု စတင်ခေါ်ဝေါ်ကြပါသည်။

၁၉၄၈ခုနှစ် လွတ်လပ်ရေးကြေညာ၍မှ သုံးလမကြာမီ ဦးသိန်းဖေမြင့်နှင့် ကျွန်တော်တို့နှစ်ဦး ကြိုးစားချက်မအောင်မြင်ဘဲ၊ ကွန်မြူနစ်ပါတီက သူပုန်ထပြန်တော့သည်။ အလိုလိုမှ စတာလင်လမ်းစဉ်က အစိုးရအာဏာကို ပြည်တွင်းစစ်နည်းဖြင့် သိမ်းရမည်ဟု သတ်မှတ်ထားရသည့်အထဲတွင် ၁၉၄၇ခုနှစ်လောက်တွင် ရုရှားကွန်မြူနစ်ကိုယ်စားလှယ် ဇဒါးနော့ ခေါင်းဆောင်သော ဥရောပတိုက် ကွန်မြူနစ်ပါတီများ၏အစည်းအဝေးက ခေါင်းဆောင် အမေရိကန်နှင့် ရုရှားတို့သည် တတိယကမ္ဘာစစ်ကြီးဖြစ်ရတော့မည်ဖြစ်သဖြင့် ကမ္ဘာပေါ်ရှိ တိုင်းပြည်တိုင်းရှိ ကွန်မြူနစ်များက ကွန်မြူနစ်မဟုတ်သူများထံမှ သူပုန်ထ၍ အာဏာသိမ်းကာ တတိယကမ္ဘာစစ်ကြီးတွင် ရုရှားဘက်မှ ကူညီကြရမည်ဟု ဆုံးဖြတ်ချက်ချကြပါသည်။ ၎င်းလမ်းစဉ်ကို (ဇဒါးနော့လမ်းစဉ်)ဟု တွင်ပါသည်။

ထိုလမ်းစဉ်အရ အိန္ဒိယပြည်၊ မြန်မာပြည်၊ မလေးပြည်၊ ဖိလစ်ပိုင်ပြည်၊ အင်ဒိုနီးရှားပြည် စသောကွန်မြူနစ်ပါတီများသည် လက်နက်ကိုင် သူပုန်ထကြပါသည်။

အိန္ဒိယပြည်နှင့် မြန်မာပြည်တို့ရရှိသောလွတ်လပ်ရေးသည် လွတ်လပ်ရေးမစစ်။ အင်္ဂလိပ်နယ်ချဲ့နေရှင်တွေ၏ လက်ပါးစေတိုင်ရင်းသားအရင်းရှင်များ၏လက်သို့ မျက်လှည့်ပြအာဏာလွှဲအပ်သည့် လွတ်လပ်ရေးဖြစ်သည်ဟု အကြောင်းပြပြီး သူပုန်ထကြပါသည်။

ဤလမ်းစဉ်ကို ဆန့်ကျင်သော ကုလားကွန်မြူနစ်ခေါင်းဆောင် ပီစီဂျိုရှိသည် လည်းကောင်း၊ ဗမာကွန်မြူနစ်ခေါင်းဆောင် ဦးသိန်းဖေမြင့်သည် လည်းကောင်း၊ ဘရောင်းဒါး(အမေရိကန်ပြည်ကွန်မြူနစ်ခေါင်းဆောင်) ဝါဒသမားများအဖြစ် ပါတီခေါင်းဆောင်မှ ရွေ့လျားကြရပါသည်။

ထူးဆန်းသောအချက်မှာ ရုရှားနှင့် ကမ္ဘာ့ကွန်မြူနစ်ပါတီများက စတာလင် သေပြီးနောက် ငြိမ်းချမ်းစွာအတူနေရေးလမ်းစဉ်သစ်ကို ပြောင်းလဲလိုက်သည့်အချိန်တွင် သူပုန်ထနေသော အိန္ဒိယ၊ မလေး၊ ဖိလိပိုင်၊ အင်ဒိုနီးရှားတို့က ရဲရဲဝံ့ဝံ့လက်နက်ချ၍ ဒီမိုကရေစီဝိုင်းအတွင်း နိုင်ငံရေးပြန်လည်ဆောင်ရွက်နေသော်လည်း၊ ဦးနုအစိုးရက လွတ်ငြိမ်းချမ်းသာခွင့်ကို ဥပဒေပြုလုပ်ပေးထားပါလျက်နှင့် ဗမာကွန်မြူနစ်သူပုန်များတို့ အလံမလှဲဘဲ၊ ပြည်တွင်းစစ်ကို ဆက်လက်ဆင်နွှဲနေကြခြင်းဖြစ်ပါသည်။

တတိယပြဿနာကား မြေသိမ်းခံရသော လယ်ပိုင်ရှင်ကြီးများ၊ ချစ်တီးကုလားများ၊ အင်္ဂလိပ်ဓနရှင်ကုမ္ပဏီများနှင့် အင်္ဂလိပ်အစိုးရက နှစ်ပေါင်းများစွာ သွေးခွဲခံခဲ့ကြသည့် ကရင်အမျိုးသားအချို့၊ မြေပိုင်ရှင်အချို့နှင့် အင်္ဂလိပ်အစိုးရအတွင်းရှိ ပုဂ္ဂိုလ်အချို့တို့ဖြစ်ပါသည်။ စစ်ပြီး မြန်မာပြည်ကို အတိုးချ၍ သွေးစုပ်ရန်အားခဲလာသော အင်္ဂလိပ်ဓနရှင်ကုမ္ပဏီကြီးများသည် ဖဆပလအစိုးရအပေါ်မှာ သစ်၊ ဆန်၊ မြစ်ကြောင်း သင်္ဘော စသည်တို့ကို ပြည်သူပိုင်ပြုလုပ်မှုအတွက် အလွန်စိတ်ဆိုးနေကြသည်။

အင်္ဂလိပ်အစိုးရအဖွဲ့တွင်းရှိ အရာရှိအချို့ကလည်း ဓနသဟာယအဖွဲ့တွင်းမှ ခွဲထွက်ရမည်လားဟု ဖဆပလအစိုးရအား စိတ်ဆိုးနေကြသည်။ ဖြစ်နိုင်လျှင် ဖဆပလအစိုးရပြုတ်ကျ၍ သူတို့ကိုလိုလားသော ကရင်၊ ကချင် လူနည်းစုများ ခေါင်းဆောင်သော အစိုးရတက်လာပြီး ဓနသဟာယအဖွဲ့ထဲ ပြန်ရောက်လာစေလိုကြသည်။ ထို့ကြောင့် မြန်မာအစိုးရအား အင်္ဂလိပ်စစ်မစ်ရှင်အဖွဲ့က အစွမ်းကုန်ခြေယိုးတော့သည်။ လက်နက်ခဲယမ်းမီးကျောက်



အင်္ဂလန်ပြည်မှ ဝယ်မရအောင် ဖန်တီးကြတော့သည်။

အခြားတစ်ဖက်တွင် အင်္ဂလိပ်အစိုးရက ကရင်အမျိုးသားများ သူပုန်ထရေးကို သွယ်ဝိုက်၍ အားပေးကြသဖြင့် ကရင်လက်နက်ကိုင်ပြည်သောင်စုရဲနှင့် တပ်မတော်သားများတို့ ပေါင်း၍တောခိုကာ စောဘဦးကြီး၏ ကေအင်ဒီအိုသူပုန်အား ပေါင်းသင်းကြတော့သည်။ ဦးနုက ကရင်သူပုန်မထရေးကို အစွမ်းကုန်စိတ်ရှည်ရှည် နှုတ်ချိုချိုနှင့် ကြိုးစားနေစဉ်၊ အချိန်ဆွဲနေစဉ် ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်မှူးအောင်ကြီး(ယခု ဗိုလ်ချုပ်)နှင့် ကျွန်တော်တို့က တစ်လ၊ နှစ်လအတွင်း လက်နက်ကိုင် လဲပြီး လူတစ်သောင်းကို စုကြရတော့သည်။ ဤတွင် ကေအင်ဒီအိုများက ဦးနုအားကြည်ညိုသလောက်၊ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ကျွန်တော့အား ကရင်မုန်းတီးသူ ရန်သူအဖြစ်မြင်လာကြပါသည်။ သူပုန်ထရာတွင် မအောင်မြင်သူတိုင်းက ကျွန်တော့အား မုန်းတီးခြင်း ပြုလာကြပါသည်။

စတုတ္ထပြဿနာကား ဖဆပလအဖွဲ့တွင်းရှိ ပြည်သူ့ရဲဘော်နှင့် ဆိုရှယ်လစ်တို့၏ ပြဿနာဖြစ်ပါသည်။ ၁၉၄၅ခုနှစ်၊ အင်္ဂလိပ်စစ်တပ်ပြန်ဝင်လာသည့်အချိန် မတရားဖမ်းဆီးနှိပ်စက်ခံကြရသော တော်လှန်ရေးရဲဘော်များအား ကာကွယ်ပေးရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ချက်နှင့် ပြည်သူ့ရဲဘော်အဖွဲ့ကိုဖွဲ့ကြပါသည်။ ထိုအဖွဲ့သည် ၁၉၄၇ခုနှစ်လောက်တွင် လူတစ်သိန်းကျော်၊ နှစ်သိန်းခန့်ရှိ၍ တော်လှန်ရေးရဲဘော်စစ်စစ်က တစ်သောင်းကျော်၊ နှစ်သောင်းခန့်သာရှိပြီး၊ ကျန်အဖွဲ့ဝင်များတွင် တကယ့်မျိုးချစ်စိတ်ရှိသူများ ပါဝင်သော်လည်း ခပ်များများက ယူနီဖောင်းဝတ်ကာ ရပ်ထဲ ရွာထဲ အာဏာပြရန်၊ ဩဇာပြရန် ဖက်ရှင်အနေနှင့် ဝင်လာသူတွေက များဟန်တူသည်။ ကွန်မြူနစ် ဆိုရှယ်လစ်ဝါဒကို မကြိုက်သောကုန်သည် ပွဲစားငယ်များနှင့် လယ်ပိုင်ရှင် ကြီးငယ်များကလည်း ပြည်သူ့ရဲဘော်ကို အားပေးလာကြသည်။

၁၉၄၆ခုနှစ်၊ နိုဝင်ဘာလောက်တွင် ဖဆပလအစိုးရတက်လာကတည်း

က ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို မတိုးချဲ့ရန်၊ ကြာလျှင် အန္တရာယ်ဖြစ်လာမည်စိုးရကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းက အမိန့်များပေးသော်လည်း ခေါင်းဆောင်ပိုင်းက မနာယူဘဲ နှံ့ဆိုးဆိုး၍ ဇွတ်တိုးချဲ့လေသည်။ ဤမျှ များပြားသည့် အရေအတွက်ကို အလုပ်လည်းရှာမပေးနိုင်။ စစ်တပ်ထဲသို့ထည့်ရလျှင်လည်း ဤမျှလောက်ကြီးကျယ်သော စစ်တပ်၏ဒဏ်ကို တိုင်းပြည်က ခံနိုင်မည်မဟုတ်။ ကျန်တိုင်းပြည်ဖိုးတက်ကြီးပွားရေးအတွက် ဘဏ္ဍာတော်ငွေကျန်မည်မဟုတ်ဟု ဗိုလ်ချုပ်အောင်ဆန်းက ရဲဘော်ခေါင်းဆောင်များနှင့်ကျွန်တော့ရှေ့တွင် ညည်းညူဖူးပါသည်။ အဆောဆုံးအချိန်တွင် ဖျက်သိမ်း၍အလုပ်သမား ဘရိဂိတ်မျိုးဖွဲ့မဖြစ်လျှင် တိုင်းပြည်၏ ဖက်ဆစ်ရန်ဖြစ်လာလိမ့်မည်ဟု ယုံကြည်ကာ အုပ်ချုပ်ပုံစည်းမျဉ်းဥပဒေတွင် ဗိုလ်ချုပ်ကိုယ်တိုင်က စစ်အသွင်ဆောင်သော ယူနီဖောင်းဝတ်နိုင်ငံရေးအဖွဲ့များ မဖွဲ့ရဟူသောအပိုဒ်ကို ထည့်သွင်းရေးသားထားလေသည်။

အကယ်၍ ဗိုလ်ချုပ်အောင်ဆန်းသာ အသေမစောလျှင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို ထိန်းသင့်သလောက် ထိန်းနိုင်မည်ဖြစ်သော်လည်း ဗိုလ်ချုပ်ကျဆုံးပြီးနောက် ဦးနုသည်လည်းကောင်း၊ ဗိုလ်မှူးအောင်၊ ဗိုလ်စိန်မှန်တို့သည်လည်းကောင်း မထိန်းသိမ်းနိုင်တော့ချေ။

ကွန်မြူနစ်နှင့် ဆိုရှယ်လစ်တို့ ပြိုင်၍သိမ်းသွင်းကြရာတွင် လူများစုရဲဘော်ဖြူက တောခိုကွန်မြူနစ်ပါတီဘက်ပါ၍ လူနည်းစု ရဲဘော်ဝါတို့ကဗိုလ်မှူးအောင်၊ ဗိုလ်စိန်မှန်တို့ ခေါင်းဆောင်ကာ ဖဆပလဆိုရှယ်လစ်ဘက်ကျန်ခဲ့လေသည်။

ရဲဘော် ဖြူ ဝါ မကွဲမီ အင်္ဂလိပ် အမေရိကန်နယ်ချဲ့စနစ်ကို ဝေဖန်ပုတ်ခတ်ရေးကလည်း ခေတ်စားနေချိန်တွင် ရဲဘော်ခေါင်းဆောင်များက ကွန်မြူနစ်၊ ဆိုရှယ်လစ်များထက် တစ်ဖန်းသာအောင် အင်္ဂလိပ်၊ အမေရိကန်ပြည်များအား မြန်မာအစိုးရအနေနှင့် စစ်ကြေညာရန်တိုက်တွန်းကြသေးသည်။



ဤကလေးဆိုးကြီးများကို ဝန်ကြီးချုပ်ဦးနုက စိတ်ရှည်လက်ရှည် မဖြစ်နိုင်ကြောင်း၊ မြန်မာအစိုးရ၏ လက်နက်ခဲယမ်းမီးကျောက်များမှာ အင်္ဂလိပ်တပ်က ချန်သွားသော မီးကျိုးမောင်းပုက်များသာဖြစ်ကြောင်း၊ အင်အားခြင်းမမျှကြောင်း နာရီပေါင်းများစွာ ရှင်းပြသည့်အခါ၊ အနည်းဆုံး(စတီ) အဖြစ်စစ်ကြေညာရန်ဆက်လက်တိုက်တွန်းကြပြန်သည်။

ကမ္ဘာ့ဗဟုသုတ ဘာမျှမရှိသော နယ်ခေါင်းဆောင်လူငယ်တွေက အများစု ဖြစ်နေသဖြင့် ဗိုလ်ဖိုးကွန်း၊ ဗိုလ်မှူးအောင်၊ ဗိုလ်စိန်မှန်တို့လည်း ဘာမျှအုပ်ထိန်းနိုင်ခြင်းမရှိဘဲ၊ ဝါးအစည်းပြေသည့်သဘောဖြစ်ရလေသည်။

ပြည်ထဲရေးဝန်ကြီးဘဝနှင့် ရဲဘော်များဟောင်းသည့်အရေအတွက်အတိုင်း သေနတ်မပေးနိုင်၊ အရန်တပ်ဖွဲ့ မပေးနိုင်သည်ကတစ်ကြောင်း၊ ရဲဘော်တပ်ဖွဲ့ကို ဗိုလ်ချုပ်အောင်ဆန်း၏ဝါဒအတိုင်း အမြန်ဆုံးဖျက်သိမ်းရန်အစည်းအဝေးတွင် တိုက်တွန်းမိသည်ကတစ်ကြောင်း၊ ဆိုရှယ်လစ်တွေကိုမနာလိုမုန်းတီးသည်ကတစ်ကြောင်းတို့ကြောင့် ကျွန်တော့အား ရဲဘော်များက ရန်သူကြီးဟု ထင်မှတ်လာကြပေသည်။

ပဋ္ဌမပြဿနာကား အစိုးရစက်ယန္တရားအတွင်း ပြဿနာဖြစ်ပါသည်။ အာဏာရခါစ ဆိုရှယ်လစ် ဖဆပလအဖွဲ့ဝင်များ၏ မောက်မာစော်ကားစွာဆက်ဆံသည်ကို စိတ်နာကြည်း၍လည်းကောင်း၊ အမုန်းခံ အသေခံ၍မဆောင်ရွက်လို၍လည်းကောင်း၊ နယ်ရှိရဲနှင့် အုပ်ချုပ်ရေးဘက်အရာရှိကြီးငယ်များများတို့သည် သူပုန်များနှိမ်နင်းရေးကို စိတ်ပါစွာ မဆောင်ရွက်ကြချေ။ ထိုအချိန်တွင် စာရေးသပိတ်သမားတွေကလည်း သူပုန်ဘက်သို့ သစ္စာဖောက်၍ လျှို့ဝှက်သည့်အစိုးရသတင်းများကို ပေးသူပေး၊ တောခိုသူ ခိုကြဖြစ်ကုန်သည်။

ရန်ကုန်ဌာနချုပ်တွင်လည်း တောခိုသူပုန်များအားနှိမ်နင်းရာတွင် ဖ ဆ ပ လ အစိုးရအား ကူညီရမည့်အစားဝန်ကြီးအဖွဲ့မှ ဆိုရှယ်လစ်များအား

ထုတ်ပယ်၍ အသစ်ပြန်လည်ဖွဲ့စည်းရန် အတွင်းဝန်ချုပ်နှင့်ပြည်ထဲရေး အတွင်းဝန် ရဲဗိုလ်ချုပ်၊ ဒုရဲဗိုလ်ချုပ်၊ ရန်ကုန်ရဲမင်းကြီးနှင့် စစ်ဦးစီးချုပ် စမစ်ဒွန်းနှင့် အခြားကရင်စစ်ဗိုလ်မှူးကြီးများက ဦးနုအား အကျပ်ကိုင် တိုက်တွန်းကြသည်။

ဆင္ဒမပြုသနာကား အထက်ပါ ရဲနှင့် ကရင်အရာရှိကြီးများက အာဏာ သိမ်းလိုသည့် အခြေအနေကို ကာကွယ်ရန် ဖွဲ့စည်းထားသော လက်ဝဲညီညွတ်ရေးအဖွဲ့ဝင်အချို့က တစ်ဖန် ဖ ဆ ပ လဝန်ကြီးများအားအသိမပေးဘဲ ဗိုလ်ချုပ်ကြီး နေဝင်းအား အာဏာသိမ်းရန် တိုက်တွန်း၍မရသည့်အချိန်တွင် တပ်ရင်း ၆ နှင့် တပ်ရင်း ၃တို့ကို တောခိုခိုင်းလေတော့သည်။ ထိုကိစ္စအတွက် ကျွန်တော်၏မိတ်ဆွေကြီး ဦးသိန်းဖေမြင့်ကို ကျွန်တော်ကိုယ်တိုင် ဖမ်းရသည့် အခြေရောက်ပါတော့သည်။

ဤမျှပြင်းထန်သော လှိုင်းလေကြား၊ မုန်တိုင်းကြားမှ ဖ ဆ ပ လအဖွဲ့နှင့်အစိုးရတို့သည် ကြံ့ကြံ့ခိုင်ဘည်တံ့အောင် နေနိုင်ခဲ့ကြသည်။ သို့သော် ၁၉၅၀ပြည့်နှစ် ကိုရီးယားစစ်ပွဲဖြစ်သည့်အခါ ဖ ဆ ပ လအဖွဲ့တို့ ဂယက်ရိုက်လာပြန်သည်။ မာ့က်စ်ဝါဒကို လေ့လာကြရင်း သခင်ချစ်မောင်၊ သခင်လွင်၊ သခင်လှကျော် စသော ခေါင်းဆောင်ငယ်များသည် ကွန်မြူနစ်များ ဖြစ်လာကြပြီးလျှင် ကိုးရီးယားမြောက်ပိုင်းနှင့် ရုရှားတို့က မှန်ကန်ကြောင်း အပြင် ကွန်မြူနစ်အယူအဆများ လက်ခံရေးကို ဖ ဆ ပ လနှင့် ဆိုရှယ်လစ်ပါတီတွင်း၌ ပြင်းထန်စွာ ကြိုးစားလာကြပြန်သည်။

ဆိုရှယ်လစ်များသည် သမင်မွေးရင်း ကျားစားရင်း ဆိုသကဲ့သို့ မာ့က်စ်ဝါဒကို လက်ခံလေ့လာရင်း ပါလီမန်စနစ်ကို ပယ်၍ တစ်ပါတီအာဏာရှင်စနစ်ကို လက်ခံသော ကွန်မြူနစ်များ ဖြစ်လာကြပါသည်။

ကွန်မြူနစ်ဝါဒကို ပြင်းထန်စွာဆန့်ကျင်၍ ပါလီမန်စနစ်ကို ပြင်းထန်စွာ ယုံကြည်သော ဦးနုနှင့်ကျွန်တော့အား သူတို့က ဦးတည်၍ ပါတီတွင်းတိုက်ပွဲ



ဆင်လာကြပါသည်။ ဦးဗဆွေကိုမူကား သူကို့ဘက်သို့သိမ်းသွင်း၍ရမည်ဟု ယုံကြည်၍ နောက်ဆုံးအချိန်ထိ မဟာမိတ်ပြုလုပ်ထားကြပါသည်။ ထိုဆိုရှယ်နီရဲဘော်များအား ဖ ဆ ပ လအဖွဲ့မှ ခေါင်းဆောင်၍ထုတ်ပစ်သူများမှာ ဦးနုနှင့်ကျွန်တော်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော့အား ဖက်ဆစ်၊ အမေရိကန် သူလျှို၊ လူညစ်ပက် စသည်ဖြင့် ကွန်မြူနစ်တို့ သုံးနေကျစကားများဖြင့် ယနေ့တိုင် ဆဲရေးနေကြပါသည်။

ကျွန်တော်သည် ကွန်မြူနစ်များ၏ အမုန်းခံရန်ငြိုးခံ၍ ဤမျှကွန်မြူနစ်ဝါဒကို ပြင်းပြင်းထန်ထန် ခုခံနေခြင်းသည် အဘယ်ကြောင့်နည်းဟူသော အမေးကို ဖြေကြားရန်လိုပါသည်။

ကျွန်တော်သည် ပါလီမန်ဒီမိုကရေစီစနစ်နှင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို လွန်စွာယုံကြည်လေးစားခြင်းကြောင့် ဖြစ်ပါသည်။ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၏အရသာ၊ ဥပဒေ၏စိုးမိုးအုပ်ချုပ်မှုအရသာ တန်ဖိုးတို့ကိုအခွင့်အရေးများ ဆုံးရှုံးသွားသည့်အခါမှသာ သိနိုင်ပါတော့သည်။

ဂျပန်စစ်အာဏာရှင်ခေတ်တွင် မိမိ၏ကိုယ်တွေ့ခံစားရသော အတွေ့အကြုံများက တစ်ပါတီအာဏာရှင်စနစ်ကို အူထဲအသည်းထဲမှနေ၍ ရွံမုန်းစေခဲ့ပါသည်။ ဂျပန်စစ်အစိုးရ မလိုမုန်းထားသူတစ်ယောက်က သူလျှိုဟု မတရားတိုင်တန်းသည်နှင့်တစ်ပြိုင်နက် ထိုသူအားစုံစမ်းစစ်ဆေးမေးမြန်းခြင်းမပြုဘဲ မတရားချုပ်နှောင်ကာ လက်သည်းခွာခြင်း၊ ပါးစပ်ထဲ ရေနွေးလောင်းခြင်း၊ ကျောက်နှင့်တို့ခြင်း၊ မိမိတွင်းကိုမိမိတူးစေ၍ သတ်ပစ်ခြင်းတို့ကို လူပေါင်းများစွာအား ပြုလုပ်ခဲ့သည်ကို မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သော ကျွန်တော်သည် လူ့လောကကြီးအား ငရဲဟု ယူဆပါသည်။ ကျွန်တော်တို့ကဲ့သို့သော နိုင်ငံရေးခေါင်းဆောင်တွေ၊ ဝန်ကြီး ဝန်ကလေးတွေ ကိုယ်တိုင် ဘယ်သောအခါ မိမိတို့အလှည့်ကျမည်နည်းဟု တထိတ်ထိတ်နှင့် နေခဲ့ကြရပါသည်။ နေ့စဉ် ကျွန်တော် အတွင်းဝန်အဖြစ် ရုံးတက်သောအခိပတိ ဒေါက်တာ ဘမော်၏

ရုံးအသွားတွင် နေ့ခင်းကြောင်တောင် ကင်းပေတိုင်ရုံးဘွင်းမှ အမေ ကယ်ပါ၊ အဘ ကယ်ပါနှင့်အော်ဟစ်ကြွေးကြော်ညည်းညူနေကြရသော အနိုင်ဗလက်ခံ ဒုက္ခသည်များ၏အသံများကို ဂေါ်သတ်ရုံတွင် ဝက်တွေ အော်သံများကဲ့သို့ ကြားနေရသဖြင့် ငရဲကြီးရှစ်ထပ်ဆိုတာဒါမျိုးထင်ပါရဲ့ဟု သံဝေဂရမိပါသည်။

ဤကဲ့သို့ မရက်စက်ခဲ့သော သွားလေသူ နယ်ချဲ့အင်္ဂလိပ်အစိုးရကိုပင် ပြန်လည်အောက်မေ့ကျေးဇူးတင်မိပါတော့သည်။ ဤတွင်မှ ရုံး၌ တရားမစွဲဘဲ မတရားဖမ်းဆီးခြင်းကို ခွင့်မပြုသော ဒီမိုကရေစီစနစ်၏တန်ဖိုး၊ လွတ်လပ်စွာ ပြောဆို ရေးသားခွင့်တို့၏ တန်ဖိုး၊ မတရားနှိပ်စက် ညှဉ်းပန်းမှုကို ခွင့်မပြု သော ဥပဒေစိုးမိုး စနစ်တို့၏ တန်ဖိုးတို့ကို ကွင်းကွင်းကွက်ကွက်ကြီး နား လည်လာပါသည်။

ဤကဲ့သို့ ခေါ်လျှင်သွား၊ ကျွေးလျှင်စား၊ နိုင်းလျှင် လုပ်ရသော ကျွဲနွား တိရစ္ဆာန်ဘဝမျိုး၊ ဝက်သတ်ရုံတွင်းရှိ ဝက်တို့၏ဘဝမျိုးသို့ တိုင်းပြည်ကလူထု ကြီးအား ကျရောက်စေမည့် မည်သည့်ကွန်မြူနစ်စနစ်၊ ပါတီအာဏာရှင်စနစ်၊ ဖက်ဆစ်စနစ်ကိုမဆို အစွမ်းကုန်တွန်းလှန်ရန် သန္နိဋ္ဌာန်ချမှတ်ခဲ့ခြင်း ဖြစ် ပါသည်။

ဦးသိန်းဖေမြင့်သည် ကျွန်တော်၏ကွန်မြူနစ်ဆန့်ကျင်ရသည့် အ ကြောင်းများကို ဓမ္မဓိဋ္ဌာန်ကျကျထည့်သွင်းဖော်ပြသွားသဖြင့် များစွာကျေးဇူး တင်ပါသည်။ ဤကဲ့သို့ အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်တစ်ဦး၏ ဝေဖန် ချက်ကို ရိုးသားစွာနှင့်ရဲဝံ့စွာဖော်ပြ၍ မိမိကနောက်မှ သီးသန့်ချေပသော အချက်သည်ပင် သာမန် ကွန်မြူနစ်ခေါင်းဆောင်တို့ပြုလုပ်လေ့မရှိပါ။

ဤကဲ့သို့ ဓမ္မဓိဋ္ဌာန်ကျမှု ပညာတက်တို့၏ရိုးသားမှုကိုပင် သူ၏ရဲဘော် ကွန်မြူနစ်အချို့က ဝေဖန်ပုတ်ခတ်မည်ကို တွေးမြင်မိပါသေးသည်။ သို့သော် မိမိမှန်သည်ထင်လျှင်၊ တိုင်းပြည်၏အကျိုးရှိမည်ထင်လျှင် မိမိခေါင်းဆောင်မှု ပြုတ်ကျမည်ကို ဂရုမစိုက်၊ တစ်ယူသန်ပြုလုပ်တတ်သော စရိုက်သည်



ဦးသိန်းဖေမြင့်၌ ဇာတိပင်ကိုသန္တေကတည်းက ပါလာခြင်းဖြစ်သည်။ ထိုအချက် ကြောင့်ပင် ဦးသိန်းဖေမြင့်သည် ထိပ်သီးခေါင်းဆောင်ကြီးဘဝသို့ ရောက် လိုက်၊ အောက်သို့ ကျဆင်းလိုက်နှင့် စုန်ချည် ဆန်ချည်နှင့် လူးလာနေခဲ့ရ သည်။ လူတွေအချို့၏ အမုန်းခံရ၊ အထင်လွဲခံရခြင်း ခံခဲ့ရပေသည်။

တနည်းအားဖြင့်ဆိုလျှင် ဦးသိန်းဖေမြင့်သည် မိမိ၏ကိုယ်ကျိုးကို မငဲ့၊ တွေ့ကြုံရမည့်ဘေးကို မငဲ့ဘဲမှန်သည်ထင်က လည်းကောင်း၊ တိုင်းပြည်နှင့် လူထုအတွက် အကျိုးရှိမည်ထင်က လည်းကောင်း၊ ဇွတ်တရွတ်ဆောင်ရွက် လိုသော ကျွန်တော်၏ စရိုက်နှင့်ဆင်ဆင်တူသည်ဟု ဆိုရပေမည်။ ဤကဲ့သို့ သော သူများသည် အသက်ရှင်စဉ်တွင် မလိုသောသူများပေါ်တတ်၍သေခါမှ သာလျှင် အများက ဝိုင်းဝန်းချီးမွမ်းလိုက ချီးမွမ်းတတ်ကြပေသည်။

ကျွန်တော့အနေနှင့်လည်း ပြည်ထောင်စုကြီးရောင်စုံသူပုန်များလက်၌ မပြိုပျက်ရေး၊ ပါလီမန်စနစ် ရေစုန်မမျောရေးတို့အတွက် အသက်သေက သေ ပေစေ၊ ရန်သူများကလည်း များပေစေဟု မိမိ၏ တာဝန်ကို အစွမ်းကုန်ဆောင် ရွက်ရင်းနှင့် မုန်းသူတွေ များသည်ထက်များလာတော့သည်။ မလိုလားသူ များက ကျော်ငြိမ်းဟာ ဘော်သည်။ သို့သော် ညစ်ပတ်သည်ဟု ကြွေးကြော် လာတော့သည်။

ကျွန်တော်သည် ယနေ့အထိ အလောင်းအစားမရှိ၊ အရက်သေစာ သောက်စားခြင်းမရှိ၊ အဂတိလိုက်စားခြင်း မရှိသည်ကို ကျွန်တော်၏အတိုက် အခံခေါင်းဆောင်များ ကိုယ်တိုင်က ဝန်ခံလာရသည်။ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ ကျွန်တော့အားအပြစ်ပြောရန် အချက်မရှိသဖြင့် ကျွန်တော်၏ ပုံ့လာပီရိယနှင့် လုပ်ရည်ကိုင်ရည်တို့ကိုလည်း ဝန်ခံလာရသည့်အခါ၊ ညစ် ပတ်သည်ဟု ဝေဖန်လာပြန်တော့သည်။ သို့သော် မည်သည့်နေရာတွင် မည်သူ့အား မည်ကဲ့သို့ညစ်ပတ်သည်ဟု အတိအကျဖော်ပြနိုင်ခြင်း မရှိခဲ့ချေ။

ညစ်ပတ်သည့် လူတစ်ယောက်သည် တိုင်းပြည်၏အကျိုးကို မကြည့်

ဘဲ မိမိ၏ကိုယ်ကျိုးကို ကြည့်ရမည်။ ရဲဘော်စိတ်မရှိဘဲ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များအပေါ်တွင် သစ္စာမဲ့ရမည်။ ရှေ့တွင်နှုတ်ချိုချို၍၊ ကွယ်ရာတွင် ကောက်ကျစ်ရမည်။ မိမိ၏ နှုတ်ကတိကို တန်ဖိုးမထားဘဲ၊ လိမ်လည်လှည့်ဖြားရမည်ဟု ကျွန်တော်နားလည်ပါသည်။ ကျွန်တော့တွင် ဤရို့ယွင်းချက်မျိုးတစ်ခုမျှ မရှိပါ။ ကျွန်တော်သည် ကိုယ်ကျိုးမငဲ့ဘဲ သက်စွန့်၍ ဗမာ့လွတ်လပ်ရေးတွင် ခေါင်းဆောင်ပိုင်းမှနေ၍ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် လက်တွဲကာဆောင်ရွက်ခဲ့သည်မဟုတ်လော။ ထင်ပေါ်ကျော်စောမှုစိတ်၊ လူကြီးလုပ်လိုလွန်းမှုစိတ် မရှိသည့်အတွက် ဦးနုက သူ၏နေရာတွင် ဝန်ကြီးချုပ်လုပ်ရန် ကျွန်တော့အား တိုက်တွန်းစဉ်က ကျွန်တော်ဝန်ကြီးချုပ်လုပ်လိုစိတ် မရှိကြောင်း၊ ဦးဗဆွေကိုသာ ကျွန်တော့နေရာတွင် တင်စေလိုကြောင်းကို ပြန်ပြောသည်။ ဦးနုက ကျွန်တော့ကို အချင်းချင်းပေးကြသည့် စာနှစ်စောင်တွင် ဖော်ပြပြီးသားဖြစ်ပါသည်။ ဖဆပလ ကွဲသည့်အခါလည်း ဥက္ကဋ္ဌနေရာကို ကျွန်တော်မယူဘဲ ဦးဗဆွေအား ကြည်ဖြူစွာပေးခဲ့သည် မဟုတ်ပါလော။


သစ္စာကတိနှင့် ပတ်သက်လျှင်လည်း ကျွန်တော်သည် မည်သည့်နိုင်ငံရေးရဲဘော်ကိုမျှ ရှေ့တွင်တစ်မျိုး၊ ကွယ်ရာတစ်ဖုံ မပြောခဲ့ဘဲ ဘွင်းဘွင်းကြီးဆက်သွယ်လွန်းသဖြင့်(လူပေါင်းစိတ်ရွာ) မပြုလုပ်သဖြင့် မုန်းသူရန်သူတွေများသည်ထက်များခဲ့သည်ဟု မိတ်ဆွေရင်းများက အပြစ်တင်ခံခဲ့ရပါသည်။ ခင်မင်သူမိတ်ဆွေအား သစ္စာရှိလွန်း၍ မုန်းမိသူအား အငြိုးကြီးလွန်းသည်ဟုပင် အပြစ်တင်ခံရပါသေးသည်။ နောက်ဆုံးတွင် တိုင်းပြည်အကျိုးနစ်နာမည်စိုး၍ ဖဆပလအကွဲတွင် ရခိုင်အမတ်များ၏မဲကို ၇၂မဲသာ အစိုးရဖြစ်မည်ကို သိလျက်နှင့် ဖဆပလ အနေနှင့် ရခိုင်ပြည်နယ်ကို မထောက်ခံခဲ့သည့်အပြင်၊ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြုလုပ်ရေးသည် တိုင်းပြည်အတွက် အပြစ်က အကျိုးထက်များမည်မြင်၍ မဲရှုံးမည်ကို ဂရုမထားဘဲ ကန့်ကွက်ခဲ့ပါသည်။ ဤမျှ ရှင်းရလျှင် ကျွန်တော်ညစ်ပတ်သည်ဆိုသော မလိုလားသူများ



၏ စွပ်စွဲချက်သည် ကျေလောက်ပြီဟု ထင်ပါသည်။

ဤအချက်တွေကို ကျွန်တော့အနေနှင့် ယခင်က ရှင်းလင်းရန်ပင် မကြိုးစားခဲ့ပါ။ မိမိ၏ တိုင်းပြည်နှင့် လူမျိုးအရေးဖြစ်ခဲ့သည့်အတွက် ဆောင်ရွက်ရာတွင် ကံကောင်းထောက်မ၍သာ အသက်မသေသေးဘဲ ကျန်ရှိသည်ဟု ယူဆပါသည်။ မသိနားမလည်သူများနှင့် မလိုလားသူများ၏ အထင်လွဲခံရမည်။ အမုန်းခံရမည်လောက်ကို ကျွန်တော် ဂရုမထားပါ။ အလျဉ်းသင့်၍ ကျွန်တော်၏ အတ္ထုပ္ပတ္တိစာအုပ်တွင် ထုတ်ဝေသူက နိဒါန်းရေးခိုင်း၍သာ ရှင်းလင်းဖော်ပြရခြင်းဖြစ်ပါသည်။

မနစ်နာခံ၊ အမုန်းခံ၍ တိုင်းပြည်အကျိုးကို မဆောင်ရွက်ဘဲ မိမိအား လူကြည်ညိုရုံ နတ်သာဓုခေါ်ရုံသာ အများ၏အကြိုက်ကိုသာ ရောယောင်၍ လုပ်ပါးလုပ်၊ ဆောင်ရွက်နေသောခေါင်းဆောင်တွေသာ များနေလျှင် ဤမျှ လှိုင်းတွေ၊ လေတွေနှင့် ရင်ဆိုင်နေကြရသော ပြည်ထောင်စုကြီးသည် ရေစုန်မျော၍ နစ်မြုပ်သွားသည်မှာ ကြာလှပေတော့မည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ တည်တံ့ခိုင်မြဲရေး၊ ပါလီမန်ဒီမိုကရေစီ ထွန်းကားရေးနှင့် ဆိုရှယ်လစ်စနစ်အောင်မြင်ရေးအတွက် အမုန်းခံရချင် ခံရပါစေ။ အသတ်ခံချင်ခံရပါစေ။ ကိုယ်ကျိုးကိုယ့်စီးပွား ပျက်ချင်ပျက်ပါစေ။ မှန်ရာလုပ်မည်။ မှန်ရာလမ်းညွှန်မည်ဟူသော ပုဂ္ဂိုလ်များပေါ်များသည်ထက် ပေါ်များပါစေဟု ဆုတောင်းရင်း ကျွန်တော်၏နိဒါန်းကို အဆုံးသတ်လိုက်ရပါသတည်း။ ။



ကျော်ငြိမ်း
၁၅၊ ဇန်နဝါရီ၊ ၁၉၆၁

# ကျော်ငြိမ်း
## သိန်းဖေမြင့်

"ဟော့ တို့နှစ်ယောက် နိုင်ငံရေးစလုပ်ကြတဲ့ အချိန်တွေ မင်းမှတ်မိသေးသလား"ဟု ကျွန်တော်က ကျော်ငြိမ်းအား မေးလိုက်သည်။ ကျွန်တော်တို့နှစ်ယောက်သည် ပက်လက်ကုလားထိုင်မှာ အစန့်သား မျက်နှာချင်းဆိုင်၍ ထိုင်နေကြလေသည်။

"မှတ်မိတာပေါ့ကွ၊ မန္တလေးအင်တာကောလိပ်တုန်းကလေ"

ကျွန်တော်တို့သည် ထိုအချိန်ကို စားမြုံ့ပြန်ကြ၏။ ကျွန်တော်ကား ကျော်ငြိမ်းပခုံးပေါ်ကျော်လျက် တရုတ်လက်ရာနှင့်တူသော ပန်းခက် ပန်းနွယ်များ ထွင်းထားသည့် ပရုတ်သစ်သားသေတ္တာကြီးကို လှမ်းကြည့်ရင်း စားမြုံ့ပြန်သည်။ ကျော်ငြိမ်းကား ကျွန်တော့်ပခုံးပေါ်မှကျော်လျက် အင်းလျားကန်ဆီသို့ကြည့်ရင်း စားမြုံ့ပြန်သည်။

"၁၉၃၂– ၃၃ခုဆိုတော့ ၂၇နှစ်ကျော်ပြီပေါ့ကွာ"ဟု ကျွန်တော်က စပြန်သည်။

၁၉၃၂– ၃၃ခုနှစ်တွင် မန္တလေးဥပစာကောလိပ်၌ ကျော်ငြိမ်းက အိုင်အက်စ်စီ အထက်တန်းနှင့် ကျွန်တော်က အိုင်အေ အထက်တန်းမှာ သင်ကြားနေကြသည်။



မန္တလေးဥပစာကောလိပ်မှာ ရန်ကုန်တက္ကသိုလ်၏ လက်အောက်ခံဖြစ်ရာ ထိုနှစ်က ရန်ကုန်တက္ကသိုလ်ကောင်စီသည် မန္တလေးကောလိပ်ကို နောက်တစ်နှစ်ကစ၍ ဖြုတ်ပစ်ရန်ဆုံးဖြတ်လိုက်လေသည်။ သည်တွင် ကျော်ငြိမ်းနှင့် ကျွန်တော်သည် ထိုဆုံးဖြတ်ချက်ကိုကန့်ကွက်ရန် စတင်ဆော်ဩကြလေသည်။ ကျောင်းသားများချည်း စည်းဝေးကန့်ကွက်ကြသည်သာမက မန္တလေးမြို့လုံးကျွတ် မြို့မိမြို့ဖ အစည်းအဝေးကြီးများ ကျင်းပပြီး ကန့်ကွက်ကြလေသည်။ ဗိုလ်ခင်မောင်ကလေး(ဝန်ကြီးဟောင်း)၊ ဦးထွန်းအုံ(မြူမင်းကြီးဟောင်း)၊ ဦးလှမောင်(သံအမတ်ကြီး) စသည်တို့နှင့်အတူ ကျွန်တော်တို့နှစ်ယောက်သည် ကျောင်းသားခေါင်းဆောင်များဖြစ်လာကြလေသည်။

ထိုနှစ်က မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထိုက် မခွဲထိုက်၊ ခွဲရေး တွဲရေး မဲပေးပွဲလည်းရှိလေသည်။ ကျော်ငြိမ်းနှင့်ကျွန်တော်သည် ခွဲရေးသမားများဖြစ်ကြ၏။ ဦးဘဦးက ခွဲရေး၊ ဦးဘရွှေက တွဲရေး ယှဉ်ပြိုင်ကြရာ ကျွန်တော်သည် ဦးဘဦးဘက်မှ မဲလိမ်ပေးရန် ကြိုးစားလေသေးသည်။ မဲရုံစောင့်အရာရှိ (ယခု ဝတ်လုံတော်ရရှေ့နေမစ္စတာဘွန်း၏ အစ်ကို)က ကျောင်းသားမှန်းသိပြီး မဖမ်းဆီးဘဲ လွှတ်ပစ်လိုက်၍ တော်ပေသေးသည်။

"မင်းက ငါ့ထက်ရမ်းရဲတယ်ကွ"ဟု ကျော်ငြိမ်းက ကျွန်တော့အား ချီးကျူးရင်း အဲဟို ခွဲရေး တွဲရေတုန်းက ခွဲရေးရှုံး၍ ကျွန်တော်တို့နှစ်ယောက် အကြီးအကျယ်စိတ်ပျက်ကြပုံကို စားမြုံ့ပြန်လေသည်။ ၂၁ ဦးပါတီ ဦးဘဖေတို့ကြီးမှူးသော ခွဲရေးဘက်မှ ရှုံးပြီး ဦးချစ်လှိုင်၊ ဒေါက်တာဘမော်တို့ကြီးမှူးသော တွဲရေးဘက်မှ မဲအပြတ်အသတ်နိုင်လေသည်။ မဲကြေညာအပြီး ကျွန်တော်တို့နှစ်ယောက်သည် စိတ်ပြေလက်ပျောက် အငြိမ့်ဝင်ကြည့်ကြ၏။ သာမန်ကိစ္စအတွက် ခံနေသောအငြိမ့်ပွဲပင်ဖြစ်သော်လည်း အငြိမ့်တကာ၏ ရွှင်ပြုချက်အရ တွဲရေးအောင်ပွဲအငြိမ့်အဖြစ်သို့ ပြောင်းလဲသွားလေသည်။ ကျွန်တော်တို့သည် မြင်းလှည်းကလေးနှင့် ပြန်လာကြရာ မြင်းလှည်းသမား

က တွဲရေးအောင်သဖြင့် ဝမ်းသာစရာကောင်းကြောင်း ခွဲရေးသမား ကောလိပ်ကျောင်းသား ကျွန်တော်တို့အား ပြောပြနေလေသည်။ ကျွန်တော်တို့သည် သည်လိုနားမလည်သူတွေများသောကြောင့် ခွဲရေး ရှုံးတာပဲဟု စိတ်ထဲက အောက်မေ့ကာ ဘာမျှပြန်မပြောဘဲ လိုက်လာကြရလေသည်။

ဤကား ကျွန်တော်တို့၏ နိုင်ငံရေး ပွဲဦးထွက်ပေတည်း။

ကျော်ငြိမ်းသည် ပျဉ်းမနားမြို့၌ ၁၂၇၅ခုနှစ်က မွေးဖွားလေသည်၊ အဖမှာ အထက်တန်းရှေ့နေ ဦးဖိုးတုတ်ဖြစ်၍ အမိမှာ ဒေါ်သုံဖြစ်လေသည်။ သူသည် ပျဉ်းမနား နေရှင်နယ်ဟိုက်စကူးမှစပြီး ကျောင်းနေခဲ့၍ ကသာမြို့နေ ဦးလေးထံ ပြောင်းရွှေ့နေရရင်း ဆယ်တန်းအောင်ခဲ့လေသည်။

ကျော်ငြိမ်းသည် ကျွန်တော့ထက် တစ်နှစ်နီးပါး ငယ်သည်။ သို့ရာတွင် နိုင်ငံရေးဘဝထဲသို့ တစ်နေ့တည်း၊ တစ်ရက်တည်း ပြိုင်တူရောက်ခဲ့ကြသူများဖြစ်သည်။ နိုင်ငံရေးဘဝထဲရောက်ပြီးနောက် ကြီးရင့်အရွယ်ရောက်လာပုံချင်းကား မတူသဖြင့် သူက ဆိုရှယ်ဒီမိုကရက်ဝါဒတွင် ခိုင်မာစွဲမြဲသော ဆိုရှယ်လစ်ဖြစ်လာ၍ ကျွန်တော်ကား မာ့က်စ်လီနင်ဝါဒတွင် ခိုင်မာစွဲမြဲသော ကွန်မြူနစ်တစ်ယောက်ဖြစ်လာလေသည်။

ခြောက်ဆယ်ဘာစ်ပိုက်ရောက်သောအခါ ကျွန်တော်တို့နှစ်ယောက်ဘာယ်လိုရှိမည်ကို မပြောနိုင်သော်လည်း ယခုလုလတ်ပိုင်းအရွယ်မှာကား ကျွန်တော်တို့နှစ်ယောက်သည် လူမှန်းများသူဖြစ်နေပုံချင်းကား ဟူကြပေသည်။

၁၉၃၃– ၃၄ တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်လာကြလေသည်။ (အိုင်အက်စ်စီ) အောင်သော ကျော်ငြိမ်းသည် ဘီအက်စ်စီမတက်ဘဲ အင်္ဂလိပ်စာ ဂုဏ်ထူးတန်းတက်လေသည်။

ထိုခေတ်က မိဘတိုင်းနှင့် လူငယ်တိုင်းသည် တက္ကသိုလ်ပညာရေး၏ရည်မှန်းချက်အဖြစ်ဖြင့် မြို့အုပ်၊ ဝန်ထောက်၊ အရေးပိုင်၊ ဘီစီအက်စ်၊ အိုင်စီအက်စ် ဖြစ်ရေးဟူ၍ သတ်မှတ်ထားတတ်ကြရာ ကျော်ငြိမ်းနှင့် သူ့အား မွေးမြူပြု



စုနေသော ဦးလေးတို့သည်လည်း အခြားရည်မှန်းချက်များ မထားကြကုန်။ ထို့ကြောင့် ကျော်ငြိမ်းသည် ဘီအက်စ်စီမတက်ဘဲ အိုင်စီအက်စ်သို့ မျှော်မှန်းနိုင်သော အင်္ဂလိပ်စာဂုဏ်ထူးတန်းတက်ခြင်းဖြစ်လေသည်။

သို့သော် သူသည် စိတ်ကိုတုံးတုံးချ၍ စာကိုကုန်းကျက်နေနိုင်သူမဟုတ်။ ထိုအချိန်အခါက ကျောင်းသားတို့အား လှုပ်ရှားနေစေသော ပြဿနာများမှ အုတ်တံတိုင်းခြားထားနိုင်သူမဟုတ်။

ကျွန်တော်သည် တွဲရေး အောင်သွားသော်လည်း လက်မလျှော့ချေ။ အိန္ဒိယပြည်မှ မြန်မာပြည်ကို ဘာကြောင့်ခွဲထုတ်ဖို့လိုကြောင်း အယူခံလွှာကြီးတစ်စောင်ရေးပြီးလျှင် တက္ကသိုလ်ကျောင်းသားများထံမှ ထောက်ခံလက်မှတ်လိုက်ကောက်လေသည်။ အကြံမှာ ထိုအယူခံလွှာကို ဘိလပ်အစိုးရ၊ အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်ထံသို့ ပို့ရန်ဖြစ်သည်။

ထိုသို့ လက်မှတ်ကောက်ရင်းဖြင့် ပုဂံကျောင်းဆောင်နေ ကိုအုန်း (ယခု ဝန်ကြီးချုပ်အကြံပေးအရာရှိ) ထံသို့ ရောက်သွားလေသည်။ ကိုအုန်းကား ဖျင်ရှပ်အင်္ကျီ၊ ပင်နီအပေါ်အင်္ကျီတို့ကိုဝတ်ပြီး ပုသိမ်ထီးဆောင်းလေ့ရှိသော ဝံသာနုကျောင်းသားဖြစ်၏၊ ရုပ်ကလည်းချော၊ အသားမှာလည်း ဝါဝင်းနေသဖြင့် ပင်နီအပေါ်အင်္ကျီနှင့် အလွန်လိုက်သည်။ သူ့အနေးသည် အထားအသို သပ်ရပ်ခြင်းနှင့် သန့်ရှင်းမှုမှာ စံဖြစ်လေသည်။ ကိုအုန်းသည် ကျွန်တော်၏ ခွဲရေးအယူခံလွှာကို လက်မှတ်မထိုးပါ။ ကျွန်တော်၏ နိုင်ငံရေးစိတ်ဓါတ်နှင့် ဖွဲ့ကိုတော့ တန်ဖိုးထားကြောင်းပြသည်၊ ပြီးနောက် ကျွန်တော့အား သခင်ဗစိန် (ယခု ဗမာပြည် ဒီမိုကရက်တစ်ပါတီနှင့် ကွန်မြူနစ်သန့်ရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ) ထံသို့ ခေါ်သွားလေသည်။ သခင်ဗစိန်သည်လည်း ဖျင်ပင်နီသမားဖြစ်လေသည်။

သူတို့က ခွဲရေးမကောင်းကြောင်း နားချကြ၏။ အိန္ဒိယမှ မြန်မာပြည်ခွဲထုတ်ရေးထက် အိန္ဒိယနှင့် မြန်မာပြည် ပေါင်းပြီး ဗြိတိသျှလက်အောက်မှ

ရန်းထွက်ရေးသည် ပိုအရေးကြီးပြီး လွတ်လပ်ရေးပိုနီးစပ်သည်ဟု ရှင်းပြကြသည်။ အင်္ဂလိပ်အင်ပိုင်ယာလက်အောက်မှလွတ်တော့ အိန္ဒိယပြည်နှင့် မြန်မာပြည် သီးခြားလွတ်လပ်စွာ နေနိုင်ကြသည်ဟု ဆိုလေသည်။ ထိုဆင်ခြေကို ကျွန်တော်များစွာ သဘောကျသွား၏။ ကျွန်တော်သည် သခင်ဗစိန်၏ နိုင်ငံရေးအဆုံးအမဥ္ဇ တည်လေတော့၏။ ကျော်ငြိမ်းသည် ကျွန်တော့အဖြစ်ကို ကြားသိရသောအခါ ကျွန်တော့အား သရော်လေသည်။ သူကား ခွဲရေး၌ပင် ခိုင်ခန့်စွာရပ်နေ၏။ ကျွန်တော်က တွဲရေးသမားဖြစ်နေပြီ။

သို့ရာတွင် တွဲရေး ခွဲရေးတို့သည် ဒေါက်တာဘမော်၏ကျွမ်းကျင်သော လက်ထဲတွင် ခွဲတွဲဖြစ်သွားလေ၏။ ဥပဒေပြုလွှတ်တော်တွင် မြန်မာပြည်အား အိန္ဒိယပြည်ထဲတွင် ထားလျှင် ခွဲလိုသောအခါ ခွဲထွက်ခွင့်ရှိရမည်။ မြန်မာပြည်အားအိန္ဒိယပြည်မှ ခွဲထုတ်လိုက်လျှင် အိန္ဒိယပြည်ရတော့မည့် အုပ်ချုပ်ရေးထက်မညံ့သော အုပ်ချုပ်ရေးပေးမည်ဟူသော ဒေါက်တာဘမော်၏အဆို အောင်သွားလေသည်။ ထိုအခါ ဘိလပ်အစိုးရက မြန်မာခေါင်းဆောင်များသည် ဘာကို ယတိပြတ်ဆုံးဖြတ်ရမှန်းမသိကြ။ ထို့ကြောင့် ဘုရင့်အစိုးရကပင် တာဝန်ယူ၍ မြန်မာပြည်အား အိန္ဒိယပြည်မှ ခွဲထုတ်ရန်ဆုံးဖြတ်လိုက်သည်ဟု ကြေညာလေတော့သည်။ ကျော်ငြိမ်းနှင့် ကျွန်တော်ကြား နိုင်ငံရေးသဘောကွဲစရာ အခြေခံမရှိတော့ချေ။

ကျွန်တော်က ဂမာရွတ်မှာနေပြီး တို့ဗမာအစည်းအရုံးတည်ထောင်ကာ သခင်ဖြစ်လာလေသည်။ ကျော်ငြိမ်းကား ပဲခူးကျောင်းဆောင်မှာနေပြီး တစ်နေ့ အိုင်စီအက်စ် ဖြစ်ရမည်ဟု မျှော်မှန်းရင်း နိုင်ငံရေးကျောင်းသားဘဝထဲမှ ထွက်မရသော ကျောင်းသားဖြစ်နေလေသည်။ ကျွန်တော်မှတစ်ဆင့် ကျော်ငြိမ်းသည် ကိုအုန်း၊ သခင်ဗစိန်တို့နှင့် အသိအကျွမ်းဖြစ်လေသည်။

အတန်ကြာသောအခါ ကျွန်တော်တို့သည် အောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း)နှင့်လည်း အသိဖြစ်လာကြသည်။ အောင်ဆန်းမှာ ထိုစဉ်က ဗြိတိသျှပါလီမန်အမတ်ကြီးများကို အတော်အားကျနေသူဖြစ်သည်။ ဗြိတိသျှပါလီမန်တွင် မိန့်ကြားသော နာမည်ကြီးမိန့်ခွန်းများကို သူ့အခန်းထဲမှာ တံခါးပိတ်ပြီး ဟန်ပန် အသံနေ အသံထားဖြင့် ရွတ်ဖတ်လေ့ရှိသည်။ ကျွန်တော်နှင့် ကျော်ငြိမ်းတို့က သူ့အား လှောင်တတ်ကြသည်။ ကျွန်တော်တို့သည် ထိုဟာကို တကယ့်နိုင်ငံရေးဟု မထင်ကြ။ ကျွန်တော်တို့သည် အိန္ဒိယနှင့် အိုင်ယာလန်အရေးတော်ပုံများ၊ သူပုန်ထကြွမှုများတို့ကိုသာ တကယ့်နိုင်ငံရေးဟု ထင်ကြသည်။



ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂသည် ဆရာစံသူပုန်ထအပြီး မားမားမတ်မတ်ပေါ်ထွက်လာခဲ့ရာ၊ သခင်ဗစိန်နှင့် မစ္စတာရာရှစ်တို့ (ယခုဝန်ကြီးဦးရာရှစ်)သည် အထင်ရှားဆုံးသော ကျောင်းသားခေါင်းဆောင်များဖြစ်လေသည်။ ၁၉၃၃– ၃၄ တွင်ကား ဒီရေကျသွား၏။ ကျောင်းအုပ်ကြီးမစ္စတာစလော့စ်နှင့် အလွမ်းသင့်သော အမျိုးသားရေးနိုးကြားမှုနှင့် နိုင်ငံရေးစိတ်မရှိသော ကျောင်းသားကြီးများသည် သမဂ္ဂကို လွှမ်းလာလေသည်။

ကျွန်တော်တို့သည် ထိုအဖြစ်အပျက်ကို တွန်းလှန်ဖယ်ရှားနိုင်အောင် ကြိုးစားစည်းရုံးကြလေသည်။

၁၉၃၄– ၃၅ခုနှစ် ကျောင်းသားသမဂ္ဂရွေးကောက်ပွဲတွင် ကျွန်တော်တို့ အမျိုးသားရေးနိုးကြားမှုနှင့် နိုင်ငံရေးစိတ်ဓာတ်ရှိသော ကျောင်းသားတစ်စုသည် 'အလိုတော်ရိ'ကျောင်းသားကြီးများနှင့် ယှဉ်ပြိုင်အရွေးခံကြလေသည်။

အောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း)၊ ကိုသိဟန်(ဝန်ကြီးဟောင်း ဦးသိဟန်) ကျော်ငြိမ်းနှင့် ကျွန်တော်တို့ လေးဦးသာ ယှဉ်ပြိုင်ရဲသူများအဖြစ်ဖြင့် ထွက်ပေါ်ခဲ့လေသည်။ ကျွန်တော်နှင့် ကျော်ငြိမ်းတို့သာ နိုင်ပြီး၊ အောင်ဆန်းနှင့် ကိုသိဟန်တို့ ရှုံးကြလေသည်။

သမဂ္ဂဥက္ကဋ္ဌမှာ ကိုဖိုးအေး(ယခု မိုးလေဝသဌာန ညွှန်ကြားရေးဝန် ဒေါက်တာဖိုးအေး) ဖြစ်၍ ဒုဥက္ကဋ္ဌ၊ ငွေထိန်းနှင့် ကျန်အမှုဆောင်လေးယောက်

မှာ ကိုဖိုးအေးနှင့် တစ်သိုက်တည်းဖြစ်သည်။ သူတို့အား ကျွန်တော်တို့က 'အလိုတော်ရိ' ဟုခေါ်၍ သူတို့က ကျွန်တော်တို့အား 'နိုင်ငံရေးမီးတုပ်ကလေး' တွေဟုခေါ်သည်။ ကျွန်တော်တို့နှစ်ယောက်မှာ ကျန်အမှုဆောင်အဖွဲ့နှင့် အတိုက်အခံလုပ်ရရာ အတော်ပင်ပြင်းထန်၏။ ကျွန်တော်က စာကြည့်တိုက်ကိုကိုင်၍ ကျော်ငြိမ်းက ဝါဒဖြန့်ချိရေးဌာနကို ကိုင်သည်။ ကျော်ငြိမ်းဦးစီးထုတ်ဝေသောသမဂ္ဂပြန်တမ်းမှာ ကျွန်တော်တို့လူစုအတွက် ထက်မြက်သောလက်နက်ဖြစ်လာသည်။ နောက်နှစ်တွင် ကိုအောင်ဆန်းကိုင်သော သမဂ္ဂပြန်တမ်းတွင် 'ဆရာကြီး'ဟူသော ကလောင်အမည်ဖြင့် စာရေးသူမှာ ဆရာဖြစ်သင်ကောလိပ်'တီတီစီ' သင်တန်းသား ကိုသန်းထွန်း(ယခု အလံဖြူ ကွန်မြူနစ်ခေါင်းဆောင် သခင်သန်းထွန်း) ဖြစ်လေသည်။ သူနှင့် ကျော်ငြိမ်းတို့သည် ဟိုက်စကူးကျောင်းသားများဘဝတုန်းကသိကျွမ်းခင်မင်ခဲ့ကြ၏။ ကျော်ငြိမ်းမှတစ်ဆင့် ကိုသန်းထွန်းသည် ကိုနု၊ ကိုအောင်ဆန်း စသော တက္ကသိုလ်ရှိနိုင်ငံရေးကျောင်းသားများနှင့် အကျွမ်းဝင်သွားရခြင်းဖြစ်လေသည်။

ထိုနှစ်တွင် ကိုနု(ယခုဝန်ကြီးချုပ်ဦးနု)သည် ပန်းတနော်တွင် နေရှင်နယ်ကျောင်းအုပ်လုပ်ရင်း မိန်းမရပြီးမှ ဘီအယ်လ်တက်ရန် တက္ကသိုလ်ကျောင်းသို့ ရောက်လာခဲ့လေသည်။ တစ်နေ့သော် ကိုအုန်းသည် သူ့အခန်း၌ လူထူးဆန်းလေးဦးကို ဆိုင်တွေ့စေပြီး မိတ်ဆက်ပေးလိုက်သည်။

ထို'လူထူးဆန်းလေးဦး'မှာ ကိုနု၊ အောင်ဆန်း၊ ကျော်ငြိမ်းနှင့် သိန်းဖေ (ယခု သိန်းဖေမြင့်)တို့ ဖြစ်လေသည်။ (ဦးနုက တစ်ခါတုန်းက နောက်ကြောင်းပြန် မိန့်ခွန်းတစ်ခုတွင် အောင်ဆန်း၊ ကျော်ငြိမ်းနှင့် ကျွန်တော်တို့အား လူထူးဆန်းဟုခေါ်ခဲ့ရာ ယခုကျွန်တော်ကလည်း သူ့အား လူထူးဆန်းစာရင်းတွင်ထည့်လိုက်ပါသည်။)

ကျွန်တော်တို့ လေးဦးနှင့် ကိုအုန်းတို့သည် (ဃ)သင်းဟူ၍ လျှို့ဝှက်သော အသင်းတစ်ခုတည်ထောင်ထားကြသည်။ အဘယ်နည်းနှင့်ဖြစ်ဖြစ်



မြန်မာပြည်၏လွတ်လပ်ရေးကို အရယူရန်ဖြစ်သည်။ ကျွန်တော်တို့သည် တစ်ခါတစ်ရံညအချိန် မှောင်ကြီးမည်းမည်း၌ တက္ကသိုလ်စာသင်ကျောင်းတိုက်ရူပဗေဒဌာနရှေ့မြက်ခင်းပေါ်တွင် အစည်းအဝေးလုပ်ကြသည်။ မြန်မာပြည်လွတ်လပ်ရေးရရန် အကြမ်းဖက်သွေးထွက်သံယိုနည်းသုံးမည်လော၊ အနုနည်း သွေးမထွက်သောနည်း သုံးမည်လောဟူသော ပြဿနာကို အခြေအတင် ပြောကြရ၏။ ကိုအုန်းကား အကြံပေးရာ၊ ဆော်သြရာ၊ စည်းရုံးရာမှာပါသော်လည်း ထိုပြဿနာအမျိုးအချ စကားပြောရာမှာကား သူများပြောသည်ကိုသာ နားထောင်၍ သူက ဘာမျှမပြောချေ။ ကျွန်တော်တို့ အဖြေကတော့ လွတ်လပ်ရေးကို ဘယ်နည်းနှင့်ရရ ယူရန်ဖြစ်လေသည်။

တကသ(တက္ကသိုလ်ကျောင်းသားသမဂ္ဂ) အမှုဆောင်အဖွဲ့အတွင်းတွင် ကျွန်တော်နှင့် ကျော်ငြိမ်းတို့၏အတိုက်အခံလုပ်မှုကြောင့်လည်းကောင်း၊ အမှုဆောင်အဖွဲ့အပြင် ကျောင်းသားထုကြားမှာ ကျွန်တော်တို့ လူစု၏စည်းရုံးရေးမှာ လွန်စွာခြေသွက်နေသဖြင့်လည်းကောင်း၊ အလိုတော်ရိဂိုဏ်းနှင့် ကျွန်တော်တို့၏ ဆက်ဆံရေးမှာ များစွာတင်းမာလာလေသည်။ အဘယ်မျှတင်းမာသနည်းဆိုသော် သမဂ္ဂဥက္ကဋ္ဌ ကိုဖိုးအေးသည် သူ့ဥက္ကဋ္ဌခန်းထဲခေါ်ပြီး သူ့ဘက်သား အမှုဆောင်လူကြီးများရှေ့တွင် ကျွန်တော့အား ဘာလုပ်ါးဝတာလဲဟုဆိုကာ ပါးရိုက်သည်အထိဖြစ်လေသည်။ ကိုဖိုးအေးတို့လူစုက ကျွန်တော့အား ဝိုင်းရိုက်လိုက်သည်တဲ့ဟူသော သတင်းကို ကိုနုထံသို့ရောက်သွားသောအခါ ကိုနုသည် များစွာဒေါပွသွား၏။ ကိုဖိုးအေးကို ပြန်ဆိုးရမှာအေးမည်ဆိုကာ ကိုနုသည် လိုက်ရှာနေသေးသည်။ မတွေ့သဖြင့် တော်သေး၏။ သွေးအေးသွားတော့မှ အာဏာပိုင်ဘက်သားအလိုတော်ရိများကို ဒီနည်းဖြင့် တုံ့ပြန်၍မရ၊ ကျောင်းသားထုနှင့် အဆက်ပြတ်အောင် သိက္ခာချပစ်မှ မှန်ကန်မည်ဟု ယူဆကာ စည်းရုံးရေးကိုသာ ဖိလုပ်ကြလေသည်။

နောက်တစ်ဘဝကျောင်းပိတ်ရက်တွင် သမဂ္ဂ ဒုဥက္ကဋ္ဌကိုကျော်ထွန်း

(ရန်ကုန်မြူနီစီပယ် ဒုစက္ကရီတေရီဟောင်း) သည် အပြင်မှာ အလုပ်ရပြီး ကျောင်းထွက်သွားသောအခါ ဒုဥက္ကဋ္ဌနေရာ လစ်လပ်နေတော့သည်။ ကျော်ငြိမ်းနှင့် ကျွန်တော်သည် ကိုနုကို အဆိုတင်သွင်းကြလေ၏။ ကျွန်တော်တို့၏ စည်းရုံးရေးအားကို ထင်ရှားစွာမြင်နေရပြီဖြစ်၍ 'အလိုတော်ရိ' ဂိုဏ်းသားများသည် ကိုနုနှင့်ယှဉ်ပြိုင်၍ မတင်ကြချေ။ သို့ဖြင့် ကိုနုသည် ဒုတိယဥက္ကဋ္ဌဖြစ်လာပြီး ကျွန်တော်တို့လူစုသည် သမဂ္ဂအမှုဆောင်အဖွဲ့အတွင်းမှာလည်း အားကောင်းလာလေ၏။

ကိုနုအား ရှေ့တန်းပို့ရာ၌ ကျော်ငြိမ်းနှင့် ကျွန်တော်တို့သည် စေတဒဂ်ရလောက်ပေသည်။ အမျိုးသားနေ့များကို စီအင်အီး (Council of National Education) ခေါ် အမျိုးသားပညာရေးကောင်စီက ကြီးမှူးကျင်းပ၏။ နှစ်စဉ် ဦးဖိုးကျားက အခမ်းအနားမှူးလုပ်ပြီး အမ်အေဦးမောင်ကြီး(နောင်သောအခါ ဆာမောင်ကြီး)က အမျိုးသားနေ့မိန့်ခွန်းစကားပြောလေ့ရှိသည်။ လူငယ်များမှာ တန်းစီပြီး နားထောင်ရုံနှင့် စီတန်းလမ်းလျှောက်ရုံသာ လုပ်ရလေသည်။ ထိုနှစ်က ကျွန်တော်တို့သည် အမျိုးသားနေ့ကျင်းပရေးကော်မီတီသို့ တကာသကိုယ်စားလှယ်အဖြစ်ဖြင့် တက်ရောက်ကြ၏။ ကိုနုအား ကျောင်းသားလူငယ်ကိုယ်စား ဦးမောင်ကြီးနှင့်အတူ စကားပြောခွင့်တောင်းကြလေသည်။ သို့ဖြင့် ကိုနုသည် အမျိုးသားနေ့အခမ်းအနားတွင် စကားပြောရသော ပထမဆုံး လူငယ်ကျောင်းသားခေါင်းဆောင်ဖြစ်လာလေသည်။ သူ ဘာပြောသည်ကိုကား မမှတ်မိတော့ချေ။ သို့ရာတွင် ကိုနု၏မိန့်ခွန်းသည် ရဲရဲတောက်ဖြစ်ပြီး သတင်းစာများ၌ပင် ပါလာလေသည်။ ကိုနု၏မိန့်ခွန်းတစ်ခုခု သတင်းစာထဲမှာ ပါလာတာ ဤအကြိမ် ပထမအကြိမ်ဖြစ်ကောင်း ဖြစ်ပေမည်။

ယခု အင်းလျားကန်စောင်းရှိ ဆမားဒူးဝါးဆင်ဝါးနောင်က 'ခေါင်းဆောင်ကြီး ဦးကျော်ငြိမ်း၏ နန်းတော်ကြီး' ဟု သရော်လေ့ရှိသော တိုက်ပေါ်တွင် ဦးကျော်ငြိမ်းနှင့် ကျွန်တော်တို့သည် ထိုင်ပြီး ဟိုအနှစ်အစိတ်ကျော်



ကန်းက အဖြစ်အပျက်များသတိရနေချိန်တွင် ဦးနုတိုက်ထုတ်လိုက်သဖြင့် ကျွန်တော်တို့နှစ်ဦးစလုံး အမတ်ပြုတ်များဖြစ်သွားရသည်ကိုပင် မေ့သွားကြလေသည်။ တကယ်တော့ မျက်နှာဖြူအာဏာပိုင်တွေ တိုက်ရန် လူစွမ်းကောင်းရှာတွေ့ရသဖြင့်ပင် ပျော်၍မဆုံးခဲ့ကြချေ။

"ဟော့ မင်း ဟိုဟာမှတ်မိသေးလား"

ကျွန်တော်က ကျော်ငြိမ်းအား မေး၏။

"ဘာလဲကွ ဆိုစမ်းပါဦး"

"ကိုအောင်မြင့်နဲ့ ကိုစိုးမြင့်တို့ကို စလော့စ်ကကျောင်းထုတ်တော့ မင်းကို ကိုနုနဲ့ငါက စလော့စ်နဲ့တွေ့ဖို့ လွှတ်လိုက်တာလေ"

"အေး မှတ်မိသားပဲ"

ကက္ကသိုလ်သမဂ္ဂအဆောက်အဦး ပိဋကတ်တိုက်ခန်းမှာ ကိုနု၊ ကျော်ငြိမ်းနှင့် ကျွန်တော်တို့ ဆုံကြသည်။ ကျောင်းသားများအား 'ဆာ' မထူးခြင်းကြောင့် ထုတ်ပစ်ခြင်းကို ကန့်ကွက်ပြောဆိုရန် ကျော်ငြိမ်းသည် ကျောင်းအုပ်ကြီး စလော့စ်ထံသွားရမည်ဖြစ်လေသည်။ ကျော်ငြိမ်းကား ချည်လုံချည် ခပ်ညံ့ညံ့ဝတ်ထား၏။ ကျွန်တော်က ထားဝယ်ပိုးလုံချည် ဝတ်ထားသည်။ ကျော်ငြိမ်းသည် သပ်သပ်ရပ်ရပ်ဖြစ်အောင် ကျွန်တော်တို့နှစ်ယောက် လုံချည်လဲကြလေသည်။

ကျော်ငြိမ်းက ပြုံးလိုက်ပြီး ထပ်ပြောပြန်သည်။

"မမှတ်မိဘဲနေပါ့မလားကွဲ့။ မင်းနဲ့ငါ လုံချည်လဲပြီးတဲ့နောက် ငါ့မှာ အပေါ်အင်္ကျီမပါတော့၊ ကိုနုက သူ့အပေါ်အင်္ကျီချွတ်ပေးတယ်လေ။ အင်္ကျီဖားဖားကြီးနဲ့ ငါ ပဲခူးကလပ်ဘန်းသွားဘာပဲ။ စလော့စ်က အဲဒီမှာ နေတယ်လေ"

တိုက်စွကား အခြားမဟုတ်။ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုဟု မြန်မာရော ကမ္ဘာမှာပါ ဟိုးလေးတကျော်ဖြစ်နေချိန်တွင် ကျောင်းအုပ်ကြီးဟောင်း

မစ္စတာစလော့စ်အား တစ်ရံရောအခါဟုန်းက ပစ်မှားခဲ့ပါသည်ဟု တောင်းပန်ဝန်ချလိုက်သောကိစ္စဖြစ်လေသည်။ ကျော်ငြိမ်းသည် စလော့စ်နှင့်တွေ့၏။ စလော့စ်ပြောသောစကားထဲတွင် "ငါသည် မည်သည့်အဖွဲ့အစည်းနှင့် မည်သည့် ပုဂ္ဂိုလ်တိုက်က ခြောက်ခြောက် မကြောက်" ဟူသော ဝါကျတစ်ခုပါရာ အတွဲအဖက်နှင့်ဖတ်လျှင် တက္ကသိုလ်မှမည်သည့်ကျောင်းသားအသင်းအပင်းနှင့် မည်သည့်ကျောင်းသားစာနယ်ဇင်း ခြိမ်းခြောက်မှုကိုမျှ မကြောက်ဟု ဆိုလိုကြောင်းတွေ့ရမည်။ သို့ရာတွင် ကျွန်တော်တို့က မြန်မာလိုဘာသာပြန်ပြီး သတင်းစာများတွင် ထည့်ရာ၌ မစ္စတာစလော့စ်သည် မြန်မာပြည်ရှိ မည်သည့်အဖွဲ့အစည်း၊ မည်သည့်စာနယ်ဇင်းကိုမျှမကြောက်၊ ဂရုမစိုက် ဟူသော အဓိပ္ပာယ်မျိုးပေါက်အောင်ရေးထည့်လိုက်ကြလေသည်။ ကိုနုနှင့် ကျွန်တော်ကား အဲဟိုတုန်းကပင် စာရေးဆရာပေါက်စများ ဖြစ်နေကြလေပြီ။ ထိုအရေးအသားများကြောင့် မြန်မာနိုင်ငံရေးသမားများနှင့် စာနယ်ဇင်းများက စလော့စ်အား ဝိုင်းနှံကြလေပေဘာ့သည်။ ကျွန်တော်တို့၏ တက္ကသိုလ်မျက်နှာဖြူ အာဏာပိုင်ဆန့်ကျင်ရေးလုပ်ငန်းမှာ များစွာအောင်မြင်သွားလေသည်။ ဆာ မထူးရုံနှင့် ကျောင်းထုပ်သော ကျောင်းအုပ်ကြီးကို သည်လိုနှံခြင်းမှာ တရားသည်ဟု ကျွန်တော်တို့ယူဆပေသည်။

၁၉၃၅ခု မတ်လတွင် ကျင်းပသော ဘီအေစာမေးပွဲ၌ ကျွန်တော်က အောင်သွားသည်။ ကျော်ငြိမ်းကား ဂုဏ်ထူးတန်းတက်လျက်ရှိရာ ဒုတိယနှစ် အောင်ပြီး တတိယနှစ်သို့ရောက်လေသည်။

ကျွန်တော်ကား ရာထူးစာမေးပွဲ မျှော်မှန်းချက်များနှင့် လုံးဝပြတ်စဲသွားလေ၏။ ရေနံချောင်းတွင် ကျင်းပသော တို့ဗမာအစည်းအရုံး ပထမဆုံးညီလာခံတွင် အထွေထွေအတွင်းရေးမှူး သခင်ဗစိန်၏လက်အောက်တွင် တွဲဖက် အတွင်းရေးမှူးဖြစ်လာလေသည်။

ကျော်ငြိမ်းနှင့် ကျွန်တော်တို့မှာ ထိုအချိန်ကစပြီး ဘဝအခြေအနေကွဲပြား



ခြားနားလာသည်။

တတိယနှစ် ဂုဏ်ထူးတန်းစာမေးပွဲဆိုသည်မှာ အရေးကြီးသည်။ အမှတ်ကောင်းလျှင် အိုင်စီအက်စ် စာမေးပွဲမှာ အောင်ရန်သေချာသလောက် ဖြစ်သွားလေသည်။ ကျော်ငြိမ်းမှာ တစ်ဖက်က စာကြိုးစားဖို့လိုသည်။ တစ်ဖက်မှာလည်း နိုင်ငံရေးကျောင်းသားတို့နှင့် အဆက်မပြတ်။ သို့ရာတွင် သမဂ္ဂအလုပ်အမှုဆောင်တွင်ကား ပါဝင်ထမ်းရွက်နိုင်ခြင်း မရှိတော့ချေ။

ကိုနုအား ၁၉၃၅– ၃၆ခုနှစ်အတွက် ဥက္ကဋ္ဌအဖြစ်ဖြင့်လျာထားရာ ကျွန်တော်အား အတွင်းရေးမှူးနေရာတွင် ဆောင်ရွက်နိုင်ရန်အတွက် ကိုနုက ကျောင်းဆက်နေရန်စီစဉ်လေသည်။ တစ်ဖက်က စာရေး၍ စာရေးခဖြင့် ကျောင်းတက်မည့် အစီအစဉ်ဖြစ်သည်။ သို့ရာတွင် ကျွန်တော်ပြန်လာသောအခါ ဘီအယ်လ်မှာလည်း နောက်ကျနေပြီဟု ဒေါက်တာဘဟန်က ဆိုပြီး လက်မခံ။ အမ်အေမှာလည်း မြန်မာစာအောင်မှတ်နည်းသဖြင့် သုံးနှစ်နေရမည်ဆိုသဖြင့် ကျွန်တော်ကျောင်းမတက်ဖြစ်တော့ချေ။ ကျွန်တော်ကား စာရေးဆရာအဖြစ်ဖြင့် အသက်မွေးပြီး ကျောင်းပြင်မှာ နေရတော့သည်။ သို့သော် ကျောင်းသားလှုပ်ရှားမှုနှင့်ကား သိပ်အဆက်မပြတ်ပါ။ ကျော်ငြိမ်းကလည်း ကိုနုည်းလည်းကောင်းပင်။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက်တွေ့ကြပါသေးသည်။

၁၉၃၅– ၃၆ခုနှစ်ကား (တကသ)သည် ယမန်နှစ်ကနှင့် မတူတော့ချေ။ ယမန်နှစ်က ကျွန်တော်တို့ နှစ်ယောက်သာ ထိုးဖောက်ဝင်ရောက်နိုင်၏။ နောက်မှ ကိုနုဝင်လာနိုင်၏။ ၁၉၃၅– ၃၆ခုနှစ်တွင်ကား ကိုနုက ဥက္ကဋ္ဌဖြစ်လာပြီ၊ ကိုသိဟာန်(ဝန်ကြီးဟောင်း)ကား အတွင်းရေးမှူးဖြစ်လာသည်။ အောင်ဆန်းသည် ဝါဒဖြန့်ချိရေးမှူးအဖြစ် ဆောင်ရွက်၏။ အားလုံး ကျွန်တော်တို့ တက်သား ကျောင်းသားချည်းသာ ဖြစ်လေသည်။ အခြေအနေမှာ လှုပ်လှုပ်လှုပ်လှုပ်နှင့်ဖြစ်နေလေ၏။ တို့ဗမာအစည်းအရုံး၏လွတ်လပ်ရေးတိုက်ပွဲ

အရှိန်သည် တက္ကသိုလ်ကျောင်းသို့ ရိုက်ခတ်လာလေသည်။ မျက်နှာဖြူအာဏာပိုင်တို့နှင့် ကျောင်းသားများသည် ဆရာတပည့်ဆက်ဆံရေးမရှိတော့ဘဲ 'ဖိနှိပ်သူနှင့် ဖိနှိပ်ခံရသူ' ဆက်ဆံရေးသာ ရှိတော့သည်။

အကြောင်းအချက် တစ်ခုခုရလျှင် မျက်နှာဖြူအာဏာပိုင်တို့အား အာခံရန် ကျောင်းသားတို့သည် အဆင်သင့်ဖြစ်လာကြကုန်၏။ ပညာရေးမကျေနပ်မှုများလည်း တစ်ခုပြီး တစ်ခုပေါ်လာ၏။ သို့ဖြင့် ၁၉၃၆ခုနှစ် တက္ကသိုလ်ကျောင်းသားသပိတ်ကြီးဖြစ်ပေါ်လာလေသည်။ သပိတ်ဖြစ်လာသောအခါ ကျော်ငြိမ်းမှာ စာသင်ကြားနေ၍ မရတော့ချေ။ ဂုဏ်ထူးတန်းကို စွန့်လွှတ်၍ သပိတ်မှောက်ခဲ့၏။ သူ့လို ဂုဏ်ထူးတန်းတွေ စွန့်သူများလည်း မနည်းချေ။

ကျော်ငြိမ်းသည် ကျောင်းသားသပိတ်ခေါင်းဆောင်တစ်ဦးအဖြစ်ဖြင့် ပါဝင်ဆောင်ရွက်၏။ ကျွန်တော်သည်လည်း စာရေးခြင်းကို အေးအေးလုပ်မနေနိုင်တော့ချေ။ ကျောင်းသားမဟုတ်ဘဲ ကျောင်းသားသပိတ်ခေါင်းဆောင်တစ်ဦးဖြစ်လာလေသည်။ ကျော်ငြိမ်းနှင့် ကျွန်တော်တိုက်ပွဲထဲမှာ တွဲဖက်ရပြန်လေပြီ။

၁၉၃၆ခုနှစ် သပိတ်ပြီးသောအခါ ကျွန်တော်သည် အိန္ဒိယပြည်အမျိုးသားကွန်ဂရက် လက်ကနောင်ညီလာခံသို့ သတင်းထောက်အဖြစ်ဖြင့် တက်ရန် သွားလေသည်။ လက်ကနောင်မှ ကာလကတ္တားသို့ပြန်လာပြီး ကာလကတ္တားတက္ကသိုလ်မှာ ကျောင်းဆက်နေလေသည်။ ကျော်ငြိမ်းကား သပိတ်ကြီးအပြီး စာမေးပွဲဝင်ဖြေ၏။ တတိယတန်း ဂုဏ်ထူးသာရ၏။ အင်္ဂလိပ်စာနည်းပြဆရာလုပ်ရင်း အိုင်စီအက်စ်စာမေးပွဲအတွက် ပြင်ဆင်ကြိုးစားနေလေသည်။

ကျော်ငြိမ်းသည် ထိုခေတ် ထိုအခါက တက္ကသိုလ်ပညာ၏ အထွတ်အထိပ်ဖြစ်သော အိုင်စီအက်စ်ကို မျှော်မှန်းသလောက် နိုင်ငံရေးစိတ်ကလည်း ပြင်းထန်သည်။ အိုင်စီအက်စ်အောင်ပြီးလျှင် အိန္ဒိယခေါင်းဆောင်ကြီး



ဆူဘာတ်စ်ဘို့စ် တို့လို အိုင်စီအက်စ်မှထွက်ပြီး နိုင်ငံရေးလုပ်မည် စသည်ဖြင့် အားခဲနေလေသည်။ သို့ရာတွင် နိုင်ငံရေးလှုပ်ရှားမှုကား မရပ်မနား ပိုမိုကြီးမားသော အဟုန်ဖြင့် ပေါ်ပေါက်လာခဲ့လေသည်။ အလုပ်သမား၊ လယ်သမားနှင့် ကျောင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးတပ်ပေါင်းစုအရေးတော်ပုံကြီး(ဝါ) ၁၃၀၀ပြည့်နှစ် အရေးတော်ပုံကြီးကား အမြင့်မားဆုံးဖြစ်လေသည်။ ကျော်ငြိမ်းသည် အိုင်စီအက်စ်လည်း မအောင်။ အမျိုးသားအရေးတော်ပုံနှင့်လည်း မကင်းရှင်းနိုင်သဖြင့် သူ့မိဘများနှင့် ဦးလေးတို့က သူ့အားပစ်ပယ်လိုက်လေသည်။

၁၉၃၆ခုနှစ် တက္ကသိုလ်သပိတ်မှာ ဒုတိယပြည်လုံးကျွတ်ကျောင်းသားများသပိတ်ဖြစ်ပေါ်လာပြီး (ပထမပြည်လုံးကျွတ်သပိတ် ၁၉၂၀) ပထမဦးဆုံးပြည်လုံးကျွတ်ကျောင်းသားအဖွဲ့အစည်းကို ဖော်ပေးလိုက်လေသည်။ ထိုနှစ်တွင် နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ကွန်ဖရင့်ကျင်းပပြီး ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂကို တည်ထောင်လိုက်လေသည်။ ထိုညီလာခံသို့ အထက်မြန်မာပြည်မှ ကိုဗဟိန်း(ကွယ်လွန်သူ သခင်ဗဟိန်း)၊ ကိုပြန့်(ကချင်ပြည်နယ်သခင်ပြန့်)၊ အလယ်ပိုင်းမှ ကိုထွန်းရှိန်(ဗိုလ်ရန်နိုင်)၊ အောက်ပိုင်းမှ ကိုဗဆွေ(ယခု တည်မြဲဖဆပလခေါင်းဆောင်)စသော ကိုယ်စားလှယ်များ တက်ရောက်ကြလေသည်။ ထိုတွင် ကျော်ငြိမ်းသည် သူတို့နှင့်အသိအကျွမ်းဖြစ်ရလေသည်။ သူတို့တစ်တွေ တက္ကသိုလ်သို့ရောက်သောအခါ သူ၏ရဲဘော်ရဲဘက်များအဖြစ်ဖြင့် ကျောင်းသားလှုပ်ရှားမှုကို ခေါင်းဆောင်ကြလေသည်။ ထိုအချိန်က ထိပ်တန်းကျောင်းသားခေါင်းဆောင်ဖြစ်သော မဇ္ဈတာရာရှစ်(ယခုဝန်ကြီးဦးရာရှစ်)သည် ကျော်ငြိမ်းနှင့် အရင်းနှီးဆုံးသော မိတ်ဆွေတစ်ဦးဖြစ်၏။

ကျွန်တော်တို့ ကျောင်းသားလောကထဲသို့လည်းကောင်း၊ တို့ဗမာအစည်းအရုံး၏ အမျိုးသားလှုပ်ရှားမှုထဲသို့လည်းကောင်း နိုင်ငံရေးဝါဒများ

သည် ဝင်စပြုလေပြီ။

ကျွန်တော်ကား ကာလကတ္တားတက္ကသိုလ်မှာနေရင်း ဘင်္ဂလားပြည်နယ်ကျောင်းသားများအဖွဲ့ချုပ်မှာ အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်လာကာ ဘင်္ဂလားကွန်မြူနစ်များနှင့်တွေ့ရလေတော့သည်။ သူတို့နှင့်အတူ ဘင်္ဂလားဂုန်နီစက်ရုံအလုပ်သမားများသပိတ်ကိုလည်းကောင်း၊ ကာလကတ္တား ဓာတ်ရထားအလုပ်သမားများသပိတ်ကိုလည်းကောင်း ဝိုင်းဝန်းကူညီလေသည်။ ကွန်မြူနစ်ဝါဒသည် ကျွန်တော့အား သံလိုက်ဓာတ်လို ဆွဲငင်နေပေပြီ။ အိန္ဒိယအမျိုးသားကွန်ဂရက်၏ ဂန္ဒီဝါဒသည်လည်းကောင်း၊ အိုင်ယာလန်နှင့် ဘင်္ဂလားမျိုးချစ်များ၏ အာဇာနည်တစ်စုပုန်ကန်ရေးဝါဒ (Terrorism)ဟု အခေါ်ခံနေရသောဝါဒသည်လည်းကောင်း ကျွန်တော့အား စွန့်ခွာလေပြီ။

ကျော်ငြိမ်းကား ဒင်ဘရိန်း၊ မိုက်ကယ်လ်ကောလင်း၊ ဒီဗလားရား စသော အိုင်ယာလန်မျိုးချစ်သူပုန်ခေါင်းဆောင်များ၏အကြောင်းကို လေ့လာသည်။ အိုင်ယာလန်သူပုန်အဖွဲ့များကို အားကျသည်။ ဆင်းဖိန်းမျိုးချစ်ဝါဒသည်သာ သူ့အားသံလိုက်ဓာတ်လိုဆွဲငင်နေလေသည်။ နိုင်ငံခြားမှ တော်လှန်ရေးသမားနှင့် အဆက်ဖြစ်ပြန်တော့လည်း ဘင်္ဂလားမှ Terrorist Movement (အာဇာနည်တစ်စုပုန်ကန်ရေးဝါဒ)နှင့် အဆက်ဖြစ်လေသည်။

ကိုလှရွှေ(အာဏာရှင်လှရွှေဟု ၁၃၀၀ပြည့်နှစ်အရေးတော်ပုံတွင်ထင်ရှားခဲ့သော ကွယ်လွန်သူ ဒေါက်တာလှရွှေ)၊ သိန်းအောင်(ကွယ်လွန်သူ ကျောင်းသားခေါင်းဆောင်တစ်ဦး)၊ ကိုလှမောင်(ယခုသံအမတ်ကြီး)နှင့် ကိုထွန်းအုံ (မြူမင်းကြီးဟောင်းဦးထွန်းအုံ) စသူတို့နှင့်အတူ ကျော်ငြိမ်းသည် ဘင်္ဂလားမှ Terrorist ကိုယ်စားလှယ်တစ်ဦးနှင့်တွေ့ဆုံဆွေးနွေးကြရသည်။ ထိုစဉ်က ကျော်ငြိမ်း၏မိတ်ဆွေဖြစ်သူ ကိုသန်းထွန်း(အလံဖြူကွန်မြူနစ်ခေါင်းဆောင်သခင်သန်းထွန်း)သည်လည်း Terrorist ဝါဒကို သက်ဝင်ယုံကြည်မနေဆဲဖြစ်သည်ဟု ဆို၏။ သို့ရာတွင် သခင်သန်းထွန်းကား တို့ဗမာအစည်းအရုံး



ထဲဝင်ပြီးနောက် မာ့က်စ်ဝါဒကို လေ့လာစပြုလေသည်။ ကျော်ငြိမ်းကား တို့ဗမာအစည်းအရုံးထဲ မရောက်။ လူထုလူတန်းစားတိုက်ပွဲများနှင့် ခပ်ဝေးဝေးဖြစ်နေလေသည်။ ကျောင်းသားတို့၏ လွတ်လပ်ရေးလှုပ်ရှားမှုထဲမှာသာ နစ်မြုပ်နေသည်။ တစ်ဖက်မှ ကျောင်းမှာ နည်းပြဆရာလုပ်ရခြင်း၊ အကောက်တော်ဌာနတွင် ရာပြတ်အရာရှိလုပ်ရခြင်း စသည်တို့ကြောင့် နိုင်ငံရေးတိုက်ပွဲများတွင် ရှေ့တန်းမှ ဖြောင်မပါနိုင်ချေ။ နောက်ကွယ်မှသာ ရဲဘော်ရဲဘက်များနှင့် ဥပက္ခသိုက်မပျက်ဖြစ်ပြီး အဓိကအားဖြင့် လျှို့ဝှက်နိုင်ငံရေးကိုသာ လုပ်နိုင်လေသည်။ ဤသို့သော လူနေမှုဘဝနှင့်နိုင်ငံရေးဘဝသည် ကျော်ငြိမ်း၏ သဘောတရား၊ ဝါဒရေးရာနှင့် အတွေးအခေါ်များကိုပြုပြင်ပုံကိုင်လျက်ရှိရာ မာ့က်စ်ဝါဒနှင့် ကင်းကွာစေပြီး ပြင်းထန်သောအမျိုးသားရေးဝါဒသြဇာဆောက်သို့ ပို့ဆောင်ပေးလေသည်။

သို့ဖြင့် နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုများကြား၊ မျိုးချစ်လူငယ်များကြားတွင် သဘောတရားရေး၊ ဝါဒရေး အက်ကြောင်းကြီးသည် အထင်းသားပေါ်လာခဲ့လေပြီ။

သို့ရာတွင် အက်ကြောင်းသာဖြစ်သေး၏။ ပြတ်ပြတ်စဲစဲကွဲခြင်းကား မဟုတ်ချေ။

၁၉၃၈– ၃၉ခုနှစ်များကား မြန်မာ့တော်လှန်ရေးသမိုင်းတွင် ရှေ့တစ်ဆင့်တက်လာသောနှစ်များဖြစ်လေသည်။ တောက်ပြောင်သော ၁၃၀၀ပြည့်နှစ်အရေးတော်ပုံသည် အလုပ်သမား၊ တောင်သူလယ်သမားနှင့် ကျောင်းသား၊ ပညာရှင်လူတန်းစားအသီးသီးတို့အား လှုပ်ရှားပေးလိုက်လေသည်။ တစ်နှစ်နီးပါး သပိတ်တိုက်ပွဲဆင်နွှဲခဲ့သော ရေနံမြေအင်္ဂလိပ်နေရှင်တစ်စုအား တိုက်ခိုက်နေရုံဖြင့် မရတော့ကြောင်းတွေ့လာရသည်။ သည့်ပြင်အလုပ်သမားများနှင့် သည့်ပြင်လူတန်းစားများအား သိမ်းသွင်းစည်းရုံးကာ အင်္ဂလိပ်နယ်ချဲ့စနစ် အဆောက်အအုံတစ်ခုလုံးကို တိုက်ခိုက်ဖြိုဖျက်မှ ဖြစ်တော့မည်ဟု နား

လည်လာလေသည်။ ရေနံမြေသပိတ်တပ်ကြီးသည် ရန်ကုန်သို့ ဆန္ဒပြချီတက်လာလေသည်။ သူတို့အား ကျောင်းသားများက ကိုလိုနီပညာရေးစနစ်နှင့် အစိုးရအား၊ အာဏာပိုင်များအား တိုက်ခိုက်ရင်း ဆီးကြိုကြလေသည်။ ကျောင်းသားခေါင်းဆောင် ကိုဘဟိန်းနှင့် ကိုဗဆွေတို့သည် မကွေးအရောက်သွားကာ သပိတ်မှောက်အလုပ်သမားများအား ဆီးကြိုခေါ်ယူလာလေသည်။ တောင်သူလယ်သမားများကလည်း ပဒေသရာဇ်မြေရှင် ကံကျွေးစနစ်နှင့် အင်္ဂလိပ်အာဏာပိုင်တို့အား တိုက်ပွဲဆင်ကာ တိုက်ပွဲရှေ့ဆောင်အလုပ်သမားများအား ဆီးကြိုကြလေသည်။ အလုပ်သမားများသည် အထွေထွေသပိတ်ကြီး မှောက်ကြ၏။ နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေးအင်အားစုမှန်သမျှ၊ အမျိုးသားရေးနှင့် ဒီမိုကရေစီရေးအင်အားစုမှန်သမျှ ညီညွတ်စွာပါဝင်ဆင်နွှဲခဲ့ကြသော ၁၃၀၀ပြည့်နှစ် အရေးတော်ပုံကြီးပေတည်း။ ကျွန်တော်ကား ထိုအချိန်တွင် ကာလကတ္တားမှ ပြန်ရောက်လျက်ရှိ၏။

ကျောင်းပိတ်၍ပြန်လာခြင်းဖြစ်သော်လည်း အရေးတော်ပုံကြီးနှင့် ကြုံနေသဖြင့် ဘွဲ့တွေ၊ ဒီဂရီတွေ မရချင်နေစေတော့ဟု သဘောထားကာ ကာလကတ္တားတက္ကသိုလ်သို့ မပြန်တော့ချေ။ ၁၃၀၀ပြည့်နှစ် အရေးတော်ပုံတွင် သခင်တစ်ပိုင်း၊ ကျောင်းသားတစ်ပိုင်း အဖြစ်ဖြင့် ပါဝင်ဆင်နွှဲလေသည်။ ကျွန်တော်နှင့်အတူ ကာလကတ္တားမှာ ကျောင်းနေပြီး ထိုအချိန်တွင် မြန်မာပြည်သို့ပြန်ရောက်လျက် အရေးတော်ပုံကြီးနှင့်ကြုံပြီး ကာလကတ္တား မပြန်နိုင်သူ အခြားတစ်ဦးမှာ ကိုလှဖေခေါ် ဗိုလ်လကျာ်ဖြစ်လေ၏။

ကျော်ငြိမ်းကား ဆရာတစ်ပိုင်း၊ အိုင်စီအက်စ် စာမေးပွဲပြင်ဆင်သူ ကျောင်းသားတစ်ပိုင်း အနေနှင့်ပင် ၁၃၀၀ပြည့်နှစ် အရေးတော်ပုံတွင်းတွင် ဝင်ရောက်ဆင်နွှဲလေတော့သည်။

၁၃၀၀ပြည့်နှစ် အရေးတော်ပုံသည် ဖွဲ့လည်းကောင်း၊ ထက်လည်း ထက်မြက်၏။ လူထုညီညွတ်ရေးမှာလည်း ခိုင်မာလှပေသည်။ သို့ရာတွင်



ပေါက်နက်ကိုင်ဖော်လှန်ရေးအထွတ်အထိပ်သို့ ရောက်အောင်တက်ရန် အချိန်မရသေး။ စည်းရုံးရေးအားဖြင့်လည်း အဆင်သင့် မဖြစ်ရသေးရကား လမ်းခုလတ်တွင် ဖေ့စပ်၍ အပြီးသတ်လိုက်ရလေသည်။ ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရ ပြုတ်ကျပြီး ဦးပု၏ ညွန့်ပေါင်းအစိုးတက်၏။ အင်္ဂလိပ်ကြိုးကိုင်မှုကား ရှေးကအတိုင်း ခိုင်မြဲဆဲပင်ဖြစ်လေသည်။

၁၃၀၀ ပြည့်နှစ် အရေးတော်ပုံသည် အမျိုးသားရေးဝါဒ၏ အထွတ်အထိပ်ဖြစ်ရုံမက မာ့က်စ်ဝါဒနှင့် အလုပ်သမားလှုပ်ရှားမှု၊ မာ့က်စ်ဝါဒနှင့် နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေး လူတန်းစားများ ညီညွတ်ရေးလှုပ်ရှားမှု လက်တွေ့ပေါင်းစပ်ရာ ပထမဆုံးအရေးတော်ပုံဖြစ်လေသည်။

ထိုအရေးတော်ပုံအတွင်းတွင် တို့ဗမာအစည်းရုံးသည် ဆိုရှယ်လစ်စီးပွားရေးလုပ်ငန်းစဉ်များကို ပွင့်ပွင့်လင်းလင်းပြတ်ပြတ်သားသား လက်ခံပြဋ္ဌာန်းရုံမက၊ မာ့က်စ်ဝါဒ၏လူတန်းစားနိုင်ငံရေးအယူအဆများကိုလည်း အခြေခံပြုလိုက်လေသည်။ ပထမဦးဆုံးသော မာ့က်စ်လီနင်ဝါဒသင်တန်းများနှင့် မာ့က်စ်ဝါဒီ အစုအဝေးကလေးများ ပေါ်ပေါက်ခဲ့လေသည်။

ထိုစဉ်က ကျောင်းသားခေါင်းဆောင်များထဲတွင် အင်္ဂလိပ်ပညာတတ်ကြီးများကို အထင်ကြီးသော အလေ့အထပျံ့နှံ့နေ၏။ သူတို့သည် အထူးသဖြင့် ဒေါက်တာဘမော်ကို အတော်အထင်ကြီးကြ၏။ ဒေါက်ဘာဘမော်လို အင်္ဂလိပ်စာကောင်းကောင်းရေးချင်ကြသည်။ အင်္ဂလိပ်စကားကောင်းကောင်းပြောတတ်ချင်သည်။ ဒေါက်တာဘမော်ကို အားကျသူထဲတွင် ကျွန်တော်တော့ မပါချေ။ ကျွန်တော်က သူနှင့်သူ့ပါတီအမတ်အချို့ကို စောင်းမြောင်းပြီး 'မင်းတိုင်ပင်အမတ်' ဟူ၍ပင် ဝတ္ထုရေးခဲ့လေပြီ။ အောင်ဆန်း၊ ကျော်ငြိမ်းစသောကျောင်းသားခေါင်းဆောင်များကား ဒေါက်တာဘမော်အား အားကျသူထဲတွင် ရှေ့တန်းကဖြစ်လေ၏။ ဒေါက်တာဘမော်သည် မာ့က်စ်ဝါဒထဲမှ တောက်ပြောင်သော စကားလုံးအချို့နှင့် အတွေးနယ်ကျယ်စေသော စာ

ပုဒ်အချို့ကို ထုတ်ယူပြီး ရွှဲကစားသလို ကစားပြတတ်၏။

သူက လူ့လောကကို မြင်ရာမှာ ဒေါင်လိုက် (Vertically) မြင်ရုံမက အလျားလိုက် (Horizontally) လည်း မြင်ရမည်ဟု ပြောလေ့ရှိ၏။ သူသည် ကုလား၊ ဗမာ၊ အင်္ဂလိပ် စသည်ဖြင့် လူ့လောကကို ခွဲခြင်းကို သိပ်အလေး မပေး။ အထက်လွှာ အောက်လွှာဟု ခွဲခြားခြင်းကို ပိုအလေးပေးသည်။ ထို့ကြောင့် ဆင်းရဲသားဝါဒဟူ၍ သူ့ဝါဒကို အမည်တပ်ခဲ့သည်ဟု ဆိုလေသည်။ သူ၏ ထိုသို့သောအပြော အဟောများသည် ကျော်ငြိမ်းအား စွဲငြိစေသည်။

အောင်ဆန်းကမူ ဒေါက်တာဘမော်၏ လေယူလေသိမ်းနှင့် ပါးရွဲ့ပုံများကိုပါ အတုခိုးလျက် အင်္ဂလိပ်စကားပြော လေ့ကျင့်သေးသည်။ မှတ်မိသေး၏။ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ အတွင်းက ကျွန်တော်တို့ တစ်ပြုံလုံး (ကျော်ငြိမ်းမှအပ) ထောင်ကျကြသည်။ ကိုနု၊ ကိုလှရွှေ၊ ကိုသန်းထွန်း၊ အောင်ဆန်း၊ ကျွန်တော် စသူတို့ဖြစ်၏။ ထောင်ထဲသို့ အင်္ဂလိပ်သတင်းစာ တစ်စောင်ရောက်လာလေသည်။ ထိုသတင်းစာထဲတွင် ဒေါက်တာဘမော်၏ ထုတ်ပြန်ကြေညာချက်တစ်ခုပါလေရာ အောင်ဆန်းသည် ဒေါက်တာဘမော်၏ လေယူလေသိမ်းပါးရွဲ့ပုံများကိုပါ အတုခိုး၍ ခပ်ကျယ်ကျယ်ဖတ်နေလေသည်။ ဖတ်ပြီးနောက် ဆေးလိပ်မကြိုက်ဘဲနှင့် ဆေးပြင်းလိပ်ကြီးကို ခဲနေလိုက်သေးသည်။

အောင်ဆန်းနှင့် ကျော်ငြိမ်းတို့သည် ဒေါက်တာဘမော်အား ပညာရှင်တစ်ဦးအနေဖြင့် အထင်ကြီးသော်လည်း သူ့နိုင်ငံရေးကို ထောက်ခံကြသည် မဟုတ်ချေ။ လူ့လောကကို အလျားလိုက်ကြည့်ရမည်ဟုဆိုပြီး၊ ဆင်းရဲသားဝါဒတည်ထောင်ထားသော်လည်း ဆင်းရဲသားမှာ သူတက်ဖို့ ခုတုံးသာ ဖြစ်နေပုံမြင်ကြသည်။ တစ်ဖက်တွင် လူ့လောကကို ဒေါင်လိုက်ကြည့်မှု (ဝါ) အင်္ဂလိပ်၊ ကုလား၊ ဗမာ ခွဲခြားကြည့်မှုကို အလေးမတင်းရဟု သဘောတရားရေးညွှန်ကြားချက်ထုတ်ပြီး၊ ပညာတတ်လူငယ်တွေကို လှည့်စားလျက်



အခြားတစ်ဖက်တွင် ဥပဒေလွှတ်တော်၌ ကုလားမဲနှင့် အင်္ဂလိပ်မဲကို သိမ်းသွင်းကာ ညွန့်ပေါင်းအစိုးရဖွဲ့ထားခြင်းဖြစ်ကြောင်း တွေ့ကြရလေသည်။

ကျော်ငြိမ်းသည် ဒေါက်တာဘမော်၏ လက်တွေ့နိုင်ငံရေးကို မထောက်ခံသော်လည်း 'ဆင်းရဲသား' ဟူသော ကြွေးကြော်သံစကားသို့ကား မညွတ်ဘဲ မနေနိုင်ချေ။ အမျိုးသားရေးသည် မြန်မာဆင်းရဲသူ လူသားထုကြီးကောင်းစားရေးနှင့် တစ်ထပ်တည်းဖြစ်ရမည်ဟု ယူဆသည်။ သို့ရာတွင် ဆင်းရဲသားဆိုရာ၌ ဆင်းရဲနွမ်းပါးပြီး သနားစရာကောင်းသော လူထုကြီးတစ်ရပ်လုံးအဖြစ်ဖြင့် ခြုံ၍သာမြင်နိုင်ပြီး အလုပ်သမား၊ လယ်သမား၊ အရင်းရှင်ပေါက်စ စသည်တို့ဖြင့် လူတန်းစား ခွဲခြားပြီး မမြင်ချေ။ တစ်နည်းဆိုသော် လူ့လောကကို မာ့က်စ်ဝါဒ ကြည့်မြင်နည်းဖြင့် မကြည့်မြင်နိုင်ချေ။ ထိုအချိန်တွင် ကျော်ငြိမ်းသည် ဘားနတ်ရှော၏ ဖေဘီယံဆိုရှယ်လစ်သဘောတရားများပါသော စာအုပ်များကို ဖတ်နေပြီ။ ဥပမာ (Intelligent Woman's Guide to Socialism) ဂျီ–ဒီ–အိပ်ချ်–ကိုးလ်မှာ တက္ကသိုလ်ကျောင်းသားခေါင်းဆောင်များ လေးစားသော Oxford တက္ကသိုလ်ပါမောက္ခနှင့် ဆိုရှယ်လစ်စာရေးဆရာဖြစ်၏။ ကျောင်းသားညီလာခံတစ်ခုအတွက် ကိုအောင်ဆန်းက ကိုးလ်ထံမှ သဝဏ်လွှာတောင်းယူပြီး ဖတ်ကြားခဲ့သည်လည်းရှိဖူး၏။ ကျော်ငြိမ်းသည် ဂျီ–ဒီ–အိပ်ချ်ကိုးလ်၏ စာအုပ်များကိုဖတ်၏။ (1.Guide through World Chaos. 2. What Marx Really Meant.) ကျော်ငြိမ်းဖတ်လေသမျှ မာ့က်စ်ဝါဒနှင့် အနီးဆုံးစာအုပ်မှာ ဂျွန်စထရပ်ချီ၏ (Theory and Practice of Socialism) နှင့် (Laski's Communism) ဖြစ်လေသည်။ ထိုစာအုပ်ကို ကိုသန်းထွန်း၊ ကိုအောင်ဆန်းနှင့် ကျွန်တော်တို့လည်း ဖတ်သည်။ သို့ရာတွင် စာတ်ခံကွဲ နေကြပြီဖြစ်ရာ တုံ့ပြန်ပုံချင်း မတူကြတော့ချေ။ လူတန်းစားမြင်ကြည့်ပုံကို အသုံးမပြုဘဲ၊ ဆင်းရဲသားလူထုကြီးကို လုံးကြည့်သော ကျော်ငြိမ်းအား ထိုစာအုပ်သည် ဖေဘီယံဆိုရှယ်လစ်အမြင် ပိုသန်စေပြီး၊ လူတန်း

စားခွဲကြည့်သော ကျွန်တော့အား မာ့က်ဝါဒအမြင် ပိုသန်စေသည်။

၁၃၀၀ ပြည့်နှစ် အရေးတော်ပုံသည် ရှေ့မတိုးနိုင်၊ နောက်မဆုတ်နိုင်ဖြစ်နေသည်။ တစ်နည်းအားဖြင့်ဆိုလျှင် လက်နက်ကိုင်တော်လှန်ရေးသို့ ရောက်အောင်လည်း မတတ်နိုင်။ လူထုအုံကြွမှုအရှိန်ကလည်း ကောင်းနေချိန်တွင် ကျွန်တော်သည် အသစ်တက်လာသော ဦးပုအစိုးရနှင့် အရေးတော်ပုံခေါင်းဆောင်များ စေ့စပ်ကာ ဒီမိုကရေစီအခွင့်အရေးညှစ်ယူရမည်။ ထိုအခွင့်အရေးများဖြင့် တော်လှန်ရေး ရှေ့တစ်ဆင့်တက်ရန်ပြင်ဆင်စည်းရုံးရမည်ဟု သဘောပေါက်ကာ၊ သဘောပေါက်သည့်အတိုင်း လျှောက်လုပ်လေသည်။ ကျွန်တော်လုပ်ပုံမှာ အဖွဲ့အစည်းပုံသဏ္ဍာန်မဆောင်ဘဲ တစ်သီးပုဂ္ဂလလုံးချင်းပုံသဏ္ဍာန်ဆောင်နေသဖြင့် အထင်လွဲမှုအမျိုးမျိုးခံရလေသည်။ ကိုလှရွှေစသော ကျောင်းသားခေါင်းဆောင်များအား ဖဲ့ထုတ်ပြီး အရေးတော်ပုံခေါင်းကွဲစေသည်ဟု တို့ဗမာအစည်းအရုံးမှ သခင်ခေါင်းဆောင်အချို့က ပြောဆိုစွပ်စွဲကြသည်။ ဦးပုအစိုးရလက်အောက်တွင် လှရွှေနှင့်ကျွန်တော်တို့ ရာထူးယူကြတော့မည်ဟုပင် သတင်းလွှင့်လေသည်။ ရန်ကုန်စီရင်စု တို့ဗမာအစည်းအရုံးမှ ကျွန်တော့အား ထုတ်ပစ်ကြောင်း သခင်သန်းထွန်းလက်မှတ်ဖြင့် ကြေညာလေသည်။ ကျွန်တော်စတင်တည်ထောင်သော မာ့က်စ်ဝါဒလှို့ဝှက်ကလပ်စည်းသည်လည်း ကျွန်တော်မပါဘဲ ပြန်ဖွဲ့လိုက်ကြသည်။ ကျွန်တော်သည် အယူလည်းမခံ။ ရှင်းလည်း မရှင်း။ ဆန့်ကျင်ခုခံခြင်းလည်း မပြု။ တစ်နေ့သိလိမ့်မပေါ့ဟု ပညာတတ်မာနဖြင့် လျစ်လျူရှုထားလိုက်လေသည်။ ပြီးနောက် ရုပ်ရှင်ဒါရိုက်တာသွားလုပ်နေသည်။ စာကိုလည်း တွင်တွင်ရေးနေလေ၏။

ကျော်ငြိမ်းကား ၁၃၀၀ပြည့်နှစ် အရေးတော်ပုံအပြီးတွင် ရာပြတ်ဝန်ထောက် သွားလုပ်နေလေသည်။ စမ်းချောင်း သူ့နေအိမ်သို့လည်းကောင်း၊ ရေဝန်ရုံး သူ့အလုပ်ခွင်သို့လည်းကောင်း ကျွန်တော်သည် ရံဖန်ရံခါ အလည်



အပတ်ရောက်၏။ ကျောင်းသားဘဝတုန်းက သူနှင့် ကျွန်တော်သည် မိတ်ဆွေအပေါင်းအသင်းများထံသို့လည်းကောင်း ဘုရားသွား ကျောင်းတက်လည်းကောင်း၊ အပျော်အပါးလည်းကောင်း သွားအတူ လာအတူနေခဲ့ကြ၏။ ယခုတော့ အတူသွား အတူလာနည်းပါးသွား၏။ နိုင်ငံရေးအတူဆောင်ရွက်ခြင်းကမူ လုံးဝမရှိဖြစ်လာလေသည်။

သို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာလေသည်။

ကျွန်တော်တို့နားတွင် 'အင်္ဂလိပ်အခက် ဗမာ့အချက်'၊ 'နယ်ချဲ့စစ်ကြီးကို ပြည်တွင်းစစ်လုပ်ပစ်' စသော ကြွေးကြော်သံများသည် ပဲ့တင်ခတ်လာ၏။ ကျွန်တော်ကား ရုပ်ရှင်ဒါရိုက်တာအဖြစ်ဖြင့် ရုပ်ရှင်နယ်မှ ထွက်ခဲ့ပြန်သည်။ သခင်သန်းထွန်းကိုယ်တိုင်ပင် ကျွန်တော့အား နိုင်ငံရေးထဲသို့ ပြန်ခေါ်၏။ မြန်မာ့တော်လှန်ရေးနှင့် ဆက်စပ်နေရမည်ဖြစ်ရာ မြန်မာလူငယ်များ နိုင်ငံခြားသွားရမည်။ ကျွန်တော့အား အိန္ဒိယသို့ ပြန်သွားစေချင်သည်ဟုဆို၏။ ကျွန်တော် မသွားဖြစ်ပေ။

စစ်ရိပ်စစ်ငွေ့များသည် ကမ္ဘာ့အရှေ့ဖျားသို့ပြန့်လာ၏။ မြန်မာ့လွတ်လပ်ရေးကို ရသည့်နည်းဖြင့်ယူရန် စောင့်နေကြသောသူများအား ပိုမိုတက်ကြွစွာ စည်းရုံးစေလေသည်။

ထိုအချိန်က ကျွန်တော်သည် ရန်ကုန်ဘူတာကြီးအနီးအင်တာနေရှင်နယ်ဟိုတယ်၌ အခန်းတစ်ခန်း ငှားပြီးနေထိုင်လျက်ရှိ၏။ 'တက်ခေတ်နတ်ဆိုး' ဝတ္ထုက လူကြိုက်များလျက် စာရေးဆရာဘဝတွင် ခိုင်မာစွာအခြေချနေသည်။ 'ဦးဇောဘိလပ်သွားပြဇာတ်' မှာ ကျွန်တော်ရေးမှန်း လူမသိဘဲ လူကြိုက်များလှသောပြဇာတ်ဖြစ်လေသည်။ တစ်မနက်ခင်းတွင် ကျွန်တော်နေထိုင်ရာ သုံးထပ်ထောင့်ခန်းသို့ ကျော်ငြိမ်းရောက်လာလေသည်။ သူကား ယခုပင် ဖိုးရိုးဖားရားအဝတ်အစား ဖိုသီဖတ်သီနှင့်ဖြစ်လေသည်။

ကျွန်တော်က သူ့အားမြင်လျှင်မြင်ချင်း "ဟော့ကောင် မင်းဘယ်

အိမ်က ညအိပ်ပြီး ထလာတာလဲကွ" ဟု မေးလိုက်၏။

"ဟာ၊ မင်းမပါဘဲ ငါဘယ် အိမ်များရောက်ဖူးလို့လဲ" ဟု ကျော်ငြိမ်းက ပြန်နောက်ပြောင်လိုက်ပြီးလျှင် ကျွန်တော်တို့အားရပါးရရယ်လိုက်ကြလေသည်။

ပြီးနောက် လာရင်းကိစ္စကို ဆွေးနွေးကြ၏။

ယခုအချိန်တွင် အင်္ဂလိပ်အား လက်နက်နှင့်တိုက်ထုတ်ရန် အရေးကြီးကြောင်း၊ ဒီချက်ကောင်း လက်မလွှတ်နိုင်ကြောင်း ဘယ်မျိုးချစ်လူငယ်မျှလည်း ထိုင်မနေအပ်ကြောင်း ကျော်ငြိမ်းက နိဒါန်းပျိုးသည်။

ထိုအချိန်တွင် သခင်အောင်ဆန်း၊ သခင်လှဖေ စသော လူငယ်ခေါင်းဆောင်များ နိုင်ငံခြားနှင့် အဆက်အသွယ်ရပြီး နိုင်ငံခြားသို့ရောက်နေပြီ။ ပြည်တွင်းမှ အင်္ဂလိပ်အားလက်နက်ဖြင့် တော်လှန်ပုန်ကန်ရန် လျှို့ဝှက်အဖွဲ့အစည်းများဖွဲ့ရမည်။ ထိုအတွက် ပြည်သူ့အရေးတော်ပုံပါတီကို ဖွဲ့စည်းထားပြီဖြစ်၏။

ပြည်သူ့အရေးတော်ပုံပါတီဌာနချုပ်တွင် စည်းရုံးရေးလုပ်ငန်းများ ဆွေးနွေးကြရာ ကျွန်တော့အားတာဝန်များပေးဖို့လိုကြောင်း ကျော်ငြိမ်းက အဆိုသွင်းရာတွင် သဘောတူသဖြင့် သူ့အားလွှတ်လိုက်ခြင်းဖြစ်လေသည်။

"တာဝန်ယူမယ် မဟုတ်လား" ဟု ကျော်ငြိမ်းက မေးလိုက်ရာ မဆိုင်းမတွ ...

"ယူတာပေါ့ကွ၊ ဘာလုပ်ရမှာလဲ"

"အထက်မြန်မာပြည်တက်ပြီး စည်းရုံးရမှာပဲ"

နိုင်ငံရေးအပြင်ဘက် ရုပ်ရှင်စာပေနယ်တွင် ခရီးယာယီထွက်နေသော ကျွန်တော့အား ကျော်ငြိမ်းသည် နိုင်ငံရေးထဲသို့ပြန်ခေါ်ရာ ကျွန်တော်နှင့် ကျော်ငြိမ်းသည် ပြည်သူ့အရေးတော်ပုံပါတီထဲတွင် အတူနေကြရပြန်လေပြီ။

ကျွန်တော့အဖို့ နိုင်ငံရေးအလုပ်နှင့် စာပေအလုပ် ကတ္တားခြားမှုမရှိပါ။



လိုနစ်ဖက်တွင် တစ်ခါတစ်ရံ တစ်ဖက်မှာ အလေးတင်ပြီး၊ အခြားတစ်ဖက်မှာ အလေးလျော့သည်သာဖြစ်၏။ ကျော်ငြိမ်းသည်လည်း ထို့အတူပင်ဖြစ်ခဲ့သည်။ အစိုးရအလုပ်ဝင်လုပ်ခြင်းနှင့် နိုင်ငံရေးလုပ်ခြင်းကြားတွင် ကတ္တားခြားမှုမရှိ။

ကျွန်တော်က ပြည်သူ့အရေးတော်ပုံပါတီတွင် တာဝန်ယူမည်ဟု ကတိပေးလိုက်ပြီးနောက် ကျော်ငြိမ်းပြန်သွားလေသည်။

ထို့နောက် အရေးတော်ပုံပါတီဌာနချုပ်က ခေါင်းဆောင်တစ်ယောက်နှင့် သွားရောက်တွေ့ရမည်ဟု ညွှန်ကြားလိုက်သဖြင့် သူ့အညွှန်းအတိုင်း ချိန်းသော အချိန်၊ ချိန်းသောနေရာမှာ သွားတွေ့ရလေသည်။ ဌာနချုပ်ခေါင်းဆောင်ဆိုသူမှာ ဘယ်သူဟု ကျွန်တော်ကြိုမသိထား။ ဟိုရောက်တော့မှ ဆရာချစ် (ယခု ကွန်မြူနစ်ခေါင်းဆောင်) ဖြစ်နေသည်ကို တွေ့ရလေသည်။

မကြာခင် ဂျပန်နှင့် အင်္ဂလိပ် စစ်ဖြစ်လာလေသည်။

ကျော်ငြိမ်းကား နေ့အချိန်တွင် ရာပြတ်ဝန်ထောက်အလုပ်လုပ်၍ ညဥ့်အချိန်အတွင် လျှို့ဝှက်ကာ ပြည်သူ့အရေးတော်ပုံပါတီတွင် သန်းခေါင်သန်းလွဲ လုပ်လေသည်။ သို့သော် မကြာမီ သူ့အား ပုလိပ်က ဖမ်းရန် ဝရမ်းအထုတ်တွင် သူသည် ထွက်ပြေးတိမ်းရှောင်ရင်း အချိန်ပြည့်နိုင်ငံရေးသမားဖြစ်လာလေသည်။

၁၉၄၁ခု ဒီဇင်ဘာလ ၂၃ရက်နေ့ ရန်ကုန်မြို့ကို ပထမအကြိမ် ဂျပန်လေယာဉ်ပျံများက ဗုံးကြဲပြီးချိန်လောက်တွင် ကျော်ငြိမ်းနှင့် ကျွန်တော်တို့သည် ပြည်သူ့အရေးတော်ပုံပါတီဌာနချုပ်တွင် တွေ့ကြလေသည်။ ထိုနေရာမှာ ဗဟန်း ဧရာဒုဏ်လမ်းအနီး ခြံကြီးတစ်ခြံတွင် တည်ရှိလေသည်။ မနီးမဝေးတွင် တရုတ်ကျောင်းကြီးတစ်ကျောင်းရှိ၏။

ကျွန်တော်နှင့် သူသည် ကမ္ဘာ့ အခြေအနေများကို ဆွေးနွေးကြသည်။ ကမ္ဘာ့ကွန်မြူနစ် လှုပ်ရှားမှုများနှင့် ပတ်သက်ပြီး အငြင်းအခုံ ဖြစ်လာ၏။

ထိုအချိန်တွင် ကျွန်တော်က ဗြိတိသျှကွန်မြူနစ်ခေါင်းဆောင် ပန်းဒတ်ရေးသော ကမ္ဘာ့နိုင်ငံရေးဆိုသော စာအုပ်ကို ဖတ်ပြီးပြီဖြစ်၏။ သူက ကွန်မြူနစ်လူထွက်တစ်ဦးရေးသော (Out of the Night) ဆိုသောစာအုပ်ကို ဖတ်ပြီးပြီဖြစ်၏။ ကျွန်တော်က ဆိုရှယ်ဒီမိုကရက်တွေ သစ္စာဖောက်လို့ နာဇီများ၊ ဖက်ဆစ်များ အာဏာသိမ်းနိုင်သည်ဟူသော အစွဲဖြင့် ပြောဆို၏။ သူက ဂျာမန့်ကွန်မြူနစ်တို့သည် ဆိုရှယ်လစ်ဒီမိုကရက်များအား ပထမရန်သူထားပြီးလျက် နာဇီတို့အား ဒုတိယရန်သူထားပြီး တိုက်သောကြောင့်သာ နာဇီတွေ အာဏာသိမ်းနိုင်သည်ဟူသောအစွဲဖြင့် ပြောဆိုချေပလေသည်။

အစီအစဉ်အရ ကျွန်တော့မှာ အထက်မြန်မာပြည်သို့ ပြည်သူ့အရေးတော်ပုံပါတီ စည်းရုံးရေးအတွက် သွားရလေသည်။ မန္တလေးမှာ အထက်မြန်မာပြည်ဌာနချုပ်ထားသည်။

ဗန်းမော်၊ မြစ်ကြီးနား၊ ရွှေဘို၊ မုံရွာစသောအရပ်များသို့ လှည့်လည်စည်းရုံးပြီး မန္တလေးသို့ပြန်ရောက်သောအခါ ကျော်ငြိမ်း မန္တလေးသို့ ရောက်နေသည်ကိုတွေ့ရလေ၏။

ကျွန်တော်တို့သည် မန္တလေး (တိုင်းချစ်)ကိုသိန်းဖေ၏ ပုံနှိပ်တိုက်မှာလည်းကောင်း၊ သူနေရာချထားသော အခြားအိမ်တစ်အိမ်မှာ လည်းကောင်း၊ မစိုးရိမ် ဦးနာရဒ၏ကျောင်းမှာသော်လည်းကောင်း စတည်းချကြသည်။ (ဦးနာရဒမှာ နောင်သော် ဗိုလ်ထိန်လင်းဟု ထင်ရှားလာသော ပထမကျော်ဆရာတော်ဖြစ်၏။) ကျော်ငြိမ်းသည် ပြည်သူ့အရေးတော်ပုံပါတီဌာနချုပ်၏ ကိုယ်စားလှယ်သဘောဆောင်ရှက်သည်။ ဂျပန်လေယာဉ်ပျံမှ ဘယ်နေရာဘယ်နေရာတို့တွင် လက်နက်ချပေးမည်ဟူသော အစီအစဉ်ကို သူ့ထံမှ ကျွန်တော်ရသည်။ သူက ကျွန်တော့အား ငွေတစ်သောင်းတန်စက္ကူတစ်ချပ်ပေးလိုက်ရာ ထိုငွေစက္ကူကို အမ်းရသည်မှာ မလွယ်ကူချေ။ မိတ္ထီလာ ဦးဘရင်၏တူ ကိုထွန်းစိန်အား ကျွန်တော်က အအမ်းခိုင်း၏။ အပြည့်မရသေးသည်



နှင့် သူနှင့် ကျွန်တော်တို့သည် မိတ္ထီလာကို လိုက်သွားပြီး ကျန်ငွေကို တောင်းကြသေး၏။ မိတ္ထီလာ မှ မန္တလေးသို့ အပြန်တွင် ကိုထွန်းစိန်သည် ကားရှေ့ခုံမှာ လိုက်ပါခဲ့သည်။ ကျွန်တော်နှင့် ကျော်ငြိမ်းတို့ကား နောက်ခုံမှာ လိုက်ပါလာခဲ့သည်။ ကျွန်တော်တို့သည် ဂျပန်အကူအညီယူ၍ အင်္ဂလိပ်အား တိုက်ထုတ်မည်။ ပြီးတော့ လွတ်လပ်သော မြန်မာနိုင်ငံအဖြစ်ဖြင့် ကြေညာမည်စသည်ဖြင့် စိတ်ကူးယဉ်ထားကြ၏။ လွတ်လပ်ရေးရပြီးနောက် ဘယ်နမူနာယူပြီး ဘယ်ပုံသဏ္ဌာန်ဖြင့် ကျွန်တော်တို့ နိုင်ငံသစ်အား တည်ဆောက်မည်ဟူ၍လည်း စိတ်ကူးယဉ်ကြည့်ကြလေပြီ။ သို့ စိတ်ကူးယဉ်ရင်း ဆိုဗီယက်ယူနီယံ တောင်သူလယ်သမားတို့၏ စုပေါင်းလယ်ယာမြေသို့ ရောက်သွားလေသည်။

"ရုရှားမှာ တောင်သူလယ်သမားတွေကို အတင်းအကျပ်ကိုင်ပြီး စုပေါင်းလယ်မြေတို့၊ စိုက်ပျိုးရေးသမဝါယမတို့ လုပ်ပစ်ကယ်မဟုတ်လားကွ" ဟု ကျော်ငြိမ်းက သူ့သံသယကို ဖော်ပြလိုက်သည်။

ထိုအချိန်တွင် ကျွန်တော်သည် စတာလင်၏ လီနင်ဝါဒပြဿနာများဆိုသော စာအုပ်ကို ဖတ်နေပြီ။

"မင်းကလည်း ဆိုရှယ်လစ်စိုက်ပျိုးရေးစနစ်ကို မကြိုက်တဲ့ ဆိုဗီယက်ဆန့်ကျင်ရေးသမားတွေရေးထားတာဖတ်ပြီး အထင်လွဲနေတယ်။ တကယ်ကတော့ ဗုဒ္ဓဘာသာအကြောင်းသိချင်ရင် ဗုဒ္ဓကိုယ်တိုင် ဘာဟောသလဲဆိုတာ သိဖို့လိုသလိုပဲ၊ ကွန်မြူနစ်အကြောင်းသိချင်ရင် မာ့က်စ်၊ လီနင်စတဲ့ ဒီဝါဒ၊ ဒီစနစ်ကို တည်ထောင်သူတွေ ဘာပြောသလဲ၊ ဘာရေးသလဲဆိုတာ လေ့လာ ဖို့လိုတယ်။ ငါတွေ့တာကတော့ စုပေါင်းလယ်ယာမြေ ဒါမှမဟုတ် ဆိုရှယ်လစ်စိုက်ပျိုးရေးစနစ် တည်ထောင်တဲ့အခါမှာ တောင်သူလယ်သမားအများစုရဲ့ သဘောတူညီမှုကို ရယူရမယ်။ ပညာပေးသိမ်းသွင်းပြီးမှ သဘောတူညီမှုရနိုင်တယ်။ အကြမ်းဖက် အတင်းကိုင်လို့ မရနိုင်ဘူးဆိုတာ အိန်ဂျယ်

လည်း ပြောခဲ့တယ်။ လီနင်လည်း ပြောခဲ့တယ်။ စတာလင်ကဆိုရင် ဒီသဘောကို ပါတီညွှန်ကြားချက်အနေနဲ့ ဘော်လရှီဗစ်ပါတီထဲမှာ ညွှန်ကြားခဲ့တယ်။ ဒါက အခြေခံမူပဲ။ ယေဘုယျလမ်းစဉ်ပဲ။ ဒါပေမယ့် ဒီယေဘုယျလမ်းကြောင်းက သွေဖည်မှုတွေခြွင်းချက်အဖြစ်နဲ့တော့ ရှိတာပေါ့။ အလွန်အကျွံလုပ်တဲ့ လက်အောက်ငယ်သားတွေ အနည်းအကျဉ်းရှိတာပေါ့။ ဒါတွေကို အမြဲထိန်းသိမ်းရတယ်။ ပြီးတော့ ဆိုရှယ်လစ်စိုက်ပျိုးရေးစနစ်ကို ကန့်ကွက်ဆန့်ကျင်တဲ့၊ ချမ်းသာတဲ့ တောင်သူလယ်သမားတွေ ရှိသေးတယ်။ သူတို့ကိုတော့ နှိပ်ကွပ် သင့်ရင် နှိပ်ကွပ်ရတာပဲ"

ကျွန်တော်က စာရင်းအချက်အလက် တော်တော်ပြည့်စုံစွာဖြင့် ရှင်းလင်းသည်။ ကျော်ငြိမ်းသည် စဉ်းစားနေပြီးနောက်

"မင်း ဒါတွေ သင်တန်းပေးရင်ကောင်းမယ်ကွ၊ ငါတော့ လေ့လာတုန်းပဲကွာ"

ကျွန်တော်တို့သည် မန္တလေးသို့ရောက်ကြသောအခါ ကျော်ငြိမ်းသည် မိုးကုတ်သို့ သွားရန်ကိစ္စ ပေါ်လာလေ၏။ မိုးကုတ်ထောင်မှာ ဒေါက်တာဘမော်ရှိနေသည်။ အင်္ဂလိပ်ပြေးပြီး ဂျပန်ဝင်လာလျှင် ပြည်သူ့အရေးတော်ပုံပါတီသည် ယာယီအစိုးရဖွဲ့ရမည်ဖြစ်၏။ သို့သော် ဂျပန်တို့ကား သခင်နှင့် ကျောင်းသားခေါင်းဆောင်များကိုချည်း မလိုချင်။ ဒေါက်တာဘမော်လို လူကြီးပိုင်းခေါင်းဆောင်၊ နိုင်ငံခြားမှသိသော ဗမာ့ခေါင်းဆောင် မားမားမတ်မတ်ပါစေချင်သည်ဆို၏။ ရန်ကုန်ဌာနချုပ်က ကျော်ငြိမ်းအား ထိုကိစ္စအတွက် ဒေါက်တာဘမော်နှင့် ဆွေးနွေးရန် ညွှန်ကြားထားလေသည်။ ဒေါက်တာဘမော်အား ခေါင်းဆောင်တင်ရမည်ကဲ့သို့ ဂျပန်က ဖန်တီးလာခြင်းကို ကျော်ငြိမ်းနှင့် ကျွန်တော်မကြိုက်ကြပေ။

ကျွန်တော်က ပိုကဲသည်။ ကျော်ငြိမ်းကမူ ဂျပန်နှင့်ပေါင်းပြီး လွတ်လပ်ရေးယူကြမည်ဆိုလျှင် ဂျပန်လိုလားသည့်အတိုင်း ဒေါက်တာဘမော်ပါမှ



ဖြစ်မည်ဟု ယုံကြည်သွားလေသည်။

ကျော်ငြိမ်းနှင့် ကျွန်တော်သည် အင်္ဂလိပ်ကို ဂျပန်အကူအညီဖြင့် အဆင်းတွန်းရေးတွင်သာ လုံးဝသဘောတူကြသည်။ ဂျပန်အကူအညီဖြင့် လွတ်လပ်ရေးယူမည်ဆိုသော ပြည်သူ့အရေးတော်ပုံပါတီ၏ ဒုတိယအဆင့်နှင့်ပတ်သက်၍ကား ကျော်ငြိမ်းက ရိုးရိုးသားသားယုံကြည်၍ ကျွန်တော်က မယုံကြည်ချေ။ ကျွန်တော့လမ်းစဉ်ကား အင်္ဂလိပ်လည်းချ။ ဂျပန်လည်းချ ဟူသော လမ်းစဉ်ဖြစ်၏။

မစိုးရိမ်ကျောင်းတိုက် ဦးနာရဒ ကျောင်းရှေ့တွင် ကျွန်တော်တို့နှစ်ယောက် ဤကိစ္စကိုဆွေးနွေးကြရာ ကျော်ငြိမ်းက-

"ငါလည်း ဂျပန်ကိုတော့ သိပ်အထင်မကြီးပါဘူး။ ဒါပေမယ့် သူတို့ပေးမယ့် လွတ်လပ်ရေးဟာ အင်္ဂလိပ်ဒိုမီနီယံလွတ်လပ်ရေးအဆင့်အတန်းလောက်တော့ရှိတာပဲကွ။ ဒါလည်း မနည်းဘူးကွာ"ဟု ပြောလေသည်။

"ငါကတော့ ဂျပန်ကို လုံးလုံးမယုံဘူး။ တရုတ်ပြည်မှာ သူလုပ်နေပုံကြည့်ရင် သိနိုင်တယ်။ ပြီးတော့ ဂျပန်စစ်နိုင်မှာလည်း မဟုတ်ဘူး။ ဒီတော့ သူပေးတဲ့ လွတ်လပ်ရေးဟာ ဘာ အာမခံချက်ရှိမှာလဲ။"

"သူစစ်ရှုံးရင် ပိုကောင်းတာပေါ့ကွ။ တို့က လွတ်လပ်ရေးရပြီး ကျုန်ရစ်ခဲ့ရုံပေါ့။ အဲဒီ လွတ်လပ်ရေးကို အင်္ဂလိပ်ကပြန်ဖျက်မယ်ဆိုရင် တို့လွတ်လပ်တဲ့ နိုင်ငံအဖြစ်နဲ့ ပြန်ခုခံရုံပဲပေါ့။ ဒီတော့ (International Law)ကလည်း တို့ဘက်က ရှိနေမှာပဲ"

သို့ကလို ဂျပန်နှင့်ပတ်သက်ပြီး ကွဲပြားခြားနားမှုရှိသဖြင့် ကျော်ငြိမ်းက ဂျပန်နှင့် လောလောဆယ်အားဖြင့် အဆင်ပြေပြေ ဆက်ဆံသွားနိုင်ရေးကို ကြံစည်သည်။ ပြင်ဆင်လုပ်ကိုင်သည်။ ကျွန်တော်က ဂျပန်ဆန့်ကျင်ရေးအတွက် ကြံစည်သည်။ စတင် ဝါဒဖြန့်သည်။

ကျွန်တော်သည် ပြည်သူ့အရေးတော်ပုံပါတီရန်ပုံငွေဖြင့် မော်စီတုံး၏

ဂျပန်ဆန့်ကျင်ရေးကို ဗဟိုပြုထားသော နိုင်ငံတကာရေးရာနှင့် တရုတ်ပြည်ရေးရာ မိန့်ခွန်းတစ်ခုကို မြန်မာလို ဘာသာပြန်ထုတ်လေသည်။ ၎င်းပြင် အင်္ဂလိပ်နှင့် ဂျပန်နယ်ချဲ့တို့အား တစ်ပြိုင်နက်တည်း တိုက်ရမည်ဟူသော သဘောထား ညွှန်ကြားချက်များပါသော စာတမ်းများရေးသား ထုတ်ဝေလေသည်။ ဘိုင်းချစ်ပုံနှိပ်တိုက်ကား လျှို့ဝှက်ပုံနှိပ်လုပ်ငန်းများ လည်း လုပ်ပေး၏။

ကျော်ငြိမ်းသည် ကျွန်တော်၏ ဂျပန်ဆန့်ကျင်ရေး ရှေ့ပြေးလုပ်ငန်းများကို မကြိုက်ချေ။ ကျွန်တော်သည် အဆင်အခြင်ကင်းမဲ့စွာ လောကြီးလွန်းသည်ဟု သူထင်၏။ သို့ရာတွင် တစ်ယောက်နှင့် တစ်ယောက် ယုံကြည်မှု ကင်းမဲ့သွားသည် မဟုတ်ချေ။ လက်ငင်းအားဖြင့် အင်္ဂလိပ်ကို တိုက်ရမည်ဟု နှစ်ယောက်စလုံး အာရုံစူးစိုက်ထားကြ၏။ နောက်ပြီး ကျော်ငြိမ်းသည် ဂျပန်အား အကြွင်းမဲ့ ယုံကြည်နေသည်မဟုတ်။ တစ်ဖက်က ဒိမိုနီယံအဆင့်နှင့် ညီမျှသော လွတ်လပ်ရေးမျိုးကို ရဦးမည်ထင်သလို ဂျပန်က ကတိမတည်လျှင် ဆက်လက်ချမည်ဟုလည်း ပိုင်းဖြတ်ထားလေသည်။

ထိုအချိန်တွင် ဂျပန်များက မန္တလေးတွင် ဗုံးကြဲနေလေပြီ။ ရန်ကုန်မှ အစိုးရရုံးများလည်း အထက်အညာသို့ ပြေးလေရာ ဟိုမြို့ သည်မြို့ ဟိုရွာ သည်ရွာ ချောင်ခိုနေကြလေပြီ။

တစ်နေ့သော် ကျွန်တော်တို့သည် ကျောက်သွေးတန်း လမ်းမကြီးနှင့် မီးရထားလမ်းထောင့်ရှိ အိမ်ကလေးတစ်အိမ်တွင် ခိုအောင်းနေကြစဉ် မြောက်ဘက်မှ ကပ်လျက်အိမ်ကို ဗုံးကြဲချလေသည်။ ကျွန်တော်တို့သည် ကပျာကယာ မြေကြီးပေါ် ဝမ်းလျားမှောက်ကြရ၏။ ဗုံးသည် လူရော ပစ္စည်းရော မထိခိုက်။ ဗုံးပေါက်ကွဲနေသောအရှိန်ဖြင့် ထဘီတစ်ထည်သည် လွင့်တက်သွားပြီး မန်းကျည်းပင်ပေါ်တင်နေလေ၏။ ကျော်ငြိမ်းသည် အမြဲတမ်း ဟာသရှိနေသူဖြစ်ရကား လေယာဉ်ပျံတွေပြန်ထွက်သွားကာရှိသေး၊ ဝမ်းလျား



မှောက်ရာမှထကာ ထဘီအလံယုနေပုံကို ပြက်လုံးထိုးနေလေသည်။

ကျွန်တော်တို့ ရွှေဘိုသို့သွားကြသည်။ ရွှေဘိုသို့ ဆစ်ပြေးဒီးဒုတ်ဦးဘချို မိသားစု ရောက်နေလေသည်။ ကျွန်တော်တို့သည် ဦးဘချိုနှင့် နိုင်ငံရေးဆွေးနွေးရန် သွားကြခြင်းဖြစ်သည်သာမက ပြည်သူ့အရေးတော်ပုံပါတီ စည်းရုံးရေးလုပ်ငန်းများလုပ်ရန် သွားကြခြင်းလည်း ဖြစ်လေသည်။ ကိုသိန်းမောင်နှင့် ကိုသန်းမောင်၊ စက်ပိုင်းသား ညီအစ်ကိုမှာ ကျွန်တော်တို့၏ ရဲဘော်များဖြစ်၏။ (ယခု နှစ်ယောက်စလုံး ပထမအမတ်များ)

တစ်နေ့ခင်း ရွှေဘိုမြို့ပေါ်တွင် ကျွန်တော်တို့ သွားလာနေကြစဉ် ဗုံးကြဲလေယာဉ်ပျံများ ခေါင်းပေါ်မှာ ရောက်လာလေသည်။ ကျွန်တော်တို့သည် အနီးရှိ မြူနီစီပယ်လမ်း အုတ်ဘုံတားလေးအောက်သို့ ပြေးဝင်ကြရ၏။ ပိုက်လုံးသဏ္ဌာန်ရှိသော အပေါက်မှ ကွားသွားပြီး ဝင်ကြရသည်။ ထိုင်၍ပင် မနေလောက်သဖြင့် ဝမ်းလျားမှောက်နေကြသည်။ အပေါ်က လေယာဉ်ပျံများကား တဝုန်းဝုန်း တဝေါဝေါဖြစ်နေ၏။ ကျွန်တော်သည် "ငါတို့ ကံခေဖြစ်ရပြန်သလေ"ဟု အော်ကာ တို့ဗမာသီချင်းတစ်ပုဒ်ကို ဆိုလိုက်သည်။ ကျော်ငြိမ်းက "ဟောကောင် နိမိတ်မရှိ၊ နမာမရှိ မဆိုစမ်းပါနဲ့ကွာ"

"မင်းကကြောက်လို့လား"

"ကြောက်လို့ မဟုတ်ဘူး၊ ဖဟာမိတ်ဂျပန်ရဲ့ ဗုံးဒဏ်နဲ့တော့ မသေချင်ဘူးကွ"

ကျွန်တော်တို့သည် သို့ဖြင့် ဒုက္ခတွေ၊ဘေးအန္တရာယ်တွေကို ရယ်ပစ်လိုက်ကြသည်။

ဂျပန်တို့သည် လေယာဉ်ပျံမှ လက်နက်ချပေးမည်ဆိုသဖြင့် ကျွန်တော်တို့ စောင့်နေကြရသည်။ မရသောအခါ စိတ်ပျက်ကြရသည်။

ကျော်ငြိမ်းသည် အခြားနည်းများဖြင့် လက်နက်ရအောင်ကြံစည်ခဲ့၏။ ရန်ကုန်ကဆိုလျှင် မင်္ဂလာဒုံမှ မြန်မာစစ်သားအချို့နှင့် အဆက်အသွယ်ယူပြီး

လက်နက်ခိုးထုက်ရန်ကြိုးစားလေသည်။ သူနှင့် သူ့ရဲဘော်ရေနံချေမြသခင်ပုတို့သည် ထိုကိစ္စအတွက် ထရပ်ကားကြီးတစ်စီးဖြင့် စွန့်စားခန်းဝင်ခဲ့ရသေး၏။ ယခု မန္တလေးရောက်သောအခါလည်း ကျော်ငြိမ်းသည် တပ်ထဲက မြန်မာစစ်သားအချို့နှင့် အဆက်ရအောင် ကြိုးစားလေသည်။ လက်နက်ယူပြီး ထွက်ပြေးခဲ့ရန် သိမ်းသွင်းလေသည်။

သို့ဖြင့် ဂျပန်တို့က လိုမ့်ဝင် အင်္ဂလိပ်တို့က ထွက်ပြေးကြရင်း အောက်မြန်မာပြည်တစ်ခုလုံး ဂျပန်တို့လက်သို့ ရောက်လေပြီ။ သခင်အောင်ဆန်းတို့ ဦးစီးသော မြန်မာ့လွတ်လပ်ရေးတပ်မတော်လည်း ဂျပန်တို့နှင့် ပါလာသည် ဟူသော သတင်းများသည် စစ်မြေပြင်ကို ထိုးဖောက်၍ ကျွန်တော်တို့ဆီ ရောက်လာလေသည်။ ထိုသတင်းများနှင့် အစ်ပါအည်း ဂျပန်တို့သည် ကျွန်တော်တို့မြန်မာများ၏ အသက်စည်းစိမ် အိုးအိမ်ကိုလည်းကောင်း၊ လွတ်လပ်ရေးကိုလည်းကောင်း၊ ဂုဏ်သိက္ခာကိုလည်းကောင်း၊ ရိုသေလေးစားခြင်း မရှိ၊ စော်ကားထိပါးသည်ဟူသော သတင်းများလည်း ရောပါလာလေသည်။

မန္တလေးထောင်၊ မုံရွာထောင် စသည်တို့တွင် သခင်နု၊ သခင်စိုး၊ သခင်ဘဟိန်း၊ သခင်သန်းထွန်း၊ သခင်ကျော်စိန် စသောကျွန်တော်တို့ ရဲဘော်ပေါင်းများစွာရှိနေလေသည်။ သူတို့အား အင်္ဂလိပ်တို့က သတ်မသွားရေးနှင့် အိန္ဒိယပြည်သို့ ခေါ်မသွားရေးသည် ကျွန်တော်တို့ များစွာစိတ်စောနေသော ကိစ္စများဖြစ်လေသည်။ သူတို့လွတ်ရာ လွတ်ကြောင်း အပြင်မှ ကူညီရန် ကြိုးစားကြသည်။ မအောင်မြင်ချေ။

မန္တလေးမြို့သည် စစ်တိုက်ခိုက်ရာ စစ်မျက်နှာပြင်မဟုတ်သော်လည်း စစ်မြေပြင်နှင့်သာ တူနေ၏။ တစ်မြို့လုံး ဗုံးများကြောင့် ပျက်စီးမီးလောင်လျက်ရှိသည်။ ကျွန်တော်တို့ ခိုအောင်းနေကြသော မစိုးရိမ်ကျောင်းတိုက်သည်ပင်လျှင် လုံခြုံမှုမရှိတော့ပြီ။ တိုင်းချစ်ကိုသိန်းဖေသည် မန္တလေးမြောက်ဘက်ရှိ ကပိုင်ရွာသို့ ပြောင်းရွှေ့သွားလေသည်။



တစ်နေ့သ၌ ကပိုင်ရွာသို့ ရောက်သွားသောအခါ မန္တလေးထောင်မှ သခင်နုတို့လူစု လွတ်သွားပြီဖြစ်ကြောင်း၊ ကျွန်တော်တို့လူစုအားရှာရင်း မင်းကွန်းသို့ရောက်သွားကြောင်း သတင်းရရှိလေသည်။ ကျော်ငြိမ်းနှင့် ကျွန်တော်တို့သည် မင်းကွန်းသို့လိုက်ကြလေသည်။ ကပိုင်မှ မင်းကွန်းတစ်ဖက်ကမ်းသို့ ခြေကျင်လျှောက်ကြရ၏။

ကာလပျက်နေသောအခါဖြစ်ရာ ဓားပြတွေ အလွန်ပေါသည်။ လူကောင်းကလည်း လွယ်လွယ်နှင့် ဓားပြဖြစ်သည်။ နိုင်ငံရေးသမား တိရစ္ဆာန်ဥပဒေ လွှမ်းမိုးနေ၏။ ထိုကာလတွင် နှစ်ယောက်တည်း လက်နက်မပါဘဲ ခရီးသွားရသည်မှာ မလွယ်ကူချေ။ ကျော်ငြိမ်းသည် သတိရှိသူဖြစ်၏၊ မင်းကွန်းရောက်ပြီး သခင်နုတို့ လူစုအား ရှာမတွေ့ဘဲ တဝဲလည်လည်ဖြစ်နေချိန် သူတစ်ယောက် ကျွန်တော်တို့နောက်မှ နောက်ယောင်ခံလိုက်နေသည်ကို မြင်သေသည်။ ကျွန် ဓတ်တို့ လက်ဖက်ရည်ဆိုင်ဝင်ပြီး သောက်ရာ၊ ပိုက်ဆံနိုက်ပေးရာ၌ ငွေစက္ကူတွေကို ထိုလူမြင်သွားသည်ဟုလည်း ကျော်ငြိမ်းထင်၏။ ထိုလူသည် ကျွန်တော်တို့ကို လိုက်ဓားပြတိုက်တော့မည်လောဟု စိုးရိမ်ကြ၏။ ကျော်ငြိမ်းသည် ဟန်သူ့ဖို့ မာန်ကိုယ့်ဖို့ ဆိုသောစကားကို လက်တွေ့ကျင့်သုံးလိုက်၏။ ရှမ်းလွယ်အိတ်ထဲမှာ လက်နှိုက်ထားပြီး ခြောက်လုံးပြူးပါလေဟန် လက်ကို သဏ္ဌာန်လုပ်ထားလေသည်။ မင်းကွန်းမှ ပြန်ထွက်လာသောအခါ ထိုသူသည် ခပ်ယို့ယို့ဖြစ်ကာ နောက်ဆုံးတွင် ဘယ်ပျောက်သွားမှန်း မသိတော့ချေ။ လမ်းရှိရွာများကို ဖြတ်လျှင်လည်းကောင်း၊ လူအုပ်များဖြတ်လျှင်လည်းကောင်း၊ ကျော်ငြိမ်းသည် မာန်ပါပါဖြင့် အထက်ပါအတိုင်း ခြောက်လုံးပြူးပါလေဟန်လုပ်ကာ ကိုယ့်ကိုယ်ကို ရဲဆေးတင်ကြရလေသည်။ ခလုတ်မထိ ဆူးမငြိဘဲ ကပိုင်သို့ ပြန်ရောက်ကြလေသည်။ သခင်နု၊ သခင်စိုး စသောသူတို့သည် ကပိုင်သို့ရောက်နေနှင့်ကြလေပြီ။ သခင်သန်းထွန်းတို့မှာ မုံရွာထောင်သို့ ရောက်နေသည်။

ကပိုင်မှာ လူတော်တော်စုံသဖြင့် နိုင်ငံရေးအခြေအနေများ ဆွေးနွေးကြသည်။ အားလုံးပင် အင်္ဂလိပ်လက်အောက်ခံဘ၀မှ ဂျပန်လက်အောက်ခံဘ၀သို့ ရောက်ရတော့မည့်အခြေအနေကို မြင်နေကြသည်။ ထိုအခြေအနေကို မကြိုက်ကြ။ ရှောင်ကြလို့လည်းမရ။ ဂျပန်ရေဒီယိုမှ ချယ်ရီပန်းတွေ ဝေနေပုံ၊ နီပွန်တပ်မတော် အောင်မြင်နေပုံ၊ အရှေ့တောင်အာရှ သာတူညီမျှခေတ်ကြီးကို နေအရုဏ်ကြိုသလို ကြိုနေကြပုံ အသံလွှင့်နေရာ ကျွန်တော်တို့ ငြီးငွေ့လာပြီ။

ကပိုင်မှာ လူစုံကြသောနေ့ နောက်တစ်နေ့ နံနက်ခင်းတွင် ရှာပြင်လယ်ကွင်းပြင်ထဲက အမိုးပါသောအုတ်ရေတွင်းဘေားမှာ ကျွန်တော်တို့စည်းဝေးကြသည်။ သခင်နု၊ သခင်စိုး၊ သခင်ကျော်စိန်၊ သခင်မြသွင်၊ ကျော်ငြိမ်း၊ ကျွန်တော် စသူတို့ဖြစ်သည်။

အင်္ဂလိပ်ပြေးရုံနှင့် လွတ်လပ်ရေးအရေးတော်ပုံ မပြီးသေး။ လွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ကြရမည်။

သခင်နု၊ ကျော်ငြိမ်း စသောသူတို့က မြန်မာပြည်မှာနေပြီး ဂျပန်နှင့်ပူးပေါင်းပြီး အာဏာခွဲယူကာ လုံးဝလွတ်လပ်ရေးရသည်အထိ တိုက်ပွဲဝင်သွားမည်။

သခင်စိုး၊ သခင်ကျော်စိန်၊ သခင်မြသွင်နှင့် ကျွန်တော်တို့က တရုတ်ကူမင်တန်တပ်များနှင့် အတူလိုက်ပြီး မြန်မာပြည်အပြင်သို့ ထွက်မည်။ တရုတ်၊ အင်္ဂလိပ်၊ အမေရိကန်စသော မဟာမိတ်တပ်များနှင့် ပူးပေါင်းကာ ဂျပန်အားတိုက်ရင်း လုံးဝလွတ်လပ်ရေးရသည်အထိ တိုက်ပွဲဝင်ကြမည်။

ဂျပန်တို့သည် နေ့လား ညလား၊ မန္တလေးသို့ ဝင်တော့မည်။ အင်္ဂလိပ်တို့သည် အင်းဝတံတားကြီးကိုပင် မြေလှန်စနစ်အရ ဖျက်ဆီးလိုက်လေပြီ။ အင်းဝတံတားကြီး ဖောက်ခွဲလိုက်ရာမှ ပေါ်ထွက်လာသော အသံကြီးကို ကျွန်တော်တို့ ကြားကြရသည်။



ကျွန်တော်တို့ ကြာကြာဆွေးနွေးမနေနိုင်ကြတော့ပြီ။ ဆုံးဖြတ်ချက်အတိုင်း တာဝန်ခွဲဆောင်ရွက်ကြရန်သာ လူစုခွဲကြရတော့၏။

ကပိုင်မှာ ကျော်ငြိမ်း၏ သူငယ်ချင်းကိုထွန်းသိန်းတို့ ညီအစ်ကို စစ်ပြေးနေကြ၏။ ကျော်ငြိမ်းစီစဉ်ပေးချက်အရ ကိုထွန်းသိန်း၏ညီ ကိုခင်းရှိန်(ယခုကမ္ဘာကျော်လန်ဒန်ဂိုးဖလိပ်)က ကားဖြင့် သခင်စိုး၊ သခင်ကျော်စိန်၊ သခင်မြသွင်နှင့် ကျွန်တော်တို့အား မတ္တရာချောင်းကြီးအထိ လိုက်ပို့လေသည်။ ထိုနေ့ကား ၁၉၄၂ခု၊ မေလ ၁ရက်နေ့ဖြစ်၏။

ကျော်ငြိမ်းနှင့် ကျွန်တော်တို့သည် ၁၉၄၅ခုနှစ်အထိ ကွဲနေကြသည်။ တရုတ်တပ်နှင့်အတူ မြန်မာပြည် ပြင်ပသို့ ထွက်ပြေးရန် ကြိုးစားရာ မအောင်မြင်၍ မန္တလေးပြန်ရောက်သောအခါ မှာလည်း ကျော်ငြိမ်းအား မတွေ့လိုက်တော့ရ။ ကျော်ငြိမ်းတို့သည် ရန်ကုန်သို့ဆင်းသွားကြလေပြီ။

ဤသို့လျှင် ဂျပန်များဝင်မလာမီကာလက အဖြစ်အပျက်များကို စားမြုံ့ပြန်ကြပြီးနောက် ကျွန်တော်တို့သည် နားလိုက်ကြသည်။ကျွန်တော်က ကျော်ငြိမ်းအား အိမ်သာခန်းလိုက်ပို့ရန်ပြောသည်။ အိမ်သာခန်း သို့မဟုတ် ဗိုလ်ဆန်ဆန် ခေါ် ရေချိုးခန်းမှာ ကျော်ငြိမ်းတို့အိပ်ရာခန်းမှ ဖြတ်သွားရသည်။ တောက်ပြောင်သန့်ရှင်းသော ခုတင်နှစ်လုံးယှဉ်ထားသည်။ စာရေးစားပွဲနှင့် စာအုပ်ဗီရိုများက ငိုင်းရံထား၏။ အားလုံးတောက်ပြောင်သစ်လွင်ကြသည်။ စာအုပ်များမှာ ဗီရိုတွင်းမှာသာမက ဗီရိုများနှင့် စားပွဲများပေါ်တွင် ပုံနေသည်။ စစ်မဖြစ်မီက ကျွန်တော်တို့ အမျိုးသားရေး တော်လှန်ရေးသမားများဘက်မှ ထုတ်ဝေကြသော စာအုပ်ပုံတစ်ပုံတွေ့ရသည်။ တချို့ကို ၂၅– ၃၀ ထိပေးဝယ်ထားရသည်ဟု ကျော်ငြိမ်းက ပြောပြ၏။

"တချို့ကလည်း မင်း အနိုင်ကျင့်ယူထားတာ မဟုတ်လား။ မင်းက စာအုပ်မြင်ရင် အငမ်းမရဖြစ်ပြီး ဖွတ်ငှားသွားပြီး ပြန်မပေးဘဲ ထားတတ်တယ် မဟုတ်လား" ဟု ကျွန်တော်က ဆိုလေသည်။

"မင်းဒီလိုမပြောပါနဲ့ကွာ။ မင်းစာအုပ် ငါပြန်ပေးပါ့မယ်"

ရေချိုးခန်းထဲမှ ကျွန်တော်ထွက်လာပြီး သူ့အိပ်ခန်းကို သဘောကျစွာကြည့်နေစဉ် ကျော်ငြိမ်းက–

"မင်းကတော့ ငါ့နေပုံထိုင်ပုံကို ဘူဇွာလို့ ခေါ်မှာပဲ"

"မင်း ဒီအိမ်နဲ့ပတ်သက်ပြီး လူပြောသူပြော အများကြီးခံရတယ်။ မှတ်မိသေးလား။ ဒီအိမ်ကို လက်မခံဖို့ ငါပြောတာ"

၁၉၃၅ခုနှစ်လောက်က ထင်သည်။ ကျော်ငြိမ်းအား ကြည်ညိုသူ လူတစ်စုက မင်္ဂလာဒုံလေဆိပ်အနီးတွင် "ကျော်ငြိမ်းမြို့"ဟု တည်ထောင်ကြလေသည်။ တစ်စုကမူ ကော်မတီကလေးတစ်ခုဖွဲ့ပြီး ဘို့ခေါင်းဆောင်ကြီးမှာ အိမ်ပိုင်မရှိသေး။ ဘို့ခေါင်းဆောင်ကြီးအတွက် အိမ်ဆောက်ပေးကြမည်။ အလှူငွေထည့်ဝင်ကြလော့ဟုသော ပန်ကြားလွှာတစ်စောင်ကို ထုတ်ဝေလေသည်။ ထိုအချိန်က ရန်ကုန်မြို့ ကုန်သည်လမ်း၊ ပြည်သူ့စာပေတိုက်တွင် ကျော်ငြိမ်းနှင့် ကျွန်တော်တွေ့ကြသည်။

နှစ်ယောက်တွေ့လျှင် ဆွေးနွေးမြဲ၊ ငြင်းခုံမြဲ ဖြစ်ရကားကြုံရာအကြောင်း ဆွေးနွေးငြင်းခဲ့ကြလေသည်။ သူ့ကိုယ်ရေးကိုယ်တာများ ရောက်သွားရာ ကျွန်တော်က–

"အတိုက်အခံ နိုင်ငံရေးသမားတစ်ယောက်အနေဆိုရင် ငါဒီစကားပြောနေဖို့ မလိုဘူး။ အဆင်းတွန်းပေးလိုက်ရုံပဲ။ သို့ပေမယ့် သူငယ်ချင်းအနေနဲ့ ငါပြောချင်တယ်၊ ကျော်ငြိမ်းမြို့ဆိုတာရယ်။ အိမ်အလှူခံတာရယ် ဒီကိစ္စနှစ်ခု မင်းမလုပ်သင့်ဘူး။"

"ငါလုပ်တာမှ မဟုတ်ဘဲ။ ငါနဲ့လွတ်လပ်ရေးတိုက်ပွဲတွေမှာ အတူတူပါဝင်ခဲ့တဲ့ ရဲဘော်တစ်စုက ငါဝန်ကြီးချုပ်နဲ့စိတ်ကောက်ပြီး ရာထူးကထွက်မယ်ဆိုတော့ ထလုပ်ကြတာပဲ။ ဥက္ကဋ္ဌက ကိုထွန်းအုံကွာ။ စိုးမောင်တို့၊ ဗဆွေကလေးတို့ ပါသကွာ။ ကျော်ငြိမ်းမြို့ဆိုတာတော့ မလုပ်ဖို့ ငါပြောထားပါပြီ'



သူက ရှေ့ဆက်ပြောရန် တစ်စုံတစ်ရာ စဉ်းစားနေစဉ် ကျွန်တော်က "သို့ပေမယ့် မင်းက အာဏာရှိခေါင်းဆောင်တစ်ယောက်၊ မင်းလူတစ်ခုက အကူငွေလိုက်တောင်းတယ်။ ထည့်သူက မင်းအာဏာရှိနေလို့ မင်းဆီက မျှော်လင့်ချက်ရှိလို့ ထည့်မယ်။ ဒါ လက်ခံရင် လာဘ်စားတဲ့ သဘောပဲရောက်မှာ ပဲ။ ငါကတော့ သဘောမကျဘူး"

"ငါတော့ လာဘ်စားတဲ့သဘော ဘယ်နည်းနှင့်မျှ မရောက်ဘူး ထင်တာပဲ။ အေးလေ မင်းပြောတဲ့အချက် ငါထည့်စဉ်းစားမယ်။ ဒီကိစ္စရပ်ပစ်ဖို့တော့ စိတ်မဆုံးဖြတ်နိုင်သေးဘူး"ဟု ပြောပြီးနောက် ကျော်ငြိမ်းက "အေး အိမ်ကတော့ ငါလည်း လိုချင်တာပဲကွ"ဟု ငေါ့တော့တော့ပြောပြီး ထွက်သွားလေသည်။

(ဖဆပလ)ကွဲပြီးနောက် ပါလီမန်အစည်းအဝေးတစ်ခုကျင်းပနေစဉ် အနည်းငယ်အဝေးရပ်နားချိန်၌ ကျွန်တော်၊ ဘငြိမ်းနှင့် ကျော်ငြိမ်းတို့ စကားလက်ဆုံကြုံကြပြန်သည်။ ဤတိုက်အိမ်ကြီးကိစ္စသို့ ရောက်သွားပြန်လေသည်။ ဦးနုက အိမ်ငယ်ကလေးဆောက်နေမည်ဟုဆိုသည့် ကိစ္စလည်းပါသည်။ ကျော်ငြိမ်းသည် ဦးနုမှာ အကျိုး၊ လက်ပတ်နာရီစသော ကိုယ်ပိုင်ပစ္စည်းများ စွန့်လွှတ်လှူဒါန်းခြင်းမှာ နာမည်ကောင်းရရန် ဟန်ဆောင်ခြင်းဖြစ်သည်။ အိမ်ငယ်ကလေးနှင့်နေမည်ဆိုခြင်းမှာလည်း ထိုအတိုင်းပင်ဖြစ်သည်ဟုထင်သည်။ သူ့တိုက်အိမ်ကြီးနှင့်ပတ်သက်၍ "ငါ့အဆင့်အတန်းရောက်မှတော့ ဒီတိုက်မျိုးနဲ့ မနေနိုင်ဘူးလား။ ငါ့ကိုမုန်းတဲ့လူကလည်း များတယ်။ မင်းတို့အခုက လူတွေကလည်း ငါ့မုန်း၊ တို့ (ဖဆပလ)တစ်ဖက်ကလည်း ငါ့မုန်း၊ ဒီတော့ လုံခြုံမှုဘက်က လှည့်ပြီးလည်း မကြည့်ထိုက်ဘူးလား" စသည်ဖြင့် ကျွန်တော်တို့အား ပြန်မေးသည်။ ဘငြိမ်းနှင့် ကျွန်တော်တို့က တိုက်အိမ်ကြီးနှင့်နေနေ၊ တဲပုတ်ငယ်နှင့်နေနေ ဘယ်လူတန်းစားတွေအတွက် နိုင်ငံရေးလုပ်သလဲဆိုသည့်အချက်သာပဓာနဖြစ်ကြောင်း၊ သူ့တိုက်အိမ်ကြီးနှင့်နေခြင်းကို ကျွန်တော်တို့က ကန့်ကွက်စရာမရှိကြောင်းပြောလိုက်ကြလေသည်။ ကျော်

ငြိမ်း၏ ပျော့ကွက်တစ်ခုမှာ သူ့အဆင့်အတန်းကို ခဏခဏသတိထားနေခြင်းဖြစ်သည်။

ကျွန်တော်သည် အထက်ပါအတိုင်း သတိရနေပြီး ကျော်ငြိမ်းအား.....

"ငါ့ဆောင်းပါးထဲမှာ မင်းအိမ်အကြောင်းလည်းထည့်လိုက်ရဦးမှာပဲ" ဟု ပြောခဲ့လေသည်။

ကျွန်တော်တို့ သူ့အိမ်ခန်းထဲမှထွက်ပြီး လှေကားထိပ်မှ အခန်းတွင်ပြန်ထိုင်ကြပြန်လေသည်။ ကျွန်တော်က ပြောင်းဖူးစားပြီးကော်ဖီသောက်သည်။ သူကပြောင်းဖူးစားပြီး ပဲရွက်ဟင်းချိုရည်သောက်နေသည်။ ထိုအချိန်မှာ ညနေစောင်း သုံးနာရီလောက်ဖြစ်၏။ သူသည် နံနက်စာထမင်းမစားရသေး။ ကျွန်တော်က စောစောအိပ်ပြီး စောစောထလေ့ရှိ၏။ ကျော်ငြိမ်းသည် ညအိပ်ရာဝင်နောက်ကျပြီး နံနက်မွန်းတည့်ခါနီးထိ အိပ်လေ့ရှိ၏။

"ဧည့်သည်တွေက ည ၁၁နာရီ၊ ၁၂နာရီမှ ပြန်ကြတယ်ကွ။ သူတို့ပြန်တော့ ငါစာဖတ်တာပဲ။ ည ၃နာရီ ၄နာရီထိပါပဲ။ တစ်ခုတော့ ရှိတယ်။ တစ်နေ့တော့ ၈နာရီအပြည့်အိပ်တယ်ကွ။ ကျန်းမာရေးပြန်ကောင်းအောင် မနည်းလုပ်ထားရတာ"

"ကဲ... တို့ဂျပန်ခေတ်ပြန်ကြဦးစို့။ ဂျပန်ခေတ်မှာ မင်းတောက်လျှောက်ကဲဘိနက်အတွင်းဝန်လား"

"အေး၊ ဟုတ်တယ်။ အဲဒီတုန်းက ကဲဘိနက်အတွင်းဝန်က နိုင်ငံရေးရာထူးကွ"

ဂျပန်များသည် မန္တလေးသို့ရောက်သောအခါ ကျော်ငြိမ်းသည် ယာယီအစိုးရဖွဲ့စည်းရေး ဆက်ကြိုးစားသည်။

မူလက ဗိုလ်ချုပ်အောင်ဆန်းတို့သည် ယာယီအစိုးရကို ယိုးဒယားမှာဖွဲ့စည်းရန် အစီအစဉ်ရှိသည်။ လွတ်လပ်သော မြန်မာနိုင်ငံယာယီအစိုးရအနေဖြင့် အင်္ဂလိပ်အားစစ်ကြေညာပြီး ဘီ–အိုင်–အေက မြန်မာပြည်ထဲဝင်



တိုက်ရန်ဖြစ်၏။ ဂျပန်စစ်တပ်များက အကူအညီလိုက်ရန်သာဖြစ်သည်။ တကယ်ကျတော့ ဂျပန်က ခွင့်မပြုချေ။ နောက်တစ်ခါ မော်လမြိုင်ရောက်လျှင် လွတ်လပ်သော ယာယီအစိုးရတည်ထောင်ကြေညာရန် စီစဉ်ကြပြန်၏။ ဂျပန်စစ်တပ်များက ခွင့်မပြုချေ။ ထိုအချိန်တွင် ဘီ အိုင် အေ စစ်ဗိုလ်အချို့ပင် ဂျပန်ပါးရိုက်ခံနေရလေပြီ။

ဂျပန်များ မန္တလေးမြို့သို့ ရောက်သောအခါ အင်္ဂလိပ်အစိုးရထံ အမှုတော်ထမ်းခဲ့သော မြန်မာအရာရှိအချို့သည် ကျွန်တော်တို့၏ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများကို သံတော်ဦးတင်လိုက်ကြလေသည်။ သူတို့ထံမှ ကျွန်တော်ရေးသော ဖက်ဆစ်ဆန့်ကျင်ရေးစာရွက်စာတမ်းအချို့ကိုလည်း ရသွားလေသည်။ သူတို့သည် ကျွန်တော့နောက်ကိုလိုက်၏။ ကျွန်တော့ကိုကား ရှာမတွေ့တော့ချေ။ ကျွန်တော်နှင့် ရင်းနှီးစွာအလုပ်လုပ်ခဲ့သော စစ်ကိုင်း သိန်းဒန်အားဖမ်းပြီး သတ်ပစ်လိုက်လေသည်။ ကိုင်းချစ် ကိုသိန်းဖေအားဖမ်းပြီး ညှဉ်းပန်းနှိပ်စက်လိုက်ရာ သူ့ခမျာ ခုထိ ထိုဒဏ်ရာများ မပျောက်သေးချေ။

သူလည်း ကျွန်တော်နှင့်ရင်းနှီးစွာ အလုပ်လုပ်ခဲ့သူဖြစ်၏။

၎င်းတို့အား ဂျပန်တို့က ညှဉ်းပန်းနှိပ်စက်လိုက်ခြင်းသည် ကျော်ငြိမ်းအား မျက်စိဖွင့်ပေးလိုက်လေသည်။ နဂိုက ဂျပန်အပေါ် ဖော့တွက်ခဲ့၏။ ယခု ဂျပန်စစ်ဝါဒီတို့အပေါ်တူးတူးခါးခါး မုန်းလာလေသည်။ ဖက်ဆစ်ဝါဒ၏သရုပ်မှန်ကို ဆင်ခြင်မိသည်။ သို့ရာတွင် အချိန်မကျခင် ကျွန်တော်သည် ဂျပန်ဆန့်ကျင်ရေးလုပ်နေသည်၊ ရမ်းနေသည် ဟူသော အစွဲကားမပျောက်သေးချေ။ ကျွန်တော် သို့မဟုတ် ကွန်မြူနစ်များ မလိမ္မာလို့ သိန်းဒန်ကျဆုံးရသည်။ ကိုင်းချစ် ကိုသိန်းဖေနှင့် အခြားကျွန်တော်တို့၏ လုပ်ဖော်ကိုင်ဖက်များ ညှဉ်းပန်းနှိပ်စက်ခံရသည်ဟူ၍ ထင်နေသေးသည်။

သို့ရာတွင် ထိုအစွဲနှင့် အထင်များမှာ စိတ်ထဲမှာ အစွန်းထင်နေခြင်းမျိုးသာဖြစ်၍ သူ့ဦးနှောက်အတွင်းမှာကား ဖက်ဆစ်ဂျပန်၏သရုပ်မှန်နှင့် ကျွန်

ဟော်နှင့်တကွ ကွန်မြူနစ်ဖြစ်လာကြသူများ၏ ဖက်ဆစ်ဆန့်ကျင်ရေးသရုပ်မှန်တို့သည် အတိုင်းသားပေါ်နေ၏။

ကျော်ငြိမ်းသည် ကမ္ဘာကိုလည်း လှည့်ကြည့်လိုက်လေသည်။ နာဇီဂျာမဏီကို အထိရောက်ဆုံး၊ အအောင်မြင်ဆုံးတိုက်ခိုက်နေသူများမှာ ရုရှားများဖြစ်နေသည်ကို တွေ့ရသည်။ စတာလင်ဂရက်တိုက်ပွဲမှာ ကွန်မြူနစ်ဝါဒကို ပေပေါ်ထုနှက်ပြလိုက်သည်နှင့်လည်း တူနေ၏။ ဖက်ဆစ်ဂျပန်များအား ရှေ့ဆုံးမှနေ၍ ခုခံတွန်းလှန်နေသူများမှာ တရုတ်ကွန်မြူနစ်များဖြစ်နေသည်။ သို့ကလို သူမှန်းတီးသောဖက်ဆစ်နှင့် စစ်ဝါဒီတို့အား ကွန်မြူနစ်တို့က ပြောင်ပြောင်မြောက်မြောက်တိုက်ခိုက်နေပုံ ဆင်ခြင်မိသောအခါ ကျော်ငြိမ်းသည် 'ကွန်မြူနစ်ဝါဒထဲမှာ တစ်ခုခုတော့ရှိရမှာပဲ'ဟု ကောက်ချက်ချလိုက်သည်။ ထို့ကြောင့် သူသည် ကွန်မြူနစ်ဝါဒကို လေ့လာရန် စိတ်ထက်သန်လာ၏။

သူသည် ဂျပန်ခေတ်တစ်လျှောက်လုံးလိုလို တစ်ဖက်က လက်တွေ့အားဖြင့် လူသိရှင်ကြားဂျပန်နှင့် ပူးပေါင်းရေးလုပ်ငန်းတွေလုပ်ရသည်။ တခြားတစ်ဖက်တွင် လေ့လာရေးတွေလုပ်သည်။ အထူးသဖြင့် ကွန်မြူနစ်ဝါဒနှင့် ရုရှားအကြောင်းတွေဖတ်သည်။ ကျော်ငြိမ်း၏လေ့လာရေးမှာ 'ပုဂ္ဂိုလ်ခင်မှ တရားမင်'ဆိုသော သဘောမျိုးပါသည်။ မာ့က်စ်၊ လီနင်၊ စတာလင်စသော ကွန်မြူနစ်ခေါင်းဆောင်များရေးသည်ကို တိုက်ရိုက်ဖတ်ပြီး တိုက်ရိုက်လေ့လာခြင်းထက် သူပုဂ္ဂိုလ်စွဲထားသော စာရေးဆရာတို့က ကွန်မြူနစ်နှင့် ရုရှားအကြောင်းရေးထားသော စာအုပ်များဖတ်လေ့ရှိသည်။ ကွန်မြူနစ်အကြောင်း ကွန်မြူနစ်ခေါင်းဆောင်တွေကပြောလျှင် လိုရာဆွဲပြောလိမ့်မည်။ ထို့ကြောင့် အမှန်မရောက်နိုင်ဟု သံသယအမြဲထားဟန်ရှိသည်။ တစ်နည်းဆိုသော် ကျော်ငြိမ်းကွန်မြူနစ်ဝါဒကိုလေ့လာခြင်းမှာ သံသယဖုံးလွှမ်းသော လေ့လာခြင်းဖြစ်ခဲ့သည်။ ဂျပန်ခေတ်က ကွန်မြူနစ်များအပေါ်မှာ အညာတာဆုံးသဘောထားရှိနေချိန်တွင် ကွန်မြူနစ်နှင့် ရုရှားအပေါ်တွင် အညာတာဆုံး



သဘောထားဖြင့် ရေးသားထားသော မစ္စတာနှင့် မစ္စက်ပက်ဗ်တို့၏ (Soviet Communism) ဆိုဗီယက်ကွန်မြူနစ်စနစ်ဆိုသော စာအုပ် (Handbook of Marxism) မာ့က်စ်ဝါဒလက်စွဲကျမ်းစသော စာအုပ်များကို ဖတ်လေသည်။ သူသည် မူလကတည်းက ဖေဘီယန်ဆိုရှယ်လစ်ကို သဘောကျနေသူဖြစ်ရကား ဖေဘီယန်ဆိုရှယ်လစ်စာရေးဆရာကြီးများဖြစ်သော ဝက်ဗ်တို့၏ စာအုပ်များကို လေ့လာသည်မှာ သဘာဝကျပေသည်။

သူနှင့် ကျွန်တော်လေ့လာပုံခြင်း ခြားနားသည်။

"ဟော့.... မင်းလေ့လာပုံက သူတို့အကြောင်း သူများက ဘာပြောဆိုဝေဖန်ကြသလဲဆိုတာကို ပဓာနထားပြီး လေ့လာတယ်။ ငါတော့ သူတို့အကြောင်း သူတို့ကိုယ်တိုင်ဘာပြောကြသလဲဆိုတာ ပဓာနထားပြီး လေ့လာတယ်။ ပြီးမှ ကိုယ့်ဘာသာကိုယ်ဝေဖန်ပြောဆိုတယ်"ဟု ကျွန်တော်က ပြောလေရာ ကျော်ငြိမ်းက-

"အေး... ဟုတ်သလောက်တော့ ဟုတ်မယ်ကွ၊ ဒါပေမယ့် ငါလည်း သူတို့အကြောင်း သူတို့ကိုယ်တိုင်ပြောဆိုရေးသားတာတွေဖတ်ပါတယ်။ လေ့လာပါတယ်။ မင်းငါ့အကြောင်းသိတယ်မဟုတ်လား သိန်းဖေ၊ ငါက အဖော်ကောင်းရင် ငရဲတစ်ခေါက်လောက် လိုက်ချင်တယ်ဆိုတဲ့ အစားမျိုးထဲကကွ။ ဂျပန်ခေတ်အတွင်းတုန်းက ငါနဲ့ရင်းနှီးတဲ့ လူကောင်တော်တော်များများဟာ ဆိုဗီယက် ရုရှားလိုလားကြတယ်။ ကွန်မြူနစ်ဝါဒကြိုက်ကြတယ်။ ဒီတော့ ငါလည်း ဘာလို့မကြိုက်နိုင်ရမှာလဲဆိုပြီး လေ့လာတာပဲ။ လေ့လာလေ ကွန်မြူနစ်ဝါဒ မကြိုက်လေဘဲ၊ တစ်ပါတီအာဏာရှင်စနစ်ကို ဘယ်နည်းနှင့်မှ မကြိုက်နိုင်ဘူး။ လူထုဟာ စီးပွားရေးအားဖြင့် လွတ်လပ်ရမယ်ဆိုတာ ငါယုံကြည်တယ်။ ဒါဟာ ငါ့အဆုံးစွန်ရည်ရွယ်ချက်ပဲ။ ဒါပေမယ့် အဆုံးစွန် ရည်ရွယ်ချက် (Ends) ကိုရောက်အောင် ဘယ်နည်းနဲ့သွားမလဲ။ (Means) ဆိုတာက ပိုအရေးကြီးတယ်။ ဒါကြောင့် တစ်ပါတီအာဏာရှင်စနစ်ကို ဖက်

ဆစ်မှန်းသလောက် မှန်းတာပဲ။ ဒါကြောင့် ကွန်မြူနစ်ဝါဒကို လက်မခံနိုင်တာဘဲ"

"ကိုင်း... ဒီလိုဆိုရင် ဒီနည်းကလွဲလို့ တခြားနည်းနဲ့အဆုံးစွန်ရည်မှန်းချက်ဖြစ်တဲ့ လူထုစီးပွားရေးလွတ်မြောက်မှုကိုလည်းရောက်မသွားနိုင်ဘူးဆိုပါတော့။ ဒီနည်းက ပိုအရေးကြီးတယ်ဆိုရင် အဆုံးစွန်ရည်မှန်းချက် စွန့်လွှတ်မှာပေါ့ ဟုတ်လား"

"အဆုံးစွန်ရည်မှန်းချက် မစွန့်လွှတ်ရအောင် တို့မကြိုက်တဲ့နည်းလည်းမသုံးရအောင် ဆိုရှယ်လစ်ဒီမိုကရက်နည်းလိုက်နေတာပေါ့။ အေး ခုထိတော့ ဘယ်နိုင်ငံတွေမှ ဆိုရှယ်လစ်ဒီမိုကရက်နည်းနဲ့ လူထုစီးပွားရေးလွတ်မြောက်မှုဆိုတဲ့ ဆိုရှယ်လစ်ပန်းတိုင်မရောက်သေးဘူး။ ဒါပေမယ့် တစ်နေ့တို့နည်းနဲ့တို့ပဲ ရောက်ရမှာပဲ။ ရောက်ဖို့ကြာရင် ကြာမယ်။ ကြာပေ့စေ။ တို့က ကွန်မြူနစ်တစ်ပါတီ အာဏာရှင်နည်းကိုတော့ လက်မခံနိုင်ဘူး"

"မင်းက အလုပ်သမားလူတန်းစား အာဏာရှင်စနစ်နဲ့ အလုပ်သမားလူတန်းစားရဲ့ တစ်ခုတည်းသောပါတီရဲ့ ခေါင်းဆောင်မှုဆိုတဲ့ မာ့က်စ်ဝါဒအခြေခံမှုတွေကို နားမလည်လို့ ဒီလိုပြောတာပါ။ ဒီမိုကရေစီဟာ ဖန်ပေါင်းချောင်ထဲသူ့ဟာသူအလိုအလျောက်နေတဲ့အရာမဟုတ်ပါဘူး။ ဘယ်လူတန်းစားရဲ့ ဒီမိုကရေစီဆိုတာက အဓိကအချက်ပါ။ အရင်းရှင်လူတန်းစားကြိုက်တဲ့ ဒီမိုကရေစီလား၊ ဒါမှမဟုတ်....."

စသည်ဖြင့် ကျွန်တော်က ဒီမိုကရေစီအမျိုးမျိုးကို လူတန်းစားလက်တွေ့သရုပ်ဖြင့် ပိုင်းခြားပြောပြမည်လုပ်နေစဉ် ကျော်ငြိမ်းကကြားဖြတ်၍.....

"အေး... ငါက မာ့က်စ်ဝါဒမှာ အဲဒီအချက်မကြိုက်တာဘဲ။ လူဆိုတဲ့ အခြေခံနဲ့မူလထားပြီးမကြည့်ဘဲ လူတန်းစားဆိုတဲ့ အခြေခံနဲ့မူလထားပြီး ကြည့်တယ်။ လူတန်းစားကွဲပြားမှု လူတန်းစားရှုထောင့်ဆိုတာတွေ အလေးပေးလွန်းအားကြီးတယ်။ ဒါဟာ ငါတို့နဲ့ခြားနားချက်ပဲ"



"လူတန်းစားအခြေခံနဲ့ လူတန်းစားရှုထောင့်ဟာ မာ့က်စ်ဝါဒရဲ့အသက်သွေးကြောပဲကွ။ လူတန်းစားကွဲပြားမှုတွေပျောက်ပြီး လူမှန်သမျှ အလုပ်သမားတွေချည်း တတန်းတစားတည်းဖြစ်တဲ့အခါကျတော့ ဒီအခြေခံတရားပြောင်းသွားချင်သွားမှာပေါ့။ ခုတော့ မပြောင်းဘူး"

သို့ကလို ငြင်းခုံဆွေးနွေးကြပြီးနောက် ဂျပန်ခေတ်က ပြည်သူ့အရေးတော်ပုံပါတီအကြောင်း ပြန်သွားကြပြန်လေသည်။

ဂျပန်ခေတ်က ပြည်သူ့အရေးတော်ပုံပါတီနှင့် ကွန်မြူနစ်ပါတီဟူ၍ လျှို့ဝှက်ပါတီနှစ်ခု တသီးတခြားစီဖြစ်လာလေသည်။

ထိုကွန်မြူနစ်ပါတီမှာ သခင်စိုး၏ လုံးဝချုပ်ကိုင်မှုအောက်တွင်ရှိသည်။ သခင်စိုးသည် ကျွန်တော်တို့နှင့်အတူ မြန်မာပြည်အပြင်သို့လိုက်ရန် ဆုံးဖြတ်ထားသော်လည်း ပြေးရင်း လွှားရင်း၊ သွားရင်း လာရင်းပင် စိတ်ပြောင်းသွားလေသည်။ ပြည်တွင်းမှာ စည်းရုံးရေးလုပ်ငန်းတွေ ချရန်နေရစ်မည်ဆိုပြီး နေရစ်ခဲ့လေသည်။ ထိုအချိန်က ကွန်မြူနစ်ပါတီခေါင်းဆောင်မှုဆိုသည်မှာ သခင်စိုးတစ်ဦးတည်းခေါင်းဆောင်မှုပင်ဖြစ်၏။

ပြည်သူ့အရေးတော်ပုံပါတီမှာ တလုံးတစည်းတည်းသော ခေါင်းဆောင်မှုအောက်တွင် မရှိချေ။ သခင်မြ၊ ကျော်ငြိမ်း၊ ဗဆွေတို့ကဲ့သို့ နောင်ဆိုရှယ်လစ်ဖြစ်လာသူတွေလည်း ခေါင်းဆောင်နေရာမှာရှိသည်။ ဗဟိန်းကဲ့သို့သော နှစ်ပါတီမှာပါနေသူများလည်း ပါသည်။ နောင်အသာအခါ ကွန်မြူနစ်ဖြစ်သွားသော ဆရာချစ် သို့မဟုတ် သခင်ချစ်ကဲ့သို့သော သူများလည်း ပါလေသည်။

ပြည်သူ့အရေးတော်ပုံပါတီထဲတွင် ကျော်ငြိမ်းလို တိကျပြတ်သားသော ဆိုရှယ်လစ်ဒီမိုကရေစီအနွယ်က အားနည်းသည်။ မာ့က်စ်ဝါဒ လိုလားသော အားက များသည်။ ထိုအထဲတွင် ဖက်ဆစ်ဂျပန်ကို အောင်မြင်စွာတိုက်နိုက်နေသော ရုရှားအပေါ်ဝယ်လိုလားမှုမှာ ပြင်းထန်လာလေရာ ပြည်သူ့အရေး

တော်ပုံပါတီသည် ဒုတိယကွန်မြူနစ်ပါတီသဖွယ်သာရပ်တည်နေလေသည်။ ကျော်ငြိမ်းလည်း 'အဖော်ကောင်းရင် ငရဲတောင်တစ်ခေါက်လိုက်ချင်သည်' ဆိုသော သူ့စကားနှင့်အတူ ပြုမူနေလေသည်။

အခြေခံသဘောကွဲလွဲမှုများက ရှိနေသည်ပင်ဖြစ်၏။ သို့ရာတွင် နှစ်ပါတီကြားတွင် ကွဲလွဲမှုများသည် သဘောတရားကွဲလွဲမှုအဖြစ်ဖြင့် ထင်ထင်ရှားရှားပေါ်မလာဘဲ ပုဂ္ဂိုလ်ရေးကွဲပြားမှုအနေနှင့်သာ ပေါ်ပေါက်လာတတ်လေ၏။

ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA ဘီအိုင်အေ)၊ ထို့နောက် ဗမာ့ကာကွယ်ရေးတပ်မတော် (BDA ဘီဒီအေ)တွင်းသို့ အထက်ပါနှစ်ပါတီကွဲလွဲချက်များသည် ဂယက်ရိုက်လာလေသည်။ သဘောတရားရေး၊ ဝါဒရေးကွဲလွဲမှုမှာ အထင်အရှားမပေါ်လာဘဲ ပုဂ္ဂိုလ်ရေး၊ ပုဂ္ဂိုလ်စုအရေးကွဲလွဲမှုကသာ အထင်အရှားပေါ်ခဲ့သည်။ ခေါင်းဆောင်ပိုင်း၌ တွင်ကျယ်သောအစုမှာ ဂျပန်ပြန်ရဲဘော်သုံးကျိပ်များရာစုဖြစ်၏။ ဂျပန်ပြန်ဆိုလျှင် အလိုအလျောက် ထိပ်ပိုင်းရောက်၏။ ပြည်သူ့အရေးတော်ပုံပါတီယူနစ်ဝင်များဗွာတို့သည် ဘီအိုင်အေ သို့မဟုတ် ဘီဒီအေထဲသို့ ဝင်ရောက်ကြ၏။ သူတို့က ပညာအရည်အချင်းအားဖြင့် အချို့သော ဂျပန်ပြန်များထက်သာချင် သာမည်။ သို့ရာတွင် ထိပ်ပိုင်းသို့မရောက်နိုင်သူတို့သည် ဌာနချုပ်မှာထက် အောက်ယူနစ်များမှာ တွင်ကျယ်ကြသည်။ သူတို့အား ထိုစဉ်က (Unit Group) ယူနစ်အုပ်စု ဟု ခေါ်ကြ၏။

ဂျပန်ပြန်ရဲဘော်သုံးကျိပ်သည် ဗိုလ်အောင်ဆန်း၊ ဗိုလ်လက်ျာ နှင့် ဗိုလ်နေဝင်းအား ခေါင်းဆောင်တင်ထားခဲ့၏။ သို့ရာတွင် ယူနစ်အုပ်စုသည် ဗိုလ်အောင်ဆန်းအား ကြားသဘောထားသည်။ ဂျပန်ပြန်အုပ်စုတွင် ဗိုလ်လက်ျာ၊ ဗိုလ်ကျော်ဇော စသူတို့က ခေါင်းဆောင်နေသည်ဟု သူတို့က ယူဆထားသည်။ ယူနစ်အုပ်စုတွင် ယနေ့ဗိုလ်မှူးကြီးများဖြစ်နေသော



ဗိုလ်အောင်ကြီး၊ ဗိုလ်အောင်ရွှေ၊ ဗိုလ်မောင်မောင်၊ ဗိုလ်ကြည်ဝင်း စသူတို့မှာ တက်ကြွလှုပ်ရှားသော ကေဒါများဖြစ်သည်။ ဂျပန်ပြန်အုပ်စုမှ ဗိုလ်နေဝင်းသည် ပဲ့ထွက်လာကာ ယူနစ်အုပ်စုတွင် ခေါင်းဆောင်သဖွယ်ဖြစ်လာသည်။ သခင်သန်းထွန်းနှင့် သခင်ချစ်တို့မှ တစ်ဆင့်ကွန်မြူနစ်ပါတီသည် ဂျပန်ပြန်အုပ်စုတွင် ဩဇာတက်လာသည်။ ကျော်ငြိမ်း၊ ဗဆွေတို့မှတစ်ဆင့် ပြည်သူ့အရေးတော်ပုံပါတီသည် ယူနစ်အုပ်စုတွင် ဩဇာတက်လာသည်။ တဖြည်းဖြည်းနိုင်ငံရေးအကွဲသည် ပုဂ္ဂိုလ်ရေးအကွဲအဖြစ်ဖြင့် အားကောင်းလာသည်။ ပုဂ္ဂိုလ်ရေးအကွဲလည်း နိုင်ငံရေးဝါဒသဘောတရားအကွဲအဖြစ်ဖြင့် အားကောင်းလာပြန်လေသည်။ ဂျပန်ပြန်အုပ်စုသည် ဗိုလ်ချုပ်အောင်ဆန်းအား ခေါင်းဆောင်တင်ထားပြီးဖြစ်၏။ နိုင်ငံရေးဝါဒသဘောတရားရေးအရ ကွန်မြူနစ်ပါတီဘက်သို့ ပိုယိမ်း၏။ ထို့ကြောင့် ယူနစ်အုပ်စုသည် ဗိုလ်ချုပ်အောင်ဆန်းအား စိတ်မချ။ ထို့ကြောင့် ဂျပန်ပြန်ထဲမှ ပဲ့ထွက်လာသော ဗိုလ်နေဝင်းအား အပြိုင်အဆိုင်အားကိုးကြီးတစ်ခုအနေနှင့် ခေါင်းဆောင်တင်ထားကြလေသည်။

သို့ရာတွင် ဗိုလ်အောင်ဆန်းကား ဂိုဏ်းဂဏအစွဲအလမ်းကို ကျော်နင်းနိုင်သူဖြစ်၏။ ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးလုပ်ရာ၌ ဂျပန်ပြန်အုပ်စုနှင့် ယူနစ်အုပ်စု၊ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီ ညီညွတ်ရမည်ဟုမြင်၏။ ၎င်းပြင် ဝါဒသဘောတရားရေး၌ ကွန်မြူနစ်ပါတီဘက်သို့ ပိုညွတ်သော်လည်း ပြည်သူ့အရေးတော်ပုံပါတီဝင်များနှင့် ရဲဘော်ရဲဘက်သံယောဇဉ်မှာ လွန်စွာခိုင်မာသည်။ ဗိုလ်နေဝင်းကလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အပြိုင်အဆိုင်လုပ်လိုသူမဟုတ်ချေ။

ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်နေဝင်းနှင့် သူ၏ ဖက်ဆစ်ဆန့်ကျင်ရေး ညီညွတ်ရေးလမ်းစဉ်အောင်မြင်ဖို့ ဆွေးနွေး၏။ ကျော်ငြိမ်းကိုလည်း ခေါ်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ထဲမှာလည်းကောင်း၊ အခြားဖက်ဆစ်ဆန့်ကျင်

ရေးအင်အားစုများကြားမှာလည်းကောင်း၊ ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီကွဲနေခြင်းကို စေ့စပ်ပေးဖို့လိုကြောင်း၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ ညီညွတ်ရေးအတွက် ကွန်မြူနစ်ပါတီ၏ တစ်ဦးတည်းသောခေါင်းဆောင်ကြီး သခင်စိုးနှင့် တွေ့ဆုံဆွေးနွေးစေလိုကြောင်း ပြောပြလေသည်။

ပြီးနောက် ဗိုလ်နေဝင်းနှင့် ကျော်ငြိမ်းအား သခင်စိုးထံသို့ လွှတ်လိုက်လေသည်။

ထိုအချိန်၌ သခင်စိုးသည် ဒေးဒရဲနယ်ထဲမှာ ပုန်းအောင်းနေထိုင်လျက်ရှိလေသည်။ သခင်စိုး၏ လွတ်လပ်ရေးကြေညာစာတမ်းအမှတ် ၁၊ အမှတ် ၂ စသည်တို့သည် ထိုအချိန်တွင် အတော်ပျံ့နှံ့လျက်ရှိ၏။ သခင်စိုးသည် လျှို့ဝှက်သင်တန်းများ ကျင်းပပေးလျက်ရှိရာ အချို့တပ်မတော် ဗိုလ်မှူးများပင် လာတက်ကြလေသည်။

သို့ရာတွင် သခင်စိုးကား သူနှင့် သူ့အဖေအဝေးကလွဲလျှင် မည်သူ့ကိုမျှ ယုံကြည်စိတ်ချသူ မဟုတ်ချေ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘီအိုင်အေကိုပင်လျှင် ဂျပန်တွေပင့်ဖိတ်လာသော လုံးလုံးဖက်ဆစ်ဂျပန်နောက်လိုက်များအဖြစ်ဖြင့် တိုက်ခတ်ဝေဖန်ပြီးဖြစ်လေသည်။

ပြည်သူ့အရေးတော်ပုံယူနစ်အုပ်စုကိုလည်း သူငယ်နာစွဲကပ်နေသော၊ ဖက်ဆစ်ဂျပန်နို့သက်ခံနေသော ကလေးသူငယ်များအဖြစ်ဖြင့် အထင်သေးနေလေသည်။ ထို့ကြောင့် ပြည်သူ့အရေးတော်ပုံပါတီက ဖက်ဆစ်ဆန့်ကျင်ရေး ညီညွတ်ရေးကမ်းလှမ်းချက်ကို ငြင်းပယ်မချလိုက်သော်လည်း အထူးစောင့်ကြပ်ကြည့်နေအပ်သော၊ စိတ်မချရသော မဟာမိတ်အဖြစ်ဖြင့်သာ လက်ခံဆက်ဆံခြင်းဖြစ်လေသည်။ သို့ရာတွင် သခင်စိုးသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့ကာကွယ်ရေးတပ်မတော်တို့၏ အင်အားကို သိသည်။ ထိုအင်အားထဲတွင် ဗိုလ်နေဝင်း၊ ကျော်ငြိမ်း စသောယူနစ်အုပ်စု၏ အင်အားလည်း ပါနေသည်ကို သိသည်။ ဖက်ဆစ်ဂျပန်ကို ထိရောက်စွာတိုက်ချင်လျှင် သူတို့နှင့်



ညီညွတ်ရေးယူရမည်။ တလုံးတစည်းတည်း တပ်မတော်က ဖက်ဆစ်ဂျပန်တွေကို ထတိုက်ရမည်ဟုလည်း သူ့စိတ်ထဲမှာ သတ်မှတ်ထားပြီး ဖြစ်လေသည်။

သခင်စိုးသည် ဗိုလ်နေဝင်းနှင့် ကျော်ငြိမ်းတို့အား ကောင်းစွာလက်ခံပြုစု၏။ နိုင်ငံရေးညီညွတ်မှုလည်း ယူ၏။ သို့ရာတွင် ညအိပ်ချိန်တွင် အိပ်မပျော်ဘဲ မှိန်းနေသောကျော်ငြိမ်းသည် သခင်စိုးက သူ့ရဲဘော်ရင်းတစ်ဦးအား ပြောကြားသွန်သင်နေသောစကားများကို ကြားလိုက်ရလေသည်။ ကွန်မြူနစ်တို့သည် တပ်မတော်နှင့် ပြည်သူ့အရေးတော်ပုံပါတီထဲဝင်ပြီး 'ဆရိုဂုင်' စည်းရုံးရေး လုပ်ရမည်။ ထိုးဖောက်စည်းရုံးပြီးနောက် ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းလုပ်ရင်း ပြည်သူ့အရေးတော်ပုံပါတီ ဩဇာကျအောင်လုပ်ရမည် စသောစကားများဖြစ်လေသည်၊

ကျော်ငြိမ်းသည် ခေါင်းကြီးသွား၏။ အစကမှ ကွန်မြူနစ်ဝါဒကိုလည်း မကြိုက်လှ၊ ကွန်မြူနစ်တို့၏ လုပ်ပုံကိုင်ပုံကိုလည်း သင်္ကာမကင်းဖြစ်နေစဉ် ဤစကားမျိုး ကိုယ်တိုင်ကိုယ်ကျ ကြားသွားရသောအခါ ပိုမကြိုက်၊ပို မသင်္ကာ ဖြစ်လာလေ၏။ နောက်တစ်နေ့မနက်တွင် စောစောကြီး ဗိုလ်နေဝင်းအား နိုးပြီး ညက ကြားခဲ့သမျှ ပြောပြလေသည်။ သို့ရာတွင် သူတို့နှစ်ယောက်သည် မသိချင် မကြားမိ ဟန်ဆောင်နေကြသည်။ ဂျပန်ဖက်ဆစ်များကို ကွန်မြူနစ်များနှင့် ပူးတွဲတိုက်ခိုက်ရင်း သူတို့ကလည်း ကွန်မြူနစ်များအား အထူးကြီးကြပ်စောင့်ကြည့်အပ်သော၊ စိတ်မချရသော ယာယီမဟာမိတ်အဖြစ်ဖြင့် ဆက်ဆံပြုမူသွားရန် ဆုံးဖြတ်ကြလေသည်။

သခင်စိုးနှင့် သူတို့သည် အပြန်အလှန်ပင် သတိကြီးစွာနှင့် စောင့်ကြပ်ကြည့်ရှုအပ်သော၊ စိတ်မချရသော ယာယီမဟာမိတ်အဖြစ်ဖြင့် အသိအမှတ်ပြုထားကြလေသည်။

ဂျပန်ပေးသောလွတ်လပ်ရေးရကြပြီးနောက် ကျော်ငြိမ်းသည် ကဲဘိ

နက်အတွင်းဝန်အဖြစ်မှထွက်ရပြီး နိုင်ငံခြားရေးဝန်ကြီးသခင်နုလက်အောက်တွင် ဒု–နိုင်ငံခြားရေးဝန်ကြီးလုပ်ရလေသည်။ သူသည် တစ်ပိုင်းက အစိုးရအရာရှိဖြစ်နေသဖြင့် သခင်များ၏တို့ဗမာအစည်းအရုံးနှင့် ဒေါက်တာဘမော်၏ ဆင်းရဲသားအဖွဲ့တို့ ပေါင်းထားသော တို့ဗမာဆင်းရဲသားအစည်းအရုံးတွင် ရာထူးအဆင့်အတန်းမယူရချေ။

တို့ဗမာဆင်းရဲသား အစည်းအရုံးဟူ၍ သခင်နှင့် ဒေါက်တာဘမော်တို့တစ်ဖွဲ့တည်းပေါင်းလုပ်နေကြသော်လည်း တစ်သွေးတည်းသားတည်းစုစည်းညီညွတ်နိုင်သည် မဟုတ်ချေ။ ဒေါက်တာဘမော်က သူ့အစုနှင့်သူဖြစ်ပြီး သခင် ကျောင်းသားလူငယ် တပ်မတော်တို့က တစ်စုသတ်သတ်ဖြစ်လေသည်။ ဒုတိယအစုတွင် အတွင်းကျကျခေါင်းဆောင်နေသူများမှာ သခင်မြ၊ သခင်နု၊ ဗိုလ်ချုပ် အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်ချစ်၊ ကိုဗဆွေ၊ ကိုလှမောင် (ယခု သံအမတ်ကြီး)နှင့် ကျော်ငြိမ်း စသူတို့ဖြစ်လေသည်။

တကယ်ဆိုသော် သခင်ကျောင်းသား လူငယ်နှင့် တပ်မတော်တည်းဟူသော ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုများသည် ဤခေါင်းဆောင်အစုကိုသာ သိကြသည်များ၍ ကွန်မြူနစ်ပါတီဟူ၍လည်းကောင်း၊ ပြည်သူ့အရေးတော်ပုံပါတီဟူ၍ လည်းကောင်း ခွဲခွဲခြားခြားသိသူနည်းပါးလေသည်။

၁၉၄၄ ခုနှစ်ထဲသို့ရောက်လာသောအခါ ဖက်ဆစ်ဂျပန်များ မုချရှုံးတော့မည့် အရိပ်နိမိတ်များ ကမ္ဘာအတိုင်းအတာအရ လည်းကောင်း၊ မြန်မာ့အတိုင်းအတာအရ လည်းကောင်း ထင်ရှားမြင်သာလာလေသည်။ ကွန်မြူနစ်အနွယ်ရှိသူတို့က ဖက်ဆစ်ဂျပန်ကို တအားဖိချရေးသာ ပဓာနဖြစ်သည်ဟု ယူဆကြသည်။ လိပ်– ကန် မဟာမိတ်တို့နှင့် ပူးပေါင်းတိုက်ရင်း အင်္ဂလိပ်နှင့်စေ့စပ်က ငြိမ်းချမ်းစွာလွတ်လပ်ရေးရနိုင်ကြမည်ဟူသော အလားအလာကို မြင်နေကြလေသည်။ ကျော်ငြိမ်းနှင့်တကွသော ပြည်သူ့အရေးတော်ပုံပါတီ အနွယ်ရှိသူတို့ကမူ ဂျပန်ကိုတိုက်နေဖို့မလို။ ကျဆုံးနေပြီဖြစ်သော ဂျပန်အား



တိုက်ခြင်းအားဖြင့် ကိုယ့်အင်အားသာ အချည်းအနှီးဖြုန်းရာရောက်မည်။ စစ်နိုင်ပြီး ပြန်လာသောအင်္ဂလိပ်အား မြန်မာ့မြေပြင်မှ တိုက်ထုတ်ရန် အင်အားသိုမှီး လက်နက်စုဆောင်းပြီး ပြင်ဆင်နေရုံသာရှိသည်ဟု ယူဆကြလေသည်။

သခင်စိုးနှင့် သခင်သန်းထွန်းတို့သည် ပြည်သူ့အရေးတော်ပုံပါတီဝင်များအား ဂျပန်သူလျှိုများဟုဆိုကာ အကြီးအကျယ်တိုက်ခတ်နေလေပြီ။

ဗိုလ်ချုပ်အောင်ဆန်းကား နိုင်ငံရေးဝါဒ အယူအဆ၌ ကွန်မြူနစ်များနှင့်တူ၏။ သို့ရာတွင် ပြည်သူ့အရေးတော်ပုံပါတီကို မပစ်ပယ်ချေ။ ကျော်ငြိမ်းတို့လူစုအား လက်ငင်းအားဖြင့် ဖက်ဆစ်ဂျပန်ကို အစွမ်းကုန်တိုက်ရေးသာ အဓိကလုပ်ငန်းဖြစ်ကြောင်း ရှင်းပြလေသည်။ ပြည်သူ့အရေးတော်ပုံပါတီဘက်သားများကလည်း သဘောပေါက်နားလည်ကာ လက်ခံကြလေသည်။

၁၉၄၄ခုနှစ်၊ ဖေဖော်ဝါရီ၊ မတ်လများလောက်ကစပြီး အိန္ဒိယပြည်ရောက်နေသော ကျွန်တော်တို့နှင့် သခင်သန်းထွန်း၊ သခင်စိုး၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နုစသူတို့ အဆက်အသွယ်ခိုင်မာစွာ ပြုနိုင်ကြလေသည်။

၁၉၄၄ခုနှစ် ဩဂုတ်လထဲတွင် ကုက္ကိုင်းဘက် အင်းလျားကန်စောင်းရှိ နိုင်ငံခြားရေးဝန်ကြီး သခင်နု နေအိမ်တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး တပ်ပေါင်းစုတည်ထောင်ရန် ပထမဆုံးအစည်းအဝေး ကျင်းပလေသည်။ ကွန်မြူနစ်ဦးစားပေးသော ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့အရေးတော်ပုံပါတီ ဦးစားပေးသော အင်္ဂလိပ်လက်မှ လွတ်လပ်ရေးကိစ္စနှစ်ခုစလုံး အကျုံးဝင်သော အမည်ပင်ဖြစ်၏။

ထိုပထမဆုံးအစည်းအဝေးသို့တက်ရန် သခင်စိုးအား တောခိုနေရာမှမြို့ပေါ်အရောက် ဗိုလ်ကျော်ဇော (တပ်မင်းကြီးဟောင်း)က ဗိုလ်ချုပ်အောင်ဆန်း အမိန့်အရခေါ်ပေးရလေသည်။

ထိုအချိန်ကျမှ ဗိုလ်ကျော်ဇောသည် ကွန်မြူနစ်ပါတီရှိလေရဲ့ဟု သိရခြင်းဖြစ်သည်။ ပြည်သူ့အရေးတော်ပုံပါတီရှိလေရဲ့ဟုကား ထိုအချိန်အထိ မသိ

သေးချေ။ တိုင်းပြည်လွတ်လပ်အောင်လုပ်မည့် ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လကျ်ာ၊ သခင်မြ၊ သခင်သန်းထွန်း၊ သခင်ချစ် စသောခေါင်းဆောင်အစုရှိသည်ဟုကား သိရှိလေသည်။

ထိုသခင်နုအိမ် အစည်းအဝေးသို့ သခင်စိုး၊ ဗိုလ်ချုပ်အောင်ဆန်းတို့အပြင် သခင်သန်းထွန်း၊ သခင်မြ၊ သခင်ချစ်၊ ဗဆွေ၊ ကျော်ငြိမ်း စသူတို့ လာကြလေသည်။ ဖက်ဆစ်တိုက်ဖျက်ရေးနှင့် လုံးဝလွတ်လပ်ရေး အရယူရေး သဘောတူညီချက်နှင့် တပ်ပေါင်းစုစာချုပ်ကို လက်မှတ်ရေးထိုးသူများတွင် ကျော်ငြိမ်းလည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့လေ၏။

ထိုအစည်းအဝေးမှ တပ်မတော်ထဲတွင် စည်းရုံးရေးလုပ်ငန်းများကို တညီတညွတ်တည်း စုပေါင်းလုပ်ကိုင်ရန် သခင်တင်မြ(ကွန်မြူနစ်ပါတီ သခင်စိုး၏ ယိုဇဉ်ကလက်ရုံး)နှင့် မောင်မောင်၊ အောင်ကြီး(ယူနစ်အုပ်စုဝင်ဟောခု ဗိုလ်မှူးကြီးများ) စသူတို့အား တာဝန်ပေးအပ်လိုက်လေ၏။

၁၉၄၅ခုနှစ်ရောက်ပြီး ဂျပန်အားချရန် အချိန်ကပ်လာသောအခါ ပုဇွန်တောင် ဘဟတကလိန်းရှိ ဗိုလ်ချုပ်အောင်ဆန်းအိမ်တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်အစည်းအဝေးကျင်းပကြလေသည်။ ဂျပန်တော်လှန်ရေးတွင် ဦးစီးရန် တိုင်းခွဲကြလေ၏။

ဗိုလ်နေဝင်း၊ ဗိုလ်လကျ်ာတို့က ဧရာဝတီတိုင်းကို တာဝန်ယူရင်း သခင်စိုးမှာ နိုင်ငံရေးမှူး (Political Commissar)ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးအောင်နှင့် ဗိုလ်ရန်အောင်တို့မှာ အထက်မြန်မာပြည်ကို တာဝန်ယူပြီး သရက်မြို့တွင် ဌာနချုပ်ထားလေသည်။ ပျဉ်းမနားမှာ ဗိုလ်ရဲထွဋ်က စစ်ရေးခေါင်းဆောင်၊ ကျော်ငြိမ်းက နိုင်ငံရေးမှူးဖြစ်သည်။ ပဲခူးတွင် ဗိုလ်ကျော်ဇော၊ တောင်ငူတွင် သခင်သန်းထွန်း၊ သခင်ဗဟိန်း၊ ရန်ကုန်မှာ သခင်ချစ်၊ ကိုဗဆွေ စသည်တို့ဖြင့် တာဝန်ခွဲဝေကြလေသည်။

တပ်ထွက်ကြသောအခါ အစီအစဉ်အတိုင်းဖြစ်သည့်နေရာမှာဖြစ်ပြီး



ဖရိုဖရဲဖြစ်သည့်နေရာမှာ ဖြစ်လေသည်။

မတ်လ ၂၇ရက်နေ့မတိုင်မီ စစ်ကိုင်း၊ မန္တလေးဘက်မှာ ဗိုလ်ဗထူး ဦးစီးသော တပ်မတော်သားများက ဂျပန်အား ထချလေရာ ဗိုလ်ချုပ်အောင်ဆန်းတို့က ဟန်ဆောင်ပြီး မည်မျှပင် အဆက်ဖြတ်ဖြတ် ဂျပန်က ဗမာ့တပ်မတော်အား မယုံတော့ချေ။

မဟာမိတ်တပ်များက ရန်ကုန်မြို့ပေါ် ဗုံးကြဲချလေသည်။

ကျော်ငြိမ်းသည် ပျဉ်းမနား ဗိုလ်ရဲထွဋ်ထံသို့ လိုက်သွားရန် တာဝန်ကျသော်လည်း မလိုက်ဖြစ်တော့ချေ။ ကျော်ငြိမ်း တောခိုလျှင် သခင်မြနှင့် သခင်နုတို့အား ဂျပန်က လုံးဝယုံတော့မည်မဟုတ်ဟု ယူဆလေသည်။

ဖက်ဆစ်တော်လှန်ရေးကြီး ပြည်လုံးကျွတ်ဖြစ်လာသောအခါ၊ ရန်ကုန်မှာ နေရစ်သူတို့အဖို့ ပိုခက်လာသည်။ ဂျပန်နှင့် ရှင်အတူ သေမကွာ ဖြစ်ကြောင်း ပိုဟန်ဆောင်ပြကြရလေ၏။ သခင်မြနှင့် သခင်နုတို့သည် ဒေါက်တာဘမော်နှင့်အတူ ဂျပန်ခေါ်ရာသို့လိုက်ရန် ဆုံးဖြတ်ရလေသည်။

ဂျပန်တို့၏ မယုံသင်္ကာဖြစ်မှုမှာ ပိုများလာလေသည်။ ဗဆွေအား ဂျပန်ကင်ပေတိုင်များက ဖမ်းလိုက်၏။ ကျော်ငြိမ်းနေအိမ်သို့ပိုင်းရာ သူသည် အိမ်နောက်ခန်းမှ ထွက်ပြေးပြီး သခင်မြအိမ်မှာ ခိုအောင်းနေရလေသည်။ ဖမ်းထားသော ဗဆွေအား သတ်ပစ်မသွားအောင် ကြိုးစားကြရ၏။ ကျော်ငြိမ်းက သခင်နုအား ပြော၊ သခင်နုက ဒေါက်တာဘမော်အား ပြော၊ အဓိပတိ ဒေါက်တာဘမော်က ဂျပန်တွေ ပြော။ အဓိပတိကြီး အာမခံပြီး ဗဆွေအား လွှတ်ပေးစေလေသည်။

ဒေါက်တာဘမော်၊ သခင်မြနှင့် သခင်နုတို့သည် ဂျပန်စစ်တပ်များနှင့်အတူ ရန်ကုန်မှ ဆုတ်ခွာကြလေရာ မုဒုံအထိရောက်၏။ မုဒုံမှာ သခင်မြနှင့် သခင်နု သောင်တင်ကျန်ခဲ့ပြီး၊ ဒေါက်တာဘမော်က ဂျပန်ပြည် ဆူဂါမိုတို ထောင်အထိ ရောက်လေသည်။

ရန်ကုန်မြို့ကို ဖက်ဆစ်ဂျပန်အား တော်လှန်နေသော ဘီဒီအေက ပထမဦးဆုံးဝင်လေသည်။

ဖက်ဆစ်တော်လှန်ရေးအင်အားစုက ရန်ကုန်မြို့ကို ကယ်တင်လွတ်မြောက်စေပြီဖြစ်ကြောင်း ဗိုလ်နေဝင်းသည် ရန်ကုန်ရေဒီယိုမှနေပြီး ကြေညာခဲ့လေသည်။

နောက် အင်္ဂလိပ်၊ အမေရိကန်များ ရန်ကုန်မြို့သို့ဝင်ရောက်လာခလသည်။

ကျော်ငြိမ်းကား ရန်ကုန်မြို့မှာပင် ရှိနေလေသည်။

ဂျပန်တော်လှန်ရေးအရှိန်တက်နေစဉ်က ညီညွတ်ရေးအလွန်အားကောင်းသည်။ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့သည် 'တော်လှန်ရေးတပ်ဦး' ဟူ၍ စာချုပ်ကြလေသည်။ ဖက်ဆစ်ဂျပန်အား တော်လှန်ပြီးနောက် အင်္ဂလိပ်က လွတ်လပ်ရေးအေးအေးလူလူဖြင့်မပေးလျှင် ဆက်လက်တော်လှန်ရန် ဖြစ်လေသည်။ လူမှုတော်လှန်ရေးနှင့် ပြည်သူ့အာဏာတည်ထောင်ရေးတို့အတွက် တိကျပြတ်သားသော အသေးစိတ်လုပ်ငန်းမပါသော်လည်း အမျိုးသားလွတ်မြောက်ရေးအတွက်ကား ပြတ်သားသောလမ်းစဉ်ပါလေသည်။ ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီနှစ်ရပ်ကို ဖျက်သိမ်းပြီး အားလုံး တော်လှန်ရေးတပ်ဦးထဲမှာ ပါဝင်ကြရန်ဖြစ်လေသည်။ သခင်စိုးသည် ညီညွတ်ရေးကို ၃ဆင့်ခွဲပြ၏။ ညီညွတ်ရေး-တပ်ပေါင်းစုညီညွတ်ရေး၊ တပ်ဦးညီညွတ်ရေးနှင့် ပါတီညီညွတ်ရေး။ ။ တပ်ဦးညီညွတ်ရေးကို (Fraternal Unity)ဟု သူက အင်္ဂလိပ်လိုရေးထားသည်။ တစ်ပါတီတည်း အားလုံးမညီညွတ်နိုင်ခင် ညီညွတ်ရေးတပ်ပေါင်းစု (United Front)ထက် တစ်ဆင့်မြင့်သော ညီညွတ်ရေးဖြစ်သည်ဟု သူကဆိုသည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း ထိုကဲ့သို့ ကြားအဆင့်ဆင့်ထားပြီး ညီညွတ်ရေးလုပ်သည်ကို သဘောကျသည်။ သခင်စိုးနှင့် ဗိုလ်ချုပ်အောင်



ဆန်းတို့သည် နှစ်ပါတီကို ဖျက်လိုက်ကြပြီး 'တော်လှန်ရေးတပ်ဦး' ကို တည်ထောင်လိုက်ကြခြင်းဖြစ်၏။ ထိုတပ်ဦး၏ နိုင်ငံရေးခေါင်းဆောင်မှာ သခင်စိုး၊ စစ်ရေးခေါင်းဆောင်မှာ ဗိုလ်ချုပ်အောင်ဆန်း။

တော်လှန်ရေးတပ်ဦးသည် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် (ဖဆပလ)၏ မဏ္ဍိုင်ဖြစ်ခဲ့သည်။

သို့ရာတွင် ဤမဏ္ဍိုင်မှာ ခိုင်ခန့်သော မဏ္ဍိုင်မဟုတ်ချေ။ ဤညီညွတ်ရေးမှာ စိတ်စေတနာ စေသော ညီညွတ်ရေးသာ ဖြစ်သည်။ မာ့က်စ်လီနင်ဝါဒကို လက်ခံပါမည်ဟု ပါးစပ်က ဝန်ခံကြဦးတော့၊ တကယ်ခိုင်မာသော သဘောတရားနှင့် ဝါဒရေးညီညွတ်ချက်မရှိချေ။ အထူးသဖြင့် သောသောဆယ် ဖက်ဆစ်ဂျပန်အား တညီတညွတ်တည်း ထချနေကြသော်လည်း အခြေအနေ အလားအလာသုံးသပ်ပုံခြင်း မညီကြချေ။

အကြမ်းအားဖြင့် သုံးသပ်ပုံ၊ မြင်ပုံ နှစ်မျိုးရှိ၏။

တစ်မျိုးက ဖက်ဆစ်တို့အား အကြွင်းမဲ့ တိုက်ခိုက်ချေမှုန်းရေးသည်သာ ပဓာန၊ ဖက်ဆစ်အား တိုက်နိုင်သည်နှင့်အမျှ အင်္ဂလိပ်ထံမှ လွတ်လပ်ရေးအတွက် စာရင်းရှင်းရာတွင် ငြိမ်းချမ်းစွာ ပြီးစီးနိုင်သည်။

အခြားတစ်မျိုးက ဖက်ဆစ်ဂျပန်အား အကြွင်းမဲ့တိုက်ရေးသည် ပဓာနမဟုတ်။ သူတို့ကား ရှုံးရန် သေချာနေပြီ။ ပြန်လာမည့်အင်္ဂလိပ်နယ်ချဲ့အားခုခံတိုက်ခိုက်ရေးသာ ပဓာန။ ထိုတိုက်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရမည်။

ဤအယူအဆကွဲပြားမှုသည် ဆက်လက်ရှိနေသည်။ ထိုအချိန်ကား ဩဂုတ်လထဲတွင် ဂျပန်က အရှုံးပေးလိမ့်မည်ဟု မည်သူကမျှ မမျှော်မှန်းနိုင်သေးသော အချိန်ကာလဖြစ်သည်။ ဂျပန်ကို အဖျင်းဆုံး တစ်နှစ်လောက်ဆက်တိုက်ရဦးမည်။ ဗမာ့ဖက်ဆစ်ဆန့်ကျင်ရေးတပ်သားများသည် ဂျပန်ပြည်အရောက် လိုက်တိုက်ရဦးမည် စသည်ဖြင့် တွေးထင်မျှော်မှန်းနေကြသော အချိန်ကာလဖြစ်လေသည်။

ထိုအယူအဆနှစ်မျိုးပြင်းထန်လာသောအခါ တစ်ဖက်က လောလောဆယ် တိုက်ထုတ်ရမည့် ဂျပန်ကို တိုက်မထုတ်ဘဲ မလာသေးသော အင်္ဂလိပ်ကို ပြန်ချရန် လက်နက်စုထားရမည်ဟု ပြောနေသူတို့သည် ကာယကံမြောက်အားဖြင့် ဂျပန်သူလျှိုဖြစ်သည်ဟုလည်းကောင်း၊ ဂျပန်အား မတိုက်ရဲလို့ ရှောင်နေရန် ဆင်ခြေရှာခြင်းဖြစ်သည်ဟုလည်းကောင်း၊ နောက်တစ်ဖက်ကလည်း အင်္ဂလိပ်လက်မှ ငြိမ်းချမ်းစွာ လွတ်လပ်ရေးရယူနိုင်သည်ဟု ပြောကာ ဂျပန်အား တိုက်ထုတ်ရေးတစ်ခုတည်း မဲနေသူတို့သည် အင်္ဂလိပ်အား လက်နက်ချအရှုံးပေးမည့်သူများဖြစ်သည်ဟုလည်းကောင်း တစ်ဖက်နှင့်တစ်ဖက် စွပ်စွဲပြောဆိုနေကြလေသည်။

ဂျပန်များဆုတ်ခွာသွားကြသဖြင့် ရန်ကုန်မြို့ပေါ်သို့ နိုင်ငံရေးခေါင်းဆောင် တော်တော်များများ ရောက်လာကြသောအခါ တော်လှန်ရေးတပ်ဦးအဖြစ်ဖြင့် ကွန်မြူနစ်နှင့် ပြည်သူ့အရေးတော်ပုံပါတီတို့သည် တစ်ဖွဲ့တစ်စည်းတည်းနေကြရန် စဉ်းစားဆွေးနွေးကြလေသည်။

ထိုစဉ်က ကွန်မြူနစ်တို့၏ သိက္ခာသည် များစွာတက်နေလေ၏။ နိုင်ငံတကာရေးရာတွင် ဆိုဗီယက်ယူနီယံသည် ကမ္ဘာအား ဖက်ဆစ်ရာဟုခံတွင်းမှ လွတ်မြောက်အောင်ကယ်တင်သူအဖြစ်ဖြင့် ဂုဏ်ကျေးဇူးကြီးလှသည်။ ပြည်တွင်းရေးရာ၌လည်း ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ကွန်မြူနစ်က ရှေ့တန်းက ဖြစ်နေကြ၏။

တော်လှန်ရေးတပ်ဦးထဲမှာ တစ်ပါတီတည်း အတူနေကြရန် ဆွေးနွေးသောအခါ ကွန်မြူနစ်များက အပေါ်စည်းယူထားပြီး ကျော်ငြိမ်းတို့လူစုက အောက်စည်းဖြစ်နေလေသည်။ သို့သော် နိုင်ငံရေးလမ်းစဉ်များကို ပြေလည်အောင် ဆွေးနွေးကြသည်မဟုတ်။ နိုင်ငံရေးကွဲလွဲမှုများကို ကြိတ်ချေနိုင်ကြသည် မဟုတ်။ ထို့ကြောင့် ပုဂ္ဂိုလ်ရေးအဖြေကိုသာ ရှာကြသည်။ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း စသော ကွန်မြူနစ်ခေါင်းဆောင်တို့ကလည်း



ပြည်သူ့အရေးတော်ပုံပါတီ ခေါင်းဆောင်တစ်စုအား တစ်ပါတီတည်း ဖြစ်လိုလျှင် ကွန်မြူနစ်ပါတီတွင်းသို့ ပြည်သူ့အရေးတော်ပုံပါတီဝင်များက တစ်ဦးချင်းဝင်ရမည်။ ကွန်မြူနစ်ပါတီက ရွေးချယ်လက်ခံမည်။ ဗဆွေ၊ သခင်ချစ် စသည်တို့အား လက်ခံနိုင်မည်။ သို့သော် ကျော်ငြိမ်းကိုကား...

"ကိုကျော်ငြိမ်း၊ ခင်ဗျားကတော့ နိုင်ငံရေးက ထွက်တော့ဗျာ" ဟု သူတို့က ပြောလိုက်ကြလေသည်။

ထိုအခြင်းအရာကား ၁၉၄၅ခုနှစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်လေသည်။ ယခု ၁၉၆၀ ပြည့်နှစ်တွင် ထိုအခြင်းအရာကို ပြန်ပြောင်းသတိရသောအခါ ကျော်ငြိမ်းအမူအရာတွင် ဒေါသဖြင့်လှုပ်ရှားမှုမပါတော့ချေ။ သူ့မျက်နှာမှာလည်း ဒေါသမီးလိုရဲတောက်ခြင်းမရှိချေ။ အေးအေးသက်သာပင် ပြောသည်။

"မင်း စဉ်းစားကြည့်ပါလား သိန်းဖေ။ ငါ နိုင်ငံရေးလုပ်လာတာဟာ ခုလိုနိုင်ငံရေးကထွက်ပါလို့ ပြောရုံနဲ့ ထွက်ဖို့လုပ်လာတာမှ မဟုတ်ဘဲ"

"အေး ဟုတ်တယ်။ အဲဒီတုန်းက သခင်သန်းထွန်း၊ သခင်ဗဟိန်းတို့က မင်းကို နိုင်ငံရေးက ထွက်ပါလို့ခိုင်းတာ၊ ခုမှ ငါကြားရတာပဲ။ ဒါပေမယ့် အမှန်ပဲလို့ ငါယုံကြည်တယ်။ တို့နိုင်ငံရေးလောကမှာ မင်းကို နိုင်ငံရေးကအထွက်ခိုင်းမှ ကောင်းမယ်ဆိုပြီး ဒီနည်းနဲ့အဖြေရှာတာ အကြိမ်ကြိမ်ပဲ မဟုတ်လားကွ။ ဖဆပလ မကွဲခင်ရော ငါကြားပါတယ်ကွာ။ ငါကတော့ ဒီနည်း မယုံဘူးကွ။ လူတစ်ယောက် နိုင်ငံရေးက ထွက်သွားရုံနဲ့ သူ့အယူအဆ၊ သူ့ဝါဒ၊ သူ့နိုင်ငံရေး ကုန်ဆုံးသွားတာ မဟုတ်ဘူး။ ကျန်နေရစ်ခဲ့တာပဲ။ အယူအဆ၊ ဝါဒ၊ နိုင်ငံရေး ကွဲလွဲရင် ကြိတ်ချေရမယ်။ ငါက မင်းအယူအဆ၊ ဝါဒ၊ နိုင်ငံရေးကို မကြိုက်ရင် မင်းကို ထုတ်ပစ်ဖို့၊ ဒါမှမဟုတ် မင်းထွက်သွားပါလို့ ခိုင်းဖို့ကို အဓိက မထားဘူး။ မှားက်စ်ဝါဒအယူအဆနဲ့ နိုင်ငံရေးကို တိုက်ပစ်ဖို့၊ ချေပစ်ဖို့က အဓိကပဲ"

"အေး၊ မင်းကတော့ သခင်စိုးတို့၊ သခင်သန်းထွန်းတို့နဲ့ မတူဘူး။ မင်း

က ဘဲနက်ချာချ်(လုံခွပ်တိုက်ပွဲ)မှာ တော်တယ်။ ဟိုလူတွေက အဝေးကနေပြီး အမြောက်နဲ့သာ ထုဟတ်တာ။ ဟား ဟား”ဟု ကျော်ငြိမ်းက ရယ်လိုက်သလို ကျွန်တော်က ရယ်လိုက်သည်။

ကျွန်တော် ပြန်ပြောင်းသတိရလိုက်ပြန်သည်။

“ဟို လွန်ခဲ့တဲ့ ၁၅နှစ်လောက်တုန်းကလည်း မင်းဒီစကားပြောတာပဲ။ မှတ်မိသေးလား။ စမ်းချောင်း ရှမ်းလမ်းဆိုင်တစ်ဆိုင်မှာထိုင်ရင်း မင်းပြောတာလေ”

၁၉၄၅ အောက်တိုဘာလထဲတွင် ကျွန်တော် အိန္ဒိယပြည်မှ ပြန်ရောက်လာလေသည်။ ထိုအချိန်တွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် ဆိုင်းဘုတ်တင်ပြီး ဥပဒေတွင်း စည်းရုံးရေးလုပ်ငန်းများကို လုပ်လျက်ရှိပြီ။

သခင်စိုးက ပြည်သူ့အရေးတော်ပုံပါတီလူစုအား

“ခင်ဗျားတို့လည်း ခင်ဗျားတို့ပါတီထောင် ခင်ဗျားတို့အားရှိရင် ခင်ဗျားကို တောင်သူလယ်သမားအဖွဲ့တွေဖွဲ့၊ အလုပ်သမား အဖွဲ့တွေဖွဲ့။ ကျုပ်တို့သမဂ္ဂတွေနဲ့ ပြိုင်။ အားရှိသူ နိုင်ကြလိမ့်မယ်။ နိုင်သူဆီ ရှုံးသူက ဝင်ရုံရှိမှာပေါ့။ တစ်ပါတီကည်း၊ တဖွဲ့တစည်းတည်းဆိုတာကတော့ ခင်ဗျားတို့နဲ့ လုပ်လို့မဖြစ်ဘူး”ဟု ယတိပြတ် အဖြေပေးလိုက်ပြီးဖြစ်လေသည်။

ကျွန်တော်လည်း အိန္ဒိယပြည်မှနေ၍ပင် တစ်ပါတီတည်းမဖြစ်နိုင်ဟူသော အယူအဆကို လက်ခံထားပြီးဖြစ်၍၊ သို့ရာတွင် ကျော်ငြိမ်းတို့က ကျွန်တော့်သဘောထားကို သိမထားကြသေးပေ။

ကွန်မြူနစ်ပါတီအဖို့ မြေအောက်တော်လှန်ရေးအဖွဲ့တစ်ခုဘဝမှနေပြီး ဥပဒေအတွင်း ဖြောင့်လှုပ်ရှားနိုင်သောပါတီတစ်ရပ်ဖြစ်လာရသည်ကပင် ရောမအောင်မြင်မှု တစ်ခုဖြစ်နေလေသည်။ ထို့ကြောင့် အခွင့်အရေးရသမျှယူပြီး တက်ကြွစွာစည်းရုံးကြသည်။ လှုပ်ရှားကြသည်။ ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် အတွေထွေအတွင်းရေးမှူးနေရာ သခင်



သန်းထွန်း ရထားခြင်းကပင်လျှင် အခွင့်အရေးသာနေခြင်းဖြစ်၏။

ကျော်ငြိမ်းတို့သည် “ကွန်မြူနစ်က သီးခြားပါတီထောင်ပြီဆိုရင် ဘို့ကလည်း ဆိုရှယ်လစ်ပါတီ သီးခြားထောင်မယ်”ဟု အားယူစုစည်းနေကြလေပြီ။ “သူတို့က လူတုလူ့တန်းစားတွေအတွက် သမဂ္ဂတွေတည်ထောင်ရင် ငါတို့က အစည်းအရုံးတွေထောင်မယ်”ဟု စိုင်းပြင်းနေကြပြီဖြစ်၏။ တော်လှန်ရေးတပ်ဦးကား ပျက်သွားလေပြီ။ ဘယ်ဘက်ကမျှ တော်လှန်ရေးတပ်ဦး သဘောတူညီစာချုပ်ကိုကိုင်ပြီး ပါတီခွဲမထောင်ရဟု မပြောကြတော့ချေ။

ကျွန်တော်သည် ဗားဂရာလမ်းမှာရှိသော ပါတီဌာနချုပ်ဘုံရိပ်သာတွင် နေလျက်ရှိလေသည်။ အိန္ဒိယက ပြန်ရောက်စ လာတွေ့ကြသူတွေထဲတွင် ကျော်ငြိမ်းလည်းပါလေသည်။ ကျော်ငြိမ်းက စကားစမြည် ဝံ့ဝံ့ပြောရန် သူ့အိမ်သို့ တစ်ညလိုက်အိပ်ရန်ခေါ်လေသည်။ ကျွန်တော်က မလိုက်နိုင်သဖြင့် ကျွန်တော်တို့နှစ်ယောက် လမ်းလျှောက်ထွက်ပြီး စကားပြောကြသည်။ ရှမ်းလမ်းပေါ်ရှိ ဆန်ပြုတ်ဆိုင်မှာ ဆန်ပြုတ်သောက်ကြရင်း စကားပြောကြလေသည်။

အိန္ဒိယပြည်ရှိ ကျွန်တော်တို့၏ ဖက်ဆစ်ဆန့်ကျင်ရေး၊ မဟာမိတ်နှင့်ပူးပေါင်းဆောင်ရွက်ရေးစခန်းသို့ ပို့ပေးသောသူများမှာ များသောအားဖြင့် သခင်သန်းထွန်း၏အဆက်များသာဖြစ်၏။ သူတို့သည် မြန်မာပြည်၏အခြေအနေကို ကျွန်တော့်အားပြောပြရာ၌ သခင်သန်းထွန်း၊ သခင်စိုးတို့ ရှုထောင့်မှကြည့်ပြီးသာ ပြောကြလိမ့်မည်ဟု ကျော်ငြိမ်းက စိုးရိမ်သည်။ ထို့ကြောင့် သူတို့ဘက်က အမြင်ဖြင့်တင်ပြသည်။ နှစ်ပါတီဖြစ်လာရသည်မှာ သခင်သန်းထွန်းတို့ ညစ်လို့ဟု သူကဆိုသည်။

“ကွန်မြူနစ်ပါတီဆိုင်းဘုတ် မတင်ပါနဲ့ဦးလို့ ဘို့ကပြောတာ သခင်သန်းထွန်းကို ပြောလို့မရဘူး။ တော်လှန်ရေးတပ်ဦးအနေနဲ့ဖြစ်ဖြစ်၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်အနေနဲ့ဖြစ်ဖြစ် တဖွဲ့တစည်းတည်း

နေလို့ဖြစ်သွားပဲ။ ပါတီခွဲထောင်ဖို့ မလိုပါဘူး။ အေးလေ… သူတို့က ဆိုင်းဘုတ်တင်တော့ တို့ကလည်း လိုက်တင်ရတာပေါ့"

"အေး၊ အောင်ဆန်းလည်း မင်းလိုပဲ ထင်တာပဲ။ သူက ငါ့ကို ပြောတယ်ကွ၊ နှစ်ပါတီ မဖြစ်သင့်ဘူးတဲ့၊ ဖြစ်စရာအကြောင်း ယုတ္တိလည်း မခိုင်လုံဘူးတဲ့"

"ဒီတော့ မင်းက ဘယ်လိုပြန်ပြောလိုက်သလဲ"

"နှစ်ပါတီမဖြစ်ဘဲ မနေနိုင်ဘူး၊ ဖြစ်ရမှာပဲ။ အကြောင်းယုတ္တိခိုင်လုံတယ်လို့ ပြောလိုက်တယ်။ ဒီလိုလေကွာ၊ သဘောတရားဝါဒချင်းလည်း မတူကြဘူးကွာ။ လက်ရှိ နိုင်ငံရေးအခြေအနေ ဆင်ခြင်သုံးသပ်ရာမှာတောင် ကွဲပြားတာတွေရှိနေသေးတယ်။ ဒီတော့ နှစ်ပါတီထောင်တာ ကောင်းတယ်။ ငါပိုအရေးတကြီးထားတာက အဲဒီနှစ်ပါတီဟာ တူတာတွေ တပေါင်းတစည်းတည်းလုပ်ဖို့ တပ်ပေါင်းစု တစ်ခုထဲမှာ အတူနေကြ၊ မနေကြဆိုတဲ့အချက်ဖြစ်တယ်။ တို့ နှစ်ပါတီစလုံးဟာ အင်္ဂလိပ်နယ်ချဲ့လက်အောက်က လွတ်လပ်အောင် အတူတိုက်ပွဲဝင်ကြရဦးမယ်။ လွတ်လပ်ပြီးတဲ့နောက်လည်း အတူလုပ်စရာတွေ အများကြီးပါကွာ။ ခုနေမှာတော့ ညီညွတ်ရေးဟာ လွတ်လပ်ရေးပဲကွ"

"မင်း ဘယ်လိုထင်သလဲ၊ အင်္ဂလိပ်ဆီက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လွတ်လပ်ရေးရပါ့မလား"

"ငါထင်တော့ တို့တွေကလည်း ညီညွတ်ပြီး ပြည်သူလူထုကလည်း ညီညွတ်ရင် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လွတ်လပ်ရေးရမှာပဲထင်တယ်"

"ငါတို့လည်း ဒီအလားအလာကိုတော့ မြင်ပါတယ်။ ဒါပေမယ့် သခင်သန်းထွန်း လုပ်နေပုံတော့ ငါတို့ လက်မခံနိုင်ဘူးကွ။ တို့ လက်နက်တွေ အင်္ဂလိပ်ဆီမှာ အအပ်ခိုင်းနေတယ်။ မအပ်တဲ့လူတွေကို ၁၄၄ နံပါတ် တပ်မကြီးနဲ့ချတော့မလိုလို မောင်ရ"



"ဒီလိုမဟုတ်ပါဘူး ထင်တယ်ကွ"

"ဟုတ်တယ်ကွ၊ ညွှန်ကြားချက်တောင် ထုတ်ထားတယ်"

"ငါ စုံစမ်းကြည့်ပါဦးမယ်ကွာ။ ငါ အိန္ဒိယကနေပြီးတောင် သခင်သန်းထွန်းဆီ စာရေးသေးတာပဲ။ ငြိမ်းချမ်းစွာ လွတ်လပ်ရေးရဖို့အလားအလာရှိပေမယ့် လိုအပ်ရင်သုံးဖို့၊ လွတ်လပ်ရေးရရင် ကိုယ့်တိုင်းပြည် ကိုယ်ကာကွယ်ဖို့ လက်နက်တွေ တစ်နည်းနည်းနဲ့ တို့လက်ထဲမှာ ဆက်လက်ရှိနေရမယ်။ ဝှက်တန် ဝှက်ရမယ်လို့ ရေးတာပဲကွ"

"အေး၊ အဲဒီသဘောဆိုရင် တို့က လက်ခံနိုင်တယ်။ သန်းထွန်းလုပ်ပုံကတော့ တို့ကို လက်နက်အချခိုင်း၊ သူ့လူတွေကတော့ လက်နက်ဝှက်ထား"

"ကဲကွာ ဒါတွေက ရှင်းယူလို့ရပါတယ်။ ခု အရေးအကြီးဆုံးက တပ်ပေါင်းစုထဲမှာ တို့တစ်တွေ အမာခံ ညီညွတ်ရေးရှိဖို့ပဲ"

ကျော်ငြိမ်းသည် ကျွန်တော့ညီညွတ်ရေးစကားကို ကြိုက်သည်။ သို့သော် သူ့အကြိုက်သည် ဖြောင့်စင်းစွာပေါ်မလာ။

"ဟေ့ကောင် သိန်းဖေ၊ သန်းထွန်းတို့ သခင်စိုးတို့က အဝေးကနေပြီး အမြော်ကြီးနဲ့ ရမ်းထုတာလောက်သာ တတ်တာပဲ။ မင်းကတော့ ဘဲနက်ချာချ် (လုံ့စွပ်တိုက်ပွဲ) တော်တယ်ကွ။ မင်း ဒါကြောင့် ညီညွတ်ရေး သိပ်ပြောနေတာ"

"ခွေးမသား၊ မင်း ဒီလိုမပြောနဲ့ကွ၊ ကွန်မြူနစ်နဲ့ ဆိုရှယ်လစ် ငါနဲ့မင်း ဘဲနက်ချာ့ချ် လုပ်ရမယ့် ရန်သူတွေလား။ တို့က အတူလက်ပွဲပြီး နယ်ချဲ့သမားတွေကိုသာ အဝေးက အမြောက်နဲ့ထုနည်းရော၊ လုံ့စွပ်တိုက်ပွဲရော၊ အနုရော၊ အကြမ်းရော၊ သပိတ်ရော၊ ပူးသတ်နည်းရော၊ နည်းမျိုးစုံသုံးပြီး တိုက်ကြမှာ မဟုတ်လားကွ" ဟု ကျွန်တော်က ဣန္ဒြေနှင့် ပြောလေသည်။ ကျွန်တော့ မျက်နှာထားတင်းရုံမက အသံကလည်း မာလေသည်။ ထိုအခါ ကျော်ငြိမ်းက ပြုံးလိုက်ပြီး–

"သူငယ်ချင်းရာ၊ ငါနောက်တာပါ။ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ထဲမှာ တို့တစ်တွေ ညီညွတ်ရမှာပေါ့။ ဒါပေမယ့် မင်းတို့ဘက်က အပြိုင်အဆိုင် စည်းရုံးသလို တို့လည်း အပြိုင်အဆိုင် လိုက်စည်းရုံးရမှာပဲ။ မင်းလူတွေက စိန်ခေါ်ထားတာပဲကွ။ အပြိုင်အဆိုင် စည်းရုံးတယ်ဆိုတာလည်း တို့မှာ ခဲရာခဲဆစ်မဟုတ်ပါဘူး။ မင်းတို့ ကွန်မြူနစ်တွေက အမှားတွေလုပ်နေတော့ ခြင်းကြားကြီးနဲ့ ဖားကောက်နေတာနဲ့ တူတယ်။ ငါတို့က မင်းတို့ဆီက ယိုကျတာတွေ အိတ်နဲ့ လိုက်ကောက်ရုံပဲဟေ့"

သို့ကလိုပြောပြီး လူချင်းခွဲကြလေသည်။ သူပြောတာ မှန်သလို ရှိနေပေတော့သည်။

ကျွန်တော်တို့ ပါတီ၏ ဂိုဏ်းဂဏဝါဒအမှားများနှင့် ညီညွတ်ရေးဆန့်ကျင်မှုများကြောင့် ကွန်မြူနစ်ပါတီ ဒုတိယကွန်ဂရက်တက်သော ကေဒါတချို့ပင် ပြည်သူ့လွတ်လပ်ရေး ဆိုရှယ်လစ်ပါတီသို့ ရောက်ကုန်ကြလေသည်။ ဥပမာအားဖြင့် သခင်လွင် (ယခု ဆိုရှယ်နီ)နှင့် ရဲဘော်သိန်းမောင် (သထုံ ယခုတည်မြဲဖဆပလ) တို့ ဖြစ်သည်။ ဦးကိုကိုကြီး (ဆိုရှယ်လစ်ပါတီ ဥက္ကဋ္ဌဟောင်း)သည်လည်း ကွန်မြူနစ်ပါတီ အဝန်းအဝိုင်းတွင်းမှ ထွက်သွားခြင်းဖြစ်၏။

ကွန်မြူနစ်နှင့် ဆိုရှယ်လစ်တို့သည် အပြိုင်အဆိုင်စည်းရုံးကြ၏။ သခင်ချစ်(ဆရာချစ် ပြည်သူ့အရေးတော်ပုံပါတီခေါင်းဆောင်တစ်ဦး)အား ကွန်မြူနစ်နှင့် ဆိုရှယ်လစ်လုကြရာ ကွန်မြူနစ်ပါတီက ရသွားလေသည်။ မုဒုံမှ ပြန်ရောက်လာသော သခင်မြအား ကွန်မြူနစ်သခင်ဗဟိန်းနှင့် ဆိုရှယ်လစ် ကျော်ငြိမ်းတို့ အပြိုင်ဆွဲကြရာ ကျော်ငြိမ်းနိုင်သွားလေသည်။ သခင်မြသည် ဆိုရှယ်လစ်ပါတီ၏ ပထမဆုံးသော ဥက္ကဋ္ဌဖြစ်လာလေသည်။

ကွန်မြူနစ်နှင့် ဆိုရှယ်လစ်တို့သည် လူကိုသာ လုစည်းရုံးရုံမက စာအုပ်ကိုလည်း လုစည်းရုံးလေသည်။ မာ့က်စ်ဝါဒသည် ဖက်ရှင်ဖြစ်နေ၏။ ဆိုရှယ်



လစ်ပါတီစည်းရုံးရေးသင်တန်းများပေးသောအခါ ကွန်မြူနစ်ပါတီနှင့်အတူပင် မာ့က်စ်လီနင်ဝါဒကျမ်းစာအုပ်များကိုင်၍ ပို့ချလေသည်။ ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်)သမိုင်းစာအုပ်ကို ဆိုရှယ်လစ်ပါတီက လိုချင်သဖြင့် ကျော်ငြိမ်းလိုက်ရှာ၏။ ကျွန်တော့ထံလာငှား၏။ ကျွန်တော့ထံမှ တခြားရောက်နေသောကြောင့် မပေးနိုင်ရာ ကျော်ငြိမ်းသည် သူတို့ပါတီက ဖတ်ခွင့်မရရန် ကျွန်တော်ဝှက်ထားသည်ဟု ထင်လေသည်။ သူသည် ကွန်မြူနစ်များလက်မှ ထိုစာအုပ်ကို မရ ရသောနည်းဖြင့် ယူလိုက်သည်ဟု ဆိုလေသည်။

ဤကား ၁၉၄၅–၄၆ခုနှစ်များက အခြေအနေပင်တည်း။ ၁၉၆၀ပြည့်နှစ်တွင် ထိုအခြေအနေများကို ဆင်ခြင်လိုက်သောအခါ ကျော်ငြိမ်းက အောက်ပါအတိုင်းပြောလေသည်။

"ငါ့တစ်သက်မှာ အကြီးဆုံးအမှားတစ်ရပ်ကတော့ အဲဒီတုန်းက ငါ့ပါတီက မာ့က်စ်ဝါဒကို လက်ခံနေတာကို မတွန်းလှန်မခုခံခဲ့ခြင်းဖြစ်တယ်ကွ။ အဲဒီတုန်းက ငါ့အမှားကြောင့် ကနေ့ထိငါတို့ပါတီထဲမှာ ဒီပြဿနာ ရှုပ်နေတုန်းပဲ။ ရှင်းရှင်းပဲ။ အဲဒီတုန်းက တို့ပါတီဝါဒဟာ မာ့က်စ်ဝါဒ မဟုတ်ခဲ့ဘူးဆိုရင် ဦးကိုကိုကြီးနဲ့ဂိုဏ်းကွဲတာလည်း မဖြစ်နိုင်ဘူး။ ဆိုရှယ်နီနဲ့ ကွဲတာလည်း မဖြစ်နိုင်ဘူး။ ခုထိလည်း တို့ထဲမှာ သုံးလေးယောက်က မာ့က်စ်ဝါဒစကားတွေပြောပြီး ဒုက္ခပေးနေတုန်းပဲ။ ငါဟာ မာ့က်စ်ဝါဒကို မကြိုက်ခဲ့ဘူး။ သို့ပေမယ့် အဲဒီတုန်းက တို့တစ်တွေအဖို့ မာ့က်စ်ဝါဒဟာ ဖက်ရှင်ဖြစ်နေပြီး သိပ်လက်ခံနေချင်ကြတော့ ငါလည်း မခုခံတော့ဘဲနဲ့ လက်ခံလိုက်တာပဲ။ ငါ့အမှားပဲ။ ခုတော့ ဘာရမှာလဲကွာ။ တို့ပါတီရဲ့ဝါဒဟာ ဆိုရှယ် ဒီမိုကရက်တစ်ဝါဒပဲ ဖြစ်ရမှာပဲ။ ပါတီ အီးစီ (အလုပ်အမှုဆောင်) အများစုကလည်း ဒီသဘောကို လက်ခံပြီးပါပြီ"

ဆိုရှယ်လစ်ပါတီနှင့် ကွန်မြူနစ်ပါတီတို့၏ ပြိုင်ဆိုင်မှုမှာ ဖက်ဆစ်

တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ထဲမှာ ပြိုင်ရခြင်းဖြစ်သဖြင့်လည်းကောင်း၊ အင်္ဂလိပ်တို့နှင့်လွတ်လပ်ရေးအတွက် နဖူးတွေ့ ဒူးတွေ့တိုက်ပွဲဝင်နေရပြီဖြစ်၍ လည်းကောင်း၊ နှစ်ပါတီစလုံး မာ့က်စ်ဝါဒ အခြေခံထားပြီး ဆိုဗီယက်ယူနီယံနှင့် တစ်ဂိုဏ်းတည်းဖြစ်ရေးဦးတည်နေသဖြင့် လည်းကောင်း အန္တရာယ်ကြီးမားသော ပြိုင်ဆိုင်မှုမဟုတ်ချေ။ တစ်နည်းအားဖြင့် နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေးအတွက် လူထုလူတန်းစားများအား အပြိုင်အဆိုင်စည်းရုံးကြခြင်းသာဖြစ်၍ ရဲဘော်ရဲဘက်ချင်း ပြိုင်ဆိုင်မှုသာဖြစ်နေလေသည်။ ထို့ကြောင့်လည်း ဖဆပလနေသူရိန်ဆုံးဖြတ်ချက်များနှင့် ရွှေတိဂုံအလယ်ပစ္စယံ ဖဆပလညီလာခံဆုံးဖြတ်ချက်များသည် အမျိုးသားဒီမိုကရေစီတော်လှန်ရေးအတွက် မှန်ကန်သော ဝါဒနှင့် လုပ်ငန်းစဉ်များဖြစ်လာခဲ့လေသည်။

ယင်းသို့ အမျိုးသားဒီမိုကရေစီတော်လှန်ရေးအတွက် ဝါဒနှင့်လုပ်ငန်းစဉ်ချမှတ်ရာတွင် ကျော်ငြိမ်းနှင့်ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ရေးသည် လွန်စွာအရေးကြီးသော အခန်းမှပါဝင်ခဲ့လေသည်။ ပြိုင်ဆိုင်မှုကြောင့် နှစ်ပါတီဆက်ဆံရေးဘင်းမာနေတိုင်း ကျွန်တော်နှင့် ကျော်ငြိမ်း ရင်းနှီးစွာဆွေးနွေးပြီး တူညီသောလုပ်ငန်းစဉ်ကို ဖဆပလသို့ တင်ကြရလေသည်။ မှတ်မိသေး၏။ ရွှေတိဂုံအလယ်ပစ္စယံဖဆပလညီလာခံအချိန်က ကျွန်တော်တို့နှစ်ယောက် ပူးတွဲပူးတွဲလုပ်နေကြသည်ကိုမြင်သော နယ်ကိုယ်စားလှယ်အချို့က အဆိုရွေးချယ်ရေးကော်မတီတွင် "ကျုပ်တို့ နယ်တွေမှာတော့ ဆိုရှယ်လစ်–ကွန်မြူနစ် ထချောတာ့မလောက် ဖြစ်နေတာ။ ခုသူတို့ ခေါင်းဆောင်ချင်းလည်ပင်းဖက်နေကြတာ မြင်ရတော့မှ စိတ်အေးရပေတော့တယ်" ဟု ပြောလေသည်။

ထိုအစည်းအဝေးတွင် ဦးဘဖေ (ဘကြီးဘဖေ)နှင့် ဒီးဒုတ်ဦးဘချိုတို့သည် လုံးဝလွတ်လပ်ရေးမတောင်းဘဲ ဒိုမီနီယံလွတ်လပ်ရေးသာ တောင်းရန်ပြောဆိုကြလေသည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း တွေဝေနေပြီး ဒိုမီနီယံလွတ်လပ်ရေးရလည်း မဆိုးပါဘူးဟူသော စကားမျိုးကို ပြောနေလေသည်။ အငြင်းအခုံမှာ အတော်ပြင်းထန်လာ၏။ ကျော်ငြိမ်းနှင့် ကျွန်တော်သည် ချက်ချင်းဆွေးနွေးပြီး လုံးဝလွတ်လပ်ရေးတောင်းရန် အရေးဆိုကြသည်။ ပြီးနောက် နှစ်ယောက်သား သခင်မြအား ချဉ်းကပ်ပြီး သဘောတူညီချက်တောင်းကြသည်။ ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းအား ရှင်းပြကြသည်။ သို့ဖြင့် အဆိုရွေးချယ်ရေး ကော်မတီတွင် သခင်မြက လုံးဝလွတ်လပ်ရေးအဆိုသွင်းခွင့်ရပြီး ဦးဘဖေနှင့် ဦးဘချိုတို့အလျှော့ပေးသွားလေသည်။ အမျိုးသားညီညွတ်ရေးအဆိုကို အဆိုရွေးချယ်ရေးကော်မတီတွင် ကျွန်တော်သွင်းရာ ကျော်ငြိမ်းနှင့်ပူးပေါင်းဆောင်ရွက်မှု ရှိခြင်း ဖြင့် ကော်မတီက လွယ်ကူစွာလက်ခံခဲ့လေသည်။ လူထုအစည်းအဝေးတွင် ကားထိုအဆိုကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တင်သွင်းလေတော့သည်။ ထိုအချိန်တုန်းက ဖဆပလ နိုင်ငံရေးတွင် ကျွန်တော်ကိုယ်တွေ့မှာ ဆိုရှယ်လစ်နှင့် ကွန်မြူနစ်ညီလျှင် ဦးဘဖေလို လက်ယာအင်အားစု အရှုံးပေးသွားပြီး ကြားသမားတွေက ကျွန်တော်တို့ဘက်မှ ခိုင်မာစွာရပ်လာကြခြင်းဖြစ်လေသည်။

ဖဆပလ၏ အမျိုးသားဒီမိုကရေစီလုပ်ငန်းစဉ်နှင့် လက်တွေ့နယ်ချဲ့ဆန့်ကျင်ရေးလူထုတိုက်ပွဲများကြောင့် အရေးတော်ပုံအုံကြွမှုသည် များစွာကြီးမားလာလေသည်။ ဖဆပလ၏ကျောရိုးမဏ္ဍိုင်ဖြစ်သော ဆိုရှယ်လစ် ကွန်မြူနစ်နှင့် ပြည်သူ့ရဲဘော်တို့၏ ညီညွတ်ရေးသည် တိုးတက်လျက်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဆိုရှယ်လစ်၊ ကွန်မြူနစ်၊ပြည်သူ့ရဲဘော် ညီညွတ်ရေး (ဝါ) လက်ဝဲညီညွတ်ရေးကို အခိုင်အမာဖွဲ့စည်းလို၏။ ထို့ကြောင့် တာဝါလိန်းရှိ သူ့အိမ်သို့ထိုသုံးဖွဲ့၏ ဗဟိုခေါင်းဆောင်များနှင့်

နယ်ခေါင်းဆောင်များ၏ အစည်းအဝေးကိုကျင်းပလေသည်။ ထိုအစည်းအဝေးမှ လက်ဝဲညီညွတ်ရေးကော်မတီတစ်ရပ်ပင် ဖွဲ့စည်းခဲ့သေးသည်။ သို့သော် မမွေးခင်က သေခဲ့သော ကော်မတီမျိုးဖြစ်၏။

အကြောင်းသော်ကား ကွန်မြူနစ်ပါတီတွင် လက်ဝဲဂိုဏ်းဂဏဝါဒသည် အပြင်းအထန်ပေါ်နေ၏။ အမျိုးသားညီညွတ်ရေးအရှိန် အလွန်ကောင်းနေချိန်တွင် သခင်စိုးသည် "အချောင်သမားတွေနှင့် ခြားနားမှုသည် အကြီးဆုံးသော တော်လှန်ရေးလုပ်ငန်းဖြစ်သည်" ဟုဆိုကာ ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မတီလူကြီး ၂၈ဦးအနက် ၇ဦးနှင့် ခွဲထွက်ကာ အလံနီကွန်မြူနစ်ပါတီခွဲထောင်လိုက်လေသည်။ သခင်စိုးအမြင်အရ ရွှေတိဂုံအလယ်ပစ္စယံ ဖဆပလ ညီလာခံများမှ ချမှတ်လိုက်သော အမျိုးသားဒီမိုကရေစီလမ်းစဉ်များသည် လည်းကောင်း၊ အားလုံးအချောင်သမားပါဒမှ ဆင်းသက်လာသောအရာများဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းအား ထောက်ခံနေသောလူထုသည် အချောင်သမား အရင်းရှင်ပေါက်စ လူထုဖြစ်သည်။ ပစ္စည်းမဲ့အလုပ်သမားသည် အလံနီကိုကိုင်လျက် တပ်ဦးရှေ့ကထွက်ပြီး ရှုပ်ရှုပ်ချွံချွံ တော်လှန်ရေးတိုက်ပွဲများ ဆင်နွှဲပြရမည်။

သခင်စိုးသည် ကျွန်တော်တို့၏သိန်းသန်း ကွန်မြူနစ်များမှ ပါတီခွဲဆောင်သော်လည်း သူ့ဝါဒမှာ သူနှင့်ချည်းလိုက်ပါသွားသည် မဟုတ်ချေ။ ကျွန်တော်တို့ပါတီထဲမှာ ကျန်ရစ်သည်။ အမှန်အားဖြင့် သခင်သန်းထွန်းနှင့် ဗဟိုကော်မတီအများစုသည် ဝါဒလမ်းစဉ်တွင် သခင်စိုး၏ နောက်မြီးဆွဲများဖြစ်နေသည်။ သခင်စိုးနှင့် ကတ္တားမခြားနိုင်ဘဲ အလံနီနောက်ယောင်ခံ နေခဲ့လေသည်။

သို့ဖြင့် ကွန်မြူနစ်နှစ်စုစလုံးသည် ပြည်သူလူထုအများဆုံး လက်လှမ်းမီနိုင်သော အမျိုးသားဒီမိုကရေစီ (ဝါ) နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေးလုပ်ငန်းစဉ်များတွင် အခြေခံ၍ အကျယ်ပြန့်ဆုံးသော ညီညွတ်ရေးကို



ဟည်ဆောက်ရမည့်အစား အမြင့်မားဆုံး လူထုလိုက်မမီသေးသော ပစ္စည်းမဲ့တော်လှန်ရေးလမ်းစဉ်ပေါ်တွင်အခြေခံကာ အကျဉ်းမြောင်းဆုံးစည်းရုံးရေးသို့ ဦးတည်နေကြတော့သည်။

အလံနီသခင်စိုးက ကျွန်တော်တို့ သိန်းသန်းကွန်မြူနစ်များအပေါ်မှာ လုပ်သလို ကျွန်တော်တို့က ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအပေါ်မှာ လုပ်ကြလေသည်။ သခင်စိုးနှင့် သခင်သန်းထွန်းကွာခြားမှုမှာ အမျိုးအစားကွာခြားမှုမဟုတ်ဘဲ ဒီဂရီအနည်းအများကွာခြားမှုသာဖြစ်နေလေ၏။

ဖဆပလ ဦးစီးညီလာခံမှ တောင်သူလယ်သမား၊ အလုပ်သမားနှင့် တခြားသော ဒီမိုကရေစီလူတန်းစားအသီးသီးအတွက် လုပ်ငန်းစဉ်များ ချမှတ်ပေး၏။ ထိုလုပ်ငန်းစဉ်များအတွက် တောင်သူလယ်သမားသမဂ္ဂ (ကွန်မြူနစ်)နှင့် အစည်းအရုံး (ဆိုရှယ်လစ်) အလုပ်သမားသမဂ္ဂနှင့် အစည်းအရုံး ပူးတွဲဆောင်ရွက်ကြရန် စီစဉ်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း က လူတန်းစားအဖွဲ့အစည်းများမှ နှစ်ဖက်ကိုယ်စားလှယ်များ သဘောတူသော လူတန်းစားတိုက်ပွဲများ ဆင်နွှဲရမည်ဆို၏။ နှစ်ပါတီဌာနချုပ်များက သဘောတူ၏။ သို့ရာတွင် ဂိုဏ်းဂဏဝါဒ နှစ်ဖက်စလုံးပြင်းထန်လာသောကြောင့် မဖြစ်ချေ။ တစ်ကွဲစီပင် တိုက်ပွဲဆင်ကြသည်။ ကွန်မြူနစ်တို့၏ ဂိုဏ်းဂဏဝါဒသည် ဆိုရှယ်လစ်တို့၏ ဂိုဏ်းဂဏဝါဒကိုလည်း အားပေးသည်။ အပြန်အလှန်ပင်တည်း။

ကျွန်တော်သည် သခင်စိုးနောက် သခင်သန်းထွန်းက နောက်ယောင်ခံသလို မလိုက်နိုင်ခဲ့ချေ။ ထို့ကြောင့် ပါတီတွင်းမှာ သခင်သန်းထွန်းက ပြုပြင်ရသော အတိတ်ကိုစွန့်သော 'တော်လှန်ရေးသမား' ဖြစ်လာပြီး ကျွန်တော်က 'ပြုပြင်မရသော အချောင်သမား' ဖြစ်နေလေသည်။ ထို့ကြောင့် ပါတီအထွေထွေအတွင်းရေးမှူးတည်းဟူသော ခေါင်းဆောင်နေရာ မှ ကျွန်တော်ကထွက်ပေးရပြီး သခင်သန်းထွန်းတက်လေသည်။ ကျွန်တော့

အား ဖဆပလသို့ ပို့လိုက်လေသည်။

သခင်သန်းထွန်းသည် ဖဆပလအထွေထွေအတွင်းရေးမှူးနေရာမှ ထွက်ရာ၊ ထိုနေရာကို ကွန်မြူနစ်ပါတီက လက်မလွှတ်အပ်ဟု ယူဆကြသည်။

ခေါင်းဆောင်မှုဟူသည်မှာ သို့ကလို ချက်ပိုင်သော နေရာယူထားခြင်းဟု နားလည်ကြသည်။ ဆိုရှယ်လစ်ပါတီကလည်း သို့ကလိုပင် နားလည်ကာ အထွေထွေအတွင်းရေးမှူးနေရာကို သိမ်းပိုက်ရန် ကြိုးစားလေသည်။ သို့ဖြင့် ကျွန်တော်နှင့် ကျော်ငြိမ်း အပြိုင်အဆိုင်ဖြစ်လာလေ၏။

ဗိုလ်ချုပ်အောင်ဆန်းသည် ကွန်မြူနစ်ပါတီအပေါ်တွင် သံသယများရှိနေလေပြီ။ ထို့ပြင် ကျွန်တော့အားလည်း မှန်သည်ထင်ရာဖွတ်အတင်း လုပ်လေ့ရှိသူ 'ထိန်းမနိုင်သိမ်းမရ သိန်းဖေ' ဖြစ်သည်ဟု ယူဆပြီး သူ့အတွင်းရေးမှူးအဖြစ်ဖြင့် မလိုချင်ချေ။ ကျော်ငြိမ်းက ကျွန်တော့ထက်ပို၍ ဗိုလ်ချုပ်အောင်ဆန်းစကားကို နာယူမည်ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်တော့အား မထောက်ခံမှန်းသိသည်။ သို့သော် ကျွန်တော်တို့သည် အလျှော့မပေးဘဲ ယှဉ်ပြိုင်ကြ၏။ ဖဆပလနိုင်ငံလုံးဆိုင်ရာ ဦးစီးအစည်းအဝေးမှာပင် ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော့အား 'ထိန်းမနိုင် သိမ်းမရ သိန်းဖေ' ဟုဆိုလေသည်။ မဲခွဲသောအခါ ကျွန်တော်က သုံးဆယ်ကျော်၊ ကျော်ငြိမ်းက ခြောက်ဆယ်ကျော်ရရှိကြလေသည်။ ကျွန်တော်က ချက်ချင်းထပြောလိုက်သည်။

"ကျွန်တော်တို့ ယှဉ်ပြိုင်အရွေးခံဟာဟာ ဖဆပလတာဝန်ကို အပြိုင်အဆိုင်တာဝန်ထမ်းရွက်ချင်လို့ ဖြစ်ပါတယ်။ အခုကျွန်တော် ရှုံးတယ်။ ဒါကြောင့် အထွေထွေအတွင်းရေးမှူး ကိုကျော်ငြိမ်းလက်အောက်မှာ တွဲဖက်အတွင်းရေးမှူးအဖြစ်ဖြင့် ဆောင်ရွက်ပါမယ်"ဟု ကြေညာလိုက်လေသည်။ အားလုံးလက်ခုပ်တီး ဩဘာပေးကြ၏။ ဗိုလ်ချုပ်အောင်ဆန်းလည်း



များစွာဝမ်းသာသွားသည်။ တွဲဖက်အတွင်းရေးမှူးမဟုတ်ဘဲ တွဲဖက်အထွေထွေအတွင်းရေးမှူးဟု အဆင့်မြင့်အောင် တီထွင်လိုက်လေသည်။ ပြီးတော့ ဖဆပလစည်းရုံးရေးလုပ်ငန်းများ၊ ဖဆပလအတွင်းရေးမှူး ရုံးလုပ်ငန်းကိစ္စအဝဝတွင် ကျော်ငြိမ်းနှင့် ကျွန်တော်နှစ်ဦးသဘောတူလျှင် ဘာမဆို လုပ်နိုင်သည်။ သဘောကွဲတာကိုကား သူနှင့်တိုင်ပင်ပြီး လုပ်ကြမည်ဟု လုပ်ထုံးတစ်ခုထွင်လိုက်လေသည်။

ကျော်ငြိမ်းသည် ဗိုလ်ချုပ်အောင်ဆန်းအား အမျိုးသားခေါင်းဆောင်အဖြစ်ဖြင့် စည်းကမ်းရှိစွာဖြင့် လိုက်နာသည်။ ကျွန်တော်တို့တစ်တွေမှာ အတူကြီးပြင်းလာသူများဖြစ်ရာ ဂုဏ်အဆင့်အတန်းမြင့်လာသောအခါ အချင်းချင်းရိုသေရန် မလွယ်ကူချေ။ ကျော်ငြိမ်းသည် အောင်ဆန်းအား အမျိုးသားခေါင်းဆောင်ကြီးအဖြစ်ဖြင့် နေရာပေးကာ အစစအရာရာတိုင်ပင်လုပ်သည်။ ကျွန်တော်တို့နှစ်ယောက်သဘောတူလျှင် ဘာမဆိုလုပ်ဟု ဆိုထားသည်ကိုပင်လျှင် ဗိုလ်ချုပ်အောင်ဆန်းအား အသိပေးပြီး သဘောတူညီချေပြီးမှ လုပ်လေ့ရှိသည်။

ဤ 'လုပ်ထုံး'ကား ဖဆပလနှင့် ကွန်မြူနစ်ကွဲသည့်အထိ တည့်လေသည်။

ပြိုင်ဆိုင်မှုဆိုသည်မှာ နေမြင့်လေ အရှုးရင့်လေ ဆိုသကဲ့သို့ သန့်ရှင်းသော၊ ကောင်းသော ပြိုင်ဆိုင်မှုမှညစ်ပတ်သော၊ မကောင်းသော ပြိုင်ဆိုင်မှုသို့ ကူးပြောင်းသွားတတ်လေသည်။ ဆိုရှယ်လစ်နှင့် ကွန်မြူနစ်ပြိုင်ဆိုင်မှုမှာ ဤကဲ့သို့လျှင် ညစ်ပတ်သော၊ မကောင်းသော ပြိုင်ဆိုင်မှုဖြစ်လာလေသည်။

အမျိုးသားခေါင်းဆောင်ကြီးအဖြစ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်သိက္ခာအရှိန်အဝါသည် များစွာတက်လာလေသည်၊ ကျွန်တော်တို့က ဗိုလ်ချုပ်အောင်ဆန်းအား ကျောင်းနေဖက်သူငယ်ချင်း အောင်ဆန်း၊ နိုင်ငံရေး

မှာလည်း သူလိုကိုယ်လိုဖြစ်သော အောင်ဆန်း၊ ဟာစ်ခါကာစ်ခါ ကိုယ့်လောက် ပင် တော်လှန်ရေးအသိနှင့် တော်လှန်ရေးစိတ်ဓါတ် မပြတ်သား၊ မပြင့်မား သော အောင်ဆန်းအဖြစ်ဖြင့် သဘောထားကာ ဆက်ဆံ၏၊ ဖက်လဲတကင်း လုပ်သည့်အခါ လုပ်၏။ ဖဆပလ လူထုအစည်းအဝေးကြီးများတွင် လူထု ပရိသတ်ရှေ့မှာ အောင်ဆန်း၏ပခုံးကို ကိုင်ကာ၊ တွဲဖက်ကာ လမ်းလျှောက် သည့်အခါ လျှောက်၏။

ကျော်ငြိမ်းနှင့် ဆိုရှယ်လစ်အပေါင်းဗို့က ကျုန်ုပ်တော်တို့၏ ထိုအပြုအမူ ကို အရိုးခံအတိုင်း မမြင်၊ "သိန်းဖေနှင့် ကွန်မြူနစ်တွေက ဗိုလ်ချုပ်အောင် ဆန်းဟာ သူတို့ဘက်သား၊ သူတို့သြဇာခံဖြစ်ကြောင်း၊ လူထု ပရိသတ်ရှေ့မှာ ပခုံးကိုင် လမ်းလျှောက်ပြတယ်။ တို့က ကွန်မြူနစ် ညစ်တာ ငုံ့ခံနေလို့ မဖြစ် ဘူး" ဟု တွေးတောပြောဆိုကာ လူမြင်ကွင်းမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် သူတို့ ရင်းနှီးပုံ ဗိုလ်ချုပ်အောင်ဆန်းသည် သူတို့ဘက်ကဖြစ်ပုံ ထင်ရှားစေ ရန် ပြသကြရ၏။

ဤလို အသေးအဖွဲ ကိစ္စကလေးများသည်ပင်ကွန်မြူနစ်ဆိုရှယ်လစ် တိုက်ပွဲကာစ်ခု ဖြစ်လာသည်။

သို့ဖြင့် ၁၉၄၆ခု စက်တင်ဘာလသို့ ရောက်လာလေသည်။

အထွေထွေအလုပ်သမားသပိတ်ကြီး ဖြစ်လာသည်။ သပိတ်သည် အစိုးရအမှုထမ်းများနှင့် ပုလိပ်များသို့ ကူးစက်သွားလေ၏။

ကျော်ငြိမ်းသည် အစိုးရအမှုထမ်းများ သပိတ်ကို ဆိုင်းထားစေလို သည်။ တစ်ဖက်က လက်နက်စုဆောင်း ပြင်ဆင်ထားပြီးမှ အထွေထွေ သပိတ်ကြီးကို ပုလိပ်သပိတ်အထိ မြှင့်တင်ဆင်နွှဲလိုသည်ဟူ၍ အကြောင်း ပြသည်။

ကျုန်တော်နှင့်တကွ ကွန်မြူနစ်များက လက်နက်စုဆောင်းပြီးအောင် စောင့်နေဖို့မလို၊ အထွေထွေသပိတ်ကြီးကို နက်ရှိုင်းစေရမည်။ ပုလိပ်



သပိတ်အထိသာမက စစ်တပ်သပိတ်အထိ မြှင့်သွားရမည်ဟု တောင်းဆို ကြသည်။

ဆိုရှယ်လစ်တွေက (ထိုစဉ်က ကျော်ငြိမ်းနှင့် သခင်တင်တို့က) တောင်သူလယ်သမားတွေ တောင်းဆိုချက်များရအောင် လယ်ယာမလုပ်ဘဲ သပိတ်မှောက်တိုက်ပွဲ ဆင်နွှဲရမည်ဟု ဆိုသည်။ ကျုန်တော်တို့က တောင်း ဆိုချက်များအတွက် လက်ငုတ်လက်ရင်း လယ်အဟောင်းပင်လွှန်ရေး၊ မြေပိုင် ရှင်အိမ်ပိုင်းရေး၊ ဂရိဂျက်ဆန်များလုယူပြီး အငတ်ပြဿနာဖြေရှင်းရေး စသည် တို့ကို တိုက်ပွဲဝင်လမ်းစဉ်အဖြစ်ဖြင့် တင်ပြကြလေသည်။

ကျွန်တော်တို့ ပြိုင်ဆိုင်မှုတွင် ဤကဲ့သို့သော အခြေခံကျသော ဆိုရှယ်လစ်ကွန်မြူနစ် ပဋိပက္ခများလည်း ပါရှိသည်။

၁၉၄၆တွင် ကွန်မြူနစ်တို့၏ လုထုတိုက်ပွဲလမ်းစဉ် အောင်မြင် လေသည်။ စက်တင်ဘာလ အရေးတော်ပုံကြီးပေါက်ထွက်လာလေသည်။ အလုပ်သမားများ အထွေထွေသပိတ်၊ နောက် စက်တင်ဘာလ ၂၃ရက်နေ့ တွင် ကျော်ငြိမ်းနှင့် ဘဖေကိုတားသော်လည်း ကားမရဘဲ အမှုထမ်း ပေါင်းစုံသပိတ်ကြီး ပေါ်ထွက်လာလေသည်။

ထိုစက်တင်ဘာလ အရေးတော်ပုံကြောင့် အင်္ဂလိပ်ဘုရင်ခံ ဆာဒေါ် မန်စမစ် ပြန်ပြေးရသည်။ ဆာဟင်နရီနိုက်လည်း ဝမ်းကိုက် ရောဂါရ သွားသည်။ ဆာဟူးဘတ်ရန့်ချက်ချင်း အပြေးအလွှားရောက်လာပြီး ဖဆပလနှင့် ခေစပ်ကာမ်းလှမ်းရလေသည်။ ဖဆပလအား ဘုရင်ခံ၏ ကောင်စီသို့ မရရအောင် သွတ်သွင်းရန်မှာ ဆာဟူးဘက်ရန့်၏ တာဝန် ဖြစ်လေသည်။

ကွန်မြူနစ်ပါတီသည် ဘုရင်ခံ၏ ကောင်စီထဲဝင်ပြီး အာဏာပိုင် ကြားဖြတ်အစိုးရဖြစ်အောင် (၀၁) လွတ်လပ်သော ယာယီအမျိုးသား အစိုးရဖြစ်အောင် တိုက်ပွဲဝင်သွားရေးလမ်းစဉ်ချမှတ်ထားသည်။ ထိုလမ်း

စဉ်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဖဆပလဟစ်ခုလုံးက လက်ခံထား ပြီး ဖြစ်သည်။

ထိုလမ်းစဉ်ကို ကိုင်စွဲပြီး စက်တင်ဘာလ အရေးတော်ပုံ ဒီရေကိုစီးကာ ကျွန်တော်တို့သည် ဘုရင်ခံ၏ ကောင်စီကြားဖြတ်အစိုးရထဲ ဝင်ကြလေသည်။ ကျွန်တော်တို့ ကွန်မြူနစ်ပါတီက ကွန်မြူနစ် နှစ်ယောက်၊ ဆိုရှယ်လစ်နှစ်ယောက်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားကြားတစ်ယောက် ပါရမည်ဟု တောင်းသည်။ ကျော်ငြိမ်းတို့က ကွန်မြူနစ်တစ်ယောက်၊ ဆိုရှယ်လစ်တစ်ယောက်ဟု လုပ်လိုက်သည်။ အကြောင်းမှာမူကား ကြားပုဂ္ဂိုလ်ထဲတွင် ဆိုရှယ်လစ်နှင့်နီးသူသာပါနိုင်၍ ကွန်မြူနစ်နှင့်နီးသူ မပါနိုင်သောကြောင့် ဖြစ်၏။ တစ်ယောက်စီ ဖြစ်သွားသည်ကို ကျွန်တော်တို့ သဘောတူလိုက်သည်။ ဖဆပလကြားဖြတ် အစိုးရဖွဲ့ရေးသာ အဓိက ဖြစ်သည်၊ ကွန်မြူနစ်နှစ်ယောက် ဝန်ကြီးဖြစ်ရေးသည် အဓိကမဟုတ်။ သို့ဖြင့် ကျွန်တော်သည် မြိတ်သျှအင်ပိုင်ယာတွင် ပထမဆုံးသောကွန်မြူနစ် ဝန်ကြီးတစ်ယောက် ဖြစ်ခဲ့လေ၏။

သို့သော် ရက် ၂၀ ကျော်သာ ကြာသည်။ အကြောင်းမှာ ကွန်မြူနစ်ပါတီသည် လမ်းစဉ်ပြောင်းသွားသောကြောင့်ဖြစ်သည်။ လမ်းစဉ်ပြောင်းရသည်မှာ အိန္ဒိယပြည်ကွန်မြူနစ်ပါတီမှ ပေးပို့လိုက်သောကြေးနန်းနှင့် အလံနီသခင်စိုး၏ ဝေဖန်ရေးတို့ကြောင့်ဖြစ်၏။

ဘုရင်ခံ၏ ကောင်စီထဲဝင်ခြင်းမှာ စက်တင်ဘာ အရေးတော်ပုံကို အဆုံးသတ် အာဏာသိမ်းပွဲအထိ မဆင်နွှဲဘဲ လမ်းခုလတ်တွင် ရပ်စဲကာ နယ်ချဲ့အင်္ဂလိပ်ထံမှ အာဏာပေစု ယူလိုက်ခြင်းသာ ဖြစ်သည်၊ အစေ့စပ်ရေး အချောင်သမားလမ်းစဉ်ဖြစ်သည်။ သစ္စာဖောက်ခြင်း ဖြစ်သည်ဟု သူတို့က ဆိုကြလေသည်။ သခင်သန်းထွန်းတို့က ဝေဖန်ရေးကို လက်ခံကြသည်။ ချက်ချင်းလမ်းစဉ်ပြောင်းကာ ပြည်သူ့အာဏာရှာနယ်မှ ဗိုလ်ချုပ်



အောင်ဆန်းအား ဘုရင်ခံ၏ ကောင်စီထဲဝင်ခြင်းမှာ သစ္စာဖောက်ခြင်း ဖြစ်ကြောင်း၊ အထွေထွေသပိတ်ကြီး ဖျက်ပြီး ကိုယ့်ကာယ် ကိုယ်ပြန်နှင်းခြင်း ဖြစ်ကြောင်း ဝေဖန်ရေးသားလိုက် လေသည်။

ကျွန်တော်ကား ဤသို့သော ကွန်မြူနစ်ပါတီလမ်းစဉ် အပြောင်းအလွဲတွင် ထိရောက်သော ပါဝင်မှုမရှိချေ။ ဝန်ကြီးလုပ်ခြင်းကား ရှေ့ထိုးခံထားရခြင်းနှင့် တူနေသည်။ ထိုအတွင်း ဗင်ကာပူတွင် ကမ္ဘာ့စားနပ်ရိက္ခာကွန်ဖရင့်ကျင်းပရာ သွားတက်နေရလေသေးသည်။ ကွန်မြူနစ်ပါတီခေါင်းဆောင်မှုသည် သခင်သန်းထွန်း၊ သခင်သန်းဖေနှင့် ဂိုရှယ်တို့ လက်ထဲလုံးဝရောက်သွားလေပြီ။

စက်တင်ဘာလ အရေးတော်ပုံ မတိုင်မီနှင့် အရေးတော်ပုံအတွင်းမှာ ကွန်မြူနစ် ဆိုရှယ်လစ် ပဋိပက္ခသည် သဘောတရားရေးရာနှင့် နိုင်ငံရေးနယ်ပယ်ထဲမှာသာနေသည်။ စက်တင်ဘာအရေးတော်ပုံသည် ဖဆပလကြားဖြတ်အစိုးရဖွဲ့စည်းပြီး ဖဆပလ အာဏာယူခြင်းနှင့် အဆုံးသတ်သွားသောအခါ အာဏာပဋိပက္ခဖြစ်လာလေသည်။ ထိုအချိန်အခါ ပုဂ္ဂိုလ်ရေးတွေလှုံ့မိုးလာသည်။ ကွန်မြူနစ်ပါတီသည် ဖဆပလကြားဖြတ်အစိုးရအား ထောက်ခံနေရာမှ ဆန့်ကျင်သောလမ်းစဉ်သို့ကူးပြောင်းသောအခါ ရာထူးမရသော သခင်သန်းထွန်း၏ ပယောဂဖြစ်သည်ဟု ကျော်ငြိမ်းတို့ဆိုရှယ်လစ်များက စွပ်စွဲကြသည့်နည်းအတူ ကြားဖြတ်အစိုးရဖွဲ့စေပြီး ဖဆပလအား သစ္စာဖောက်လမ်းစဉ်ကို လိုက်စေခြင်းမှာ ဦးဘဖေနှင့်ကျော်ငြိမ်းတို့ကြောင့် ဖြစ်သည်ဟု စွပ်စွဲကြပြန်လေသည်။

ကွန်မြူနစ်ပါတီသည် ဝန်ကြီးနှစ်နေရာ ရအောင်လုပ်ပြီး ကြားဖြတ်အစိုးရအာဏာကိုလက်ဝါးကြီးအုပ်ရန် ကြံစည်ခြင်းဖြစ်ကြောင်း၊ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကိုပင် သစ္စာဖောက်အဖြစ်ဖြင့် ထိပါးတိုက်ခိုက်လျက်ရှိပြီး ဖဆပလအစိုးရအား ဖြိုချရန်ကြိုးစားနေပြီ ဖြစ်

ကြောင်း၊ ထို့ကြောင့် ခုထဲကထိုရန်ကို ဖျက်ဆီးပစ်ရန် လိုကြောင်း ကျော်ငြိမ်းသည် ဖဆပလအတွင်းမှာ အတိအလင်းပြောဆိုလာလေသည်။

ကျော်ငြိမ်းတွင် နိုင်ငံရေးလုပ်နည်းနှင့် ပတ်သက်ပြီး အယူအဆတစ်ခု ဝင်လာပြီ ဖြစ်၏။ မိမိနှင့်ပြိုင်ဘက် တစ်ဖက်သောအင်အားစုတွင် အန္တရာယ်မြင်လျှင် မလိုလားအပ်သော ကိုယ်ဝန်သားငယ်ကိုမြင်သလို မြင်ရမည်ဖြစ်ကြောင်း၊ ကိုယ်ဝန်သားငယ်ကို နေ့စေ့လစေ့ ကြီးရင့်ခွင့်မပေးဘဲ ဖျက်ချရမည်ဖြစ်ကြောင်း၊ သားလျှောကျစေရမည်ဖြစ်ကြောင်းကို နည်းကောင်း လမ်းကောင်းအဖြစ်ဖြင့် ကျော်ငြိမ်းက တွေ့မြင်နေလေသည်။

ဖဆပလအလုပ်အမှုဆောင်အဖွဲ့တွင် ကျော်ငြိမ်းသည် ပြည်သူ့အာဏာတွင် ပါဝင်သော ဗိုလ်ချုပ်အောင်ဆန်းအား တိုက်ခတ်ချက်ကို ဘင်ပြပေးသည်။ ကျွန်တော်က ကွန်မြူနစ်ပါတီကိုယ်စားလှယ်အဖြစ်ဖြင့် တက်ရသည်။ သခင်ချစ်လည်းပါသည်ထင်သည်။ ကွန်မြူနစ်ပါတီသည် ကြားဖြတ်အစိုးရဖွဲ့စည်းရေး သူတို့ပါသောဘာပြီးမှ ယခု မထောက်ခံရုံမျှမက ဗိုလ်ချုပ်အောင်ဆန်းအား နယ်ချဲ့နှင့်ပူးပေါင်းသွားသူ သစ္စာဖောက်ပမာ သူတို့ဂျာနယ်မှရေးသားပြောဆိုနေ၍ အလွန်ကြီးမားသော အပြစ်ဖြစ်ရာ ဖဆပလအလုပ်အမှုဆောင်က အရေးယူရမည်ဖြစ်သည်ဟု ကျော်ငြိမ်း က ဘင်ပြလေသည်။ ဦးဘဖေနှင့် ဦးဘချို(ဒီးဒုတ်)တို့က ကျော်ငြိမ်းအား ထောက်ခံကြ၏။ ဗိုလ်ချုပ်အောင်ဆန်းက ကြားဖူးဖြေလိုသည်။ တစ်နည်းနည်းဖြင့် ကွန်မြူနစ်ပါတီမှားကြောင်းဝန်ခံစေလိုသည်။ ပြီးတော့ကိစ္စပြီးသွားစေလိုသည်။

သို့သော် ကျွန်တော်တို့ယူလာသော ပါတီညွှန်ကြားချက်မှာ မှားကြောင်းဝန်မခံရန် ဖြစ်လေသည်။ ထို့ကြောင့် အကြပ်အတည်းတွေ့နေ၏။ ကျော်ငြိမ်းသည် ကွန်မြူနစ်ပါတီအား ဖဆပလအထဲမှ ထုတ်ပစ်ရမည်ဟူသောအဆိုကို အလုပ်အမှုဆောင်မှာ တင်လိုက်သေး၏။ ကျွန်တော်တို့



မှာ 'ပါတီသည် လွတ်လပ်စွာဝေဖန်ခွင့်နှင့် သီးခြားရပ်တည်ခွင့်ရှိရမည်။ ဖဆပလ၏ လက်အောက်ခံအဖွဲ့အစည်း အဖြစ်မခံနိုင်'ဟု ပြောကာ သခင်ချစ်နှင့် ကျွန်တော်သာ ကျန်ရစ်သည်။ အခြားအလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးက ကျော်ငြိမ်းအား ထောက်ခံကြလေသည်။

ထိုဆုံးဖြတ်ချက်ကျသွားသောအခါ ကျော်ငြိမ်းသည် အတော်စိတ်ပေါ့ပါးသက်သာသွားဟန်တူ၏။ ကွန်မြူနစ်ဝမ်ထုပ်ဝန်ပိုးကြီးကို သူ့ပခုံးပေါ်မှ လွှတ်ချလိုက်ပြီဟု ထင်ဟန်ရှိသည်။ သူသည် စားပွဲမှာ စာချွန်းကို သွက်လက်အားတက်စွာ ရေးကျန်ရစ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်တော့်ကို လက်တို့ခေါ်သဖြင့် အခန်းထဲမှထွက်လိုက်ခဲ့လေသည်။ ဖဆပလ အဆောက်အဦးဆင်ဝင်ပေါ်တွင် နှစ်ယောက်တည်းစကားပြောကြသည်။ အချိန်မှာ မှောင်နေပြီဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်းကား များစွာ စိတ်မသာမယာဖြစ်နေသည်။ ကိုယ်အမူအရာမှာလည်း လေးလံထိုင်းမှိုင်းနေ၏။ ကွန်မြူနစ်ပါတီ၏ ဆုံးဖြတ်ချက်ကို ပြန်ပြင်ရန် ကြိုးစားဖို့ပြော သည်။ မပြင်နိုင်လို့ ကွန်မြူနစ်ပါတီဖဆပလအပြင်သို့ရောက်ရသည့် တိုင် အောင် ကျွန်တော် ဖဆပလထဲမှာ နေရစ်ခဲ့ဖို့ အမျိုးမျိုးနားချသည်။ ထိုစဉ် အခါက ကျွန်တော်သည် ကွန်မြူနစ်ပါတီနှင့်ခွဲရန် အားမရှိခဲ့ချေ။

ကျော်ငြိမ်းသည် သူလိုချင်သော ဆုံးဖြတ်ချက်ရပြီဖြစ်ရာ အထွေထွေအတွင်းရေးမှူးနေရာကို ခေါင်ခေါင်စပ်စပ်အသုံးချပြီး ကွန်မြူနစ်ပါတီအား တိုက်ခိုက်လေတော့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ကျော်ငြိမ်း၏ ကွန်မြူနစ်ပါတီဆန့်ကျင်ရေးလုပ်ငန်းများ ထောက်ခံနေလေတော့သည်။

ကျွန်တော်တို့သည် ဖဆပလဦးစီးအဖွဲ့ခေါ်သောအခါ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကိုပယ်ဖျက်ရန်အယူမခံတော့ချေ။ ဗိုလ်ချုပ်အောင်ဆန်းအား 'မင်းဆိုးမင်းညစ်တလိုင်းတို့ လက်ထဲနေရစ်တော့'ဟု ဆိုကာ အစည်းအဝေးခန်းမမှ ထွက်ခွာလာကြလေသည်။ သခင်နုက

'ကွန်မြူနစ်ဝါဒအောင်ပါစေ'။ 'ဗမာပြည် ကွန်မြူနစ်ပါတီ ပျက်စီးပါစေ'ဟု ကြွေးကြော်ဟစ်အော်ဆုတောင်းရင်းကျန်ရစ်ခဲ့သည်။ ကျော်ငြိမ်းကား အထွေထွေအတွင်းရေးမှူးစားပွဲမှာ သရော်ပြုံးပြုံးပြီး ကုန်းအလုပ်လုပ်ကာ ကျန်ရစ်ခဲ့လေသည်။

ဖဆပလကွန်မြူနစ်ကွဲပြီးနောက် ကျွန်တော်သည် ကြားဖြတ်အစိုးရမှ နုတ်ထွက်၍ ထိုနေရာတွင် ပျော်ဘွယ် ဦးမြဝင်သည်။ နောက်လအနည်းငယ်ကြာသောအခါ ကြားဖြတ်အစိုးရအဖွဲ့သည် လုံးဝဖဆပလကြားဖြတ်အစိုးရဖြစ်လာလေသည်။ သည့်အရင်ကမှ သခင်ဗစိန်၊ စောဘဦးကြီး စသော ဖဆပလအပြင်မှ ဘုရင်ခံဆွဲခန့်ထားသော ဝန်ကြီးများပါသေး သည်။ ဗြိတိသျှအစိုးရသည် တစ်နေ့တခြား ဖဆပလအား ပိုမိုအာဏာပေးလာရ၏။ ဝန်ကြီးနေရာများတိုးပေးရုံမက ကြားဖြတ်အစိုးရအား ဘုရင်ခံ၏အမှုဆောင်ကောင်စီသဘောမှ ကဲဘိနက်သဘောသို့ပြောင်းပေးရ၏။ ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ပထမဥက္ကဋ္ဌမှာ ဘုရင်ခံ ကိုယ်တိုင်ဖြစ်၍ ဒုတိယဥက္ကဋ္ဌမှာ ဗိုလ်ချုပ်အောင်ဆန်းဖြစ်လေသည်။ နောက်ဗိုလ်ချုပ်အောင်ဆန်းသည် ဝန်ကြီးချုပ်သဘောဖြစ်လာလေသည်။ ကျော်ငြိမ်းသည်လည်း ပြည်ထဲရေးဝန်ကြီး ဖြစ်လာလေ၏။

ဆိုရှယ်လစ်ကွန်မြူနစ် ပဋိပက္ခသည် ဖဆပလကွန်မြူနစ်ပဋိပက္ခ အဖြစ်ဖြင့် ပိုမိုပေါ်လွင်လာခဲ့၏။ ကျော်ငြိမ်းသည် ကွန်မြူနစ်တို့အား ဖဆပလအနေနှင့် စည်းရုံးရေးလက်နက်များဖြင့် လည်းကောင်း၊ ကြားဖြတ်အစိုးရအနေနှင့် အာဏာလက်နက်များဖြင့် လည်းကောင်း တိုက်ခိုက်လေသည်။ ကွန်မြူနစ်ပါတီက လယ်သမား ထွန်ကုံးတိုက်ပွဲ၊ အလုပ်သမားသပိတ်တိုက်ပွဲ၊ ဆန်လုပွဲ စသော တိုက်ပွဲများဆင်နွှဲ၏။ ကျော်ငြိမ်းက ပြည်ထဲရေးဝန်ကြီးအာဏာများကိုသုံး၍ ဖြိုဖျက်လေသည်။ ပီအိုပီအေခေါ်သော ပြည်သူ့ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းရေးအက်ဥပဒေပုဒ်မ ၅သည်



နယ်ချဲ့သမား၏စာအုပ်စင်ချောင်ကြားထဲမှ ဖဆပလကြားဖြတ်အစိုးရ စားပွဲပေါ်သို့ ရောက်လာလေ၏။ ကွန်မြူနစ်နှင့် ကွန်မြူနစ်လုထုမျက်စိ တွင်လည်းကောင်း၊ ဖိနှိပ်ချုပ်ချယ်မှုကို မလိုလားသော လူအများမျက်စိ တွင် လည်းကောင်း ကျော်ငြိမ်းနှင့် ပုဒ်မ ၅သည် ခွဲခြားမရခဲ့ချေ။

ဖိနှိပ်ချုပ်ချယ်မှုများအတွက် လူတွေက ကျော်ငြိမ်းအားမဲပြီးရှုတ်ချပြစ်တင်ကြသောအခါ ဗိုလ်ချုပ်အောင်ဆန်းက ကျော်ငြိမ်းမှာ သူ့သဘောအလျောက် ဖိနှိပ်ချုပ်ချယ်မှုပုဒ်ထီး ပုဒ်မတွေသုံးနေခြင်းမဟုတ်ကြောင်း၊သူ သဘောတူထောက်ခံမှုဖြင့် သုံးနေရခြင်းဖြစ်ကြောင်းပြောဆိုပြီး ကျော်ငြိမ်း အား ကာကွယ်လေသည်။

သို့ရာတွင် နာမည်ဆိုးသည် ဗိုလ်ချုပ်အောင်ဆန်းဆီ ကူးပြောင်းမသွား။ ကျော်ငြိမ်းအပေါ်မှာသာ စွဲကျန်ရစ်သည်။ ဖဆပလကွန်မြူနစ်အကွဲ တွင် ကျွန်တော်သည် မပြတ်သားဟုဆိုပြီး 'ဗဟိုကော်မတီက ကျွန်တော့ အား အပြစ်ပေးလိုက်လေသည်။ မည်သည့်ပါတီတာဝန်မှ မထမ်းဆောင်ရဘဲ ခွင့်နှင့်နေရလေသည်။ တောရွာတွေလျှောက်လည်ပတ်ပြီး စာဖတ်၍ သာနေလေသည်။ ထို့ကြောင့် ထိုအတွင်း ကျော်ငြိမ်းနှင့် မတွေ့ချေ။

ဖဆပလအနေနှင့် 'တစ်နှစ်အတွင်း လွတ်လပ်ရေး' ကြွေးကြော်သံကို လွှင့်ကာ ဗြိတိသျှအစိုးရနှင့် အရေးဆိုလေသည်။ ကွန်မြူနစ်ပါတီက 'အဆုံးသတ်အာဏာပြောင်းလွှဲယူရေး'ဟူသော ကြွေးကြော်သံဖြင့် ဖဆပလ အား လွတ်လပ်ရေးတိုက်ပွဲတွင် ထောက်ခံလေသည်။

၁၉၄၇ခုနှစ် ဇူလိုင်လတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများ လုပ်ကြံသတ်ဖြတ်ခံရသောအခါ ကျော်ငြိမ်းသည် ဘိလပ်သို့ရောက်နေလေသည်။ ချက်ချင်းသူပြန်လာပြီးနောက် ဂျူပလီဟောတွင်ထားသော ဗိုလ်ချုပ်အောင်ဆန်း၏အလောင်းရှေ့တွင် ကျော်ငြိမ်းသည် မျက်ရည်ဖြိုင်ဖြိုင်စီးကျရင်း "သူငယ်ချင်းငါမရှိလို့ အလစ်မိပြီး အသတ်ခံရ

တယ်။ ဒုဗ္ဗရားခံမရှိရင် ငါ့ကိုယ်ငါ သတ်သေမယ်"ဟု ကြုံးဝါးသည်ဟု ကျွန်တော်ကြားသိရလေသည်၊

ကျော်ငြိမ်း ဘိလပ်မသွားမီ သတင်းသိုးသိုးသန့်သန့်ကြားသဖြင့် ထိုစဉ်က ရဲချုပ် (အိုင်ဂျီပီ) ဦးထွန်းလှအောင်အား ဗိုလ်ချုပ်အောင်ဆန်းကို အထူးစောင့်ရန်၊ အတွင်းဝန်များရုံးကြီးကိုလည်း စောင့်ရှောက်ရန်မှာခဲ့သည်ဟု ဆို၏။ ဦးထွန်းလှအောင်က ကင်းမချခဲ့ချေ။

ဦးစောတို့အား ဖမ်းပြီးသောအခါ ကျော်ငြိမ်းသည် ဦးစောလူ့ကပြေးမှာ လွန်စွာမိုးရိမ်၏။ ဦးထွန်းလှအောင်အပေါ်မှာ သံသယရှိသလို အခြားအင်္ဂလိပ်လက်ထက်က အရာရှိကြီးများအပေါ် သံသယရှိလာသည်။ သူတို့သည် အင်္ဂလိပ်အလိုတော်ရိ ဦးစောထွက်ပြေးနိုင်အောင် အုပ်ချုပ်ရေးယန္တရားကြီးထဲမှာရှိနေသော သူတို့၏ဩဇာကို အသုံးမပြုဘဲနေမည်ဟုထင်လေသည်။ ထို့ကြောင့် ဦးစောမလွတ်အောင် အထူးတာဝန်ဖြင့် သခင်ပန်းမြိုင်အား အထူးရာဇဝတ်ဝန်ကြီးအဖြစ်ဖြင့် ခန့်လိုက်လေသည်၊ သခင်ပန်းမြိုင်၏ပျာကာပင်လျှင် ဖဆပလအင်အားစုထဲမှ ရွေးချယ်ခန့်ထားကြလေသည်။

ဗိုလ်ချုပ်တို့ လုပ်ကြံခြင်းခံရပြီးနောက် ကျော်ငြိမ်းတွင် ဉာဉ်တစ်ခုပိုမိုပေါ်လွင်လာသည်။ ဘယ်သူ့ကိုမျှ မယုံကြည်နိုင်သော ဉာဉ်တစ်ခုဖြစ်၏။ ထိုဉာဉ်ကို သက်ညှာစွာဖော်ပြရသော် လူတကာအပေါ်တွင် သတိကြီးစွာဖြင့် စောင့်ကြပ်ကြည့်ရှုတတ်သော အလေ့ဟုလည်း ဆိုနိုင်၏။ ကျော်ငြိမ်းကိုယ်တိုင်ကမူ သူ့တွင် 'ဘယ်သူ့မျှ မယုံကြည်နိုင်'သော ဉာဉ်ရှိသည်ဟုသော အဆိုကိုလက်မခံချေ။ သူသည် သူများအား အယုံလွန်သဖြင့် အလတ်အအုပ်ခံရတာများသည်ဟု ပြောလေ့ရှိ၏။ ဗိုလ်ချုပ်အောင်ဆန်းတို့ကျဆုံးပြီးနောက် ဆိုရှယ်လစ်နှင့်ကွန်မြူနစ်တို့ ညီညွတ်ရေးကမ်းလှမ်းကြပြန် သည်။ သခင်နုနှင့် ဗိုလ်လက်ျာတို့က အောင်သွယ်များလုပ်ကြသည်။ ဖဆပလက



တစ်နှစ်အတွင်း လွတ်လပ်ရေးရမည်ဟူသော ဆောင်ပုဒ်ဖြင့် လည်းကောင်း၊ ကွန်မြူနစ်တို့က အဆုံးသတ်အာဏာသိမ်းပွဲသို့ ဟူသော ဆောင်ပုဒ်ဖြင့် လည်းကောင်း၊ လုံးဝလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေကြသော်လည်း တပ်ပေါင်းစုတစ်ခုတည်းအဖွဲ့အစည်းပေါင်းတစ်ခုထဲတွင် ပါဝင်ပူးပေါင်းနိုင်ရန် ညီညွတ်ရေးမရခဲ့ကြချေ။

ဆိုရှယ်လစ်ကွန်မြူနစ်ပဋိပက္ခနှင့် ခေါင်းဆောင်လုပ်မှုသည် ပြင်းထန်လာပေသည်။ သို့ရာတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာမှာ သော်လည်းကောင်း၊ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့ လွတ်လပ်ရေးကြေညာရာမှာ လည်းကောင်း၊ ဖဆပလနှင့် ကွန်မြူနစ်တို့သဘောတူညီမှုရှိ၍ အလုပ်တူလုပ်ခဲ့သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို တိုင်းပြုပြည်ပြုလွှတ်တော်ရှိ ကွန်မြူနစ်အမတ်များကထောက်ခံခဲ့၏။ လွတ်လပ်ရေးကြေညာသည့်အခမ်းအနားတွင် သခင်သန်းထွန်းကိုယ်တိုင် တက်ရောက်ခဲ့၏။

သို့ရာတွင် လွတ်လပ်ရေးရပြီးပြီးချင်း ကွန်မြူနစ်ပါတီသည် လမ်းစဉ်ပြောင်းပြန်လေသည်။

ကွန်မြူနစ်ပါတီအတွင်းတွင် ပေါလစ်ဗျူရိုလူကြီးရဲဘော်ဘာတင်ခေါ် ဂိုရှယ်မှတစ်ဆင့် အိန္ဒိယကွန်မြူနစ်ပါတီမှ ရာနာဒီဗေးလမ်းစဉ်သည် ကူးစက်လာလေသည်။ ဂိုရှယ်သည် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ထုတ်ဝေသော ပြည်သူ့ခေတ်ဟု ခေါ်သော အိန္ဒိယကွန်မြူနစ်ဂျာနယ်၌ ထိုလမ်းစဉ်ကိုအစပြု၍ တင်ပြလေသည်။ မြန်မာပြည်ရသော လွတ်လပ်ရေးမှာ လွတ်လပ်ရေးအလိမ်ကြီး (ဝါ) အတုကြီးဖြစ်သည်၊ (Sham Independence)၊ လွတ်လပ်ရေးရသော်လည်း မြန်မာပြည်သည် ဗြိတိသျှကိုလိုနီအဖြစ်သာ တည်နေသေးသည်၊ ထိုလွတ်လပ်ရေးလိမ်ကြီးကို လက်ခံသော ဖဆပလသည် နယ်ချဲ့အင်္ဂလိပ်နှင့်ပြန်လမ်းမရှိ ပူးပေါင်းသွားခြင်းဖြစ်သည်။ နယ်ချဲ့အား အဆုံးသတ်အရှုံးပေးသွားခြင်းဖြစ်သည်။ နယ်ချဲ့

နှင့်ပူးပေါင်းပြီး ပြည်သူတို့အား လိမ်ညာခြင်းဖြစ်သည်။ ထို့ကြောင့် ဖဆပလသည် တိုင်းရင်းသားသစ္စာဖောက်ဖြစ်သည်။ ဖဆပလတိုင်းရင်းသားသစ္စာဖောက်ကို တရုတ်ကွန်မြူနစ်ပါတီက တရုတ်ကူမင်တန်တို့အား လုပ်သလိုလုပ်ရမည်။ ကွန်မြူနစ်ပါတီ၊ ကွန်မြူနစ်လူထုနှင့် တပ်နီများသည် တိုင်းရင်းသားသစ္စာဖောက်၏ ဖိနှိပ်ချုပ်ချယ်မှုများကို တစ်ချက်ချလျှင် နှစ်ချက်ပြန်ချနိုင်အောင် ပြင်ဆင်ထားရမည်။ ဤလမ်းစဉ်ကို ဂိုရှယ်သာမက သခင်သန်းထွန်းသည်လည်း ကာလကတ္တားတွင်ကျင်းပသော အာရှလူငယ်ညီလာခံနှင့် အိန္ဒိယကွန်မြူနစ်ပါတီကွန်ဖရင့်တွင် ကြေညာလေသည်။ ဖော်ပြပါ အိန္ဒိယကွန်မြူနစ်ဂျာနယ်တွင် သခင်သန်းထွန်း မိန့်ခွန်းများပါလာ၏။ ထိုလမ်းစဉ်ကို ပျဉ်းမနားတောင်သူလယ်သမားညီလာခံတွင် ရပ်လုံးဖော်စပြုလေသည်။

သခင်စိုး၏ အလံနီက ဖဆပလအစိုးရအား ပြည်တွင်းစစ်ပြုရန် လမ်းစဉ်ချထားသည်မှာ ကြာလေပြီ။ 'ပြည်တွင်းစစ်သည် အမှန်မြတ်ဆုံးအလုပ်' ဖြစ်သည်ဟုလည်း သဘောတရားရေးအဆိုပြုထားသည်။ သခင်သန်းထွန်းနှင့် ဂိုရှယ်တို့ကား ထိုသို့မဟုတ်ချေ။ သူတို့လမ်းစဉ်ကို 'အမျိုးသားလွတ်မြောက်ရေးစစ်ပွဲလမ်းစဉ်' (National Liberation War) ဟု ခေါ်သည်။

နယ်ချဲ့အင်္ဂလိပ်နှင့် နောက်လိုက်တိုင်းရင်းသားသစ္စာဖောက်များကို အပြုတ်ဖြုတ်ချကာ လွတ်လပ်ရေးအလိမ်ကြီးကို ဖျက်ဆီးပြီး လုံးဝအမျိုးသားလွတ်လပ်ရေးသို့ ချီတက်ရမည့် လမ်းစဉ်ဖြစ်သည်။

ထိုအချိန်တွင် ကျွန်တော်သည် ပါတီတွင်းတွင် စာရွက်စာတမ်းများဝေငှကာ အဆိုပါ အမျိုးသားလွတ်မြောက်ရေးစစ်ပွဲလမ်းစဉ်ကို ခုခံတိုက်ခိုက်နေလေပြီ။ မလိုလားအပ်သော ပြည်တွင်းစစ်လမ်းစဉ်ဖြစ်သည်ဟု ပါတီပေါလစ်ဗျူရိုသို့ တင်ပြနေလေပြီ။

ထိုအချိန်တွင် ကျွန်တော်သည် သမ္မတအိမ်တော်အနီး ဖိုက်ချလမ်းတွင်



နေထိုင်လျက်ရှိ၏။ ပါတီက ဘာတာဝန်မျှမပေး။ ကလာပ်စည်းလည်း မပေးသဖြင့် စာများများဖတ်ပြီး စာများများရေးနေလေသည်။ ကျွန်တော်နေသော အိမ်ကြီးမှာကုန်းမြင့်ပေါ်တွင် ထီးတည်းကြီးရပ်တည်နေပြီး အတော်ပင်ချောင်ကျသည်။

၁၉၄၈ ဖေဖော်ဝါရီလ ၈ရက်နေ့ညတွင် ကျော်ငြိမ်းသည် ကျွန်တော့ဆီသို့ ရောက်လာလေသည်။ ဖဆပလကွန်မြူနစ်ကွဲပြီးကတည်းက ပထမဆုံးတွေ့ရခြင်းပေတည်း။

ကျော်ငြိမ်းသည် ခါတိုင်းလို သရော်တော်တော်မျက်နှာထားမျိုးနှင့် မဟုတ်။ တည်ငြိမ်သောမျက်နှာထားဖြင့် ကျွန်တော့အားနှုတ်ဆက်လေသည်။

သူ့လက်ထဲမှာ ၁၉၄၈ခုနှစ် ဖေဖော်ဝါရီလ ၄ရက်နေ့စွဲဖြင့် ထုတ်ဝေသော 'ပြည်သူ့ခေတ်' ဂျာနယ် (အိန္ဒိယကွန်မြူနစ်ပါတီဂျာနယ်)ပါလာလေသည်။ ထိုဂျာနယ်တွင် ရဲဘော်ဘတင်ခေါ် ဂိုရှယ်က မြန်မာပြည်လွတ်လပ်ရေးသည် လွတ်လပ်ရေးလိမ်ကြီးဖြစ်သည်။ လွတ်လပ်ရေးကို လက်ခံသွားခြင်းဖြင့် ဖဆပလသည် နယ်ချဲ့သမားနှင့်ပြန်လမ်းမရှိ ပူးပေါင်းသွားပြီ။ ထို့ကြောင့် လုံးဝလွတ်လပ်ရေးရရန် ဖဆပလနှင့် နယ်ချဲ့တို့အား တရုတ်ကွန်မြူနစ်တွေက ကူမင်တန်အားလုပ်ဘိသကဲ့သို့ လုပ်ရလိမ့်မည်။ အမျိုးသားလွတ်မြောက်ရေးစစ်ပွဲကြီးအတွက် ပြည်သူတို့အား လှုံ့ဆော်စည်းရုံးထားရမည်စသော ဂိုရှယ်လမ်းစဉ်ကို ပထမဦးဆုံးလူသိရှင်ကြားတင်ပြလိုက်ခြင်းဖြစ်သည်။

ကျော်ငြိမ်းမှာ ပြည်ထဲရေးဝန်ကြီးဖြစ်သဖြင့် ယခု ကျွန်တော့ထံယူလာသောဆောင်းပါးသာမက ဂိုရှယ်က ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီတွင်းမှာ လျှို့ဝှက်စွာဝေထားသော စစ်တမ်းကြီးကိုလည်းရထားသည်ဟု သိရသည်။ ပါတီက ကျွန်တော့အား ထိုစစ်တမ်းကိုပေးသည် မဟုတ်

ချေ။ ပါတီမှထွက်ပြီးနောက် အတန်ကြာမှ ကျော်ငြိမ်းကယူလာ၍ဖတ်ရသည်။ သို့ရာတွင် ပါတီသည် ပြည်တွင်းစစ်လမ်းစဉ်ပေါ် လျှောက်နေသည်ကိုကား ကျွန်တော်ရိပ်မိနေပြီဖြစ်၏။ ကျော်ငြိမ်းယူလာသော ဂိုရှယ်၏ဆောင်းပါးကိုဖတ်တော့ ကျွန်တော်ပင် မျက်လုံးပြူးသွားလေသည်။

ကျော်ငြိမ်းက 'ဒီအတိုင်းဆိုတော့ မင်းတို့ပါတီက သူပုန်ထမှာပေါ့"

"ငါတော့ ဘာမျှမသိဘူး သူငယ်ချင်း"

"အေးကွာ၊ မင်းကတော့ ပါတီဝင်တစ်ဦးဖြစ်နေတော့ ပါတီက သူပုန်ထမယ်ဆိုလည်း ဘူးကွယ်ရမှာပဲ။ မင်းကိုချောင်ထိုးခံထားရတော့ တကယ်မသိတာလည်း ဖြစ်ချင်ဖြစ်မယ်။ သို့ပေမယ့် ဆောင်းပါးကတော့ သူပုန်ထမယ့်သဘောကို မကွယ်မထောက်ဖော်ပြထားပြီပဲကွ"

"အေး ဟုတ်တယ်"

"ငါတို့မှာ မီးနှစ်မီးကြားမှာ ရောက်နေသလိုပဲကွ။ တို့ဖဆပလကိုလက်ယာသမား၊ နယ်ချဲ့သမားတွေကလည်း မကြိုက်ဘူး။ တို့ပျက်ရာပျက်စီးကြောင်း ကြံစည်နေတယ်။ ကွန်မြူနစ်ပါတီကလည်း ရန်မူနေတယ်။ အင်္ဂလိပ်တွေကလည်း ကရင်တွေကို မြှောက်ပေးနေတယ်။ ဘော်လ်ဒွင်တို့ ဘာတို့ဆိုတဲ့ အင်္ဂလိပ်တွေဟာ သိပ်လှုပ်ရှားနေကြတယ်။ လက်နက်တွေလည်း အများကြီးပေးသွားတယ်။ စောဘဦးကြီးတို့ (ကေအင်ယူ)တွေဟာ အင်္ဂလိပ်တွေနဲ့ပေါင်းပြီး ကရင်တစ်ကျပ်၊ ဗမာတစ်ကျပ်ဆိုတဲ့ ကြွေးကြော်သံနဲ့သူပုန်ထဖို့ လုပ်နေကြပြီ။ မင်းတို့ ပါတီက တို့ကိုနယ်ချဲ့သမားတွေလို့ ထင်နေတာသိပ်မှားနေပြီ။ တကယ့်နယ်ချဲ့ကိုတော့ မမြင်ကြဘူး"

"ဂိုရှယ်ရဲ့ လမ်းစဉ်ကို သခင်သန်းထွန်းလက်ခံမခံမသိသေးဘူးကွ။ ဗဟိုကော်မတီတစ်ခုလုံးအနေနဲ့ ဘယ်လိုလဲမသိဘူး။ ဒါပေမယ့် ဂိုရှယ်ကတော့ ပါတီလမ်းစဉ်အဖြစ်နဲ့ လှုသိနတ်ကြားတင်ခဲ့ပြီပဲလေ"

ကျော်ငြိမ်းက ကြမ်းပြင်ပေါ်၌ ခင်းထားသော ဖျာပေါ်လှဲချလိုက်ရင်း



"သခင်သန်းထွန်းနဲ့ငါ သိပ်မတည့်ပေမယ့် လေးစားတယ်ကွ။ တို့ပါတီမှာ တချို့က သခင်သန်းထွန်းနဲ့မပေါင်းချင်ဘူး။ သခင်စိုးနဲ့ပဲပေါင်းချင်ကြသေးတယ်။ ငါကတော့ပေါင်းချင်းပေါင်းရင် သခင်သန်းထွန်းနဲ့ပေါင်းချင်တယ်။ ခုတော့ ဒီသခင်သန်းထွန်းက ဂိုရှယ်လုပ်သလိုခံနေရတယ်လို့ ထင်တယ်။ ဒီဂိုရှယ်ရဲ့ လမ်းစဉ်ကို လက်ခံရင်တော့ မင်းတို့ပါတီဟာ အလံနီနှင့်အတူတူပဲဖြစ်မှာပေါ့"

ကျွန်တော်တို့သည် မြစ်ဝကျွန်းပေါ်၌ ကရင်များအားလက်နက်ချပေးနေသည်ဟုသော ကိစ္စကိုဆွေးနွေးကြသည်။

ကျော်ငြိမ်း၏ဇနီး မနွဲ့ရီပါလာသေးသည်။ ကျွန်တော့ဇနီးနှင့် မနွဲ့ရီတို့ စကားစမြည်ပြောနေကြပြီးနောက် ခလေးနို့တိုက်စရာရှိသေးသည်ဆိုပြီး ပြန်သွားလေသည်။ ကျော်ငြိမ်းကား ကျွန်တော်နှင့်စကားဆက်ပြော၍ ကျန်ရစ်၏။

ကျော်ငြိမ်းက ဆိုဗီယက်ယူနီယံနှင့် သံတမန်အဆက်အသွယ်ပြုလုပ်ရန် စီစဉ်နေပြီဟု ပြောသည်။

ထိုစဉ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမထောင်ရသေးချေ။ ပြည်တွင်းစစ်ဖြစ်လျက်ရှိရာ မော်စီတုံးတို့ဘက်မှ ထောက်ခံပြောဆိုနေသော တရုတ်ပြည်ဒီမိုကရက်တစ်လိဂ်သည် ရန်ကုန်မြို့မှာ ဌာနခွဲရှိသည်။ ၎င်းတို့ကို မြန်မာပြည်အစိုးရက ပိတ်ပင်တော့မည်ဟု သတင်းဖြစ်ရာ ကျွန်တော်က ကျော်ငြိမ်းအား ဟုတ်သလားဟုမေး၏။ ကျော်ငြိမ်းက မဟုတ်ကြောင်း ဖြေလေသည်။

သို့ဖြင့် ပြည်တွင်းပြည်ပကိစ္စများ ဆွေးနွေးကြပြီးနောက် ကျော်ငြိမ်းကပြော၏။

"တို့က လွတ်လပ်ရေးလည်း ရပြီးရော၊ အချင်းချင်းလည်း ထချ၊ သွေးထွက်သံယိုဖြစ်ရောဆိုတာမျိုး မလိုချင်ဘူးကွာ။ ဘယ်နည်းနဲ့မဆို မင်းတို့

ပါတီ သူပုန်မထအောင် တားချင်တယ်။ ဖဆပလနဲ့ကွန်မြူနစ် ညွန့်ပေါင်းအစိုးရ ဖွဲ့ဖို့လိုရင် ဖွဲ့မယ်။ သခင်သန်းထွန်းတို့ကို ပြောပါ။ ငါတို့နဲ့ သခင်သန်းထွန်း တွေ့ချင်တယ်။ ချိန်းပေးစမ်းပါ။ ငါအခုပြောတာတွေဟာ ငါတစ်ယောက်တည်းသဘောမဟုတ်ဘူး။ တို့ဆိုရှယ်လစ်ပါတီမှာ တိုင်ပင်ပြီးမှ ပြောတာ"

ကျွန်တော်......

"ငါလည်း အချင်းချင်း ထချမှာကို လုံးဝမလိုလားဘူး။ ဂိုရှယ်လမ်းစဉ်နဲ့ ငါ့လမ်းစဉ် လုံးလုံးမတူဘူး။ သူက တို့ရတဲ့ လွတ်လပ်ရေးကို လွတ်လပ်ရေးလိမ်လို့ ခေါ်တယ်။ ငါက နိုင်ငံရေးလွတ်လပ်ရေးလို့ မြင်တယ်။ သူတို့က လွတ်လပ်ရေးလိမ် လက်ခံသွားတဲ့ ဖဆပလဟာ နယ်ချဲ့သမားနဲ့ပြန်လမ်းမရှိ ပေါင်းသွားပြီဟု သတ်မှတ်တယ်။ ဒါကြောင့် ဖဆပလအစိုးရကို နယ်ချဲ့နှင့်တစ်သားတည်းထားပြီး တိုက်ရမယ်လို့ဆိုတယ်။ ဒါမှလွတ်လပ်ရေးအစစ်ရမယ်လို့ ဆိုတယ်။ ငါက မင်းတို့ကို ဒီလိုမသတ်မှတ်ဘူး။ ရရှိတဲ့ နိုင်ငံရေးလွတ်လပ်ရေးကို အသုံးချပြီး နယ်ချဲ့လက်အောက်က စီးပွားရေး၊ စစ်ရေးအစရှိတဲ့ အနှောင်အဖွဲ့တွေ လုံးဝလွတ်လပ်အောင်လုပ် ရာမှာ မင်းတို့ ဖဆပလဆိုရှယ်လစ်တွေနဲ့ ငါတို့ကွန်မြူနစ်တွေပေါင်းလုပ် ရမယ်လို့ မြင်တယ်။ တို့ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထဲမှာ ငါမကြိုက် တဲ့ အချက်တချို့ပါသေးတယ်။ ဒါပေမယ့် ဗြိတိသျှကွန်မြူနစ်ပါတီ ဒေးလီးဝါကားက ရေးသလိုပဲ။ လွတ်လပ်ပြီးခါစ နိုင်ငံတစ်ခုမှာ လက်ရှိ အခြေအနေအရ အဖြစ်နိုင်ဆုံး၊ အကောင်းဆုံးအခြေခံဥပဒေတစ်ခုပဲလို့ မြင်တယ်။ ဒီတော့ ကွန်မြူနစ်ပါတီဟာ အခြေခံဥပဒေဘောင်ထဲမှာ စမ်းလုပ်ကြည့်နိုင်သေးတာပဲ။ ငါကတော့ အချင်းချင်းသွေးထွက်သံယိုတိုက်ခိုက်မှုကို အစွမ်းရှိသလောက်တားမှာပါပဲ"

ကျော်ငြိမ်းသည် ပြန်ရန်ပြင်ဆင်လေသည်။



"အေးလေ၊ သခင်သန်းထွန်းနဲ့ဘို့တွေ့ပြီး ဆွေးနွေးရအောင်သာ ချိန်းလိုက်ပါ။ ညွန့်ပေါင်းအစိုးရ (Coalition Government) မှုနဲ့မဆုံစပ်မယ်"

ကျော်ငြိမ်းပြန်သွားသောအခါ နေဝင်ခါနီးဖြစ်လေသည်။

ကျွန်တော်ကား ညွန့်ပေါင်းအစိုးရမှုနှင့် စေ့စပ်ရေးထက် နိုင်ငံရေးလမ်းစဉ်တူညီမှုအတွက် စေ့စပ်ရေးကို ပိုမိုစိတ်ဝင်စားသည်။ ကျော်ငြိမ်းနှင့် ကျွန်တော်ဆွေးနွေးသမျှကို အကျဉ်းချုပ်ရေးသားပြီး သခင်သန်းထွန်းဆီပို့လိုက်လေသည်။ ကျော်ငြိမ်းတို့နှင့်တွေ့ရန် ရက်ချိန်းပေးဖို့လည်း တိုက်တွန်းလိုက်၏။

ထိုစဉ်က သခင်သန်းထွန်း၊ ရဲဘော်ဗသိန်းတင် စသောပါတီခေါင်းဆောင်တို့သည် ဂိုဏ်းဂဏဝါဒများစွာပြင်းထန်နေကြရာ ဖဆပလအပေါ် မှာ အကောင်းတစ်ကွက်မျှမမြင်ကြချေ။ ကျော်ငြိမ်းနှင့် ကျွန်တော်တွေ့ကြသည်နှင့် မရှေးမနှောင်းပင် သခင်နုနှင့် ကျွန်တော်တွေ့ကြသည်။ သခင်နုက ကွန်မြူနစ်ပါတီမှ ကျွန်တော်၊ ဆိုရှယ်လစ်ပါတီမှ အောင်ကြီး (ယခု ဗိုလ်မှူးကြီး အောင်ကြီး)တို့အား နိုင်ငံရေးဆက်သွယ်ရေးနှင့် လေ့လာရေးအတွက် ဆိုဗီယက်ယူနီယံသို့ ပို့ချင်သည်ဟု ပြောသည်။ ကျွန်တော်သည် သခင်သန်းထွန်းတို့ လူစုထံ ထိုကိစ္စကိုတင်ပြ၏။ သူတို့ကားဖြတ်ခနဲ သခင်နုတို့သည် ပါတီဖြိုခွဲရေးလုပ်နေသည်။ ကျွန်တော့အားခွဲထုတ်နေသည် စသည်ဖြင့် စွပ်စွဲလိုက်ကြ၏။ ဆိုဗီယက်ယူနီယံသို့ ကိုယ်စားလှယ်အဖွဲ့လွှတ်ရန် ကောင်းမကောင်းအဓိကထားစဉ်းစားပါဟု ကျွန်တော်က ပြောသောအခါ သူတို့ကား ဘာမျှမပြောကြတော့ချေ။ ထို့အတူပင် ကျွန်တော်က ကျော်ငြိမ်းကမ်းလှမ်းလာသောအချက်များ သူတို့ထံတင်ပြသောအခါ ကျော်ငြိမ်းသည် တော်လှန်ရေးအင်အားစုကိုလိုက်ပြီး ဖြိုခွဲနေသည်ဟုသာ မြင်ဟန်ရှိသည်။ ကမ်းလှမ်းလာသော အချက်များကို ဂိုဏ်းဂဏဝါဒအစွဲအလမ်းများက ဖုံးနေသည်။ ကျွန်တော်ရေးလိုက်သောစာကို ပြန်ကြားပြေ

ဆိုခြင်းမရှိကြချေ။ ကျော်ငြိမ်းတို့နှင့် တွေ့ဆုံဖို့လည်း ရက်ချိန်းမပေးချေ။ သခင်သန်းထွန်း မအားသေးဟူသော အကြောင်းသာကြားရသည်။ သခင်သန်းထွန်းသည် ကာလကတ္တားမြို့တွင် ကျင်းပသော အာရှလူငယ်များညီလာခံသို့ လည်းကောင်း၊ အိန္ဒိယကွန်မြူနစ်ပါတီ ကွန်ဖရင့်သို့ လည်းကောင်း၊ ပျဉ်းမနားတွင်ကျင်းပသော တောင်သူလယ်သမား ညီလာခံသို့ လည်းကောင်း ခေါက်တုံ့ခေါက်ပြန်သွားနေလေသည်။

တစ်နေ့တွင် စကော့ဈေး (ဗိုလ်ချုပ်ဈေး) ရှေ့တွင် ကျော်ငြိမ်းနှင့် ကျွန်တော် တွေ့ကြလေသည်။ သူသည် ရဲဘော်ဗသိန်းတင်ထံမှ တစ်ဆင့် ဆိုရှယ်လစ်ပါတီနှင့် ကွန်မြူနစ်ပါတီတွေ့ဆုံဆွေးနွေးကြရအောင် ချိန်းနေသည်ဟု ဆို၏။ ယခုထိ ရက်ချိန်းမရသေးဟုလည်း ညည်းညူ၏။ ဗသိန်းတင်နှင့် ဗဆွေတို့မှာ ကျွန်တော်နှင့် ကျော်ငြိမ်း ခင်မင်ရင်းနှီးသလို ရင်းနှီးကြလေသည်။

သည်လိုနှင့် မတ်လထဲသို့ ရောက်လာလေသည်။

မြန်မာပြည်လုံးဆိုင်ရာ မြေပိုင်ရှင်များ၏ အသင်းသည် ရန်ကုန်မြို့ တွင် ပြည်လုံးကျွတ်ကွန်ဖရင့်တစ်ခု ကျင်းပလေသည်။ ရခိုင်ပြည်မှ အကြီးဆုံးသော ရဲကျော်သူမိသားစု မြေပိုင်ရှင်ကြီးများပင် တက်ရောက်ကြ၏။ ၎င်းတို့သည် ဖဆပလမြေယာပြုပြင်ရေးလုပ်ငန်းများကို ဆန့်ကျင် ကန့်ကွက်ကြလေသည်။

မြန်မာပြည်ရှိ အင်္ဂလိပ်ကုမ္ပဏီကြီးများသည် စစ်အတွင်းက ပျက်စီးဆုံးရှုံးခဲ့ခြင်းများအတွက် ဖဆပလအစိုးရထံမှ စစ်လျော်ကြေးများတောင်းနေလေသည်။

မတ်လ ၁၀ ရက်နေ့ညတွင် ကျော်ငြိမ်း ကျွန်တော့အိမ်ရောက်လာပြန်ပြီး ကျွန်တော့အား သူ့အိမ်ခေါ်သွား၏။ သူ့အိမ်မှာ စကားပြောကြပြန်သည်။

"ငါတို့ အစိုးရကို အဘက်ဘက်က အကျပ်ကိုင်နေကြပြီကွ" အစချီကာ အင်္ဂလိပ်တွေက စစ်လျော်ကြေးကိစ္စနှင့် အကျပ်ကိုင်ပုံ ကျော်ငြိမ်းက



ပြောပြ၏။ အစိုးရက နိုင်ငံခြားသားများသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအရောင်းအဝယ်မလုပ်ရဟု ဥပဒေပြဋ္ဌာန်းခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ နိုင်ငံခြားကုန်သန်းရောင်းဝယ်ရေးတွင် အစိုးရကိုယ်တိုင်ဝင်လာခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ အင်္ဂလိပ်တို့က ကန့်ကွက်နေကြသည်။ မြေပိုင်ရှင်တွေကလည်း ဆူပူကန့်ကွက်နေကြသည်။ ကွန်မြူနစ်ပါတီ၏လမ်းစဉ်ကလည်း ဖဆပလအစိုးရကို ဖိချရေးဖြစ်နေသည်။

"ဂိုရှယ်ဟာ ချစ်တီးကိုယ်စားလှယ်ဖြစ်နေထင်ပါရဲ့ကွာ" ဟု ကျော်ငြိမ်းက ကောက်ချက်ချလေသည်။

"ဒီကောင်ဟာ ချစ်တီးကိုယ်စားလှယ်ဟုတ်တာ မဟုတ်တာ အပထား။ အိန္ဒိယပြည်နဲ့ ဗမာပြည်အခြေအနေထပ်တူထားပြီး လမ်းစဉ်တွေပုံတူကူးချတာတော့ ငါမကြိုက်ဘူး"

"ငါတို့ စိတ်မရှည်တော့ဘူး သိန်းဖေ။ (Desperate) ဖြစ်နေကြပြီ။ ဒါပေမယ့် ဟိုက လက်ယာဘက်တော့ မသွားချင်ပါဘူး။ လက်ဝဲသာသွားချင်တယ်။ တစ်ဖက်က အင်္ဂလိပ်ကုမ္ပဏီကြီးတွေသိမ်း၊ တောင်သူလယ်သမားတွေကို မြေတွေဝေပစ်၊ တစ်ဖက်က ဂိုရှယ်၊ သန်းထွန်း ကွန်မြူနစ်ပါတီကို ထရော့စကီဝါဒသမားတွေလို့ ကြေညာပြီးချေမှုန်းပစ်၊ ဟိုပါတီကို ကွန်မြူနစ်ပါတီလို့ကြေညာ၊ အဲဒီလိုတောင် ဟိုထဲမှာ စိတ်ကူးသူက စိတ်ကူးနေကြတယ်"

ကျွန်တော်က ကွန်မြူနစ်ပါတီကို အစိုးရအာဏာသုံးပြီး ချေမှုန်းပစ်ဖို့ မကောင်း၊ သူတို့လမ်းစဉ်မှားလျှင် ထိုအမှားကို ဆိုရှယ်လစ်ပါတီက လူထုလှုပ်ရှားမှုများဖြင့် ဆန့်ကျင်ဖို့သာ ကောင်းသည်ဟု အကြံပေး၏။

ထိုအချိန်တွင် ဗဟိုလာဘစဉ်ကျွဲ သခင်တင်သည် မကျင်စိန်ဆိုသူအား မုဒိမ်းကျင့်ပါသည်ဟု အိုးဝေ၊ ဟစ်တိုင်၊ စီးပွားရေးနှင့် ကွန်မြူနစ်နေ့စဉ်တို့က ရေးကြလေသည်။ ကွန်မြူနစ်နေ့စဉ်၏ ခေါင်းစဉ်မှာ "တောင်သူ

လယ်သမားသမီးကို မုဒိမ်းကျင့်သော ဖဆ–ဆိုရှယ် တောင်သူလယ်သမား ဥက္ကဋ္ဌကြီး”ဟူ၍ ဖြစ်၏။ ထိုအမှုကို စတင်ဖန်တီးသူမှာ ကွယ်လွန်သူ ရဲဘော် (ဝါ) ဗိုလ်ချင်းဆိုသူဖြစ်၏။ ထိုသို့ သခင်တင်အပေါ် မဟုတ်မဟပ် ရေးသားခြင်းကြောင့် ဒေါသူပုန်ထနေကြလေသည်။

မတ်လ ၁၁ရက်နေ့ညတွင် ကျော်ငြိမ်းသည် ကျွန်တော့အား လာခေါ်ပြန်သည်။ သူ့အိမ်မှာ ဆွေးနွေးကြ၏။ သူတို့ပါတီက မြေပိုင်ရှင်ဆန့်ကျင်ရေးဆန္ဒပြပွဲလုပ်မည်ဟု ဆိုသည်။ မြေယာပြဿနာနှင့် ပတ်သက်ပြီး ဆွေးနွေးကြရာ ကျော်ငြိမ်းသည် တိုးတက်သော အမြင်များရှိသည်ကို တွေ့ရသဖြင့် ကျွန်တော်များစွာဝမ်းသာသွားသည်။ ကျော်ငြိမ်းသည် လီနင်၏ (To the Rural Poor) တောနေဆင်းရဲသားများသို့ ဟူသော စာအုပ်ကိုလည်းကောင်း၊ မော်စီတုန်း၏ မြေယာပြုပြင်ရေးနှင့်ပတ်သက်သော အဆိုအမိန့်အရေးအသားများကို လည်းကောင်း ဖတ်ထားပြီးဖြစ်၏။

ကွန်မြူနစ်ပါတီနှင့် သူတို့ပါတီဈေးစပ်ဆွေးနွေးဖို့ သူ့ပါတီက စိတ်အားထက်သန်တုန်းဖြစ်ကြောင်းပြောပြီး လူချင်းခွဲကြ၏။ သူက သူ့ပါတီအလုပ်အမှုဆောင် (အစည်းအဝေး) သို့သွားသည်။ ကျွန်တော်က ကျွန်တော့အိမ်ပြန်သည်။

နောက်တစ်နေ့ ညနေတွင် ဆိုရှယ်လစ်ပါတီလူထုသည် ဗန္ဓုလပန်းခြံမှာ စည်းဝေးကြသည်။ ထိုအစည်းအဝေးမှာ ဖဆပလအစိုးရ၏ မြေယာပြုပြင်ရေးလုပ်ငန်းများကို ကန့်ကွက်နေသော နိုင်ငံလုံးဆိုင်ရာမြေပိုင်ရှင်များ ၏ ညီလာခံကို တန်ပြန်ဆန္ဒပြသော အစည်းအဝေးဖြစ်၏။ သို့ရာတွင် မကျင်စိန်မီးခွက်မှုတ်ကိစ္စကြောင့် ဒေါသူပုန်ထနေသော ဆိုရှယ်လစ် ခေါင်းဆောင်အချို့သည် သခင်တင်အား မဟုတ်မဟပ်ရေးသားခြင်းမှာ မြေပိုင်ရှင်ကိုယ်စားလှယ်တွေက တောင်သူလယ်သမားခေါင်းဆောင်အား အလဲထိုးခြင်းဖြစ်သည်။ မြေပိုင်ရှင်ကိုယ်စားလှယ်သတင်းစာတိုက်တွေကို



လက်စားချေရမည် ဟူသော အမြင်ဖြင့် လူထုအား လှုံ့ဆော်နှိုးဆွကြလေသည်။ ဆိုရှယ်လစ်ပါတီ လူထုသည် အိုးဝေ၊ ဟစ်တိုင်နှင့် စီးပွားရေးသတင်းစာတိုက်များသို့ ချီတက်သွားပြီး ပုံနှိပ်တိုက်များကို ဖျက်ဆီးပစ်လိုက်ကြလေသည်။ ကွန်မြူနစ်သတင်းစာတိုက်ကိုကား သွားမဖျက်ဆီးကြချေ။ တချို့က ကွန်မြူနစ်ကိုတော့ ကြောက်လို့ဟုပြောကြ၏။ တချို့ကမူ ကွန်မြူနစ် သတင်းစာကို မြေပိုင်ရှင်ကိုယ်စားလှယ်ဟု မယူဆသောကြောင့်ဟု ထင်မြင်ချက်ပေး၏။ သည့်ပြင်လူတွေက ဆိုရှယ်လစ်ပါတီလူထုအစည်းအဝေးကျင်းပရာ ဗန္ဓုလပန်းခြံနှင့် ကွန်မြူနစ်သတင်းစာတည်ရာ ဗားကရာမှာ ဝေးလံသောကြောင့်ဖြစ်သည်ဟု ယူဆကြလေသည်။

ဆိုရှယ်လစ်များ သတင်းစာတိုက်တွေ ဖျက်ဆီးလိုက်ခြင်းသည် ညီညွတ်ရေးအတွက် အတော်ခက်ခဲစေလေသည်။ တစ်တိုင်းပြည်လုံးအုတ်အုတ်ကျွက်ကျွက် ဖြစ်သွားလေ၏။ လူအများက ဆိုရှယ်လစ်မဟုတ်၊ ဆိုရှယ်ဖက်ဆစ်တွေဟု ခေါ်ကြ၏။ ကွန်မြူနစ်ပါတီ ကေဒါနှင့် မိတ်ဆွေတွေကြားမှာ ကျွန်တော်က သတင်းစာတိုက်များ ရိုက်ချိုးခြင်းသည် ဖက်ဆစ်အလေ့အကျင့်တစ်ခု ဖြစ်သော်လည်း ဆိုရှယ်လစ်ပါတီ၏ အတွင်းခံသဘာဝသည် ဖက်ဆစ်မဟုတ်။ ဆိုရှယ်လစ်ပါတီ၏ ဝါဒသည် ဖက်ဆစ်ဝါဒမဟုတ်။ အခြေအနေအမျိုးမျိုးကြောင့် မတော်တဆပေါ်လာသော ဖက်ဆစ်အလေ့အကျင့်သာဖြစ်သည်ဟု ရှင်းပြ၏။

သို့သော် ကျွန်တော့လို ခွဲခွဲခြားခြားကြည့်သူ ရှားသည်။ ဆိုရှယ်လစ်တွေဟာ ဖက်ဆစ်ဖြစ်တယ်ဟုဆိုပြီး ဂျပန်ကိုဘိုက်သလို ကိုက်ချင်သူတွေသာ များနေလေသည်။ အဖျက်အဆီးခံရသော သတင်းစာတိုက်များသို့ ကျွန်တော်သွားကြည့်သည်။ သတင်းမေးမြန်းစုံစမ်းသည်။ အားလုံး ဒေါသူပုန်ထနေကြ၏။ ကျော်ငြိမ်းအား နာမည်ထုတ်ဆဲကြ၏။ ဒါတွေကျော်ငြိမ်းအကြံတွေပဲဟု ဆိုကြ၏။

မတ်လ ၁၅ရက်နေ့တွင် ဆိုရှယ်လစ်ပါတီသည် မြေပိုင်ရှင်ဆန့်ကျင်ရေးဆန္ဒပြပွဲတစ်ခု သက်သက်ထပ်လုပ်၏။ သို့ရာတွင် သတင်းစာတိုက်များ ရိုက်ချိုးသိုက်ခြင်းကြောင့် ပြည်သူလူထု၏ ဒေါသမြားဦးသည် မြေပိုင်ရှင်များထံ မလှည့်တော့ဘဲ ဆိုရှယ်လစ်များပေါ်မှာသာ လှည့်နေလေတော့သည်။

ထိုအချိန်တွင် ကွန်မြူနစ်ပါတီသည် ဂိုရှယ်လမ်းစဉ်ကို လက်ခံပြီး ကျင့်သုံးနေပြီဖြစ်ရာ လူထု၏ဆိုရှယ်လစ်မုန်းတီးရေးအရှိန်ဖြင့် ဂိုရှယ်လမ်းစဉ် လွန်စွာအောင်မြင်နေ၏။ ရန်ကုန်မြို့ပေါ်တွင် အလုပ်သမားသပိတ် များဖြစ်ပွားလျက် ရှိသည်။ ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုလူကြီး ဂိုရှယ် သည် အလုပ်သမားသမဂ္ဂများကို ခေါင်းဆောင်မှုပေးရန် ရန်ကုန်မှာ နေရစ်ခဲ့၍ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းသည် ပျဉ်းမနားတောင်သူလယ်သမားညီလာခံသို့ သွားလေသည်။ တောင်သူလယ်သမားလူတန်းစားကို ခေါင်းဆောင်ရန် ဖြစ်လေသည်။

ဂိုရှယ်၏စီမံကိန်းအရဆိုသော် ယခုစတင်လိုက်သော အလုပ်သမားသပိတ်များသည် တဖြည်းဖြည်းအထွေထွေသပိတ်ကြီးသို့ ရောက်သွားလိမ့်မည်။

တောင်သူလယ်သမားလူတန်းစားသည် ပျဉ်းမနားညီလာခံမှ ညွှန်ကြားချက်များခံယူပြီး တိုက်ပွဲများဆင်နွှဲကြရာ တောင်သူလယ်သမားပုန်ကန်မှုများသို့ ရောက်သွားလိမ့်မည်။ နှစ်လကျော်ကျော် သုံးလအကြာတွင် ပြည့်စုံသော လက်နက်ကိုင်လူထုတော်လှန်ရေးကြီး ဖြစ်လိမ့်မည်။ ဤကားအချိန်၏ ဇယားနှင့်သွတ်သွင်း ဖန်တီးထားသော ဂိုရှယ်၏ တော်လှန်ရေးဖြစ်၏။

ထိုအချိန်တွင် ကျော်ငြိမ်းသည် မဈေးစေချင်သော ပဋိသန္ဓေသားကို



ဖျက်ချရမည်ဟူသော ဆောင်ပုဒ်အတိုင်းကျင့်သုံးရန် တစ်ဖက်ကပြင်ဆင်နေပြီဖြစ်၏။

ဆိုရှယ်လစ်များသည်လည်း ကမ္ဘာ့ကွန်မြူနစ်စာပေများကို အတော်အကန်ဖတ်ထားကြသူများဖြစ်ရာ ကွန်မြူနစ်ပါတီခေါင်းဆောင်သော အလုပ်သမားအထွေထွေသပိတ်များနှင့် တောင်သူလယ်သမားတိုက်ပွဲများသည် ဘယ်သို့ဦးတည်နေသည်ကို ရိပ်မိကြပြီးဖြစ်လေသည်။ ဂိုရှယ်၏စစ်တမ်းကြီးကလည်း လက်ဆုပ်လက်ကိုင်သက်သေရှိနေပေပြီ။

ထိုအချိန်တွင် ကျွန်တော်သည် 'ဒီမိုကရေစီ တော်လှန်ရေးအတွက် အမျိုးသားညီညွတ်ရေးမဏ္ဍိုင်ဖြစ်သော လက်ဝဲညီညွတ်ရေး' ဟူသော စစ်တမ်းကို ရေးပြီးပြီ။ ပါတီအပြင်ထွက်ပြီး ဂိုရှယ်၏ပြည်တွင်းစစ်လမ်းစဉ်ကို တိုက်မှဖြစ်တော့မည်။ ပါတီထဲမှာ ဘာမျှလုပ်ပိုင်ခွင့်မရှိဘဲ ငုတ်တုတ်ထိုင်နေလျှင် ပြည်တွင်းစစ်ကြားမှာ ညှပ်ပြီးဒုက္ခရောက်မည်ဟု နားလည်လိုက်ပေသည်။

ပြည်သူ့ရဲဘော်အလုပ်အမှုဆောင်များအား ကျွန်တော့အိမ်ဖိတ်ပြီး အဆိုပါကျွန်တော့စစ်တမ်းကို တင်ပြသည်။ သူတို့ကလည်း 'လာနေသော' ပြည်တွင်းစစ်ကို တားဆီးလိုကြသဖြင့် ကျွန်တော့စစ်တမ်းကို ထောက်ခံကြသည်။ ပြည်တွင်းစစ်တားဆီးရေးကို သူတို့လည်း လုပ်ကြမည်ဟု ဆိုလေသည်။ ဗိုလ်လကျာအားလည်း ကျွန်တော်စစ်တမ်းတင်ပြသည်။ သူကလည်း ပြည်တွင်းစစ်တားဆီးရေးအတွက် အားပေးမည်ဟု ဆိုလေသည်။

ထိုအချိန်တွင် တိုင်းပြုပြည်ပြုလွှတ်တော်ဟာယီပါလီမန်၌ ကွန်မြူနစ်ပါတီနှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးပြောဆိုရန် အမတ်အချို့က တိုက်တွန်းကြသည်။ ဖဆပလအစိုးရသည် ဗိုလ်လကျာ၊ ဗိုလ်ဖိုးကွန်းနှင့် ဆမားဒူးဝါးဆင်ဝါးနောင်တို့ပါဝင်သော ကွန်မြူနစ်နှင့် စေ့စပ်ရေးကော်မတီ ခန့်လိုက်လေသည်။

ဗိုလ်လက်ျာသည် ကွန်မြူနစ်ပါတီ၏ သခင်သန်းထွန်းစသော ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးလိုကြောင်း အကြိမ်ကြိမ်ခွင့်တောင်းလေသည်။ ကျော်ငြိမ်းက တွေ့ရန်ခွင့်တောင်းစဉ်ကကဲ့သို့ပင် သခင်သန်းထွန်းသည် စကားမပြန်ချေ။ သူတို့ဗဟိုကော်မတီ အလုပ်များနေကြသည်။ သူတို့လမ်းစဉ်မပြီးပြတ်သေး။ ဆွေးနွေးဆဲဖြစ်သည်။ လွတ်လပ်ရေး စစ်သလား၊ မစစ်ဘူးလား။ ဖဆပလသည် တိုင်းရင်းသား အရင်းရှင်လား။ တိုင်းရင်းသား အရင်းရှင်သည် နယ်ချဲ့သမားနှင့် အဆုံးသတ်ပူးပေါင်းသွားသည်လော။ မသွားသေးဘူးလော။ သို့ရာတွင် သူတို့ဗဟိုကော်မတီထဲ ဘေးက ဘယ်သူမျှ ဘာဖြစ်နေသည်ကို ဘာမျှမသိ။ ဘေးက သိသည်မှာ ကွန်မြူနစ်များက အတွေ့မခံဟူသောအချက်နှင့် သခင်သန်းထွန်းနှင့် အခြားခေါင်းဆောင်များ၏ ကြုံးဝါးသံများသာဖြစ်လေသည်။ 'အေးအေး နေချင်တဲ့ သခင်နု ကြံတောသင်းချိုင်းသွားနေပါ''ဗားကရာချောက် ဆိုရှယ်လစ်အရိုးနှင့် ဖို့မည်''မျက်ကန်းမျိုးချစ် ပြည်သူ့ရဲဘော်တွေက ဘာနားလည်လို့ ကြားကဖျန်ဖြေရတာတုံး' ထိုကဲ့သို့သော အပြောအဟောများအပြင် လက်တွေ့အလုပ်သမားသပိတ်တွေ၊ တောင်သူလယ်သမားတိုက်ပွဲတွေလည်း ရှိသေးသည်။

ကျော်ငြိမ်းသည် မမွေးစေချင်သော သားကိုဖျက်ပစ်ရန် ဆုံးဖြတ်လိုက်လေသည်။ တစ်ပြည်လုံးရှိ ကွန်မြူနစ်ခေါင်းဆောင်များဖမ်းရန် ဆုံးဖြတ်လိုက်လေသည်။ စောစောက ဂိုရှယ်တစ်ယောက်တည်း ဖမ်းထားလိုက်ရန် ကြောက်ရွံ့နေခဲ့သေး၏။ ယခုတော့ တစ်ပြည်လုံးဖမ်းပွဲစလေပြီ။ တပ်မတော်ထဲမှ ဗိုလ်သက်ထွန်းက ဖမ်းမည့်အကြောင်း သခင်သန်းထွန်းအား သတင်းပေးလိုက်သဖြင့်သာ ဗဟိုခေါင်းဆောင်များ လွတ်ထွက်သွားခြင်းဖြစ်လေသည်။

ပြည်တွင်းစစ် စလေပြီ။

ဂိုရှယ်၏ ဇယားအတိုင်း ဇူလိုင်၊ ဩဂုတ်လတွင် မဖြစ်။ မတ်လ



၂၈ရက်နေ့မှဖြစ်၏။ လျှောကျသော သားကား ကျော်ငြိမ်းလိုချင်သလို အသေလုံးလုံးလည်း မဟုတ်ချေ။

ကျွန်တော့တောင်းဆိုချက်ကို ကျော်ငြိမ်းလိုက်လျောသောအရာတစ်ခုရှိသည်။ ဗမာပြည်ကွန်မြူနစ်ပါတီအား မတရားသင်း မကြေညာဘဲ ထားရန်ဖြစ်၏။ လက်နက်ကိုင်ပုန်ကန်မှုနှင့် ပြည်တွင်းစစ်လမ်းစဉ်ကိုသာ ဆန့်ကျင်ပြီး ကွန်မြူနစ်ပါတီကို ဖျက်ဆီးပစ်ရန် မကြံရွယ်ကြောင်းပြရန် ဖြစ်လေသည်။ ဖဆပလအစိုးရသည် ကွန်မြူနစ်ပါတီကို သူပုန်စထသော ၁၉၄၈ခုနှစ်မှသာ ကြေညာခြင်းဖြစ်လေသည်။

ဆိုရှယ်လစ်ပါတီတွင်းမှာ အယူအဆနှစ်မျိုးရှိလေသည်။ တစ်မျိုးမှာ ကွန်မြူနစ်နှင့် ပြည်သူ့ရဲဘော်များကို ပြတ်ပြတ်စဲစဲတိုက်ပစ်ရန်ဖြစ်၏။ ကွန်မြူနစ်ပါတီမှာ လက်နက်ကိုင်ပုန်ကန်နေပြီဖြစ်၍ ပြတ်ပြတ်သားသားတိုက်မပစ်ဘဲနှင့် မဖြစ်တော့ချေ။ ပြည်သူ့ရဲဘော်အဖွဲ့သည် ကွန်မြူနစ်များအား တိုက်ခိုက်ရေးတွင် ကာဆီး ကာဆီးလုပ်နေသည်။ ကွန်မြူနစ်ပါတီ၏ ကိုယ်စားလှယ်သဘောပင် ဖြစ်နေသည်။ ထို့ကြောင့် ပြည်သူ့ရဲဘော်အဖွဲ့ကိုပါ တိုက်ခိုက်ပစ်ရမည်။ အခြားအယူအဆမှာကား ပြည်သူ့ရဲဘော်အဖွဲ့သည် ပြည်တွင်းစစ်ကိုမလိုလား။ ငါတို့ကလည်း ပြည်တွင်းစစ်မလိုလား။ ပြည်သူ့ရဲဘော်အဖွဲ့သည် ကွန်မြူနစ်ပါတီနှင့် ဖဆပလအချင်းချင်း သွေးထွက်သံယိုတိုက်ခိုက်နေခြင်းငှာ မသင့်။ ပူးပေါင်းဆောင်ရွက်သင့်သည်သာ ဖြစ်နေသည်ဟု ထင်နေသည်။ ထို့ကြောင့် ကွန်မြူနစ်ပါတီနှင့် ပြည်သူ့ရဲဘော်အဖွဲ့တို့အား ချေမှုန်းပစ်ရေးမလုပ်ဘဲ ညှိနှိုင်းရေးလုပ်ရမည်။ ထိုအယူအဆနှစ်မျိုးတွင် ဒုတိယအယူအဆသည် ဆိုရှယ်လစ်ပါတီတွင်းမှာ အပေါ်စီးရနေ၏။ ကျော်ငြိမ်းကား ပထမအယူအဆတွင် အနိုင်အမာရပ်တည်စပြုလေပြီ။ ထို့ကြောင့် အဖမ်းအဆီး အတိုက်အခိုက်တွင် ပြတ်သား၏။ သခင်သန်းထွန်းတို့ ခေါင်းဆောင်ပိုင်းလွတ်ထွက်သွား

သည်ကို မခံမရပ်နိုင်ဖြစ်၏။ 'မလိုချင်သောသားကို ဖျက်ချရမည်'ဟူသော သူ့ဆူဖြင့် ကွန်မြူနစ်ကော်လှန်ရေး အဓိသမွေးချအောင် လုပ်ခဲ့သော်လည်း အူဝဲသံဖြင့်မွေးလာခြင်းကြောင့် ဒေါ်ဖောင်းနေသည်။ သူသည် 'အပြစ်မဲ့သော လူတစ်ရာဖမ်းချင်ဖမ်းရပါစေ။ အပြစ်ရှိသောလူ သန်းထွန်း ကွန်မြူနစ် တစ်ယောက် မလွတ်စေနှင့်'ဟူသော ဆောင်ပုဒ်ကိုဆောင်လာ၏။

ပုဒ်မ ၅နှင့်ဖမ်းစရာရှိလျှင် ရာဇဝတ်အုပ်အထိ အာဏာပေးလိုက်၏။ လွှတ်စရာရှိလျှင်ကား ဝန်ကြီးကိုယ်တိုင်ဖိုင်တွဲကိုင်စစ်ဆေးပြီးမှ လွှတ်သေသည်။ ကျွန်တော်က သူ့အား ဤအချက်များအတွက် ဝေဖန်သည်။ မရချေ။

အဖမ်းတွေများသောအခါ ကြားကအပြစ်မဲ့လူထုနှင့် ပြည်သူ့ရဲဘော်များပါ ထိကြလေသည်။ ဆိုရှယ်လစ်ပြည်သူ့ရဲဘော်ပဋိပက္ခသည် ပြင်းထန်လာ၏။ ပြည်သူ့ရဲဘော်တို့၏ အသည်းနှလုံးသည် ဖဆပလထဲမှာ တစ်ဖွဲ့တည်းနေရသော ဆိုရှယ်လစ်များနှင့် သိပ်မရှိတော့ဘဲ ဖဆပလအစိုးရအား သူပုန်ထနေသော ကွန်မြူနစ်များနှင့် ပိုရှိနေပေတော့သည်။

ထိုအချိန်တွင် လက်ဝဲညီညွတ်ရေးရှိဖို့ လိုသည်၊ ဆိုရှယ်လစ်ပြည်သူ့ရဲဘော်ညီညွတ်ဖို့ လိုသည်ဟူသော နိုင်ငံရေးအသိကလည်း အားကောင်းနေသေးရာ တစ်ဖက်နှင့်တစ်ဖက် မုန်းတိုင်း၊ ထချလိုစိတ်ရှိတိုင်း စိတ်ရှိသလို မလုပ်ဖြစ်ကြသေးချေ။

၁၉၄၈ ဧပြီလ ၁၂ရက်နေ့တွင် သခင်နုအိမ်၌ ဗိုလ်လကျာ၊ ဗိုလ်မှူးအောင်၊ ဗိုလ်စိန်မှန်၊ ကျော်ငြိမ်း၊ ဗဆွေ၊ ကိုအုန်းနှင့် ကျွန်တော်တို့ အခြေအနေအရပ်ရပ်ကို ဆွေးနွေးကြသည်။ လက်ဝဲညီညွတ်ရေးရအောင်လုပ်ဖို့ ဆုံးဖြတ်ကြ၏။ လုပ်ရာ၌ နယ်ချဲ့စနစ်၏ ရေသောက်မြစ်နှစ်ခုဖြစ်သော မြေရှင်စနစ်နှင့် ဗြူရိုကရေစီကို ဖြတ်တောက်ဖျက်ဆီးရန် အလုပ်ဟူ လုပ်ငန်းစဉ် စပြီးလုပ်ကြရန် သဘောပေါက်ကြလေသည်။ ဆိုရှယ်လစ်ပါတီ



အလုပ်အမှုဆောင်၊ ပြည်သူ့ရဲဘော် အလုပ်အမှုဆောင်နှစ်ဖွဲ့နှင့် ကြားလူများအဖြစ်ဖြင့် သခင်နု၊ ဗိုလ်လကျာ၊ ကိုအုန်းနှင့် ကျွန်တော်တို့လေးဦး အစည်းအဝေးလုပ်ပြီး လက်ဝဲညီညွတ်ရေးရာရန် ဆုံးဖြတ်ကြလေသည်၊ ကျော်ငြိမ်းသည် အများသဘောအတိုင်းလက်ခံသည်။ သို့ရာတွင် အစည်းအဝေးလုပ်ချိန်တွင် သူမပါနိုင်တော့ချေ။ သူသည် မကျန်းမမာဖြစ်ကာ ဆေးရုံတက်ရလေသည်၊ တီဘီရောဂါဝင်နေကြောင်းတွေ့ရ၏။

ဆေးရုံတွင် ကျော်ငြိမ်းအားကျွန်တော်သွားကြည့်ရာ နယ်ချဲ့စနစ်၏ ရေသောက်မြစ်နှစ်ခုအနက် မြေရှင်စနစ်ဖျက်သိမ်းရေး၊ မြေယာဝေငှရေးတွင်သာ သူက စိတ်အားထက်သန်သည်။ ချက်ချင်းလုပ်ရမည်ဟု ဆို၏။ ဗြူရိုကရေစီအုပ်ချုပ်ရေးယန္တရားကို ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ စဉ်းစားရဦးမည်ဟု ဆို၏။ ထိုကိစ္စနှင့် ပတ်သက်သော ကျွန်တော်၏စီမံကိန်းစာတမ်းကို သူလေ့လာဦးမည် ဟုလည်းပြော၏။

ထို့နောက် ကျော်ငြိမ်းသည် မဒရပ်သို့သွား၍ ဆေးကုရလေသည်။ ဗိုလ်လကျာအား ပြည်ထဲရေးဌာနကိုလွှဲထားခဲ့လေသည်။

လက်ဝဲညီညွတ်ရေး (ဆိုရှယ်လစ် ပြည်သူ့ရဲဘော်အလုပ်အမှုဆောင်နှစ်ဖွဲ့နှင့် ကျွန်တော်တို့ကြားလူလေးဦးတို့၏) အစည်းအဝေးသည် ဧပြီလ ၂၃ရက်နေ့တွင် စသည်။ ဒီမိုကရေစီတော်လှန်ရေးအတွက် အမျိုးသားညီညွတ်ရေးမဏ္ဍိုင်လက်ဝဲညီညွတ်ရေးဆိုသော ကျွန်တော်၏ စာတမ်းကို ထည့်သွင်းစဉ်းစားကြသည်။ ရက်ပေါင်းအတော်ကြာ၏။

လက်ဝဲညီညွတ်ရေး အစည်းအဝေးမှ သဘောတူလက်ခံသော လုပ်ငန်းစဉ်မှာ အချက် ၁၅ချက်ရှိသည်။ အင်္ဂလိပ်၊ အမေရိကန်၊ ဆိုဗီယက်ယူနီယံစသော နိုင်ငံတကာနှင့်တန်းတူညီတူ နိုင်ငံရေး စီးပွားရေး ဆက်သွယ်မှုပြုရန် နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးရန်၊ အင်္ဂလိပ်အရင်းရှင်ကြီးများ ပိုင်သော လုပ်ငန်းကြီးများကို ပြည်သူပိုင်လုပ်ရန်၊ မြေယာပြည်သူပိုင်လုပ်ပြီး မြေယာ

လုပ်သားများအား ဝေငှရန်စသော အချက်များနှင့် မာ့က်စ်-လီနင်ဝါဒ လေ့လာရန် ဟူသော အချက်ဖြစ်လေသည်။

ထိုလုပ်ငန်းစဉ်များကို ဥပဒေတွင်း လက်ဝဲအင်အားစုများက ညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်ရင်း လုပ်ငန်းတူလုပ်ကြရန် တောတွင်းက လက်ဝဲအင်အားစုများအား ဥပဒေဘောင်တွင်းသို့ ဝင်လာရန် ဖိတ်ခေါ်ခြင်းဖြစ်လေသည်။ သို့ဖြင့် ငြိမ်းချမ်းရေးရမည်ဟု ယူဆလေသည်။

အစည်းအဝေး နောက်ဆုံးပိတ်ရက်တွင် ပြည်သူ့ရဲဘော်အဖွဲ့က ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး မူတစ်မူ တင်လာလေသည်။ ၁၅ချက် လုပ်ငန်းစဉ်မပါ။ အချုပ်မှာ ကွန်မြူနစ်ပါတီပါ ပါဝင်သော လက်ဝဲညီညွတ်ရေး ကွန်ဖရင့် ပြန်လုပ်ရမည်။ ထိုကွန်ဖရင့်ကမှ အားလုံးသဘောတူသော လုပ်ငန်းစဉ်ထပ်မံချမှတ်မည်ဟူ၍ ဖြစ်သည်။ လက်ဝဲညီညွတ်ရေး လုပ်ငန်းစဉ်ထက် ပိုအရေးကြီးသည်မှာ ကွန်မြူနစ်ပါတီမှ ပါဝင်ဆွေးနွေးရေး ဖြစ်သည်။

ဆိုရှယ်လစ်ပါတီ၊ ပြည်သူ့ရဲဘော် ခေါင်းဆောင်တချို့နှင့် ဦးနုအပါအဝင် ကြားပုဂ္ဂိုလ်များဖြစ်သော ကျွန်တော်တို့သည် ပြည်သူ့ရဲဘော်မူကို လက်မခံနိုင်ကြချေ။

သို့ဖြင့် နု ငြိမ်းချမ်းရေးမူနှင့် ရဲဘော်ဖြူငြိမ်းချမ်းရေးမူ ကွဲလေတော့၏။ နုမူကို ဖဆပလအဖွဲ့ချုပ်အနေဖြင့် လက်ခံလိုက်လေသည်။ နောက်ဆုံးအချက် မာ့က်စ်-လီနင်ဝါဒလေ့လာရေးဆိုသည်မှာ အမျိုးသားရေးတပ်ပေါင်းစုကြီးအတွက် မဟုတ်ဘဲ လက်ဝဲသမားတွေ အတွက်သာဖြစ်သော်လည်း မှားပြီး ဖဆပလအလုပ်အမှုဆောင်က လက်ခံလိုက်ခြင်းဖြစ်လေသည်။ နောက်မှ အမှားမြင်ပြီး ထိုအချက်ကို ပြန်ရုတ်သိမ်းလိုက်လေရာ ၁၄ချက် နုငြိမ်းချမ်းရေးမူ ဖြစ်သွားလေသည်။ ထိုအခါ ရဲဘော်ဖြူများ ဖဆပလအပြင်သို့ ရောက်သွားလေ၏။



ဇူလိုင်လ ၁၃ရက်နေ့တွင် အောင်ဆန်းအားကစားကွင်း၌ လူထုအစည်းအဝေးကြီးကျင်းပပြီး ဦးနုသည် နုမူ ၁၄ချက်ကို အမျိုးသားလုပ်ငန်းစဉ်ကြီးအဖြစ်ဖြင့် ကြေညာလေသည်။ ထိုလုပ်ငန်းစဉ်ကြီး အကောင်အထည်ဖော်ရန် ဆိုရှယ်လစ်ပြည်သူ့ရဲဘော်နှင့် ကွန်မြူနစ်များ ညီညွတ်ရေးလုပ်ရမည်ဟု ဆိုကာ လက်ဝဲညီညွတ်ရေးဖိတ်ခေါ်လေသည်။

ငန်ကြီးချုပ်၏ အထက်ပါ ကြေညာချက်ကြောင့် ကမ္ဘာ့အရင်းရှင်လောကမှ သတင်းစာအချို့က မြန်မာပြည်သည် ကွန်မြူနစ်ဖြစ်သွားပြီ ဟု ရေးကြ၏။

အင်္ဂလိပ် နိုင်ငံခြားရေးဝန်ကြီး ဗီကင်ကဆိုလျှင် မြန်မာပြည်တွင် ဖြစ်ပေါ်လာသော အခြေအနေသစ်များကြောင့် မြန်မာနိုင်ငံအပေါ်ထားရှိသောဗြိတိသျှပေါ်လစီကို ပြောင်းရလိမ့်မည်ဟု ပါလီမန်မှာပြောလေသည်။ ဆာဒေါမန်စမစ်ခေါင်းဆောင်သော မြန်မာပြည်တောင်ပေါ်သားများလွတ်မြောက်ရေးကော်မတီကဆိုလျှင် "အရေးကြီးပြီ။ လွတ်မြောက်ရေးတိုက်ပွဲအတွက် အသင့်ပြင်ကြလော့"ဟု နှိုးဆော်ညွှန်ကြားချက်ထုတ်လိုက်သည်ဟု ဆိုလေသည်။

ကျော်ငြိမ်းသည် မဒရပ်ပြည်နယ်ရှိ တီဘီဆေးရုံတစ်ရုံမှနေပြီး မြန်မာပြည်မှ သတင်းများနှင့် မြန်မာပြည်နှင့်ပတ်သက်သော သတင်းများကို နားစွင့်နေလေသည်။ ရေဒီယိုနားထောင်သည်။ သတင်းစာတွေဖတ်သည်။

"ဟာ.... ငါမရှိတုန်း ငါ့တိုင်းပြည် ဘယ်လိုဖြစ်ကုန်ပြီလဲ။ တို့ပါတီရော၊ သခင်နုရော ကွန်မြူနစ်တွေ ဖြစ်ကုန်ပြီလား။ တို့ တိုင်းပြည်ကွန်မြူနစ်ဖြစ်သွားတော့မှာလား။ စိတ်ပူတာပေါ့ကွာ။ ဒါနဲ့ငါ ဗိုလ်လကျ်ာဆီ လှမ်းကြေးနန်းရိုက်တယ်။ ငါပြန်ခဲ့ရင် မကောင်းဘူးလားလို့၊ ဗိုလ်လကျ်ာလည်း ပြန်ခဲ့တာပေါ့လို့ ကြေးနန်းပြန်တယ်။ ဒါကြောင့် ငါပြန်ရောက်လာတာပဲ"ဟု ရန်ကုန်ဆေးရုံကြီးပြန်ရောက်လာသော ကျော်ငြိမ်းက လူမမာကြည့်

သွားသူ ကျွန်တော့အား ပြောပြလေသည်။

ကျွန်တော်က ပြုံးနေသည်။ ကျွန်တော်ပြုံးတာကို ကျော်ငြိမ်းက အဓိပ္ပာယ်တစ်မျိုးကောက်ဟန်ရှိသည်။

ကျော်ငြိမ်း ......

"ဟော့ကောင်၊ ငါမရှိတုန်း မင်းငါ့ပါတီ ဘာတွေလုပ်လိုက်သလဲ။ ကွန်မြူနစ်ဖြစ်ကုန်ပြီ"

ကျွန်တော် .....

"ဟဲ ဟဲ ဆိုရှယ်လစ်ပါတီဟာ ဆိုရှယ်လစ်ပါတီပါပဲ။ နေပါဦး။ မင်းပြန်လာတာကတော့ ဟုတ်ပါရဲ့၊ မင်းရောဂါကကော ဘယ်လိုဖြစ်နေသလဲ"

"မင်းကတော့ ငါ့ကိုသေစေချင်မှာပဲ သိန်းဖေရာ"

"အတည်မေးနေတာကွ"

"ဟိုရောက် ခဏကြာတော့ ပျောက်သလောက်ဖြစ်သွားတာပဲ၊ ခုဒီမှာ ဆေးဆက်ထိုးချင်လို့ ဆေးရုံဆက်တက်တာပါ။ ဆိုစမ်းပါဦး၊ ငါမရှိတုန်း တိုင်းပြည် ဘာတွေများဖြစ်နေရစ်သတုံး"

ကျွန်တော်က သူမဒရပ်သွားပြီးနောက် ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော် အလုပ်အမှုဆောင်နှစ်ဖွဲ့၊ ကြားပုဂ္ဂိုလ်လေးဦး၊ လက်ဝဲညီညွတ်ရေး အစည်းအဝေးလုပ်ပုံမှစပြီး နောက်ဆုံး ဖဆပလနှင့် ရဲဘော်ဖြူ ကွဲပုံအထိရှင်းပြလေသည်။

ကျော်ငြိမ်း–

"ပြည်သူ့ရဲဘော်တွေဟာ တစ်နေ့တိုင်းပြည်အန္တရာယ်တစ်ခုဖြစ်မယ်ဆိုတာ ဖွဲ့စကတည်းက ငါထင်ခဲ့တာ။ ခုမှန်နေတာပဲ။ ခုသူတို့ဟာ မြေပေါ်ကွန်မြူနစ်ကိုယ်စားလှယ်တွေ ဖြစ်နေပြီ။ ကြည့်ပါလား။ ခု ကွန်မြူနစ်ပါတီမပါရလို့ ဒီ ၁၅ချက်လုပ်ငန်းစဉ်လက်မခံဘူးဆိုတယ်။ ကောင်းပါတယ်လေ၊ သူတို့ပါ ၁၅ချက်လက်ခံပြီး ညီညီညွတ်ညွတ်လုပ်ရင် တိုင်းပြည်ကွန်မြူနစ်ဖြစ်သွားမယ်။ ခုတော့ ကောင်းတာပေါ့။ ငါကြိုက်ပါတယ်။ ဟဲ ဟဲ"



နောက်မကြာမီ ကျော်ငြိမ်းသည် ဆေးရုံမှဆင်းပြီး ပြည်ထဲရေးဌာန ဆက်ကိုင်လေသည်။ 'ပြည်သူ့ရဲဘော်တော်လှန်ရေးသားကို ဖျက်ချရန်' လုပ်ပြန်လေသည်။

ပြည်သူ့ရဲဘော် တော်လှန်ရေးသားကို ဖျက်ချရာ၌ အဖမ်းအဆီးသည် အရေးကြီးဆုံးအလုပ် မဟုတ်တော့ချေ။ ပြည်သူ့ရဲဘော်များသည် သောင်းကျန်းမှု နှိမ်နင်းရေးတပ်၊ ကာကွယ်ရေးတပ် စသည်ဖြင့် လက်နက်ကိုင်အဖွဲ့အစည်းတွင် အားကြီးသည်။

ပြည်သူ့ရဲဘော်များ တောခိုလျှင် ကွန်မြူနစ်ထက် လက်နက်ကိုင် အင်အားပိုအားကြီးသွားမည်ကို ကျော်ငြိမ်းသိလေသည်။ ထို့ကြောင့် ကျော်ငြိမ်းသည် ပြည်သူ့ရဲဘော်များလက်ထဲမှ လက်နက်များကိုသိမ်းရန် ကြိုးစားလေသည်။

ကရင်များကလည်း လှုပ်လှုပ်နှင့်နေ၏။ 'ကရင်တစ်ကျပ်၊ ဗမာတစ်ကျပ်' ဟူသော ကြွေးကြော်သံက ပဲ့တင်ခတ်လျက်ရှိ၏။ စောဘဦးကြီး ခေါင်းဆောင်သော ကေအင်ယူအဖွဲ့မှ ဖဆပလအစိုးရ၏ မြေယာပြုပြင်ရေးကို ဆန့်ကျင်သောအားဖြင့် ကရင်လယ်ယာများတွင် ကရင်အလံလွှင့်ထူကာ 'ကရင်လယ်ယာ မသိမ်းနဲ့' ဟူသော ဆန္ဒပြပွဲများလုပ်လေသည်။ တောခိုသည့် ကရင်က ခိုစပြုလေပြီ။

သခင်နုက လွတ်လပ်ရေးရပြီးလျှင် ဝန်ကြီးချုပ်ရာထူးမှ ထွက်မည်ဟု ကြေညာထားသည့်အတိုင်း ထွက်ရန်စီစဉ်နေလေသည်။ ဗိုလ်လကျာ်အား သူ့နေရာတွင်ထားရန်နှင့် သူက ဖဆပလ ဥက္ကဋ္ဌအဖြစ်ဖြင့် နေရန်ဖြစ်၏။

ထိုအတွင်း အရေးကြီးသော တောင်းဆိုချက်တစ်ခုကို အစိုးရအုပ်ချုပ်

ရေး ယန္တရားထိပ်ပိုင်းမှ ပြုလုပ်လိုက်လေသည်။ ကာကွယ်ရေးဝန်ကြီး ဗိုလ်ကျော်၊ မြန်မာ့တပ်မတော် စစ်ဦးစီးချုပ် ကရင်အမျိုးသား စမစ်ဒွန်း၊ ရဲဗိုလ်ချုပ် ဦးထွန်းလှအောင်၊ ပြည်ထဲရေးအတွင်းဝန် ဦးကာစီ စသောသူများပါဝင်သည့် နိုင်ငံတော်လုံခြုံရေးကောင်စီက ဦးနုအား ဆိုရှယ်လစ်နှင့် ပြည်သူ့ရဲဘော်မပါသော အိမ်စောင့်(ဝါ) နိုင်ငံတော်စောင့်အစိုးရဖွဲ့ပေးရန် တောင်းဆိုကြောင်းဟု ဆုံးဖြတ်လိုက်လေသည်။ သူတို့သည် ကွန်မြူနစ်သူပုန်ထခြင်းနှင့်ကရင်သူပုန်များထရန် လှုပ်လှုပ်ရွရွဖြစ်နေခြင်းမှာ ဆိုရှယ်လစ်များအား မုန်း၍ဖြစ်သည်။ အစိုးရတွင် ပါတီသမားတွေမပါလျှင် အေးသွားလိမ့်မည်ဟု အကြောင်းပြကြသည်။

ကျော်ငြိမ်းအပါအဝင်ဖြစ်သော ကျွန်တော်တို့တစ်တွေက ဤလုံခြုံရေးကောင်စီဆုံးဖြတ်ချက်မှာ တိုင်းပြု ပြည်ပြုလွှတ်တော် ယာယီပါလီမန်ကို ဘေးဖယ်ပြီး စစ်တပ်၊ ပုလိပ်နှင့် အုပ်ချုပ်ရေးအရာရှိကြီးများက အာဏာသိမ်းရန် ကြံခြင်းသာဖြစ်သည်ဟု ယူဆကြသည်။

မိတ္ထီလာတွင် တပ်မှူးများညီလာခံနှင့် ပုလိပ်အရာရှိကြီးများ ညီလာခံကျင်းပလေသည်။ ထိုညီလာခံများ၌ ဗိုလ်ချုပ်စမစ်ဒွန်းနှင့် ဦးထွန်းလှအောင်တို့သည် အထက်ဖော်ပြပါလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အရ ပြောဆိုလုပ်ကိုင်ပြင်ဆင်ကြသည်ဟု ကျော်ငြိမ်းသည် ခရိုင်ဝန်၊ ရဲဝန်အချို့ထံမှ သတင်းရလေသည်။ ဤကိစ္စမျိုးတွင် နိုင်ငံခြားရေးဝန်ကြီးဌာနသည် အရေးကြီးသည်။ နိုင်ငံခြားရေးဝန်ကြီး ဦးတင်ထွတ်သည်လည်း လုံခြုံရေးကောင်စီနှင့် တစ်သဘောတည်းဖြစ်နေသည်ဟု သိကြရ၏။

စစ်တပ်ထဲတွင် အင်္ဂလိပ် စစ်မစ်ရှင်၏ခေါင်းဆောင်တစ်ဦးရှိနေရာ ထိုသူသည် သြဇာပေးနေသည်ဟု ကျွန်တော်တို့ မသင်္ကာဖြစ်ကြသည်။

မြန်မာ့တပ်မတော်တွင် ကရင်သေနာပတိရှိရုံမက ကရင်တပ်တွေ၊ အရာရှိတွေက များသည်။ စစ်ပုလိပ်မှာ ကရင်လုံးဝလွှမ်းနေသည်။



အင်္ဂလိပ်များကလည်း ကရင်များအား အားပေးအားမြှောက်ပြုနေသည်။ ထို့ကြောင့် နယ်ချဲ့လုပ်ကြံမှုများ အောင်မြင်သွားနိုင်သည်။ ကျွန်တော်တို့သည် ထိုအန္တရာယ်များကို တားဆီးရန် ညီညွတ်ရေးထပ်လုပ်ကြသည်။

လက်ဝဲညီညွတ်ရေးကောင်စီဟု ဖွဲ့လိုက်သည်။ ဗိုလ်နေဝင်းက ဥက္ကဋ္ဌ၊ ကျွန်တော်က အတွင်းရေးမှူးဖြစ်၏။ ဆိုရှယ်လစ်ပြည်သူ့ရဲဘော်၊ ပြည်တွင်းစစ်ဆန့်ကျင်သော ကွန်မြူနစ်နှင့် တပ်တွင်းလက်ဝဲအင်အားစုမှ ကိုယ်စားလှယ်များပါဝင်ဖွဲ့စည်းထား၏။ ကျော်ငြိမ်းသည် ဆိုရှယ်လစ်ပါတီကိုယ်စားလှယ်အဖြစ်ဖြင့် ဤကောင်စီမှာ ရုံဖန်ရံခါသာ တက်သည်။ သို့ရာတွင် များသောအားဖြင့် သူသည် ပြည်ထဲရေးဝန်ကြီးအဖြစ်ဖြင့် အလုပ်များနေသောကြောင့် ဗဆွေနှင့် လှမောင် (ယခုသံအမတ်) တို့တက်ကြသည်။

‘ပျက်သွားသော ‘နှ’မှုကို ပြင်ကောက်ကြ၏။ ပြင်ဆင်တန်တာ ပြင်၊ တိုးချဲ့သင့်တာ တိုးချဲ့ကြ၏။ ယေဘုယျလက်ဝဲလုပ်ငန်းစဉ်အခြေခံ၍ ဆိုရှယ်လစ်၊ ကွန်မြူနစ်၊ ပြည်သူ့ရဲဘော်ညီညွတ်ရေးလုပ်ကြမည်။ လောလောဆယ်အားဖြင့် လုံခြုံရေးကောင်စီ၏ပါတီဝင်တွေ မပါသော အိမ်စောင့်အစိုးရဖွဲ့စည်းရန် အကြံအစည်ကို တိုက်ဖျက်ရန်၊ ဦးနု ဆက်ပြီး ဝန်ကြီးချုပ်လုပ်ရန်၊ မလုပ်လိုက ဗိုလ်လက်ျာလုပ်ရန်၊ ဗိုလ်နေဝင်းအား ကာကွယ်ရေးဝန်ကြီးခန့်ရန်၊ ဦးတင်ထွတ်အား နိုင်ငံခြားရေးဝန်ကြီးနေရာမှ ဖယ်ရှားပြီး ဦးအုန်း၊ သို့မဟုတ် ကျွန်တော်တို့ လက်ဝဲညီညွတ်ရေးကောင်စီမှ ရွေးချယ်သူတစ်ဦးဦးအားခန့်ရန် ဆုံးဖြတ်ကြလေသည်။

အာဏာနှင့်ပတ်သက်၍ ထိုစဉ်က အဓိက ပဋိပက္ခမှာ လုံခြုံရေးကောင်စီက ဆိုရှယ်လစ်နှင့် ပြည်သူ့ရဲဘော်ပါတီဝင်များမပါသော အိမ်စောင့်အစိုးရ ဖွဲ့စည်းရေးလုံးပန်းကြလျက် လက်ဝဲညီညွတ်ရေး ကောင်စီက ဦးနုအစိုးရတွင် သို့မဟုတ် ဗိုလ်လက်ျာအစိုးရတွင် ကာကွယ်ရေး၊ ပြည်ထဲ

ရေးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနများကို ကျွန်တော်တို့ဘက်မှ သိမ်းယူရန် လုံးပန်းကြပေသည်။

လက်ဝဲညီညွတ်ရေးကောင်စီမှ ဤရွေ့ ဤမျှ ညီညွတ်သော်လည်း မညီညွတ်သော ကိစ္စများရှိနေသေးသည်။ အချို့က လက်ယာဘက်မှ အန္တရာယ်ကိုအပြတ်အသတ်တိုက်လိုသည့်နည်းအတိုင်း ကွန်မြူနစ်ကို အပြတ်အသတ်တိုက်လိုသည်။ အချို့က လက်ယာအန္တရာယ်ကိုသာ ဦးတည်တိုက်ဖျက်လိုပြီး ကွန်မြူနစ်နှင့် မရရသည့်နည်းဖြင့် စေ့စပ်လိုသည်။ အန္တရာယ်အလေးပေးပုံချင်း မတူကြချေ။ လက်ယာအန္တရာယ်ကို တိုက်ဖျက်ရာ၌ ပါလီမန်တွင်းမှာ အုပ်ချုပ်ရေးယန္တရားထဲမှာ ရနိုင်သော နည်းလမ်းများဖြင့်သာ တိုက်ဖျက်လိုသူရှိသလို၊ ပါလီမန် အပနည်းနှင့် လက်နက်ကိုင်တော်လှန်ပြောင်းလဲနည်းကို ပိုစိတ်အားထက်သန်နေသူရှိသည်။ နည်းလမ်းနှစ်မျိုးအပေါ်အလေးပေးပုံချင်း မတူကြချေ။ ထို့ကြောင့် ညီညွတ်ရေးမှာ မခိုင်မာခြင်းဖြစ်သည်။

ထိုစဉ်က ထောင်ထဲရှိနေသော ဗိုလ်သိန်းဒန်၊ ဗိုလ်အောင်မင်း စသော ကွန်မြူနစ်များအား လက်ဝဲညီညွတ်ရေးကောင်စီဆုံးဖြတ်ချက်အရ ပြည်ထဲရေးဝန်ကြီး ကျော်ငြိမ်းက လွှတ်ပစ်ခဲ့၏။

သူတို့အား တောတွင်းရှိ သခင်သန်းထွန်းတို့ထံသွားပြီး တွေ့ဆုံဆွေးနွေးရေးလုပ်ရန် လွှတ်ကြလေသည်။ ကျော်ငြိမ်းသည် အများဆုံးဖြတ်ချက်ကြောင့် လည်းကောင်း၊ လက်ယာအန္တရာယ်ကို တိုက်ဖျက်ရန် စိတ်အားထက်သန်နေသဖြင့် လည်းကောင်း၊ ဤကိစ္စများကို သဘောတူခြင်းဖြစ်လေသည်။ သူကိုယ်တိုင်ကား လက်ယာအန္တရာယ်ရော၊ လက်ဝဲကွန်မြူနစ်ရော အပြတ်တိုက်ပစ်လိုက်လိုသည်။ အာဏာပဋိပက္ခတွင်လည်း ပါလီမန်တွင်းမှာ လည်းကောင်း၊ အုပ်ချုပ်ရေးယန္တရားထဲမှာ လည်းကောင်း၊ ကိုယ့်အင်အားစုစည်းပြီး အနိုင်တိုက်လိုသည်။ အခြားနည်းလမ်းများကို မယုံ



ကြည်ချေ။

ထိုအတွင်း လူပုဂ္ဂိုလ် ပဋိပက္ခများကလည်း အပေါ်ယံတက်လာလေ၏။ စစ်ဦးစီးချုပ် ဗိုလ်ချုပ် စမစ်ဒွန်းနှင့် ဒုဝန်ကြီးချုပ် ဗိုလ်လကျ်ာတို့က ဗိုလ်နေဝင်းအား ကာကွယ်ရေးဝန်ကြီးအဖြစ်ဖြင့် လက်မခံနိုင်ဟု ဆိုကြလေသည်။ ကြားထဲတွင် ဗိုလ်ဇေယျ (ယခု တောတွင်း)က လက်ဝဲညီညွတ်ရေးကောင်စီဆုံးဖြတ်ချက်ကို ဖောက်ကာ ကျွန်တော်တို့မသိဘဲ သခင်နုထံသွား၍ စစ်တပ်က ဗိုလ်နေဝင်းအား ကာကွယ်ရေးဝန်ကြီးအဖြစ်ဖြင့် အလိုမရှိ၊ သူ့ကိုသာ အလိုရှိကြသည်။ ထို့ကြောင့် သူ့အား ကာကွယ်ရေးဝန်ကြီးခန့်ပါဟု တောင်းဆိုလေသည်။

သခင်နုသည် လက်ဝဲညီညွတ်ရေးကောင်စီ၏ ဝန်ကြီးအပြောင်းအလဲများကို လက်မခံတော့ချေ။ ဗိုလ်လကျ်ာကလည်း ကျွန်တော်တို့တောင်းဆိုသော အပြောင်းအလဲများလုပ်ရမည်ဆိုက သူသည် ဝန်ကြီးချုပ်မလုပ်နိုင်ဟုပြောကာ ငြင်းလိုက်လေသည်။

တစ်ဖက်နှင့် တစ်ဖက် မယုံကြည်မှု၊ မသင်္ကာမှုတွေ တိုးတက်များပြားလာကြလေသည်။

ရဲဘော်ဖြူ ရဲဘော်ဝါ ကွဲမှုက ပြင်းထန်နေ၏။ ဆိုရှယ်လစ်နှင့် ရဲဘော်ဖြူ ပဋိပက္ခများ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပေါ်နေ၏။

ကွန်မြူနစ်သူပုန်၊ ကရင်သူပုန် တိုက်ခိုက်သံဆူညံနေလေသည်။

ထိုအချိန်တွင် ကျွန်တော်တို့၏ လက်ဝဲညီညွတ်ရေးကောင်စီမှ အချို့သော အင်အားစုများကြားတွင် စိတ်ကူးယဉ်ဝါဒတစ်ခုပင်လာလေသည်။ လက်နက်ဖြင့် အာဏာသိမ်းလိုက်ပြီး ထိုအာဏာကိုကိုင်ကာ ငြိမ်းချမ်းရေးလုပ်ရန် ကြံစည်သောစိတ်ကူးယဉ်ဝါဒဖြစ်လေသည်။ နယ်ချဲ့လုပ်ကြံမှုများ နေ့ညမရွေး အောင်မြင်မည်ဟု နိုးရိမ်ကြသည်။ လက်ယာအန္တရာယ်နှင့် ပတ်သက်ပြီး ခေါင်းပူနေကြသည်။ လက်ဝဲညီညွတ်ရေးသည် တိုးတက်

မလာဘဲ ပြိုကွဲလာသည်ကိုသာ မြင်နေကြ၍ စိတ်မရှည်နိုင်ဖြစ်ကြရသည်။

ထို့ကြောင့် လက်ဝဲညီညွတ်ရေးကောင်စီသြဇာရှိသော လက်နက်ကိုင်တပ်များဖြင့် အာဏာသိမ်းပြီးလျှင် လက်ဝဲညီညွတ်ရေးညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် ဖြစ်လေသည်။ ထိုအစိုးရက ကွန်မြူနစ်သူပုန်များနှင့် ငြိမ်းချမ်းရေးလုပ်ပြီး သူတို့ကိုပါ အစိုးရထဲထည့်လိုက်ရန် ဖြစ်သည်။ ပါတီဝင်တွေမပါသော အစိုးရဖွဲ့စည်းရန်ကြံစည်နေကြသည့် အင်အားစုများကိုသာဦးတည်တိုက်ခိုက်ရန်နှင့် အာဏာမဲ့စေရန်ဖြစ်ပြီး ကျော်ငြိမ်းမှစပြီး သခင်သန်းထွန်းထိသာကျယ်ပြန့်သည့်လက်ဝဲအင်အားစုများကို သိမ်းသွင်းစည်းရုံးရန်နှင့် အာဏာအပ်နှင်းရန် ဖြစ်လေ၏။

အထက်ပါအကြံအစည်မှာ တပ်တွင်းမှစတင်ဖြစ်ပွားလာခဲ့ပြီး သိန်း ဒန်၊ အောင်မင်းစသော ကွန်မြူနစ်များနှင့် ပြည်သူ့ရဲဘော် (ဖြူ)များလည်း သဘောတူကြသည်။ ဆိုရှယ်လစ်အချို့လည်း ထောက်ခံကြသည်။ သူတို့က ကျွန်တော့အား သိမ်းသွင်းကြသည်။ တပ်တွင်းမှ ဗိုလ်နေဝင်းဦးစီးပြီး အာဏာသိမ်းလိမ့်မည်။ ကျွန်တော်ပါမှ ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး၊ နိုင်ငံရေးရည်ရွယ်ချက်များကို မျက်ခြည်မပြတ်ဘဲ နိုင်ငံရေးခေါင်းဆောင်မှုမှန်လိမ့်မည်ဟု ဆိုကြ၏။ ကျွန်တော်လည်း စိတ်ကူးယဉ်လိုက်လေသည်။ သူတို့၏ အာဏာသိမ်းရန် အစီအစဉ်ကို ထောက်ခံလိုက်လေသည်။ စိတ်ကူးယဉ်ကြသည့်အတိုင်း တကယ်လက်တွေ့လုပ်သောအခါ ဗိုလ်နေဝင်း မပါတော့ချေ။ ထိုအခါ ပါမည်ဆိုသော တပ်ရင်းများစွာနှင့် တပ်မှူးများစွာ မပါတော့ချေ။ နောက်ဆုံး ကျွန်တော်လည်း မပါတော့ချေ။ တပ်ရင်း ၃နှင့် အခြားတပ်စုများ တောခိုသောအခါ တပ်ရင်းမှူးဗိုလ်ရဲထွတ်မှာ မျက်ရည်စက်လက်ဖြင့် တောခိုသွားရခြင်းဖြစ်လေသည်။ ဗိုလ်ဇေယျလည်း လုံးချင်းသာ လိုက်ပါသွားရလေတော့သည်။

ထိုစဉ်က ကျွန်တော်တို့၏ စိတ်ကူးယဉ်ပုံမှာ ၁၉၃၈– ၃၉ခုနှစ်က



၁၃၀၀ပြည့်နှစ်အရေးတော်ပုံအတွင်းက ကျောင်းသားခေါင်းဆောင်များ စိတ်ကူးယဉ်ပုံနှင့် တူလေသည်။ ထိုစဉ်က နိုင်ငံရေးခေါင်းဆောင်များ မညီညွတ်နိုင်သဖြင့် ထိုခေါင်းဆောင်များအား ရန်ကုန်တက္ကသိုလ်သမဂ္ဂခန်းမထဲသို့ဖိတ်ခေါ်ကာ အခန်းပိတ်ခြောက်လုံးပြူးနှင့်တော့ပြီး ညီညွတ်ရေးလုပ်ရန် ကျောင်းသားခေါင်းဆောင်များ စိတ်ကူးယဉ်ခဲ့ကြဖူးလေသည်။

တပ်ထဲမှာ နတ်ဆာ (အီဂျစ်နိုင်ငံတွင် ဖာရောက်ဘုရင်အား ဖြုတ်ချပြီး အာဏာသိမ်းခဲ့သော ဗိုလ်ချုပ်နတ်ဆာ) တစ်ယောက်ပေါ်ခဲ့လျှင်ကား ထိုစိတ်ကူးယဉ်သည် အောင်မြင်ကောင်း အောင်မြင်ခဲ့ပေမည်။

ကျွန်တော့အနေနှင့်ကား ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလမ်းစဉ်ကို ပိုင်ပိုင်ဆုပ်ကိုင်ထားသော်လည်း ထိုလမ်းစဉ်အတွက် ကွန်မြူနစ်ပါတီ၏ ပြည်တွင်းစစ်လမ်းစဉ်မှ ခွဲထွက်ခဲ့ပြီးဖြစ်သော်လည်း၊ ပါလီမန်ဒီမိုကရေစီနည်းကို အဓိကထားခဲ့သော်လည်း ယာယီအားဖြင့် ပါလီမန်ဒီမိုကရေစီနည်းကို စွန့်လွှတ်လိုက်ခြင်းဖြစ်လေသည်။ လက်နက်နှင့် အာဏာသိမ်းသောနည်းဘက်သို့ သွေဖည်သွားခြင်းဖြစ်သည်။ ထို့ပြင် စစ်တပ်အခြေအနေကို ဘာမျှသိသူမဟုတ်ဘဲ၊ တပ်က အာဏာသိမ်းမည်ဆိုသောအကြံတွင် ပါဝင်ရန် သဘောတူခဲ့ခြင်းမှာ ကိုယ်မပိုင်သောဇာတ်ကို က ခြင်းဖြစ်လေသည်။ တစ်ညနှင့်တစ်မနက်ခင်းမှာပင် ဤအမှားတွေမြင်ပြီး ဗိုလ်ရဲထွတ်၊ ဗိုလ်ဇေယျတို့နှင့် လိုက်ပါမသွားဘဲ ဖြစ်လိုရာဖြစ်၊ မင်္ဂလာဒုံမှ ရန်ကုန် သို့ ပြန်ခဲ့ခြင်းဖြစ်လေသည်။

နောက်တစ်နေ့တွင် ကျော်ငြိမ်းက ကျွန်တော့အိမ်သို့ကားလွှတ်လိုက်လေသည်။ ကျော်ငြိမ်းဇနီး မနွဲ့က တယ်လီဖုန်းဖြင့် အစည်းအဝေးရှိ၍ လိုက်ခဲ့ပါဟု မှာထားသည်။ ကားပေါ်တွင်လည်း ကျော်ငြိမ်း၏လက်ရုံး သခင်ပုပါလာလေသည်။ ကျွန်တော်သည် ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းအားဖြင့် ဝင်ဒါမီယာ ဦးကျော်ငြိမ်းအိမ် သွားလေသည်။ ဝင်ဒါမီယာ

တံခါးဝတွင် ပုလိပ်ကဆီးဖမ်းပြီး ကမာရွတ်ဂတ်သို့ ခေါ်သွားလေသည်။ ဂတ်တဲမှ ကျော်ငြိမ်းအိမ် တယ်လီဖုန်းဆက်၏။ ကျော်ငြိမ်းက စကားမပြန်ချေ။ မနေ့က ဘာမျှမသိဟုဆို၏။ နောက် ရန်ကုန်ထောင်ကြီးသို့ ရောက်လာလေတော့၏။

သို့ဖြင့် တစ်နှစ်နီးပါးထောင်ကျလိုက်လေသည်။ ကျွန်တော် ထောင်မှ ထွက်ပြီးနောက် ကျော်ငြိမ်းအား တယ်လီဖုန်းဖြင့် လှမ်းနှုတ်ဆက်သော အခါ

ကျော်ငြိမ်း–

"ဟေ့ သူငယ်ချင်း၊ မင်းကို ငါကိုယ်တိုင်ဖမ်းတာကွ၊ ပုလိပ်တွေနဲ့ လွှဲထားရင် မင်းထွက်ပြေးမှာစိုးလို့ ဟား ဟား။ စိတ်ဆိုးသလား"

ကျွန်တော်ကလည်း ရယ်လိုက်သည်။ ပြီးတော့–

"ငါစိတ်မဆိုးတတ်ပါဘူးကွာ။ ငါကမှ မရှင်းမရှင်းဖြစ်ခဲ့တာကိုးကွ။ ဟား...... ဟား"

"နောအာရိုက် သူငယ်ချင်း၊ လူချင်းတွေ့ကြသေးတာပေါ့ကွာ"

ကျွန်တော်က ထောင်တစ်နှစ်နီးပါးကျသည်ကို သိပ်နစ်နာသည်ဟု မထင်။ ၁၉၄၈ခုနှစ်က ကွန်မြူနစ်ပါတီတောမခိုခင်ကလေးတွင် ကျွန်တော် ချလိုက်သော လမ်းစဉ်မှ လုပ်နည်းလုပ်ဟန်ပိုင်းတွင် တစ်ညနှင့် တစ်မနက်ခင်း သွေဖည်သွားသဖြင့် ကျွန်တော်နိုင်ငံရေးသိက္ခာထိခိုက်ခြင်းမှာ နစ်နာလှသည်။ ငြိမ်းချမ်းရေး၊ ညီညွတ်ရေး ပျက်ပြားသောအခါ ပျက်ပြားလေသမျှ ကျွန်တော့ခေါင်းပေါ်ပုံကျလေတော့သည်။ နမူ၊ ရဲဘော်ဖြူမှ ကွဲတာ၊ ရဲဘော်ဖြူ ရဲဘော်ဝါကွဲတာ၊ တပ်ရင်း (၃)တောခိုတာ၊ နောက်ရဲဘော်ဖြူများ တောခိုတာ ကျွန်တော့ကြောင့်ချည်းဖြစ်ကုန်လေ၏။

၁၉၆၀ ပြည့်နှစ်တွင် ကျော်ငြိမ်းနှင့် ကျွန်တော်သည် ထိုကာလက အဖြစ်အပျက်များ ပြန်လည်စားမြုံ့ပြန်ကြသောအခါ ကျော်ငြိမ်းက အဘိဓမ္မာဆန်ဆန်ဖြင့်–



"ဟိုတုန်းက မင်းအကြံလည်း သိပ်မဆိုးပါဘူး။ ဒီလိုပေါ့ကွာ။ ဒီအကြံအစည်မျိုးဟာ အောင်ရင် အာဇာနည်ဖြစ်ပြီး ဆုံးရှုံးရင် တရားခံက လူယုတ်မာဖြစ်တာဟာ ဓမ္မတာပဲ"

အတန်ကြာ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြပြီးနောက် ကျော်ငြိမ်းက ထပ်ပြောပြန်သည်။

"အဲဒီတုန်းက တို့ဖမ်းထားတာ မင့်အတွက် ကောင်းပါတယ်ကွာ။ အပြင်မှာဆိုရင် ဘို့အစိုးရဘက်က သတ်မလား၊ သူပုန်က သတ်မလား၊ မင်း အသတ်ခံရမှာပဲ"

၁၉၄၈–၄၉ ခုနှစ်တွင် တပ်ရင်း ၃နှင့် တပ်စုအချို့တောခိုသွားပြီး နောက် ပြည်သူ့ရဲဘော်များ တောခိုလေသည်။ ကရင်တပ်ရင်းနှင့် ကရင် စစ်ပုလိပ်များ တောခိုကြသည်။ သူပုန်များ အင်အားမှာ ကောင်းလှပေ၏။ အစိုးရမှာ ရန်ကုန်အစိုးရဟု အခေါ်ခံရသည်အထိ အားနည်းသွားလေ သည်။

လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတည်ထောင်လိုက်သည်နှင့် တစ်ပြိုင်နက် နိုင်ငံခြားရေးသည် အရေးကြီးလာပေ၏။ နိုင်ငံခြားရေးဝါဒသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် အဆင့်အတန်းနှင့်ဟပ်မိ၏လော။ နိုင်ငံတကာနှင့် တန်းတူရည် တူဆက်ဆံသလော။ နယ်ချဲ့သြဇာခံဖြစ်နေသလော။ ဆိုဗီယက်ယူနီယံ နှင့် ဆန့်ကျင်ဘက်လော။ သို့မဟုတ် မိတ်ဆွေလော။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် လုပ်သလော။ သို့မဟုတ် စစ်အုပ်စုဝင်သလော။ ဤမေးခွန်းတို့ကို နိုင်ငံခြားရေးဝါဒက ဖြေရသည်။ ထိုအဖြေများသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကံကြမ္မာကို ပုံကိုင်လေသည်။

လွတ်လပ်သော မြန်မာနိုင်ငံ၏နိုင်ငံခြားရေးဝါဒသည် မြန်မာပြည်သူတို့၏ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲအတွက် စစ်မျက်နှာတစ်ခုဖြစ်လာပေသည်။

လွတ်လပ်ရေးရပြီးလျှင် ပြီးချင်း သခင်လွန်းဘော် (ရာထူးခန့်ထား ရေးကော်မရှင် ဥက္ကဋ္ဌ ဦးလွန်းဘော်) နိုင်ငံခြားရေးဝန်ကြီးဖြစ်လာ၏။ ထို့နောက် ဦးတင်ထွတ်ဖြစ်ပြန်သည်။ ဦးတင်ထွတ်သည် ထိုနေရာမှထွက်ပြီး စစ်တပ်ထဲဝင်ပြန်သောအခါ ကျော်ငြိမ်း နိုင်ငံခြားရေးဝန်ကြီးဖြစ်လာလေသည်။

ပြည်ထဲရေးဌာနမှာ အဖမ်းအဆီးနှင့် လက်နက်သိမ်းခြင်းအများအပြားလုပ်ရသဖြင့် အတော်နာမည်ပျက်နေရာ နာမည်အဖတ်ဆယ်သောအားဖြင့် ကျော်ငြိမ်းအား နိုင်ငံခြားရေးဌာသို့ အပေါ်မြှောက်ကန်ထုတ်လိုက် သောသဘောလည်းပါပေသည်။

ကျော်ငြိမ်း၏နိုင်ငံခြားရေးရုံးမှာ ဆောင်ရွက်ချက်များသည် လက်ဝဲအင်အားစုများကြားတွင် နာမည်ကောင်းနိုင်စရာ မရှိချေ။

န-ငြိမ်းချမ်းရေးမှု ပြုလုပ်ကြချိန်တွင် ဖဆပလအစိုးရသည် ဆိုဗီယက်အစိုးရနှင့် သံအမတ်လဲလှယ်ရန် ဆုံးဖြတ်ထားလေသည်။ ဘိလပ်သံရုံးမှတစ်ဆင့် ဦးဘင်ထွတ်သည် ဆိုဗီယက်ယူနီယံနှင့် သံလဲလှယ်ရန် စကားကမ်းလှမ်းပြီး ဖြစ်လေ၏။ ကျော်ငြိမ်းသည် ထိုကိစ္စကို တစ်နှစ်ကျော်ကျော်ဆိုင်းထားလေသည်။

၁၉၄၉ ခုနှစ်တွင် မော်စီတုန်းခေါင်းဆောင်သော တရုတ်ပြည်သူ့တော်လှန်ရေးကြီးသည် ပြည်လုံးကျွတ်အောင်ပွဲရနေသောအခါ ဆိုရှယ်လစ်ပါတီအလုပ်အမှုဆောင်အဖွဲ့နှင့် ဒုတိယတန်းခေါင်းဆောင်များသည် အစည်းအဝေးလုပ်၍ တရုတ်ပြည်သူ့တော်လှန်ရေးကြီးကို ကြိုဆိုထောက်ခံကြောင်း ကြေညာချက်ထုတ်လေသည်။ ထိုအစည်းအဝေးတွင် ထိုကြေညာချက်ကို ကန့်ကွက်ပြောဆိုသူမှာ ကျော်ငြိမ်းတစ်ယောက်တည်းသာဖြစ်လေသည်။

သူသည် ဆိုဗီယက်နှင့်သံတမန်လဲလှယ်ခြင်းဖြင့် လည်းကောင်း၊ တ



ရုတ်ပြည်သူ့တော်လှန်ရေးထောက်ခံခြင်းဖြင့် လည်းကောင်း၊ လိပ်ကန်နယ်ချဲ့သမားများ ငြိုငြင်မည်ကို စိုးရိမ်ဟန်ရှိသည်။ သူတို့နောက်ယုက်မည်ကို ကြောက်ဟန်ရှိသည်။ သူတို့မကြိုက်တာမလုပ်သေးဘဲထားခြင်းအားဖြင့် ပြည်တွင်းသူပုန်ကို နှိမ်ရာ၌ သူတို့၏ရက်ရောသောအကူအညီကို မျှော်လင့်ဟန်ရှိလေသည်။ ဤသို့ပင် ကျွန်တော်ကိုးယူဆထားကြလေ သည်။

ကျွန်တော်ထောင်ကထွက်လာပြီးနောက် ကျော်ငြိမ်းနှင့် ကျွန်တော်တို့သည် ငယ်သူငယ်ချင်းများအဖြစ် ပုဂ္ဂိုလ်ရေးရင်းနှီးခင်မင်မှုမပျက်သော် လည်း နိုင်ငံရေးမှာ ဂမ္ဘာသောကဖြစ်နေကြလေသည်။ အထက်ပါကိစ္စများကို ဆွေးနွေးမေးမြန်းခွင့်မရခဲ့ချေ။ ခု ဤအကြောင်းအရာတွေ ပြန်လည်ရေးသားတော့မှ သူ့ကိုမေးကြည့်ရလေသည်။

"အဲဒီတုန်းက ဆိုဗီယက်ယူနီယံနှင့် သံတမန်လဲလှယ်ဖို့ အစီအစဉ်ကိုမင်းဟာ တစ်နှစ်ကျော်ကျော်ရပ်ဆိုင်းထားတယ် မဟုတ်လား"

"အေး ငါတော့ ကောင်းကောင်းသတိမရတော့ဘူး။ ဒါပေမယ့် ငါရပ်ဆိုင်းထားတယ်ဆိုတာ မှန်မှာပဲ။ အဲဒီအချိန်မှာ ငါ ရုရှားဆန့်ကျင်ရေးအများကြီးဖြစ်နေပြီကွ၊ အစကတော့ ရုရှားကို အတော်မျှော်လင့်ခဲ့တယ်၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဘိလပ်လိုက်သွားတုန်းက တစ်နှစ်အတွင်း လွတ်လပ်ရေးရရင်ရ မရရင် ထချမယ်ဆိုတုန်းကပေါ့ကွ။ ငါက တိတ်တိတ် ဘိလပ်မှာရှိတဲ့ ရုရှားသံရုံးနဲ့အဆက်အသွယ်ယူတယ်။ ရုရှားကောင်ဆယ်လာနဲ့ တွေ့ရတယ်။ ငါတို့အခြေအနေကို အကုန်ပြောပြရတယ်။ သူက ငါ့ဆီကသာ နားထောင်တယ်။ ငါ့ဆီကသာ စကားကုန်နှိုက်ယူတယ်။ သူတို့က အကူအညီပေးဖို့ ပြောတော့ ဘာမှုပြန်မပြောဘူး။ အင်္ဂလိပ်နဲ့ချရင် ချရလိမ့်မယ်။ ချရရင်တော့ ရုရှားက အကူအညီပေးဖို့ ကတိဘောင်းတာပဲ။ ဘာကတိမှ မရခဲ့ဘူး။ ငါအထင်ကြီးတဲ့ ရုရှားအပေါ်ဘော်တော် စိတ်ပျက်သွားတယ်။ အဲဒီနောက် တို့ဘာသာတို့လုပ်လို့ လွတ်လပ်ရေးလည်းရ

ရော တို့ကို နယ်ချဲ့လက်ပါးစေလို့ ရုရှားကခေါ်တယ်။ ပြီးတော့ တို့ဆီက ကွန်မြူနစ်တွေကို သူပုန်ထအောင် စတာလင်ရဲ့လက်ရုံးဇဒါးနော့ဗ်လမ်း စဉ်နဲ့ ဆွပေးတယ်။ အဲဒီတုန်းက မော်စကို နယူးတိုင်းမဂ္ဂဇင်းကရေးတဲ့ ဆောင်းပါးတွေ ဖတ်ကြည့်ပါဦး။ ဗိုလ်ချုပ်အောင်ဆန်းကိုတောင် သစ္စာဖောက်ခေါ်ထားတာပဲ။ ဒါကြောင့် ငါ ရုရှား သိပ်စိတ်နာကယ်။ ဒါကြောင့် သံတမန်လဲလှယ်ရေးဆိုင်းထားလိုက်ရတာပဲ။ တစ်ဖက်ကလည်း ကြည့်ရသေးတယ်။ သံတမန်လဲလှယ်ပြီး မိတ်ဆက်ခါမှ အင်္ဂလိပ်အမေရိကန် တွေက တို့ကိစ္စတွေမှာ ပိုနှောက်ယှက်နေမှာလားလို့ ကြည့်ရသေးတယ်။

"တရုတ်ပြည်သူ့တော်လှန်ရေး ဆိုရှယ်လစ်ပါတီက ထောက်ခံကြိုဆိုတဲ့ ဆုံးဖြတ်ချက်ကို မင်းကန့်ကွက်တာကတော့ ဘာကြောင့်လဲ"

"အဲဒါကတော့ မူအရကန့်ကွက်တာမဟုတ်ဘူး။ အဲဒီတုန်းက တရုတ်ဖြူကို တို့မကြိုက်ပါဘူး။ ကူမင်တန်ဖောက်ပြန်ရေး အစိုးရအကြောင်းတို့ သိသားပဲ။ တရုတ်တော်လှန်ရေးရဲ့ ရည်ရွယ်ချက်တွေကို တို့လည်း ကြိုက်သားပဲ။ ဒါပေမယ့် လက်တွေ့ပိုင်းလည်း ကြည့်ရသေးတယ်။ ဖဆပလအစိုးရ အနေနဲ့ တွေ့ကြုံရမယ့် အခက်အခဲတွေကြည့်ရသေးတယ်။ အဲဒီတုန်းက မော်စီတုန်းတို့တပ်တွေက ယူနန်တောင်မသိမ်းရသေးဘူး။ ယူနန်မှာ ချန်ကေရှိတ်တပ်တွေရှိသေးတယ်။ အဲဒီအချိန်မှာ တို့ကတရုတ်ကွန်မြူနစ်တွေကို ထောက်ခံကြိုဆိုလိုက်ရင် တရုတ်ဖြူက တို့ကို ဘယ်လောက်အနှောက် အယှက်ပေးမလဲ။ အင်္ဂလိပ် အမေရိကန်တွေကကော မနှောက်ယှက်ပေဘူးလား။ ပြည်တွင်းမှ သူပုန်တွေက ဆူနေတဲ့အထဲမှာ တရုတ်ဖြူဝင်ရှုပ်ရင် တို့ဘယ်ခံနိုင်မှာလဲ"

ကျော်ငြိမ်းအမြင်နှင့် ကျွန်တော်တို့အမြင်မှာ များစွာခြားနားနေပေလသည်။ ဆိုဗီယက်ယူနီယံနှင့် သံတမန်လဲလှယ်ခြင်းနှင့် တရုတ်ပြည်သူ့တော်လှန်ရေးထောက်ခံခြင်းဖြင့် ဆိုရှယ်လစ်ပါတီနှင့်ဖဆပလအစိုးရသည်



တိုးတက်သော အင်အားစု၏ ထောက်ခံမှုရမည်။ နယ်ချဲ့ဆန့်ကျင်သော ပြည်သူတွေ၏ အကူအညီကိုရမည်။ လက်ဝဲအင်အားစုအချင်းချင်း သဘောကွဲလွဲမှုများလျော့ပါးသွားမည်။ ထို့ကြောင့် ကျွန်တော်တို့နိုင်ငံ ပိုအားရှိလာမည် စသည်ဖြင့် ကျွန်တော်တို့မြင်ကြလေသည်။

"မင်း ဒီလိုဆိုဗီယက်နဲ့သံတမန်လဲတာလည်း ရပ်ဆိုင်းထားတာ၊ တရုတ်ပြည်သူ့တော်လှန်ရေးလည်း မထောက်ခံခဲ့တာ ဘာအကြောင်းကြောင့် ဖြစ်ဖြစ်လေ၊ အဲဒီတုန်းက မင်းဟာ ကြားနေရေးဝါဒသမား မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး။ အဲဒီတုန်းက ကြားနေရေးဝါဒသမားမဟုတ်ဘူး။ ငါ ကြားနေရေးဝါဒသမား ဖြစ်လာပုံက ဒီလို"

ကျော်ငြိမ်းသည် သဘောတရားနှင့် ဝါဒရေးရာများကြောင့် ကြားနေရေးဝါဒသို့ ရောက်လာသည် မဟုတ်ချေ။ လက်တွေ့အဖြစ်သနစ်တွေ၊ ရုပ်ဝတ္ထုအခြေအနေတွေက တွန်းကန်သဖြင့် ကြားနေရေးဝါဒသို့ ရောက်လာခဲ့ခြင်းဖြစ်၏။

အင်္ဂလိပ်ကို စိတ်နာစရာအချက်တွေ တွေ့လာရသည်။ လေဘာ အစိုးရအား မြန်မာပြည်ကိုလွတ်လပ်ရေးပေးသော အစိုးရအဖြစ်ဖြင့် အထင်ကြီးခဲ့၏။ သို့ရာတွင် အထင်သေးစရာတွေ ဖြစ်ပေါ်လာခဲ့၏။ အင်္ဂလိပ်တို့ သည် မြန်မာပြည်က လုံးဝလွတ်လပ်ရေးယူသွားသည့်အတွက် မကျေမနပ်။ ဗြိတိသျှ ဓနသဟာယထဲသို့ ပြန်ဝင်စေချင်၏။ ကေအင်ဒီအိုများကို လိုလား၏။ ၎င်းတို့ပါဝင်သော အစိုးရအဖွဲ့တက်၍ ဖဆပလအစိုးရပြုတ်ကျစေချင်သည်။

ကေအင်ဒီအိုသူပုန်များကို ဘောလဒွင်စသော အင်္ဂလိပ်သာသနာပြုများက မီးမွှေးပေးခဲ့သည်။ အားပေးခဲ့သည်။ တူးလောက်လို အင်္ဂလိပ်စစ်ဗိုလ်များသည် ကေအင်ဒီအိုတို့အတွက် တိုက်ပေးခဲ့သည်။ ကင်းဘဲလ်

ကား ရန်ကုန်သို့ သတင်းထောက်ဟန်ဆောင်၍ ဧကအင်ဒီအိုအား ကူညီသောအင်္ဂလိပ်သူလျှိုလုပ်ငန်းများ လုပ်ခဲ့လေသည်။

ဖဆပလ အစိုးရသည် ကင်းဘဲလ်အား ဖမ်းလိုက်ရလေသည်။

ထိုအချိန်မှာ ကွန်မြူနစ် ပြည်သူ့ရဲဘော်နှင့် အေအင်ဒီအိုသူပုန်များသည် အင်အားအလွန်သာနေသောအချိန်ဖြစ်သည်။ ဖဆပလအစိုးရမှာ လက်နက်အလုံအလောက်မရှိ။ ကျော်ငြိမ်းသည် နိုင်ငံခြားရေးဝန်ကြီးအဖြစ်ဖြင့် လက်နက်အဝယ်ထွက်လေသည်။

အင်္ဂလန်တွင် နိုင်ငံခြားရေးရုံးအမြဲတမ်းအတွင်းဝန်က သူ့ရုံးခန်းတွင် ကျော်ငြိမ်းအား လက်ခံတွေ့ဆုံသည်။ အင်္ဂလိပ်နိုင်ငံခြားရေးဝန်ကြီးကိုယ်တိုင်က မတွေ့။ အင်္ဂလိပ်နိုင်ငံခြားရေးအမြဲတမ်း အတွင်းဝန်သည် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးကျော်ငြိမ်းအား ကင်းဘဲလ်ကို ဖမ်းထားခြင်းအ တွက် ဆူပူကြိမ်းမောင်းလွှတ်လိုက်လေသည်။ ကျော်ငြိမ်းသည် စိတ်နာနာ ဖြင့် အင်္ဂလန်မှပြန်ခဲ့ရသည်။ အခြားနိုင်ငံများသည် မြန်မာပြည်အား ဗြိတိသျှဩဇာနယ်ပယ်ထဲမှာ ထားကြသဖြင့် လက်နက်မရောင်းကြချေ။

ကျော်ငြိမ်းသည် အမေရိကန်အပေါ်အားကိုးလိုက်၏။ ပြင်သစ်ပြည် ပါရီမြို့တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေလွှတ်တော်ညီလာခံသို့ တက်လေသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာရှယ်နှင့်တွေ့ပြီး လက်နက်ခဲယမ်းမီးကျောက်ဝယ်လိုကြောင်း ပြောသည်။ မာရှယ်က ရောင်းမည်ဟု ကတိပေး၏။ ထို့ကြောင့် ကျော်ငြိမ်းသည် အမေရိကန်အား ကျေးဇူးတင်လှပေသည်။ (ကုလသမဂ္ဂ) လွှတ်တော်ညီလာခံတွင် အကြောင်းရှာပြီး အမေရိကန်အား မဲပေးခဲ့သည်။ မြန်မာပြည်သို့ပြန်ရောက်သောအခါ အမေရိကန်သံအမတ်နှင့် လက်နက်ဝယ်ရေးစီစဉ်တော့သည်။ ထိုအခါ အမေရိကန်သံအမတ်က မြန်မာပြည်သည် အင်္ဂလိပ်နှင့် စာချုပ် (လက်ယာဖရီးမင်းစာချုပ်)ရှိနေသဖြင့် မရောင်းနိုင်ဟု ငြင်းလိုက်လေသည်။



ကျော်ငြိမ်းက မြန်မာပြည်၏အခက်အခဲတွေ့ချိန် ကူညီသောနေရူး အား ကျေးဇူးတင်ကြောင်းပြောသည်။

"အိန္ဒိယက တပ်ရင်း ၉ခုစာ၊ လက်နက်ခဲယမ်းအပြည့်အစုံရောင်းပေလို့ပေါ့ကွာ။ သို့မဟုတ်ရင် အခက်ပဲ။ ကွန်မြူနစ်တွေ သူပုန်ထနေတော့ ကွန်မြူနစ်နိုင်ငံတွေကလည်း လက်နက်မရောင်းဘူးကွ။ အနုမှ ဘယ်နိုင်ငံမဆို တို့ကိုလက်နက်ရောင်းမယ်ပြောတာ၊ ဒီအတွေ့အကြုံတွေကြောင့် ငါဟာ ကြားနေရေးဝါဒဖြစ်လာတာပဲ"

ကျော်ငြိမ်းသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံလက်တွေ့ဆက်ဆံရာတွင် ကြားနေရေးဝါဒကို လက်ခံသည်။ ယုံယုံကြည်ကြည် ကျင့်သုံးသည်။ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးမူကို ယုံကြည်သည်။ ကျင့်သုံးသည်။ သို့သော် ဝါဒရေးရာနယ်ပယ်တွင်ကား ကွန်မြူနစ်ဝါဒကို ဦးတည်၍ဆန့်ကျင် သည်။

တစ်ခါသော် သူနှင့်ကျွန်တော် မင်္ဂလာဒုံလေယာဉ်ကွင်းမှာ တွေ့ကြသည်။ လူချင်းတွေ့လျှင် စကားလက်ဆုံကျမြဲ။ သဘောတရားရေး၊ နိုင်ငံရေးတိုက်ပွဲဖြစ်မြဲ ဖြစ်သည့်အတိုင်း စကားလက်ဆုံကျလေသည်။ ကျွန်တော်တို့နှစ်ယောက် ကျိတ်တိုက်နေသည်ကိုမြင်လျှင် သူ့အသိုင်းအဝိုင်းများကလည်း ဘေးဖယ်ပေးနေကျဖြစ်၏။ ထို့ကြောင့် မင်္ဂလာဒုံ လေယာဉ်ပျံကွင်းဟောင်း အထူးဧည့်ခန်းထဲမှာ ကျွန်တော်တို့နှစ်ယောက်ထဲရှိလေသည်။

ကွန်မြူနစ်ဝါဒနဲ့ပတ်သက်ပြီး အချီအချပြောကြရာ မပြီးမပြတ်ဖြစ်နေလေသည်။ နောက်ဆုံးတွင် ကျော်ငြိမ်းက "အမေရိကန်ဝါဒက ခေါ်တော ကုလားနဲ့တူတယ်။ ကွန်မြူနစ်ဝါဒက အရည်းကြီးနဲ့တူတယ်။ ခေါ်တော ကုလားအိမ်လာလည်တယ်ဆိုရင် သမီးမြင်ရင် ငမ်းငမ်းတက်ဖြစ်တယ်။ သူငမ်းပြီဆိုရင် တို့က သတိထားပြီး သမီးပါမသွားအောင် ကာကွယ်နိုင်တယ်။ အရည်းကြီးကတော့ အိမ်ကိုရောက်တယ်ဆိုရင် ဦးဆုံးတရားဟောတာပဲ။ တရားကိုလက်ခံပြီး အရည်းကြီးသာသနာဝင်၊ ဥပါသကာ၊ ဥပါသိ

ကာဖြစ်ပြီဆိုရင် သမီးဆိုးအပ်ရတော့တာပဲ၊ ဒါကြောင့် ကွန်မြူနစ် အရည်းကြီးကိုပိုကြောက်ရတယ်။ ပိုအန္တရာယ်ကြီးတယ်။ ဟဲ.. ဟဲ၊ ဟား ဟား"

သူက ဟက်ဟက်ပက်ပက်ရယ်နေသော်လည်း ကျွန်တော်ကမရယ်နိုင်။ သူ့ထိုးချက်သည် ကျွန်တော့အားအတော်ထိသွားလေသည်။

"မင်းက မနှိုင်းအပ်တဲ့ ဥပမာနဲ့နှိုင်းသွားတာကိုး။ ကွန်မြူနစ်ဝါဒဟာ တစိမ်းဧည့်သည်မဟုတ်ဘူး။ လှည့်ဖြားဆွဲဆောင်တဲ့ဝါဒလည်းမဟုတ်ဘူး၊ တို့ပြည်နဲ့ တို့လူထုအခြေအနေကြားမှာ လိုအပ်နေလို့အမြစ်တွယ်ပြီး ပေါက်ဖွားလာရမယ့်ဝါဒဖြစ်တယ်။ တို့ကြားထဲမှာ အခြေအနေမရှိရင် သို့မဟုတ် မရင့်ကျက်ရင် ကွန်မြူနစ်ဝါဒ ဘယ်ဖြစ်ထွန်းနိုင်မှာလဲ။ ဘာပဲဖြစ်ဖြစ်လေ မင်းဒီစကားပြောတာ တစ်ခုတော့ ဝန်ခံသွားတာပဲ"

"ဘာလဲကွ၊ ငါက ဝန်ခံတာလဲ"

"ကွန်မြူနစ်ဝါဒရဲ့ စူးရှတဲ့တန်ခိုး၊ ထက်မြက်တဲ့သြဇာ။ ဒါကိုမင်းဝန်ခံတာပဲ ဟဲဟဲ"

ဤသို့ ငြင်းခုန်ဆွေးနွေးကြပြီးနောက် မကြာပါ။ ကျော်ငြိမ်းသည် ကလောတွင် ကျင်းပသော အာရှဆိုရှယ်လစ်ညီလာခံ၌ အမေရိကန်နယ်ချဲ့ဝါဒထက် ကွန်မြူနစ်ဝါဒသည် ပိုဘေးအန္တရာယ်ကြီးသည်ဟု ပြောလိုက်လေသည်။

ကလောညီလာခံမတိုင်ခင်က သူသည် အာရှဆိုရှယ်လစ်ညီလာခံမှ ထုတ်ဝေသော "ဆိုရှယ်လစ်အာရှ" မဂ္ဂဇင်း၊ ကြားနေရေးဝါဒနှင့် ပတ်သက်သောဆောင်းပါးတစ်ခုရေးခဲ့လေသည်။

ဆိုရှယ်လစ်အာရှတွင်ပါသော ကျော်ငြိမ်း၏ဆောင်းပါးမှာ မြန်မာပြည်တွင် ပထမဆုံးအကြိမ်ကြားနေရေးဝါဒကို သဘောတရားတစ်ရပ်အဖြစ်ဖြင့် ထုထောင်ခြင်းဖြစ်သည်ဟု ဆိုနိုင်၏။ ကမ္ဘာ့ငြိမ်းချမ်းရေးကို မရမနေတည်ဆောက်ကြရမည်။ ရလည်းရနိုင်သည်ဟူသော အချက်ကိုဗဟို



ပြုထား၏။ ဆိုဗီယက်အုပ်စုနှင့်အမေရိကန်အုပ်စုနှစ်ခု ပဋိပက္ခဖြစ်နေရာ ဘယ်ဘက်မျှမပါဘဲ ကြားနေရခြင်းဖြင့် ငြိမ်းချမ်းရေးဒေသကျယ်လာစေရမည်ဟု ဆိုလေသည်။

ဤသဘောတရားဖြင့် ကြားနေရေးဝါဒကို လက်ခံခြင်းမှာ တစ်ဆင့်မြင့်တက်လာခြင်းဖြစ်သည်။ ရုရှားကိုမုန်း၍ အင်္ဂလိပ်ကိုမုန်း၍ အမေရိကန်အပေါ်မျှော်လင့်ချက်ပြိုပျက်၍ စသောကိုယ်တွေ့ကလေးများအပေါ်မှာ အခြေခံသော ကြားနေရေးဝါဒထက်မြင့်ပေသည်။

၁၉၅၂ ခုနှစ် နောက်ပိုင်းတွင် ဆိုဗီယက်ယူနီယံမှာ ခေါင်းဆောင်မှုအပြောင်းအလဲများဖြစ်လာသည်။ စတာလင်ကွယ်လွန်ပြီးနောက် ပုဂ္ဂိုလ်ဖွဲ့ဆည်းကပ်ကိုးကွယ်မှုဝါဒကို ထိရောက်စွာဖယ်ရှားနိုင်ကြသည်။ အလွန်အကျွံဖြစ်မှုများနှင့် တရားသေဝါဒအကြွင်းအကျန်များကို ရှင်းလင်းပစ်နိုင်သဖြင့် ဆိုဗီယက်နိုင်ငံခြားရေးငါဒသည် ပိုမိုပျော့ပျောင်းလာသည်။ ဆိုဗီယက်ခေါင်းဆောင် ကရုးရှက်ဗ်သည် "ပျော့ရင် ဖယောင်း၊ မာရင် သံချောင်း" ဆိုသကဲ့သို့သော ခေါင်းဆောင်ဖြစ်၏။ ဆိုဗီယက်၏ပေါ်လစီသည် ကြားနေရေးဝါဒကို ခိုင်မာတောင့်တင်းစေသော ပေါ်လစီဖြစ်ကြောင်း အထင်အရှားတွေ့လာရ၏။ ဆိုဗီယက်ပြည်တွင်းရေးမှာလည်း ပုဂ္ဂလိက လွတ်လပ်ခွင့်များ ပိုမိုများပြားလာသည်။ ပိုမိုသဘောကောင်းလာသည်ဟု ကျော်ငြိမ်းယူဆလာလေသည်။

ကျော်ငြိမ်းက ပြောသည်မှာ "ဟန်ဂေရီကိစ္စကလွဲလို့ ကရုးရှက်ဗ်ဟာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လုပ်နေရကြောင်း ထင်ရှားတယ်။ သူဟာ ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေး၊ ငြိမ်းချမ်းစွာပြိုင်ဆိုင်ရေး ယုံကြည်အားကိုးပြီးလုပ်နေသူဖြစ်တယ်။ ပြီးတော့ ကရုးရှက်ဗ်ဟာ ဖြစ်နိုင်သလိုလက်တွေ့လိုက်လုပ်တတ်သူကြီးပဲ၊ (Realist Go-Getter) ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးရဲ့ ထိပ်တန်းခေါင်းဆောင်ကြီးတစ်ဦးက တို့မြန်မာပြည်

လိုနိုင်ငံငယ်ကလေးကို အရောက်လာပြီးမိတ်ဖွဲ့တာကို ကြည့်ပေါ့။ ငါတို့ဂုဏ်တွေ သိက္ခာတွေကြည့်မနေပါနဲ့။ ယူဂိုစလေးဗီးယားတီးတိုးဆီ သွားပြီး ဆက်သွယ်ရေးအသစ်လုပ်ရအောင်လို့ ပြောတာကြည့်ပေါ့။ ဩစတေးရီးယားပြည်က ဆိုဗီယက်တပ်တွေ ရုပ်သိမ်းပေးတယ်။ ဩစတေးရီးယားပြည်ရဲ့ ကြားနေရေးကို ကရုရှက်ဗ်က စဆော်ဩတာပဲမဟုတ်လား"

ဆိုဗီယက်ယူနီယံတွင် ပြောင်းလဲချက်များ၊ သို့မဟုတ် တိုးတက်ဖြစ်ပေါ်မှုများသည် နိုင်ငံတကာဆက်သွယ်ရေးနယ်ပယ်တွင် အကျိုးကျေးဇူးဖြစ်စေသည်မှာ ထင်ရှားပေ၏။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ တစ်ဖက်တွင် စိုးရိမ်စရာရှိသေးပုံကို ဤသို့ကျော်ငြိမ်းက ပြောသည်။

"ဆိုဗီယက်ယူနီယံမှာ ကိုယ့်လူကိုယ် သိပ်နိုင်တယ်။ မီးသေတယ်ပေါ့ကွာ။ ကြည့်ပါလား၊ ကမ္ဘာကျော်စစ်ဗိုလ်ကြီး မာရှယ်ဇူးကော့ဖ်ကို ဖယ်ရှားပစ်လိုက်တာ။ အေး အရင် စတာလင်လက်ထက်တုန်းကလို သတ်မပစ်လိုက်တာလည်း ကရုရှက်ဗ်ရဲ့ ကောင်းမှုတစ်ခုပဲကွ။ အမေရိကန်မှာတော့ ဒီလိုကိုယ့်လူကိုယ်သိပ်နိုင်ဟန်မရှိဘူးကွ။ စစ်ဖြစ်ချင်တဲ့၊ သွေးကြွနေတဲ့ စစ်ဗိုလ်တစ်ယောက်က ထပြီး မတော်တာလုပ်ရင် မတော်တဆဖြစ်ပွားမှုကလေးဟာ ကမ္ဘာစစ်ကြီးဖြစ်နိုင်တယ်"

ကျော်ငြိမ်း ဤစကား ကျွန်တော့အား ပြောသည်မှာ ဆိုဗီယက်ယူနီယံမြေပေါ်သို့ 'ယူတူး'အမေရိကန်သူလျှိုလေယာဉ်ပျံမကျူးကျော်ခင်က ဖြစ်လေသည်။

၁၉၅၄–၅၅ ခုနှစ်များသည် ကြားနေရေးဝါဒအတွက် အားဖြည့်သောနှစ်များဖြစ်၏။ ကြားနေရေးနိုင်ငံများ ကြိုးပမ်းချက်ဖြင့် အင်ဒိုချိုင်းနား (ဗီယက်နမ်၊ လော၊ ကမ္ဘောဒီးယား)စစ်ပွဲ ရပ်စဲခဲ့ရသည်။ ဦးနုနှင့် ချူအင်လိုင်းတို့၏ ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေးမူ ၅ချက်ပေါ်လာသည်။ အင်ဒိုနီးရှားပြည် ဘန်ဒေါင်းမှာ အာရှအာဖရိကနိုင်ငံများ ညီလာခံ



ကျင်းပသည်။

ကြားနေရေးဝါဒသည် နှစ်ဖက်အုပ်စုနိုင်ငံများနှင့် စစ်ရေးစစ်ရာတွင်လည်းကောင်း၊ ကိုလိုနီဝါဒတွင် ကင်းရှင်းနေရုံ မပူးပေါင်းရုံသာ မဟုတ်တော့ချေ။

နှစ်ဖက်အုပ်စုဝင်များနှင့် တန်းတူစီးပွားရေးရာ၊ ယဉ်ကျေးမှုရေးရာစသည်များတွင် ဆက်ဆံမည်။ နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးမှုယူမည်စသော အဓိပ္ပာယ်များကိုလည်း ဆောင်လာလေသည်။ ကမ္ဘာစစ်ကြီးမဖြစ်အောင် ကြားမှနေပြီးဖျန်ဖြေမည်ဟူသော သန္နိဋ္ဌာန်လည်း ပါဝင်လာ၏။ တိကျမှန်ကန်စွာ ကြားနေရေးလုပ်မှ နှစ်ဖက်အုပ်စုက ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ခြင်းနည်းမည်ဟုလည်း မြင်လာ၏။ နှစ်ဖက်နှင့်တည့်အောင်ပေါင်းပြီး ကိုယ်လိုချင်တာရအောင် ယူနိုင်မည်ဟုလည်း မျှော်လင့်၏။ ဤကား ကြားနေရေးဝါဒ၏ တိုးတက်လာမှုတို့ပင်တည်း။

သို့ရာတွင် ကျော်ငြိမ်းအဖို့ သဘောတရားရေးရာမှာ အခဲမကျေစရာကျန်သေးသည်ဟု ကြားနေရေးနှင့် ပတ်သက်ပြီး သဘောတရားရေးခံယူပုံက ဤသို့ဖြစ်၏။

"ကမ္ဘာကြီးမှာ အုပ်စုနှစ်စုအနက်က အမေရိကန်နိုင်ရင် အရင်းရှင် စနစ်လွှမ်းမိုးခြင်းဖြစ်တယ်။ တို့ဆိုရှယ်လစ်က မကြိုက်နိုင်ဘူး။ ရုရှား နိုင်ရင် ကွန်မြူနစ်ဖြစ်မယ်။ အာဏာရှင်စနစ်ဖြစ်မယ်။ တို့က ဒီမိုကရေစီ သံမားဆို့ မကြိုက်နိုင်ဘူး။ ကြားနေရေးဝါဒအောင်မှ၊ ကြားနိုင်ငံတွေ အောင်မှာ။ ငါတို့ဆိုရှယ်ဒီမိုကရက်တစ်ဝါဒ အောင်မယ်"

"ခဏနေစမ်းပါဦး၊ မင်းခုပြောပုံကတော့ သဘောတရားရေးမှာလည်း ကြားပါပဲ။ ကလောညီလာခံတုန်းကတော့ ကွန်မြူနစ်ဝါဒဟာ အရင်းရှင်နယ်ချဲ့ဝါဒထက် ပိုအန္တရာယ်ကြီးတယ်ဆိုတဲ့ မင်းသဘောတရားရေးခံယူချက်ကို ငါဘယ်လိုသဘောထားရမှာလဲ"

"အဲဒီ သဘောတရားရေးခံယူချက်လည်း ပြောင်းလဲနေတာပဲ။ ကမ္ဘာကြီး ပြောင်းလဲနေတယ် မဟုတ်လားကွ။ စတာလင်ခေတ်မဟုတ်တော့ဘူး။ ငါက ကရူးရှက်ဗ်လိုပဲ ဖြစ်နိုင်တာ။ ဖြစ်နေတာ အသိအမှတ်ပြုတဲ့ လက်တွေ့သမားကွ။ အေး..... တရုတ်ကွန်မြူနစ်ကိုတော့ ငါမယုံဘူးဟေ့။ တရုတ်အန္တရာယ်ကြီးတယ်လို့ထင်တုန်းပဲဟ။ ကွန်မြူနစ်ဝါဒဟာ ပိုအန္တရာယ်ကြီးတယ်ဆိုတဲ့ သဘောတရားခံယူချက်ဟာ ပြောင်းနေပေမယ့် အကုန်ပြောင်းတာ မဟုတ်သေးဘူးပေါ့ကွာ"

သူသည် တရုတ်ပြည်နှင့် ပတ်သက်ပြီး ကျဉ်းမြောင်းသောလူမျိုးရေးဝါဒမှာ ရပ်တည်နေသည်။ တရုတ်ပြည်ဟောင်းအား မသကာ်သလို တရုတ်ပြည်သစ်အားလည်း မသကာ်ဖြစ်၏။ လူဦးရေအားဖြင့် လည်းကောင်း၊ စီးပွားရေးအားဖြင့် လည်းကောင်း သာနေသော ကုလား၊ တရုတ်များအပေါ်စိုးရိမ်မကင်းဖြစ်တတ်သော သာမန်အရပ်သားတစ်ယောက်နှင့် အတူတူပင်ဖြစ်၏။ ကုလား၊ တရုတ်မုန်းတီးခြင်းတွင် မူတည်သော မျိုးချစ်စိတ်ဖြစ်၏။ ဤကျဉ်းမြောင်းသော မျိုးချစ်ဝါဒလွှမ်းမိုးနေသဖြင့် ကျော်ငြိမ်းသည် တစ်ခါတုန်းက တရုတ်ပြည်ကြီးသည် ကျွန်တော်တို့ဗမာများကဲ့သို့ပင် လိပ်၊ ကန်၊ သစ်စသော နယ်ချဲ့များ၏နိုင်ငံယက်စီးနင်းကျူးကျော်ခြင်းခံရသည်ကို လည်းကောင်း၊ ယင်းသို့ ခံရသဖြင့် 'ယိုးဒယားနဲ့ ကုလားကိုပါ နိုင်ခဲ့တာ တို့ဗမာ'ဟု ရာဇဝင်နှင့်ချိ၍ ကျွန်တော်တို့အားမာန်တင်းကြသလို နယ်ချဲ့ဆန့်ကျင်ရေး တရုတ်မျိုးချစ်များလည်း "တို့တရုတ်များသည် ခေသည်မဟုတ်။ တစ်ခါတုန်းက ရာဇဝင်မှာ ထီးတစ်ရာ ပဏ္ဏာသရသည့် အာဂတိုင်းပြည်ကြီးဖြစ်သည်"ဟု အားမာန်တင်းခဲ့ကြရသည်ကိုလည်းကောင်း ကိုယ်ချင်းမစာတတ်ချေ။ တရုတ်တွေဟာ တို့မြန်မာပြည်ကိုတောင် သူတို့အင်ပါယာထဲပါတယ်လို့ ထင်နေကြတဲ့၊ ကျူးကျော်ရန်လိုတဲ့ မျိုးချစ်ဝါဒသမားတွေဖြစ်တယ်ဟု စွပ်စွဲနေလေသည်။



ကျွန်တော်က ရာဇဝင်သမိုင်းစဉ်ပြောင်းလာပုံကို ပြောသည်၊ တရုတ်ပြည်မှာ ပဒေသရာဇ်မြေရှင်လူတန်းစားလုံးဝချုပ်ငြိမ်းပြီး အရင်းရှင်များ လည်း အာဏာရလွှမ်းမိုးချယ်လှယ်နေသည် မဟုတ်ကြောင်း။ အလုပ်သမားလူတန်းစားခေါင်းဆောင်ကာ ပြည်သူ့ဒီမိုကရေစီနိုင်ငံရေးစနစ်နှင့် ဆိုရှယ်လစ်စီးပွားရေးစနစ်တည်ထောင်နေသော တရုတ်ပြည်သူလုပ်သားထုသည် သူများနိုင်ငံသို့ ကျူးကျော်လွှမ်းမိုးရန် ဗီဇလည်း မရှိ။ အလားအလာလည်း မရှိ၊ လက်တွေ့လည်း မရှိကြောင်း ရှင်းလင်းချေပလေသည်။

"ဆိုရှယ်လစ်စီးပွားရေးသဘောတရားရေးအရတော့ ဟုတ်တာပေါ့။ ကိုယ့်လူထုအလုပ်လုပ်လေ၊ ကြီးပွားတိုးတက်လေဖြစ်ပြီး ကျယ်ပြန့်တဲ့ဈေးကွက် ကိုယ့်ပြည်တွင်းမှာရမယ်၊ ပြည်ပသွားပြီး အမြတ်ထုတ်ယူဖို့၊ နယ်ချဲ့ဖို့ မလိုဘူးပေါ့။ ဒါပေမယ့် ကွန်မြူနစ်ကွ၊ ကွန်မြူနစ်။ တရုတ်မျိုးချစ်ဝါဒအပေါင်းလက္ခဏာ ကွန်မြူနစ်ဝါဒဖြစ်လာတော့ ပဒေသရာဇ်အရင်းရှင်တရုတ်ထက် ယခုမင်းတို့ တရုတ်ပြည်သစ်တရုတ်က ပိုကြောက်စရာကောင်းတယ်"ဟု ဆိုလေသည်။

ကျွန်တော်–

"မင်းဟာ သမိုင်းဖြစ်စဉ်ကြီး တစ်ခုလုံးပြောင်းလာတာကိုလည်း မကြည့်ဘူး။ ကွန်မြူနစ်ဆိုရင် ဆန့်ကျင်ရမယ်ဆိုတဲ့အစွဲလည်း မဖျောက်ဘူး။ ဒီတော့ တရုတ်ပြည်အပေါ်အမြင်မှန်ဘယ်တော့မှ မရနိုင်ဘူး။ လူလောကသမိုင်းဖြစ်စဉ်လမ်းကြောင်းအရပြောရင် ၁၉၁၇ခုနှစ် အောက်တိုဘာလမှာ ဖြစ်ပေါ်ခဲ့တဲ့ ဆိုဗီယက်ဆိုရှယ်လစ်နိုင်ငံအပေါ်လိုလားကြိုဆိုတဲ့ သဘောထားရှိသလား။ သို့မဟုတ် ကန့်ကွက်ဖျက်ဆီးလိုတဲ့သဘောထားရှိသလားဆိုတဲ့အချက်ဟာ လူ့လောကတိုးတက်ရေးဘက်က နေသလား၊ လူ့လောကဖောက်ပြန်နောက်ဆုတ်ရေးဘက်က နေသလားလို့ လူတွေကို ကတ္တားခြားလိုက်ခြင်းပဲဖြစ်တယ်။ ဒီကနေ့ကမ္ဘာမှာလည်း တရုတ်ပြည်သစ်ကို

လိုလားကြိုဆိုတဲ့သဘောထားရှိသလား။ ကန့်ကွက်ဖျက်ဆီးလိုတဲ့ သဘောထားရှိသလားဆိုတဲ့ အချက်ဟာ လူ့လောကတိုးတက်ရေးဘက်က နေသလား။ လူ့လောက ဖောက်ပြန်နောက်ဆုတ်ရေးဘက်ကနေသလား လို့ လူတွေကို ကတ္တားခြားလိုက်ခြင်းဖြစ်တယ်။ မင်းဟာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံတည်ထောင်စတုန်းက အကြောင်းအမျိုးမျိုးပြပြီး ကိုယ့်ရဲဘော် ရဲဘက်များနှင့်အတူ ကြိုဆိုထောက်ခံနိုင်ခြင်းမရှိခဲ့ဘူး။ အခုလည်းပဲ သံသယတွေအမျိုးမျိုးထားပြီး တရုတ်–မြန်မာနယ်နိမိတ်သတ်မှတ်ရေး သဘောတူညီချက်ရဖို့မှာ အခက်အခဲတွေဖန်တီးနေတယ်။ မင်းထက် ပို ဖောက်ပြန်တဲ့ခေါင်းဆောင် မြန်မာပြည်မှာ ဒေါက်တာ ဘမော်တို့၊ သခင် ဗစိန်တို့ပဲ ရှိတော့တာပဲ"

သို့ဖြင့် ကျွန်တော်တို့သည် တရုတ်–မြန်မာနယ်နိမိတ်ကိစ္စများသို့ ရောက်သွားလေသည်။ သူကား စာချုပ်စာတမ်းအဟောင်း အမြင်းဟူသမျှ နှင့်သက်ဆိုင်သမျှသော စာအုပ်စာတမ်းများကို ဖတ်ရှုလေ့လာထားသူဖြစ် သည်။ သူ့သဘောမှာ အင်္ဂလိပ်လုပ်ထားခဲ့သည့်အတိုင်း တရုတ် တစ်သ ဝေမတိမ်းဆက်ခံရမည်။ လက်မခံဘဲ ပြင်ဆင်ချင်သည်ဆိုလျှင် တရုတ်ပြည် ထဲရောက်နေသော မြန်မာဘုရင်များပိုင်ခဲ့သော 'ရှစ်ဆောင်ပနား' ကဲ့သို့ သောဒေသများကို မြန်မာပြည်သို့ ပြန်ပေးရမည်။ ရွာသုံးရွာကိုကား မပေး နိုင်ဟူ၍ ဖြစ်လေသည်။

ကျွန်တော်–

"တို့က ရာဇဝင်အရ ရှစ်ဆောင်ပနားကိုပြန်တောင်းရင် တရုတ်ကလည်း ရာဇဝင်အရဆိုပြီး ဗန်းမော်၊ မြစ်ကြီးနား တောင်းမှာပေါ့။ ဒီတော့ ဒီကိစ္စ ကြီးပြီးမယ်လား"

သူက ကိစ္စပြီးချင်လွန်းသဖြင့် အလျှော့မပေးထိုက်ဟု ဆိုသည်။ တင်း ထားရင်း ဖီမော်၊ ဂေါ်လန်၊ ကန်ဖန် ရွာသုံးရွာပေးရမည်မဟုတ်ဟု ထင်



သည်။ ဦးနုနှင့် ဗိုလ်ချုပ်နေဝင်းတို့သည် ကိစ္စပြီးချင်တာတစ်ခုတည်းကြည့် ပြီး အလျှော့ပေးခဲ့သည်ဟု အပြစ်တင်လေသည်။

ကျွန်တော်–

"ကိစ္စပြီးဖို့ အရေးကြီးတာကိုးကွ"

ကျော်ငြိမ်း–

"ကိစ္စပြီးလည်း ဘာအရေးကြီးတာလိုက်လို့"

"ရွာသုံးရွာဆိုတာလည်း အင်္ဂလိပ်ကိုယ်တိုင်က သိမ်းသာသိမ်းထားခဲ့ ရတယ်။ သူတို့မပိုင်ပါဘူး၊ တရုတ်ပိုင်ပါတယ်လို့ ဝန်ခံထားခဲ့တယ် မ ဟုတ်ဘူးလား။ မင်းအလျှော့မပေးရေးဝါဒက ကိစ္စကြီးတန်းလန်းထားပြီး ငါတို့နှစ်ပြည်ထောင်ဆက်ဆံရေးဟင်းမာအောင် လုပ်ထားရာရောက်နေ တယ်။ အမေရိကန်ကြားဝင်နိုင်အောင် လမ်းကြောင်းပေးနေတာနဲ့တူတယ်။ မင်းဟာ မြန်မာ့လွတ်လပ်ရေးမြန်မြန်ရအောင်ဆိုပြီး အင်္ဂလိပ်ကိုအလျှော့ပေး ရေးလုပ်ခဲ့တာတွေအများကြီးပဲ။ အင်္ဂလိပ် ကြွေးကိစ္စ၊ လျော်ကြေးကိစ္စတွေ၊ မင်းက နယ်ချဲ့တွေဘက် အလျှော့ပေးရေး လွယ်ကူသလောက် ဆိုရှယ်လစ် နိုင်ငံတွေနဲ့ကျတော့ အလျှော့မပေးရေးလုပ်တယ်"

ကျော်ငြိမ်းက ကြားဝင်လိုက်ပြန်၏။

"မင်းတို့ ကွန်မြူနစ်တွေဟာ ဒီလိုချည်းပဲ။ မင်းလည်းပဲမထူးဘူး။ ဒီပြင် ကိစ္စတွေမှာ ကွဲချင်ကွဲမယ်။ ရုရှားကွန်မြူနစ်တို့၊ တရုတ်ကွန်မြူနစ်တို့နဲ့ ပတ်သက်လာရင် သူတို့ဘက်က ဘယ်လိုရှေ့နေလိုက်ရပါ့မလဲလို့ အမြဲ စဉ်းစားနေတာပဲ။ သူတို့မှန်တယ်လို့ပြောဖို့ အကြောင်းအမျိုးမျိုးရှာနေတာ ပဲ။ မင်းတို့မှာ အတွေးအခေါ်လွတ်လပ်မှုမရှိဘူး။ မော်စကိုပီကင်းက ပုံစံချ ပေးတဲ့အတိုင်း တွေးခေါ်တယ်။ ပြောဆိုတယ်။ ဒါကြောင့် မင်းတို့ကွန်မြူ နစ်တွေ ငါမုန်းတာကွ။ မင်းတို့မှာ မျိုးချစ်စိတ်မရှိဘူး"

ကျွန်တော်......

"အေး၊ တို့ကွန်မြူနစ်တွေ မျိုးချစ်စိတ်ရှိမရှိ မင်းအသိထိုက်ဆုံးပေါ့။ မသိဘူးဆိုရင်လည်း လွတ်လပ်ရေးတိုက်ပွဲမှာ မင်းမပါဘူးလို့ ဆိုရာရောက်မှာပဲ"

"လိပ်၊ ကန်၊ သစ် စတဲ့ နယ်ချဲ့တွေတိုက်စရာရှိရင် မင်းတို့ ကွန်မြူနစ်တွေမှာ မျိုးချစ်စိတ်ရှိပါတယ်။ ရုရှား တရုတ်တိုက်စရာ ပေဖန်စရာဆိုရင် မျိုးချစ်စိတ်မရှိတော့ဘူး။ ဒါကို ငါဆိုလိုတာကွ"

"ရုရှားနဲ့တရုတ်ကို တိုက်စရာမှမရှိဘဲကွ။ တို့အပေါ်သူတို့လာပြီး သွေးစုပ်နေတာလည်း မဟုတ်ဘူး။ တို့နယ်မြေကို စစ်အခြေခံစခန်းလာလုပ်နေတာလည်း မဟုတ်ဘူး။ အငြင်းပွားစရာကိစ္စရှိလည်း ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေး မူငါးချက်အရ တွေ့ဆုံဆွေးနွေးရေးလုပ်လိုက်ရုံပဲ ရှိတာပဲ။ ခုတရုတ်နဲ့ အငြင်းပွားတဲ့ကိစ္စမှာ ပြင်ပပယောဂမဝင်နိုင်အောင် တို့ကကိစ္စမြန်မြန်ပြီးချင်တယ်။ ဒါကို မင်းက မျိုးချစ်စိတ်မရှိဘူးလို့ထင်တယ်။ တို့က ကိုယ့်တိုင်းပြည်ချစ်လို့ပဲ ဒီကိစ္စမြန်မြန်ပြီးချင်တာ။ တရုတ်ကို အလျှော့ပေးရတာလည်း တစ်ချက်မျှမမြင်ဘူး။ တရားသဖြင့် အပေးအယူလုပ်ကြတဲ့ကိစ္စပဲ။ တန်းတူရည်တူဆွေးနွေးကြရတာပဲ။ တို့က တရုတ်နဲ့မြန်မာချစ်ကြည်ရင်းနှီးချင်တာကို မျိုးချစ်စိတ်မရှိဘူးလို့ မင်းကဆိုနေတယ်။ ကိုယ့်တိုင်းပြည်ချစ်လို့ ကိုယ့်တိုင်းပြည်အကျိုးကြည့်ပြီး တရုတ်နဲ့ချစ်ကြည်ရင်းနှီးရေးလုပ်နေတာကွ"

ကျွန်တော်တို့သည် ထိုကိစ္စတွင် ဤသို့အငြင်းအခုံပြောကြသည်မှာ အကြိမ်ကြိမ်ဖြစ်လေသည်။ ၁၉၆၀ပြည့်ကျမှ အငြင်းအခုံဖြစ်သည်လည်း မဟုတ်၊ လွန်ခဲ့သော သုံးလေးနှစ်ကလည်း ငြင်းခုံခဲ့ကြသည်။ ကျော်ငြိမ်းကား တရုတ်မြန်မာနယ်နိမိတ်စာချုပ်ကို ယခင်ကလည်း ကန့်ကွက်ခဲ့၊ ယခုလည်း ကန့်ကွက်ဆဲ၊ နောင်လည်း ကန့်ကွက်ဦးမည်သာင်၏။

၁၉၅၆ခုနှစ် ရွေးကောက်ပွဲအပြီးတွင် ဖဆပလသည် အမတ်အများစုဖြင့်



အပြတ်အသတ်အနိုင်ရရှိသော်လည်း မဲအားဖြင့် တစ်သန်းခုနှစ်သိန်းမျှ ရရှိပြီး၊ ပမညတက တစ်သန်းနှစ်သိန်းကျော်ရရှိခဲ့ရာ ဖဆပလအဲတွင် ကောက်ချက်နှစ်မျိုးချကြလေသည်။ ဗဆွေ၊ ကျော်ငြိမ်းတို့လူသိုက်က ပမညတ ဤသို့အားကြီးလာခြင်းမှာ ကွန်မြူနစ်တွေအတင်းအဓမ္မလက်နက်ဖြင့် ခြိမ်းခြောက်ပြီး မဲပေးခိုင်းလို့ဖြစ်သည်ဟု ကောက်ချက်ချလေသည်။ ဦးနုတို့လူသိုက်ကမူ ဖဆပလသည် အာဏာအလွဲသုံးစားလုပ်ခြင်း၊ ခြစားခြင်း၊ လူထုအပေါ် ဗိုလ်ကျခြင်း၊ လူထုအပေါ် ခေါင်းပုံဖြတ်ခြင်း စသည်တို့ကြောင့် ဖြစ်သည်ဟု ကောက်ချက်ချလေသည်။

ဗဆွေ၊ ကျော်ငြိမ်းတို့လူသိုက်သည် ဖော်ပြပါကောက်ချက်ကို အစဉ်နှလုံးသွင်းထားသဖြင့် ကွန်မြူနစ်များအပေါ်ပိုမဲလာလေသည်။ ကွန်မြူနစ်က သည်လိုညစ်ပတ်လျှင် တို့က သည့်ထက်ညစ်ပတ်ပြမည်ဟု သဘောထားကြလေသည်။ ကွန်မြူနစ်က လက်နက်ဖြင့် အတင်းမဲအပေးခိုင်းသည်ဆိုသော ပမညတအပေါ်တွင် ဂိုဏ်းဂဏစိတ်ပြင်းထန်စွာဖြင့် ဆက်ဆံလေသည်။

ဦးနုကမူ အထက်ဖော်ပြပါ သူ့ကောက်ချက်ကြောင့် ဖဆပလကို ပြန်လည်ဝေဖန်သည်။ အပုပ်ချပွဲများလုပ်သည်၊ ပြန်လည်စည်းရုံးရေးလုပ်ရန်ကြိုးစားသည်။ လူထုမကြိုက်တာ ဘာ၊ လူထုကြိုက်တာ ဘာဟု ရှာဖွေလေ သည်။ ဖဆပလမှာ ခုပုံအတိုင်းနေသွားလျှင် နောက်ဘစ်ချီရွေးကောက်ပွဲတွင် ပမညတနိုင်သွားမည်ဟု မြင်လေသည်။ ပမညတအားပေးလိုက်သော မဲအများအပြားသည် ကွန်မြူနစ်ကြိုက်၍မဟုတ်၊ ဖဆပလမဟုတ်တာတွေလုပ်သည်ကို ကန့်ကွက်မဲပေးခြင်းဖြစ်သည်ဟု တွက်မိလေသည်။

ပမညတအား လူထုက ဤရွေ့ဤမျှမဲပေးလိုက်ခြင်းမှာ ငြိမ်းချမ်းရေးမပေးနိုင်သော ဖဆပလအားဆန့်ကျင်ကာ ငြိမ်းချမ်းရေးယူပေးနိုင်မည် လားအထင်ဖြင့် မဲပေးလိုက်ကြခြင်းဖြစ်သည်။ ရွေးကောက်ပွဲအပြီး နိုင်ငံ

ရေးတိုက်ပွဲများကြားတွင် ဦးနုသည် ဤအချက်ကို တဖြည်းဖြည်းမြင်လာလေသည်။

သို့ကလို ဖဆပလတွင်းမှာ ၁၉၅၆ခု ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ကောက်ချက်နှစ်မျိုးရှိခြင်းကြောင့် ပြုပြင်ပုံနှစ်မျိုးဖြစ်ခဲ့ရလေသည်။ ဗဆွေ၊ ကျော်ငြိမ်းတို့ လူသိုက်က ဖဆပလတွင်းပြုပြင်ရေးမပါဘဲ ကွန်မြူနစ်ဆန့်ကျင်ရေးအတွက်သာ ဦးတည်ပြုပြင်ပြီး ဦးနုက ဖဆပလတွင်းပြုပြင်ရေး၊ တစ်နည်းဆိုသော် ကိုယ့်ဘက်ကိုယ်ပြုပြင်ရေးနှင့် လူထုအကြိုက်လိုက်ရေးတို့ကို မူတည်လေသည်။ ဗဆွေ၊ ကျော်ငြိမ်းတို့အမြင်မှာ အနုတ်လက္ခဏာဖြစ်၍ ဦးနု၏အမြင်မှာ အပေါင်းလက္ခဏာဖြစ်လေသည်။ ဗဆွေ၊ ကျော်ငြိမ်းတို့၏ ကွန်မြူနစ်ဆန့်ကျင်ရေးအနုတ်လက္ခဏာသည် သူတို့အားအမြင်ကျဉ်းစေ၍ လူထုလိုအင်ဆန္ဒအမှန်ကို မမြင်နိုင်အောင် နုတ်ယူလျက်ရှိပေသည်။ သူများကြောင့် သူတို့ဖဆပလအားနည်းရသည်ဟု ဆင်ခြင်သုံးသပ်လိုက်ကတည်းက ကိုယ့်ကိုယ်ကိုပြုပြင်ရန်မပါတော့ရာ ဖဆ ပလ မကောင်းခဲ့လေသမျှ သူတို့အပေါ်ပုံကျရောက်လာပြီး ဦးနုမှာမူ ဖဆပလပြုပြင်ရေးနှင့် လူထုအကြိုက်လိုက်ရေးသို့ ဦးတည်နေရာ ဖဆပလမကောင်းခဲ့လေသမျှမှ ကင်းလွတ်သန့်ရှင်းသွားလေတော့သည်။

အခြေခံအားဖြင့်ဆိုရသော် နောက်နှစ်နှစ်ကျော်ကျော်ကြာတော့ ဖဆပလကွဲခြင်းမှာ ၁၉၅၆နှစ်၊ ရွေးကောက်ပွဲမှ အထက်ပါကောက်ချက်နှစ်မျိုးနှင့် ပြုပြင်ပုံနှစ်မျိုးကြောင့် ကွဲခြင်းဖြစ်လေသည်။ ထိုနှစ်နှစ်ကျော်အတွင်းနိုင်ငံရေးအယူအဆမှာလည်းကောင်း၊ စည်းရုံးရေးလုပ်နည်းလုပ်ဟန်မှာ လည်းကောင်း၊ ပုဂ္ဂိုလ်ရေးမှာ လည်းကောင်း အကွဲအပြဲများပြင်းထန်လာရာ 'အာဏာ'တည်းဟူသော အစွဲအလမ်းကြီးက နှစ်ဖက်စလုံးအား ဖုံးအုပ်နေသဖြင့် ပြေပြေပြစ်ပြစ်ဖြစ်အောင် မဖြေရှင်းနိုင်ခြင်းဖြစ်လေသည်။

ထိုကာလအတွင်း သူတို့အတွင်း အကွဲအပြဲများနှင့်ပတ်သက်၍ ကျွန်



တော်သည် ကျော်ငြိမ်းနှင့်နှစ်ခါဆွေးနွေးရလေသည်။

သူတို့ဖဆပလက ဖဆပလအပုပ်ချပွဲလုပ်နေစဉ် ဖဆပလပြန်လည်စည်းရုံးရေးများနှင့်ပတ်သက်ပြီး ပြည်သူလူထုနှင့်အဖွဲ့အစည်းအားလုံးကို အကြံပေးရန် ဖိတ်ခေါ်လေသည်။

ထိုစဉ်က ကျွန်တော်သည် ပြည်သူ့ညီညွတ်ရေးပါတီအတွင်းရေးမှူးအနေဖြင့် အကြံပေးစာတစ်စောင်ရေးသားပေးပို့လိုက်လေသည်။ လူထုလိုအင်ဆန္ဒပေါ် အမြဲတမ်းအခြေခံထားသော ဖဆပလဖြစ်ရန် မည်သို့မည်ပုံလုပ်ငန်းစဉ်ချသင့်သည်။ ပြန်လည်စည်းရုံးရေးလုပ်သင့်သည် စသည်များဖြစ်၏။ ဖဆပလသည် စည်းရုံးရေးအားဖြင့်ပြောရလျှင် ပါတီစစ်စစ်လည်း မဟုတ်၊ တပ်ပေါင်းစုလည်း မပီမသဖြစ်နေ၍ တပ်ပေါင်းစုပီပီသသဖြစ် အောင်ပြင်ဖို့လိုပုံ အကြံဉာဏ်လည်းပေးထား၏။

ဦးနုမှာ ဝန်ကြီးချုပ်မလုပ်ဘဲ ဖဆပလဥက္ကဋ္ဌလုပ်နေသည်။ ဦးနုအား အထက်ပါစာကို သူ့ဖဆပလဥက္ကဋ္ဌအခန်းထဲမှာ ဖတ်ပြီးရှင်းပြလေသည်။ သူက လေးလေးနက်နက်နားထောင်သည်။ လေ့လာစဉ်းစားပြီး သူတို့လိုက်နာနိုင်တာ လိုက်နာမည်ဟု ဆိုလေသည်။

ကျော်ငြိမ်းနှင့်တွေ့ပြီး ထိုစာအကြောင်းဆွေးနွေးသောအခါ......

"မင်းတို့အတိုက်အခံ ပမညတက ငါတို့ဖဆပလညီညွတ်ဖို့၊ ကောင်းဖို့ အကြံဉာဏ်ပေးတယ်ဆိုတာ မဖြစ်နိုင်ပါဘူးကွာ။ အတိုက်အခံနိုင်ငံရေးလက်တွေ့ဘက်ကကြည့်ရင် တို့ကွဲတာပြတာကိုသာ မင်းတို့လိုလားမှာပေါ့"ဟုဆိုကာ ကျွန်တော်တို့ပါတီမှ လေးလေးစားစားပို့ပေးသော အကြံဉာဏ်များကို ပုတ်ထုတ်လိုက်လေသည်။

"ဟ... တို့အကြံပေးတာက အမြင်တိုတိုနဲ့ အကြံပေးတာ မဟုတ်ဘူး။ အမြင်တိုတဲ့ အတိုက်အခံများဆိုရင် မင်းပြောသလို မင်းတို့ဖဆပလကွဲစေချင်မှာပေါ့။ တို့က ပြည်သူလူထုအကျိုးကြည့်ပြီး အကြံဉာဏ်ပေးနေတာ။

ခုလိုတို့တိုင်းပြည်အခြေအနေကြား၊ ကမ္ဘာ့အခြေအနေကြားမှာ ဖဆပလကွဲလို့ လူထုနဲ့တိုင်းပြည်အကျိုးမရှိနိုင်ဘူး။ အန္တရာယ်သာများလာနိုင်တယ်။ ငါလွှက်တော်ထဲမှာ ဒီစကားမျိုးပြောတာ စကားကောင်းအောင်သက်သက်ပြောကာ မဟုတ်ဘူး။ ပရိယာယ်မဟုတ်ဘူး။ ခက်တာက မင်းတို့ဘက်က ဟားတိုက်ပြီးနေတယ်။ ငါ့သဘောက ကိုပမညတဘက်မှာလည်း မကွဲစေချင်ဘူး။ မင်းတို့ဖဆပလဘက်မှာလည်း မကွဲစေချင်ဘူး။ တို့ဂစ်တွေကြားကွဲတာဟာ ကောင်းကျိုးမပေးတာက များတာ၊ ၁၀နှစ်ရဲ့လက်တွေ့သင်ခန်းစာမဟုတ်ဘူးလား"။ ကျွန်တော်က စိတ်ရော မာန်ပါပြောလိုက်သောအခါ ကျော်ငြိမ်းသည် စပ်ဖြဲဖြဲမလုပ်တော့ချေ။

'အေး၊ တို့ဖဆပလအလုပ်အမှုဆောင်အဖွဲ့ကို မင်းဆီက စာလာတယ်တို့ကြားပါတယ်။ ငါယူပြီး သေသေချာချာလေ့လာပါဦးမယ်။ ဒါပေမယ့် မင်းဟာတွေ သတိနဲ့လေ့လာမှုဖြစ်မယ်။ မင်းက အရေးကောင်းတော့ လူတစ်ဖက်သားပါပါသွားတတ်တယ်"ဟု ပြောကာ သံသယတွေပြနေပြန်လေသည်။ ဤကား ဦးနုနှင့်ကျော်ငြိမ်း၏အပြင်မှလာသော ဝေဖန်သံ၊ အကြံဉာဏ်ပေးသံ၊ တိုက်တွန်းသံ စသည်တို့နှင့် ပတ်သက်ပြီး တုံ့ပြန်ပုံခြားနားချက်ပေတည်း။

ထို့ကြောင့်လည်း ကျော်ငြိမ်းအား ရင်းနှီးသော မိတ်ဆွေများကပင် သံသယရှိလွန်းသူ၊ ဘယ်သူ့ကိုမျှ မယုံသူဟု ပြောဆိုဝေဖန်ကြခြင်းဖြစ်လေသည်။

ဖဆပလအကွဲသည် ပရိသတ်ဗိုလ်ပုံအလယ်မရောက်ခင် သူတို့အတွင်းမှာ ကျိတ်ကွဲနေစဉ် ကျွန်တော်တို့သတင်းအမျိုးမျိုးရရှိ၏။ ပုဂ္ဂိုလ်ရေးကွဲသံများကို ကျွန်တော်သိပ်စိတ်မဝင်စားပေ။ နိုင်ငံရေးသဘောတရားရေးမှာ သူတို့ဘာကွဲသနည်း။ ကျော်ငြိမ်းအား ကျွန်တော်မေးကြည့်၏။

"နိုင်ငံရေးမှာ ကွဲသလား"



"မကွဲဘူး၊ တို့လည်းကြားနေရေး၊ သူတို့လည်း ကြားနေရေး"

"ပြည်တွင်းငြိမ်းချမ်းရေးမှာ ကွဲသလား၊လက်နက်ချပြီးဥပဒေထဲဝင်ခဲ့။ ဥပဒေတွင်းအခွင့်အရေးတွေ အားလုံးပေးမယ်ဆိုတာမှာ ကွဲသလား"

"မကွဲဘူး။ သူပုန်တွေနဲ့ပတ်သက်ပြီး ဖဆပလကအပြတ်တိုက်တာပဲဖြစ်ဖြစ်၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးတာပဲ ဖြစ်ဖြစ်၊ ဥပဒေတွင်းခေါ်တာပဲဖြစ်ဖြစ်၊ တို့အားလုံးတညီတညွတ်ထဲ ဆုံးဖြတ်တာချည်းပဲ"

"ဆိုရှယ်လစ်ဒီမိုကရေစီဝါဒ ယုံကြည်တာမှာကော မင်းတို့နဲ့ကိုနုကွဲသလား"

"မကွဲဘူး၊ အတူတူပဲ"

"ဒီလိုဆိုရင် မင်းတို့ဘယ်မှာကွဲကြတာတုံး"

ကျော်ငြိမ်းက ဖဆပလထဲမှာ ကိုနုအာဏာရှင်ဆန်ပုံတွေ လျှောက်ပြောသည်။ ကိုနုအာဏာမက်မောလွန်းနေပြီဟုလည်း ဆိုသည်။ သူ့အားမဟုတ်မတရားစွပ်စွဲသည်ဟုလည်းဆိုသည်။ အမှန်မှာ သူတို့နှစ်ယောက်အပြန်အလှန်ပေးစာမှ အချက်အလက်များကိုပင် ပြောနေခြင်းဖြစ်၏။

"မင်းလူကြီးဖဆပလထဲမှာ ဘဝရှင်မင်းတရားကြီးလုပ်နေတာ၊ အာဏာရှင်ဆန်နေတာ ငါက အမုန်းခံတိုက်နေရတာကွ"ဟု ကျော်ငြိမ်းကဆိုလေသည်။

ကျွန်တော်–

"ပါတီတွင်း ဒီမိုကရေစီဆိုတာ ရှိအပ်တာပဲ။ ဒါပေမယ့် မင်းတို့ကွဲတာဟာ သဘောတရားရေးလဲမဟုတ်၊ နိုင်ငံရေးလဲမဟုတ်ရင်ရှင်းပြီးရင်ကြားစေ့ပစ်လိုက်ပေါ့ကွ။ ပုဂ္ဂိုလ်ရေးကွဲတယ်ဆိုတာ အရေးတကြီးမထားရဘူး"

ကျော်ငြိမ်း–

"အင်း မင်းကတော့ တစ်သက်လုံးပုဂ္ဂိုလ်ရေး အရေးမကြီးဘူးပြောခဲ့

တဲ့အကောင်ပဲ၊ ငါကတော့ ပုဂ္ဂိုလ်ရေးဟာ ဝါဒသဘောတရားရေး နိုင်ငံရေးလိုပဲ အရေးကြီးတယ်ထင်တယ်။ တစ်ခါတစ်ခါ ပိုတောင်အရေးကြီးတယ်ထင်တယ်။ ငါက အဖော်ကောင်းရင် ငရဲတောင်အတူသွားရဲတယ်လို့ မင်းကို ပြောဖူးခဲ့တယ် မဟုတ်လား။ ပုဂ္ဂိုလ်ရေးကွဲရင် နိုင်ငံရေး၊ သဘောတရားရေး ဘယ်ညီနိုင်မှာလဲ။ သူဖြူ ငါမည်းဖြစ်တော့တာပေါ့"

"ငါကတော့ နိုင်ငံရေး၊ သဘောတရားရေး မှန်ကန်ကောင်းမွန်ရင် ပုဂ္ဂိုလ်ရေးလည်း မှန်လိုက်လာရမယ်၊ ကောင်းလိုက်လာရမယ်လို့ ယူဆတယ်။ အရင်းအမြစ်က သဘောတရားရေး၊ နိုင်ငံရေးဝါဒပဲ"

သို့ဖြင့် ကျွန်တော်တို့သည် စိတ်နှင့်ရုပ်ဝါဒအငြင်းပွားမှုသို့ ရောက်သွားကြလေသည်။

ကျော်ငြိမ်းနှင့် ကျွန်တော်တို့မှာ ကိုယ်ပိုင်လေ့လာမှု၊ ကိုယ်ပိုင်အတွေ့အကြုံနှင့် ကိုယ်ပိုင်အတွေးအခေါ်ရှိနေပြီဖြစ်ရကား ဤလိုအခြေခံငြင်းခုံ မှုမျိုး၌ တစ်ဖက်နှင့် တစ်ဖက်အလျှော့မပေးကြချေ။ ပြီးပြတ်ခြင်းလည်း မရှိကြချေ။ ကြုံကြိုက်တိုင်းငြင်းခုံပာတ်ကြ၏။

အထက်ပါအတိုင်း ဆွေးနွေးငြင်းခုံကတ်ကြသော အချိန်မှာ ၁၉၅၇ခုနှစ်အကုန် ၁၉၅၈ခုနှစ်ထဲ ရောက်စလောက်ဖြစ်ဟန်ရှိသည်။ ဦးနုနှင့် ဝါးယေမသို့လိုက်သွားပြီး အပြန်တွင်ဖြစ်၏။ ကျော်ငြိမ်းက ဦးနုနှင့်ကျွန်တော် ဖဆပလတွင်းအကွဲအပြဲပြဿနာများနှင့် ပတ်သက်၍ ဘာတွေဆွေးနွေးကြသည်။ ဦးနုက ဘယ်လိုကိစ္စမှာ သဘောထားသည်ကို သိလိုနေလေသည်။

ဖဆလပတွင်း ပြဿနာများနှင့် ပတ်သက်၍ ဦးနုနှင့်ကျွန်တော် ဘာမျှမဆွေးနွေးရချေ။ ယေဘုယျနည်းနည်းစကားစပ်မိလျှင် ဦးနုက စကားဖြတ်သွားတတ်သည်။ ကျွန်တော်ကလည်း သူတို့အတွင်းရေးဝင်မစွက်တာ ကောင်းသည်ဟု သဘောထားလိုက်ကာ ရှေ့ဆက်မပြောတော့



ချေ။ ထိုသို့ ဖဆပလအဖွဲ့တွင်း အကွဲအပြဲပြဿနာတွေ တစ်စုံတစ်ရာဆွေးနွေးမှု မရှိပါဟု ဆိုသည်ကို ကျော်ငြိမ်းမယုံချေ။

ကျော်ငြိမ်းက ဗဆွေတို့ အသိုက်အဝန်းကြားတွင် ဦးနုသည် ပမညတအားကိုးဖြင့် သူတို့နှင့်လမ်းခွဲပြီး သူတို့အား ကိုယ့်ဘာသာကိုယ်နင်းလုပ်ရန် စိုင်းပြင်းနေသည်ဟု မယုံသင်္ကာအကြီးအကျယ်ဖြစ်နေလေပြီ။

"ဟ ဒီလိုလုပ်မယ် မထင်ပါဘူးကွ။ သူက ပါလီမန်ဒီမိုကရေစီထုံးစံတွေကျင့်သုံးနေတာပါကွ။ တို့ပမညတအတိုက်အခံကို တရားဝင်အတိုက်အခံအနေနဲ့ အရေးပေးဖို့ သူကြိုးစားနေတာပါ။ ဒါပါပဲ ဝါးယေမတုန်းက သူနဲ့ငါလမ်းလျှောက်ကြတော့ လမ်းမှာ အတိုက်အခံပိုင်တာတွေ ကပ်ထားတာတွေ့ရတယ်"

ကျော်ငြိမ်းတို့လူစုက ဦးနုအား ဝါဒအခိုင်အမာမရှိဟု ဆိုကြသည်။ သူတို့မှာကား ဆိုရှယ်လစ်ဒီမိုကရေစီဝါဒအခိုင်အမာရှိသည်။ ထို့ကြောင့် ကွန်မြူနစ်ဝါဒကိုတွန်းလှန်နိုင်အားရှိသည်။ ဦးနုကား ဝါဒအခိုင်အမာမရှိသဖြင့် ကွန်မြူနစ်ဝါဒကို တွန်းလှန်နိုင်အားမရှိ၊ ကမ္ဘာ့အုပ်စုကြီးနှစ်ခုနှင့်ဆက်ဆံရာတွင် ဆိုရှယ်ဒီမိုကရက်တို့သည် အမေရိကန်အရင်းရှင်အုပ်စုဘက်သို့ မယိမ်းနိုင်။ အကြောင်းမူကား သူတို့မှာ ခိုင်မြဲသော ဆိုရှယ်လစ်များဖြစ်၍ ဖြစ်သည်။ ကွန်မြူနစ်အာဏာရှင်အုပ်စုဘက်သို့လည်း မယိမ်းနိုင်။ အကြောင်းမူကား သူတို့မှာ ခိုင်မြဲသောဒီမိုကရက်များဖြစ်၍ ဖြစ်သည်။ ဦးနုကား ကမ္ဘာ့အုပ်စုကြီးနှစ်ခုကြားတွင် ကြံ့ကြံ့မခံနိုင်။ တစ်ဖက်ဖက်သို့ ယိမ်းယိုင်စမြဲဖြစ်သည်။ ယခုအခါ ရုရှားနှင့်တရုတ်ဘက်သို့ ယိမ်းယိုင်နေသည်။ နေရှူးနှင့်အတူတူပင်ဖြစ်သည်၊ ဦးနုနှင့်နေရူးတို့သည် ရုရှားနှင့် တရုတ်တို့အား ဆန့်ကျင်တိုက်ရဲခြင်းမရှိဘဲ အမေရိကန်ကိုသာ ဆန့်ကျင်တိုက်မိုက်ရဲကြသော ကြားနေရေးဝါဒသမားများဖြစ်သည် စသည်ဖြင့် ဆိုလေသည်။

ဦးနုက တရုတ်ပြည်မှ ပြန်လာလျှင် ဖြစ်စေ၊ ရုရှားပြည်မှ ပြန်လာ

လျှင် ဖြစ်စေ၊ တရုတ်–ရုရှားတို့နှင့် တစ်စုံတစ်ရာအကျိုးရှိရာရှိကြောင်း၊ ရင်းနှီးရာ ရင်းနှီးကြောင်း ပြုလုပ်လာခဲ့လျှင်ဖြစ်စေ ကျော်ငြိမ်းက "ပန်ကြီးချုပ် နီလာခဲ့ပြီ ထင်တယ်"ဟု ခနဲ့တဲ့တဲ့ပြောခြင်း၊ သရော်ခြင်းမှာ သာမန်ခနဲ့ခြင်း၊ သရော်ခြင်းမဟုတ်။ တကယ် မသင်္ကာစိတ်ဖြင့် ပြောခြင်းဖြစ်လေသည်။

ကမ္ဘာကြီးအလယ်တွင် သူတို့ဆိုရှယ်ဒီမိုကရက်များသည် တတိယအင်အားစုကို ခေါင်းဆောင်နိုင်သည်ဟု သူတို့က ယုံကြည်ကြသည်။ ဦးနုက အမေရိကန်အုပ်စု၊ ဆိုဗီယက်အုပ်စုတို့မှ အပဖြစ်သော တတိယအင်အားစုကို ခေါင်းဆောင်နိုင်စွမ်းမရှိဟု သူတို့ယုံကြည်ကြသည်။

ထို့ကြောင့် ဖဆပလကွဲရခြင်းတွင် သူ့လူကိုယ့်လူ၊ သူ့အုပ်စု၊ ကိုယ့်အုပ်စု အခွင့်အရေးပိုမိုပေးခြင်း၊ အာဏာဖြင့် ညှာတာခြင်း၊ သို့မဟုတ် ဖိနှိပ်ခြင်း၊ လူစုခြင်း၊ ဖြိုခွဲခြင်း၊ ခြစားခြင်း၊ အလွဲသုံးစားပြုခြင်း၊ သိန်း ၁၀၀၊ သိန်း ၈၀၀၊ အာဏာရူး စသော ကိစ္စများသည် ရှေ့တန်း ရောက်ခဲ့သော်လည်း နောက်မှ ကြိုးကိုင်နေသောအကြောင်းတရားများမှာ ဝါဒနှင့်နိုင်ငံရေး ကွဲပြားသော အကြောင်းပရားများဖြစ်လေသည်။

ပြည်တွင်းရေးမှာ ဦးနုက ဖဆပလအမှားများ ဆေးကြောပြင်ဆင်လိုပြီး ဖဆပလပြင်ပ အင်အားစုများနှင့် ပူးပေါင်းဆက်ဆံလိုသည်၊ လူထုလိုလားသော ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးသို့ လိုက်လျောရန် အစွမ်းကုန်ကြိုးစားသည်။ ကျော်ငြိမ်းတို့ဘက်မှမူ ဖဆပလအမှားမရှိ။ အတိုက်အခံတွေ၊ ကွန်မြူနစ်၊ ဖဆပလပြင်ပမှာရှိသော အင်အားစုတွေမှာသာ အမှားရှိသည်။ သူတို့နှင့်ပူးပေါင်းရန်လည်း ဘာမျှအကြောင်းမရှိ။ လိုလည်း မလိုလား အပ်။ လူထုအကြိုက်လိုက်ပြီး ဟိုဟာလုပ်၊ သည်ဟာလုပ် လုပ်မနေအပ်။ ယုံကြည်ချက်ရှိလျှင် လူထုကို ဆန့်ကျင်ရဲရမည် စသည်ဖြင့် ယူဆကြ သည်။

နိုင်ငံခြားရေးတွင် ကျော်ငြိမ်းတို့လူစုသည် ကမ္ဘာ့ဆိုရှယ်ဒီမိုကရက်



များနှင့်အတူ ကွန်မြူနစ်ဆန့်ကျင်ရေးနှင့် တရုတ်၊ ရုရှား၊ ဆိုကာနို၊ ဦးနု စသော ခေါင်းဆောင်တို့ ကိုယ်စားပြုသည့် တကယ့်အမျိုးသားလွတ်လပ်ရေးကြားနေရေးဝါဒကို ဆန့်ကျင်သည်။

ဦးနုသည် ဖဆပလအဖွဲ့တွင်း အပုပ်ချပွဲများ၊ သန့်ရှင်းရေးများ၊ တကယ်ထိရောက်စွာလုပ်လာသည်နှင့်တစ်ပြိုင်နက် ဖဆပလကွဲရေးနှင့် ရင်ဆိုင်ရလေတော့သည်။ ဖဆပလကွဲမှာ ကြောက်နေလျှင် လုပ်ချင်သော အပုပ်ချခြင်း၊ သန့်ရှင်းခြင်းများ လုပ်မရနိုင်ဟု မြင်လာလေသည်။

ဖဆပလအဖွဲ့အစည်းဘောင်အတွင်းမှနေပြီး ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပူးပေါင်းဆောင်ရွက်ညီညွတ်ရေးများလုပ်လျှင် သူ့အား ဖဆပလအဖွဲ့အစည်းသည် ကြိုးနှင့်တုပ်ထားသလိုရှိသည်ဟု ယူဆလာဟန်ရှိသည်။

ထို့ကြောင့် ဦးနုသည် ဖဆပလကိုခွဲပစ်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်လေသည်။

ဦးနုသည် သခင်တင်၊ သခင်ကျော်ဒွန်း စသူတို့အားခေါ်ပြီး ဆွေ–ငြိမ်းတို့လူစုနဲ့ ဘယ်နည်းနဲ့မျှအတူလုပ်မဖြစ်တော့ဘူး၊ ခွဲကြစို့ ဟုဆိုကာ ပြောလိုက်ခြင်းဖြစ်သည်။

ဆွေ–ငြိမ်းတို့အားလည်း ထိုအတိုင်းပင်ခေါ်၍ ပြောလိုက်ခြင်းဖြစ်ပါသည်။ ကျော်ငြိမ်းသည် လည်းကောင်း၊ သူ့လူများသည် လည်းကောင်း၊ ဖဆပလကွဲခြင်းအတွက် သခင်တင်၊ သခင်ကျော်ဒွန်းတို့အား လည်းကောင်း၊ ပမညတအား လည်းကောင်း၊ ကျွန်တော့ကို ခေါင်းတပ်၍ လည်းကောင်း၊ အပြစ်ပြောလေ့ရှိကြ၏။ နောက်တော့ ဦးနုခွဲလို့ကွဲရသည် ဆို၏။ အလွန်တိမ်သော အယူအဆများပင်ဖြစ်သည်။ ဖဆပလသည် ကွဲနေပြီ။ အပေါ်ယံစက္ကူပါးကလေးဖြင့်သာ တဲတဲကလေးတစုတပေါင်းတည်းဖြစ်နေလေသည်။ ဦးနုက ထိုစက္ကူပါးကလေးကို သူကြိုက်သောနေရာ

တွင် ဆုတ်ဖြုပစ်လိုက်ခြင်းသာဖြစ်သည်။

သို့ကလို ဦးနုဆုတ်ဖြရာ၌ ကျွန်ုပ်တော်လို အပြင်လူမပြောနှင့်။ အတွင်းက သခင်တင်ကိုတောင် တိုင်ပင်သည်မဟုတ်ချေ။

သတိရသေးသည်။ ပါလီမန်ပြည်သူ့လွှတ်တော်တွင် ဦးဗဆွေက ဦးနုအား အယုံကြည်မရှိ အဆိုတင်သွင်းပြီး နု–တင် ဘက်မှနိုင်သောအခါ သန့်ရှင်းခေါင်းဆောင်များ ထမင်းစားပွဲလုပ်ကြသည်။ ထိုထမင်းစားပွဲတွင် ကွဲရပုံကလေး စားမြုံ့ပြန်သည်။ သခင်တင်တို့အား “ဒီလူတွေနဲ့ခွဲကြစို့ဗျာ။ ကျွန်တော် ဆုံးဖြတ်ပြီးပြီ။ ဒါပဲ” ဟု ဦးနုက ပြောလိုက်သောအခါ သခင်တင်တို့မှာ ပါးစပ်အဟောင်းသားနှင့်ကြောင်နေသည်။ သို့သော် ဦးနုသည် ရဲရဲကြီးခွဲလိုက်ရခြင်းမှာ အားကိုးတစ်ခုခုတော့ရှိမှာပဲဟု စိတ်ထဲက အောက်မေ့ပြီး သခင်တင်တို့က ဘာမျှစောဒကမတက်နေတော့ချေ။

“ကိုင်း– ခင်ဗျားခွဲမယ်ဆိုလည်း ခင်ဗျားနောက်က လိုက်ရုံပေါ့”ဟု ဆိုကာ နု–တင်သည် ဆွေငြိမ်းမှ ခွဲခဲ့ခြင်းဖြစ်လေသည်။ ကွဲပြီးရက်ပေါင်းအတန်ကြာမှ ဦးနုတို့ကို သခင်တင်ကမေးသည်။ “ခင်ဗျားခုလို ရဲရဲကြီးခွဲလိုက်တာ ဘာအားကိုးများရှိလို့လဲ”

“ဘာအားကိုးရှိရမှာလဲ ယုံကြည်မှုပေါ့။ တရားတယ်၊ မှန်တယ်၊ အောင်ရမယ်ဆိုတဲ့ ယုံကြည်ချက်ရှိလို့ပဲ။ ခင်ဗျားတို့လည်း ယုံကြည်ချက်သာ ရှိကြ” ဟု သခင်တင်တို့အား ဦးနုက ပြောလိုက်သည်ဟု ဆိုလေသည်။

ခွဲမည်ဆိုသောအခါ ဦးနုသည် ဘယ်သူ့ကိုမျှမတိုင်ပင်ပါ။ သခင်တင်ကိုမှ မတိုင်ပင်ပဲ၊ ကျွန်တော့်ကိုကော တိုင်ပင်ပါမည်လော။

သို့ရာတွင် သူတို့ကွဲကြပြီးလျှင် ဘယ်ဘက်ကနေရမည်ကို ချက်ချင်းပင် ကျွန်တော်ဆုံးဖြတ်ပြီးဖြစ်လေသည်။

သန့်ရှင်းတည်မြဲကွဲစဉ်က ကျွန်တော်တို့ ပမညတသည် ကြားနေထိုက်သည်ဟု ထင်မြင်ချက်ပေးသူများရှိလေသည်။ ကြားမနေရကောင်း



လားဟု ယနေ့တိုင် အခဲမကျေဝေဖန်သူတွေလည်းရှိသည်။

မခွဲခင်က မကွဲစေလိုခြင်း၊ မကွဲအောင်ကူညီထိန်းသိမ်းပေးခြင်း စသည်တို့မှာ ရှိအပ်ရှိထိုက်သည်။ ကွဲသော်လည်း သူ့စည်းမျဉ်းဘောင်အတွင်း သူတို့အချင်းချင်းစေ့စပ်ဖြေရှင်းရန် လမ်းရှိသေးလျှင် စေ့စပ်ဖျန်ဖြေရေးနှင့် အဖွဲ့အတွင်းဖြေရှင်းရေးအားပေးထိုက်သည်။ ကွဲပြီးစေ့စပ်ဖြေရှင်းစခန်း ကုန်ဆုံးသောအခါ၌ကား ကိုယ်မှန်မည်ထင်သည့်ဘက်၊ တိုင်းပြည်အတွက် ကောင်းမည်ထင်သည့်ဘက်သို့ ထောက်ခံရမည်သာဖြစ်သည်။

သို့မထောက်ခံဘဲ သန့်ရှင်းတည်မြဲအကွဲကြားတွင် လက်ပိုက်ကြည့်နေခြင်းသည် တကယ့်အခြေခံကျသော အနှစ်သာရရှိသော နိုင်ငံရေး မဟုတ်ချေ။ အပေါ်ယံပရိယာယ်မာယာဖြင့် ကစားသောနိုင်ငံရေးဖြစ်သည်။

တည်မြဲ–သန့်ရှင်းအကွဲတွင် ဘယ်အပိုင်းသည် နိုင်ငံအာဏာကိုဆက်လက်သိမ်းမည်နည်းဟူသော ပြဿနာပေါ်ပေရာ ကျွန်တော်တို့ ပမညတက ဘက်လိုက်ရန် အရေးကြီးလာပေသည်။ ကြားနေ၍မဖြစ်နိုင်ချေ။

ဤကား ကျွန်တော့်သဘောထားဖြစ်၏။

ပမညတကြားနေဖို့ကောင်းကြောင်းပြောသူထဲတွင် တည်မြဲခေါင်းဆောင်အချို့ ပါဝင်သည်ကို အံ့ဩဖွယ်ရာတွေ့နိုင်လေသည်။ အထူးသဖြင့် ပြောမနာဆိုမနာဖြစ်သော ကျွန်တော့်အား သူတို့အများဆုံးပြောကြသည်။

ပါလီမန်ပြည်သူ့လွှတ်တော်တွင် တည်မြဲက ဦးနုအပေါ်တွင် အယုံအကြည်မရှိအဆိုတင်သွင်းသောနေ့တွင် နေ့ခင်းလက်ဖက်ရည်သောက်ချိန်၌ ကျော်ငြိမ်းနှင့်ကျွန်တော်တွေ့ကြသည်။ ဗဆွေလည်း အနားမှာရှိသည်။

ကျော်ငြိမ်းက ကျွန်တော့်လက်ကိုဖမ်းဆွဲပြီး “သူငယ်ချင်း Jokes apart အတည်ပြောတာပါ။ မင်းတစ်ယောက်တော့ ကြားနေဖို့ကောင်းသည်ဟု ဆို၏။

ဗဆွေက ဒန်ပေါက်ထမင်းပန်းကန်ကိုကိုင်ယူလာရင်း ဝင်ပြောလိုက်

သည်။

"ဟ သိန်းဖေကို မင်းခုထိမသိသေးဘူးလား။ သာမန်အချိန်မှာ ကြားနေချင်နေမယ်။ ချက်ထဲကျရင် ကိုနုကို ထောက်ခံမှာချည်းပဲ။ ကွန်မြူနစ်သူပုန်ထတုန်းကတောင် ကွန်မြူနစ်မထောက်ခံပဲ ကိုနုကိုထောက်ခံသေးတာပဲ"

ကျွန်တော်–

"အေး၊ ဗဆွေပြောတာမှန်တယ်ကွ။ ရာဇဝင်မှာ ကိုနုအခန်းမကုန်သေးဘူးထင်တယ်။ ဒါကြောင့် အရေးကြုံရင် ငါသူ့ကိုပဲထောက်ခံမှာပဲ"

သန့်ရှင်းဖဆပလအား ကျွန်တော်ထောက်ခံရခြင်းနှင့်ပတ်သက်၍ ကျော်ငြိမ်းနှင့်ကျွန်တော် နောက်တစ်ကြိမ်ဆွေးနွေးခွင့်ရပြန်သည်။ ဆွေ–ငြိမ်းတို့ အာဏာမဲ့သွားပြီးနောက် ကျော်ငြိမ်းဆေးရုံတက်နေရာ ကျွန်တော်သွားကြည့်လေသည်။ သူ့လူတွေက ရှောင်ပေးကြသဖြင့် ကျွန်တော်တို့နှစ်ယောက် ငြင်းခုံဆွေးနွေးရန်အချိန်ရပြန်လေသည်။ သန့်ရှင်းဖဆပလအစိုးရက သူတို့အား နှိပ်စက်နေကြောင်း သူတို့ဘက်ကမခံနိုင်သော အခြေအနေရောက်လျှင် လက်နက်ဖြင့်ပုန်ကန်ရန်သာရှိတော့မည်ဖြစ်ကြောင်း၊ တိုင်းပြည်အခြေအနေဆိုးရွားလာကြောင်း၊ ညွန့်ပေါင်းအစိုးရသာ ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း ကျော်ငြိမ်းက ပြောသည်။

ကျွန်တော်–

"ညွန့်ပေါင်းအစိုးရကို ငါထောက်ခံတယ်။ တည်မြဲရယ်၊ သန့်ရှင်းရယ်တို့ပမညတရယ် ပါတဲ့ ညွန့်ပေါင်းအစိုးရကိုပြောတာ"

ကျော်ငြိမ်း–

"တို့အကွဲမှာ ကွန်မြူနစ်တွေ ဝင်အမြတ်ထုတ်ဖို့ဖြစ်လာဟာပဲနော်"

သို့ဖြင့် ဖဆပလနှစ်ခြမ်းကွဲရာတွင် ကျွန်တော်ဘာကြောင့် ဦးနုဘက်မှာ ပါရကြောင်း ရောက်သွားလေသည်။



ကျွန်တော်–

"မင်းမျက်လုံးမှာ ကွန်မြူနစ်ဆန့်ကျင်ရေး တိမ်သလာဖုံးနေတယ်။ မင်းအတွေးအခေါ်ဟူသမျှဟာ ကွန်မြူနစ်ဆန့်ကျင်ရေးဆိုတဲ့အချက်မှာ မြစ်ဖျားခံတယ်။ ဒီတော့ မင်းဟာ အမျိုးသားရေးရှုထောင့်မရှိတော့ဘူး။ ကိုယ့်တိုင်းပြည်၊ ကိုယ့်အမျိုးသားရေးအတွက် အခြေခံပြီး စဉ်းစားတွေးခေါ်တာလုပ်တာကိုင်တာမဟုတ်တော့ဘူး။ ကွန်မြူနစ်ဆန့်ကျင်ရေးအတွက် အခြေခံပြီး စဉ်းစားတွေးခေါ်တာ လုပ်တာကိုင်တာဖြစ်တယ်"

ကျော်ငြိမ်း–

"ဟ သိန်းဖေရ၊ အကောင်းဆုံးသော ကွန်မြူနစ်ဆန့်ကျင်ရေးသမားသည် အစစ်မှန်ဆုံးသော အမျိုးသားရေးဝါဒသမားဖြစ်သည် ဆိုတဲ့ စကားကိုငါယုံကြည်တယ်။ ကွန်မြူနစ်ဖြစ်တာနဲ့တစ်ပြိုင်နက် အမျိုးသားအမြင်မရှိတော့ဘူး။ လွတ်လပ်စွာတွေးခေါ်မှုမရှိတော့ဘူး"

"မင်းအယူအဆက ဒါးလက်စ် (အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဖော်စတာဒါးလက်စ်) နဲ့ တစ်ထပ်တည်းပဲ"

"အေး၊ ဒါးလက်စ်နဲ့တစ်ထပ်တည်းလို့ဆိုရင် ငါဂုဏ်ယူတယ်ကွာ။ မင်းတို့ပမညတက ငါ့ကိုပေးထားတဲ့ အမေရိကန်သူလျှိုဆိုတဲ့ ဘွဲ့ထက်တော့ ဒါကပိုခံသာတယ်"

"ကိုနုကတော့ တံခါးပိတ်အမျိုးသားရေးဝါဒသမားမဟုတ်ဘူးကွ။ ကိုယ့်ပြည်၊ ကိုယ့်အမျိုးသားအတွက် အခြေခံပြီး လွတ်လွတ်လပ်လပ် စဉ်းစားနိုင်တယ်။ ကွန်မြူနစ်ဆန့်ကျင်ရေးတိမ်လွှာဖုံးထားတဲ့ မျက်လုံးမရှိဘူး"

"အကောင်းဆုံးကွန်မြူနစ်ဆန့်ကျင်ရေးသမားသည် အကောင်းဆုံးသောအမျိုးသားရေးဝါဒသမားဖြစ်သည် ဆိုတဲ့ အယူအဆမင်းမှာ ရှိနေသမျှ ငါမင်းကိုမထောက်ခံဘူး။ မင်းအမျိုးသားရေးဝါဒမျိုးကို ဆန့်ကျင်တိုက်

ခိုက်နေမှာပဲ။ ကွန်မြူနစ်ဆန့်ကျင်ရေး တိမ်သလွှာမဖုံးတဲ့ အမျိုးသားရေးဝါဒကိုသာ ထောက်ခံမှာပဲ"

ထိုသို့ပြောဆိုငြင်းခုံခဲ့ကြသည်မှာ နှစ်နှစ်ရှိလေပြီ။ ယနေ့ထိလည်း ဤကိစ္စတွင် သဘောတူညီမှုမရှိသေး။

ကျော်ငြိမ်းနှင့် ကျွန်တော်တို့၏သဘောတူညီနိုင်မှုကိစ္စများ အချက်များရှိပါသလား။ အလုပ်အတူတွဲလုပ်နိုင်သော အချက်များရှိပါသလား။

ကျော်ငြိမ်းသည် ကျန်းမာရေးလေ့ကျင့်ခန်းအနေဖြင့် ရေကူးသည်။ ကျွန်တော်ကလည်း ရေကူးသည်။

ကုက္ကိုင်းရေကူးကန်မှာ လူပါးသော ညချမ်းအချိန်ရေကူးကြပြီးနောက် သူနှင့်ကျွန်တော် ပက်လက်ကုလားထိုင်မှာထိုင်ကြသည်။ မီးမောင်းများအောက်တွင် ငြိမ်နေသောရေကူးကန်မှာ ကြည်လင်လှပသည်။ ဥယျာဉ်ပန်းခြံသည် ကြိုင်လှိုင်သင်းပျံ့ပြီး သာယာကြည်နူးဖွယ်ဖြစ်သည်။ စားပွဲထိုးကအဖျော်ယမကာများလာချသည်။

ကျော်ငြိမ်း–

"ကွန်မြူနစ်တွေနဲ့ ငါကသဘောတူတာ၊ အလုပ်တူတွဲလုပ်နိုင်တာတစ်ခုရှိတယ်ကွ၊ တိုင်းပြည်စက်မှုလက်မှုထွန်းကားရေးပဲ"ဟု စလိုက်လေသည်။

ကျွန်တော်က ရေစိုနေသောခေါင်းကို မျက်နှာသုတ်ပဝါဖြင့်ပွတ်သည်။

ကျွန်တော်–

"ဟုတ်တယ်၊ စက်မှုနိုင်ငံထူထောင်ရေးမှာ မင်းနဲ့ငါတို့သဘောတူနိုင်ရမယ်။ မြေပိုင်ရှင်စနစ်ဖျက်သိမ်းပြီး မြေယာလုပ်သားကိုင်း မြေပိုင်ရမယ်၊ အရင်းအနှီးပူလုံရမယ်ဆိုတဲ့ မြေယာစနစ်ပြုပြင်ရေးလည်း တို့သဘောတူနိုင်တာပဲ"

ကျော်ငြိမ်း–



"ဟုတ်တယ်။ သဘောတူနိုင်တယ်။ စက်မှုထူထောင်ရေးလုပ်ငန်းတွေမှာ အမှားတွေရှိခဲ့တဲ့အတွက် စက်မှုထူထောင်ရေးဆန့်ကျင်တဲ့ အတွေးအခေါ်အယူအဆတွေ ပြောတာဆိုတာတွေပေါ်လာတယ်ကွ။ ဒါမကောင်းဘူး။ မှားတာတွေကို ပြင်ရုံရှိတာပဲ။ စက်မှုထူထောင်ရေးလုပ်ငန်းတွေတော့ လက်မလျှော့သင့်ဘူး။"

ကျွန်တော်–

"မင်းတို့ရဲ့ အကြီးဆုံးအမှားကတော့ စက်မှုထူထောင်ရေးမှာ တစ်ယောက်တစ်ပေါက် ထလုပ်ကြတာ၊ စုစုစည်းစည်းမရှိကြတာပဲကွ"

"အေး၊ မင်းပြောတာမှန်တယ်။ စက်မှုလုပ်ငန်းထူထောင်ရေးဆိုတာမြေယာပြုပြင်ရေးနဲ့တွဲသွားရမယ်။ ခုတော့ ဒီနှစ်ခုအလုပ်အားဖြင့်လည်း မတွဲဖက်မိဘူး။ ဖဆပလတွင်း ဂိုဏ်းတွေအနေနဲ့လည်း ကွဲနေခဲ့တယ်။ အခြေခံကတော့ မြေယာဝေငှရေးပြီးအောင်လုပ်နိုင်လို့ တောင်သူလယ်သမားတွေကုန်ပစ္စည်းဝယ်အားပိုကောင်းလာမှ စက်မှုလုပ်ငန်းကထုတ်တဲ့ကုန်ပစ္စည်းတွင်ကျယ်မှာ။ တို့က မြေဝေငှပြီးအောင်မလုပ်နိုင်ဘူး။ တောင်သူလယ်သမားတွေက ဝါဂွမ်းတို့၊ ဂုန်နီချည်တို့ တွင်ကျယ်အောင်စိုက်ပျိုးနိုင်မှ တို့တည်ဆောက်တဲ့ ချည်စက်နဲ့ဂုန်နီစက်ဟာ နိုင်ငံခြားဝါနဲ့ဂုန်နီကို မှီခိုအားထားရတာက လွတ်ကင်းမှာ။ ခုဖြစ်ခဲ့တာကတော့ စိုက်ပျိုးရေးဝန်ကြီးဌာနနဲ့ စက်မှုလုပ်ငန်းဝန်ကြီးဌာနအပေးအယူမရှိ။ ချည်စက်နဲ့ဂုန်နီစက်က ပြီးနေပြီ။ ဝါနဲ့ဂုန်နီက နောက်ကလိုက်မလာဘူး။ ခက်နေတာက စိုက်ပျိုးရေးဌာနကို ဗတလစလက်မှာ အပိုင်ပေးထားရတာပဲ။ အမတော်ကြေးတွေ ကုဋေပေါင်းအများကြီးထုတ်ချေး၊ ကုဋေပေါင်းအများကြီးဆုံး။ ပြီးတော့ မြေယာပြုပြင်ရေးနဲ့သမဝါယမလုပ်ငန်းဟာ စပ်နေရမယ်။ ခုတော့ မြေယာပြုပြင်ရေးနဲ့စိုက်ပျိုးရေးက သခင်တင်နဲ့သူ့လူတွေလက်မှာ သမဝါယမက ငါနဲ့ငါ့လူတွေလက်ထဲမှာ ကိုင်ထားကြတာ

ကို စိုက်ပျိုးရေးနဲ့သမဝါယမပူးပေါင်းဆောင်ရွက်မှု မဖြစ်ဘဲ အပြိုင်အဆိုင် လူစုတာလောက်ဖြစ်ကြတာကိုး"

ကျွန်တော်–

"ဌာနလိုက်မပြောနဲ့၊ စက်မှုလုပ်ငန်းဌာနဆိုင်ရာမှာတောင် တစ်ယောက်တစ်ပေါက်လုပ်တာမျိုးမဟုတ်ဘူးလားကွ"

ကျော်ငြိမ်း–

"ဟုတ်တယ်လေ။ အုတ်ကြွပ်စက်ဟာသည်ဟာက ရာရှစ်အလုပ်၊ စက္ကူစက်ထောင်ဖို့ စီစဉ်တာလည်း သူပဲ။ ဆေးဝါးထုတ်လုပ်ရေးစက်ရုံက ကိုနုရဲ့ ဦးနှောက်လှိုင်းလှုပ်ရှားမှု (Brain Wave)၊ ငါတစ်ယောက်ကည်းတာဝန်ခံလုပ်တာက ဂုန်နီစက်၊ သကြားစက် ငါလက်သပ်မွေးစီမံကိန်းကတော့ ရေအားလျှပ်စစ်လုပ်ငန်း၊ ဘီလူးချောင်းစီမံကိန်းဖြစ်တယ်။ ဒီလိုကိုယ်စိတ်ကူးပေါက်ရာ ဇွတ်လုပ်ကြတော့ ဝါသနာအလျောက်လုပ်ကြတာ၊ Amateur တွေဖြစ်ကုန်တာပေါ့။ ဘီလူးချောင်းစီမံကိန်းဟာ ကေတီအေ K.T.A(Knappen Tabbet Association) (အမေရိကန် စီးပွားရေးအကူအညီအကြံပေးအဖွဲ့) မှာတောင်မပါဘူးကွ။ ငါသိပ်ကြိုက်လွန်းလို့လုပ်တာ"

ကျွန်တော်–

"မင်းတို့ ကေတီအေကို ဆရာတင်တာလည်းမှားတာပဲ။ ဒီကိစ္စမှာ တို့က အစောကြီးကန့်ကွက်ခဲ့ကြတယ်။ စက်မှုလုပ်ငန်းနိုင်ငံထူထောင်ရေးမှာ အရင်းရှင်နယ်ချဲ့သမားတွေက အားပေးမှာမဟုတ်ဘူး။ တို့စီးပွားရေးထူထောင်မှုကို မကောင်းကြံမှာဘဲလို့ငါတို့ဝေဖန်ခဲ့တယ်"

ကျော်ငြိမ်း–

"ဟုတ်တယ်။ ကေတီအေမကောင်းတာက စက်မှုလုပ်ငန်းထူထောင်ရေးဆန့်ကျင်တဲ့သဘောပဲ။ အမေရိကန်ပါရဂူ ဝယ်လင်စတီတို့၊ နေရှင်းလောရုံတို့ဟာ တစ်သဘောတည်းပဲကွ။ စက်မှုလုပ်ငန်းဆန့်ကျင်ဘယ်။



ကေတီအေမှာ ငွေရင်းနှီးမြှုပ်နှံမှု ၈ရာခိုင်နှုန်းသာ စက်မှုလုပ်ငန်းအတွက် ထောက်ခံတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် နောက်ထပ် ၈ရာခိုင်နှုန်းထောက်ခံတယ်။ အားလုံးပေါင်းမှ ၁၆ရာခိုင်နှုန်းပဲရှိတယ်။ ကျန်တာတွေက လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ လူမှုရေးစတဲ့ ကိစ္စတွေမှာပဲ အရင်းအနှီးမြှုပ်နှံရမယ်ဆိုတယ်။ လမ်းပန်းဆက်သွယ်ရေးမှာ ၂၀ရာခိုင်နှုန်း အရင်းမြှုပ်နှံဖို့အကြံပေးထားတယ်။ ရောဘတ်နသန်တို့ဆိုရင် ကုန်ဈေးနှုန်းမတက်အောင် ပြည်တွင်းငွေဖောင်းကြွမှုမရှိအောင်ဆိုပြီး နိုင်ငံခြားကုန်ပစ္စည်းတွေ အောတိုက်ပြီး သွင်းဖို့လောက်ပြောနေတာပဲ။ စက်မှုလုပ်ငန်းထွန်းကားခဲ့အောင် ဘာလုပ်ရမယ်လို့ပြောတာမရှိဘူး။ စက်မှုလုပ်ငန်းထွန်းကားရေးအားပေးတာကတော့ ကွန်မြူနစ်နိုင်ငံတွေပဲကွ။ သူတို့ကို အကြံဉာဏ်တောင်းရင် စက်မှုလုပ်ငန်းထူထောင်ရေးသာ အလေးအနက်ထားပြီးပြောတယ်။ အကူအညီတောင်းလည်း စက်မှုလုပ်ငန်းအဓိက ထားပေးချင်တာပဲ။ အေး၊ တို့ကိုက မယူတတ်တော့ ဟိုတယ်ကြီးတွေဖြစ်သွားတာက တခြားပေါ့။ ဒါကလည်း မင်းရဲ့ကိုနုကြောင့်ဖြစ်သွားတာ။ သူတို့ဆီနေ့စဉ်သုံးကုန်ပစ္စည်းဝယ်တာတောင် တယ်ရောင်းချင်တာမဟုတ်ဘူး။ အဲဒီပစ္စည်းတွေလုပ်ဖို့ စက်ရုံယူပါလားလို့ပြောလွှတ်သေးတယ်။ စက်မှုထူထောင်ရေးမှာ ကွန်မြူနစ်နိုင်ငံတွေနဲ့မပူးပေါင်းဘဲမဖြစ်ဘူး။ အကူအညီကတော့ ဘယ်နိုင်ငံကဖြစ်ဖြစ် တို့လုပ်ချင်တဲ့စက်မှုလုပ်ငန်းထွန်းကားရေးအောင်မြင်ဖို့ဆိုရင် လက်ခံမှာချည်းပဲ။ အမေရိကန်အစိုးရဟာ ခုတော့နိုင်ငံရေးတွက်ကိန်းတွေကြောင့် စက်မှုလုပ်ငန်းထွန်းကားရေးကို လိုလားနေတယ်။ ဒါပေမယ့် သူတို့နဲ့ပြောဆိုစေ့စပ်ရင် အမေရိကန်ပုဂ္ဂလိကအရင်းရှင်တွေနဲ့ လွှဲပေးတာချည်းပဲ။ ဒီတော့ ခက်တာပေါ့။ အရင်းရှင်ဆိုတော့ အမြတ်ကြည့်တာပေါ့။ တို့နဲ့ သိပ်ဈေးဆစ်လို့ မကိုက်ဘူး။ နောက်ပြီးတော့ အမေရိကန်ပုဂ္ဂလိကအရင်းရှင်တွေက အတတ်ပညာပါရဂူတွေ ကောင်း

ကောင်းမပေးချင်ဘူး။ ပေးပြန်ရင်လည်း အကြာကြီးထားမယ်ဆိုမှပေးတယ်။ ရုရှားကတော့ အကောင်းဆုံးပါရဂူကိုပေးတယ်။ ဒီကလူတွေ အလုပ်သင်ပေးတယ်။ အလုပ်ပြီးလည်း မြန်မြန်ပြန်တယ်။ အမေရိကန်ပါရဂူဘက်ကကြည့်တော့ မှန်တာပဲကွ။ ရုရှားမှာလိုအစိုးရက အမြဲတမ်းအလုပ်ပေးထားသူမဟုတ်တော့၊ ချက်ချင်းထွက်လာပြီး ချက်ချင်းပြန်သွားရင် အလုပ်အပေါက်လမ်းမတည့်ဖြစ်နေမှာကိုး"

ကျော်ငြိမ်းသည် စက်မှုလုပ်ငန်းထွန်းကားမှ လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ တရုတ်နှင့်ကုလားတို့သည် စက်မှုလုပ်ငန်းထွန်းကားလာပြီဖြစ်ရာ အားကောင်းလာသဖြင့် မြန်မာမှာ သူတို့ကြားထဲကနေရပြီး အားမရှိလျှင် မျိုးပြုတ်သွားမည်ဖြစ်ကြောင်း၊ တိုင်းပြည်လူဦးရေက လည်းတိုးနေသဖြင့် ပိုလာသောလူဦးရေကို ကျွေးမွေးရန်၊ ဆင်မြန်းရန်၊ နေစရာပေးရန် စက်မှုလုပ်ငန်းများအသစ်ထူထောင်မှ တော်ရုံကျမည်ဖြစ်ကြောင်း ပြောနေလေသည်။

ထို့နောက် စိုက်ပျိုးရေးနှင့်စက်မှုလုပ်ငန်း ဦးစားပေးရေးပြဿနာဆွေးနွေးကြသည်။ လောလောဆယ်အားဖြင့် စိုက်ပျိုးရေးကိုအခြေခံစီးပွားရေးအနေဖြင့် ဦးစားပေးရမည်ဖြစ်သော်လည်း စက်မှုလုပ်ငန်းထူထောင်ရေးမပါဘဲနှင့်မဖြစ်နိုင်ကြောင်း၊ စိုက်ပျိုးရေးသည်ပင်လျှင် ကမ္ဘာနှင့်ယှဉ်ပြိုင်နိုင်သော ခေတ်မီစိုက်ပျိုးရေးဖြစ်ရမည်ဖြစ်ရာ စက်ယန္တရားတပ်ဆင်ရမည်ဖြစ်ကြောင်း၊ ကျော်ငြိမ်းကပြောလေသည်။ ကျော်ငြိမ်းက စက်မှုလုပ်ငန်း တွင်စားသုံးကုန်ပစ္စည်းထုတ်လုပ်ရေးကို တွင်တွင်ကျယ်ကျယ်လုပ်နိုင်ရမည်ဟုဆိုသည်။

အခြေခံစက်မှုလုပ်ငန်း (Heavy Industry) တွင် အကျုံးဝင်နေသော သံရည်ကျိုစက် (Steel Rolling Mill) နှင့်ပတ်သက်၍ သူလုပ်ခဲ့ခြင်းများကိုလည်း မှန်သည်ဟုဆိုသည်။



ကျော်ငြိမ်း–

"သံသတ္တုရိုင်းမရှိသေးဘဲ အဲဒီစက်ရုံလုပ်တာမှားတယ်လို့ လူတွေကဝေဖန်ကြတယ်။ ကုန်ကြမ်းမလုံလောက်ဘဲနဲ့ စက်လည်တာမှားတယ်လို့ မကြာခဏဝေဖန်သံကြားရတယ်။ ဂျပန်တို့၊ အင်္ဂလန်တို့စက်မှုလုပ်ငန်းထူထောင်တာဟာ အားလုံးကုန်ကြမ်းတွေ ကိုယ့်ပြည်မှာပြည့်စုံလို့ထောင်တာမှမဟုတ်ဘဲ။ တခြားနိုင်ငံက ကုန်ရိုင်း၊ သတ္တုရိုင်း သွင်းယူရတာရှိတာပဲ။ ကုန်ကြမ်းနဲ့စက်မှုတွဲပြီး ထောင်နိုင်ရင်တော့ အကောင်းဆုံးပေါ့။ ပြီးတော့ သံရည်ကျိုစက်ထောင်တော့ အစပထမတော့ သံတိုမယ်န (Scrap)တွေ၊ သံအထည်ပျက်တွေကို ကုန်ကြမ်းအဖြစ်အားထားရမှာပဲ။ သူတို့နဲ့လုပ်နေတုန်း တို့နိုင်ငံမှာရှိတဲ့ သံတွင်းတွေ အမီတူးဖို့ပဲလိုတယ်။ သံရိုင်းတွေနေရာအနှံ့အပြားတွေ့ထားတယ်။ တောင်ကြီးမြောက်ဘက်မှာ တန်ချိန် သန်း ၂၀လောက် သံသတ္တုရိုင်းတွေ့ရဘယ်။ သံ ၆၀ရာခိုင်နှုန်းပါတယ်။ မော်တော်ကားလမ်းနဲ့ ၈မိုင်။ မီးရထားလမ်းနဲ့ ၁၇မိုင်သာဝေးတယ်။ တို့ချတ်ယွင်းချက်က အဲဒီသတ္တုတွင်းကိုမတူးဖော်နိုင်တာဘဲ။ သည့်ပြင်နေရာတော်တော်များများမှာလည်း သံရိုင်းခန့်မှန်းခြေ တန်ချိန် သန်းများစွာရှိနေတယ်။ ဒါကြောင့် သံရည်ကျိုစက်တည်တာမှန်တယ်။ ကုန်ကြမ်းကိုတူးဖော်နိုင်အောင်လုပ်ရမယ်"

ကျွန်တော်–

"မင်းတို့မှာ အံချော်နေတာတွေက သိပ်များတယ်။ လျှပ်စစ်ဓါတ်အားကိုသုံးတဲ့ စက်မှုလုပ်ငန်းတွေတစ်ပြိုင်နက်တက်မလာဘူး။ ဒီတော့ ရွာတွေ၊ လမ်းတွေ၊ မီးထွန်းတာလောက် အဓိကဖြစ်နေတယ်။ ဒီတော့ လျှပ်စစ်လုပ်ငန်းအပေါ်မှာ တိုင်းပြည်ငွေတွေဖြုန်းတီးနေရာရောက်ကုန်တယ်။ လျှပ်စစ်ဓါတ်အား ဈေးနှုန်းလည်း မချနိုင်ဘူး"

ကျော်ငြိမ်း–

“အေးကွာ အံချော်တာတို့၊ ပူးပေါင်းဆောင်ရွက်မှုမရှိတာတို့၊ အုပ်ချုပ်မှုညံ့ဖျင်းတာတို့၊ အယိုအဖိတ်များတာတို့ရှိတာပေါ့။ ဒါတွေက ငါတို့နိုင်ငံအခြေအနေနဲ့ပြောရင် ကလေးသူငယ်သွားပေါက်တော့ ဒုက္ခရောက်တာလိုပေါ့၊ (Teething troubles) သွားပေါက်တာကတော့ကောင်းတာပဲ၊ ဒီလိုပေါ့၊ တည်ထောင်ခါစ၊ လုပ်ခါစအတွေ့အကြုံမရှိခင် ပေါ်လာတဲ့ အခက်အခဲတွေ၊ ချွတ်ယွင်းချက်တွေ၊ အမှားတွေကတော့ ပြုပြင်သွားကြရမှာပဲ”

ကျွန်တော်–

“အဲဒီအမှားတွေ၊ ချွတ်ယွင်းချက်တွေက ငွေကုဋေပေါင်းများစွာ တန်တဲ့အမှားတွေကွ။ ဒီအမှားတွေအတွက် စီးပွားရေးတာဝန်ခံ ဒုဝန်ကြီး ချုပ်ဦးကျော်ငြိမ်းအနေနဲ့ တိုင်းပြည်ကမင်းကို သင်ပုန်းချေစေချင်သလား”

ကျော်ငြိမ်းက စပ်ဖြဲဖြဲလုပ်နေသည်။ ကျွန်တော်က သူ့ကို ဘယ်လိုဆော်ဦးမည်လဲ ဟူသော သံသယဖြင့် တွေဝေနေဟန်ရှိသည်။ သူကဘာမျှမပြောသေးသဖြင့် ကျွန်တော်က ဆိုလိုက်၏။

“မင်းကို တိုင်းပြည်က သင်ပုန်းချေစေချင်ရင် မင်းကလည်း သူများအပြစ်တွေ၊ ချွတ်ယွင်းချက်တွေ သင်ပုန်းချေနိုင်ရမယ်။ မင်းသင်ပုန်းချေမလား”

ကျော်ငြိမ်း–

“ဟေ့၊ မင်းအကြံငါသိတယ်။ သင်ပုန်းချေ ငြိမ်းချမ်းရေးတရားဟောမယ်လို့ မဟုတ်လား။ သူပုန်တွေဘက်က တစ်ဖက်သတ်လိုက်ပြီး ငြိမ်းချမ်းရေးတရားဟောနေတဲ့ သခင်ကိုယ်တော်မှိုင်းသြဝါဒကို ငါလက်မခံနိုင်ဘူး။ သူပုန်ထတဲ့ဟာတွေ သင်ပုန်းမချေနိုင်ဘူး။ ငါ့လိုမှားရင်မှားတယ်ဝန်ခံရဲရင်လည်း တော်သေးရဲ့။ ကဲကွာ အဲဒါတွေထားလိုက်ပါဦး။ စက်မှုလုပ်ငန်းထူထောင်ရေးမှာ အမှားတွေ၊ ချွတ်ယွင်းချက်တွေကြောင့်တော့ စက်မှုလုပ်ငန်းထူထောင်ရေးကို လက်မလျှော့သင့်ဘူး။ နောက်မဆုတ်သင့်ဘူး။ အမှားတွေ၊ ချွတ်ယွင်းချက်တွေပြင်ပြီး ဆက်လုပ်ကြရမယ်။ ဒီနေရာမှာ



လူတိုင်းပူးပေါင်းဆောင်ရွက်သင့်တယ်။ မင်းတို့ ပညာတကွန်မြူနစ်တွေလည်း စက်မှုလုပ်ငန်းနိုင်ငံတည်ထောင်ရေး ပန်းတိုင်ပျောက်မသွားအောင် ငါနဲ့ပူးပေါင်းဆောင်ရွက်သင့်တယ်”

ကျွန်တော်–

“စိန်လိုက်ဟေ့”

ကျော်ငြိမ်း–

“ဒါပေမယ့် တပ်ပေါင်းစုတို့ လက်ဝဲညီညွတ်ရေးတို့ဆိုတာမျိုးတော့ မင်းတို့နဲ့မလုပ်နိုင်ဘူးနော် မှတ်ထား”

“ငါတို့ဘက်က လူတွေကလည်း မင်းနဲ့လက်ဝဲခေါ်ခေါ်၊ လက်ယာခေါ်ခေါ် ညီညွတ်ရေးမလုပ်နိုင်ပါဘူး။ မင်းကို ကွန်ပရာဒိုလူတန်းစားကိုယ်စားလှယ်နယ်ချဲ့လက်ကိုင်တုတ်လို့ သူတို့ကသတ်မှတ်ထားတယ်မဟုတ်လား။ ဒီတော့ ငါ့အနေနဲ့ညီညွတ်ရေးမပြောရဲပါဘူး။ တူတဲ့အလုပ်ကလေးတွေ၊ တူတဲ့အတိုင်းအဘာအလိုက်၊ တူတဲ့အချိန်တွဲလုပ်ရအောင် သာပြောချင်ပါတယ်”

“အောရိုက်ကွာ၊ ပြန်ကြစို့ ဇနာရီထိုးတော့မယ်။ အလုပ်သမားတွေလည်း တို့မပြန်လို့စောင့်နေကြတယ်”

ကုက္ကိုင်းရေကူးကန်မှာ ဇနာရီထိုးလျှင်ပိတ်ရမည်။ ရေကူးကန်ပေါ်ဖြာဆင်းနေသော မီးမောင်းကြီးများပင်ပိတ်ကုန်ပြီ။ ကျွန်တော်တို့ပြန်ရန်ထကြလျှင်ပင် ဒရဝမ်သည် အဆောက်အဦးတွင်း မီးများကို လိုက်ပိတ်နေလေပြီ။

သူ့ဇနီး မနွဲ့ရီ၊ သားသမီး ၇ယောက်နှင့် သူ့အခြွေအရံများသည် ကျွန်တော်တို့ လေဖောနေသည်ကို စောင့်မနေနိုင်ကြ၍ စောစောကပင်ပြန်နှင့်ကြပြီးဖြစ်လေသည်။

သူ့ကိုယ်ရံတော်နှစ်ဦးသာ ခပ်လှမ်းလှမ်းမှ စောင့်နေကြသည်ကို တွေ့

ရ၏။ ပြန်ရန် ကျွန်တော်တို့ယိုင်ရာမှ ထလိုက်သောအခါ တစ်ယောက် က ကလပ်ရုံးကောင်တာသို့ သွားကာ အဖျော်ယမကာများအတွက် ငွေပေး ချေလေသည်။

ကျော်ငြိမ်းက–

“ငါသွားတော့မယ်ကွာ။ နောက်အချိန်ရတော့ ဆက်ကြသေးတာပေါ့” ဟု နှုတ်ဆက်၍ ကားပေါ်သို့တက်လေသည်။

သူ့ကားမှာ ဒုဝန်ကြီးချုပ်အနေဖြင့် ဆိုဗီယက်ယူနီယံသို့အလည်သွားစဉ် ဆိုဗီယက်က ပေးလိုက်သော မော်တော်ကားဖြစ်လေသည်။

ကျော်ငြိမ်း–

“ရုရှားမော်တော်ကား လက်ဆောင် ငါလက်ခံထားလို့ ရုရှားနောက်လိုက်ဖြစ်မယ်ထင်လား”

ကျွန်တော်–

“မထင်ပါဘူးကွာ၊ မင်းတို့ ငါတို့က ယုံကြည်ချက်ခိုင်တဲ့သူတွေပဲ၊ ငါက ယုံကြည်ချက် ရုရှားနဲ့တူချင်တူမယ်။ မင်းက မင်းယုံကြည်ချက် အမေရိကန်နဲ့ တူချင်မှတူမယ်။ လက်ဆောင်ကြောင့်တော့ မပြောင်းပါဘူး။ ငါ အမေရိကန်လက်ဆောင်ယူလည်း အမေရိကန်အလိုကျ အယူအဆပြောင်းမယ်လို့ မင်းထင်သလား”

ကားထွက်စဉ် ကျော်ငြိမ်းက

“မထင်ပါဘူးကွာ” ဟု ပြောလိုက်သည်။

“ရုရှားလက်ဆောင်ရလို့ ရုရှားနဲ့သဘောတူနိုင်တာရှိလျက်နဲ့ မတူဘူးလို့တော့ တမင်လုပ်မနေနဲ့နော် ဟား ဟား”

သူကလည်း ကားပေါ်မှ တဟားဟားရယ်သွားလေသည်။

ကျွန်တော်ကား တုတ်ကောက်ကို ဝှေ့ယမ်းပြီး လမ်းလျှောက်လျက် ထွက်ခဲ့လေသည်။




တစ်နည်းတော့ ရေကူးကန်တွင် အချိန်ကုန်သွားသည်မှာ ကောင်းပါသည်။ အချိန်သာမကုန်လို့ ဆက်ဆွေးနွေးကြလျှင် ဖဆပလကွဲပြီး ဗိုလ်ချုပ်နေဝင်းအစိုးရတက်လာလို့ ထိုအစိုးရအပေါ် ကျွန်တော်တို့သဘောထားနှင့် ကျွန်တော်တို့၏အတွေ့အကြုံများ စသည်ဖြင့် အချိန်မတော်သေးသဖြင့် မဖော်ထုတ်အပ်သေးသော အတွင်းရေးများပါသည့်ကိစ္စများသို့ ရောက်သွားပေလိမ့်မည်။

ကျော်ငြိမ်းက နိုင်ငံရေးရာဇဝင်ကဏ္ဍအနည်မထိုင်တတ်သေးသဖြင့် ထိုကိစ္စများကို လူသိနတ်ကြားဆွေးနွေးရန် မတော်သေးဟု ယူဆခြင်းဖြစ်လေသည်။

ကျော်ငြိမ်း ထိုသို့ယူဆသည်ကို ကျွန်တော်က မယူဆရဘူးဟု ပြော၍ မဖြစ်ပါ။ သို့ရာတွင် ကိစ္စမရှိပါ။ သည်မျှနှင့်ပင် ကျော်ငြိမ်းအကြောင်းသိလောက်ပါပြီ။ လေပြည်ကလေး တိုက်ခတ်လာသည်။ ရေကူးကန်ဝင် ပန်းခြံများနှင့် ဘေးတစ်ဝိုက်ရှိ အိမ်များမှ ပန်းခြံများကား သင်းပျံ့ကြိုင်လှိုင်နေသည်။

ကျွန်တော်ကား

အသက်ရှူလို့လည်း ကောင်း၊ လမ်းလျှောက်လို့လည်း ကောင်း၊ တွေးတောလို့လည်း ကောင်းနေလေသည်။



၃၁း၁း၆၁

သိန်းဖေမြင့်
၃၁၊ ဇန်နဝါရီ၊ ၁၉၆၁



## ကျော်ငြိမ်း

၁၉၁၅ မတ်လ ၈ ရက် ဟာနလ်ာနေ့တွင် ဝတ်လုံတော်
ရ ဦးဘိုးတုတ်နှင့် ဒေါ်သုံတို့မှ ပျဉ်းမနားမြို့
တွင်ဖွားမြင်သည်။

၁၉၃၂ မက်ထရစ်စာမေးပွဲအောင်မြင်၊ မန္တလေး ဥပစာ
ကောလိပ်တွင် ပညာသင်၊

၁၉၃၃ ရန်ကုန်တက္ကသိုလ်တွင် အင်္ဂလိပ်စာ ဂုဏ်ထူး
တန်းတက်၊

၁၉၃၄– ၃၅ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ
အလုပ် အမှုဆောင်၊



၁၉၃၆ တက္ကသိုလ်ကျောင်းသားများ၏ ဒုတိယပြည်
လုံးကျွတ်သပိတ်ကြီးတွင် ခေါင်းဆောင်တစ်ဦး
ဖြစ်လာ၊
နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများကွန်ဖရင့်
ကျင်းပပြီး ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား
များ သမဂ္ဂတည်ထောင်ရာတွင်ပါဝင်၊

၁၉၃၇ ရန်ကုန်တက္ကသိုလ် ဘီအေဂုဏ်ထူးတန်းအောင်
မြင်၊

၁၉၄၁ ရန်ကုန်တက္ကသိုလ်မှ ဘီအယ်(လ်)ဘွဲ့ရရှိ၊
ပြည်သူ့အရေးတော်ပုံပါတီ ဗဟိုအလုပ်အမှု
ဆောင်၊

၁၉၄၂ ဒေါ်နွဲ့နွဲ့ရီ (B.A.,B.L.) နှင့်လက်ထပ်၊

၁၉၄၂– ၄၃ ဒေါက်တာဘမော်၏ အစိုးရအဖွဲ့တွင် ဝန်ကြီး
အဖွဲ့ အတွင်းဝန်၊ ရှမ်းပြည်နယ် အတွင်းဝန်၊
ဒု နိုင်ငံခြားရေးဝန်ကြီး၊

၁၉၄၄ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး
တပ်ပေါင်းစုဖွဲ့စည်းရာတွင်ပါဝင်၊

၁၉၄၅ ဖက်ဆစ်တော်လှန်ရေးကာလ ပျဉ်းမနားနယ်
နိုင်ငံရေးမှူး၊
ဆိုရှယ်လစ်ပါတီ အထွေထွေအတွင်းရေးမှူး၊

၁၉၄၆ ဗိုလ်ချုပ်အောင်ဆန်း၏ ဖဆပလအဖွဲ့ချုပ်
အထွေထွေအတွင်းရေးမှူး (၁၉၅၆ ထိ)

၁၉၄၇ တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပြည်မြို့ မဲဆန္ဒ

နယ်မှ ဖဆပလအမတ်၊
ပြည်ထဲရေးနှင့် တရားရေးဌာနဝန်ကြီး၊
၁၉၄၈ ဒုတိယဝန်ကြီးချုပ်(နိုင်ငံခြားရေး)၊
၁၉၄၉ ဖဆပလအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေး
မှူးတာဝန်ကို ပိုမိုတက်ကြွစွာတာဝန်ယူရန်
ဒုဝန်ကြီးချုပ်အဖြစ်မှ နှုတ်ထွက်၊
၁၉၅၁ သမဝါယမဝန်ကြီး၊
၁၉၅၂ သိမ်ဖြူ(မြောက်) မဲဆန္ဒနယ်မှ လွှတ်တော်
အမတ်၊
စက်မှုလုပ်ငန်းဌာနဝန်ကြီး၊
၁၉၅၃ သမဝါယမနှင့် စက်မှုလုပ်ငန်းဌာနဝန်ကြီး၊ ဒု
တိယဝန်ကြီးချုပ် (အမျိုးသားစီးပွားရေး)
၁၉၅၅ ဇန်နဝါရီလတွင် ယူဂိုဆလပ်ဆိုရှယ်လစ်သမ္မ
တ နိုင်ငံတော်သမ္မတ မာရှယ်တီးတိုး၏အောင်
လံ ဘွဲ့တံဆိပ် (ပထမတန်း)ရရှိခဲ့၊
ထိုင်းဘုရင်မင်းမြတ်၏ ဆင်ဖြူတော်ဘွဲ့ ချီးမြှင့်
ခံရ၊
၁၉၅၈ ဖဆပလအဖွဲ့ကြီးနှစ်ခြမ်းကွဲသောအခါ ဦးနု
အားဆန့်ကျင်ပြီး ဦးဗဆွေဘက်မှ ပါဝင်ကာ
ဒုဝန်ကြီးချုပ်အဖြစ်မှ နှုတ်ထွက်၊
၁၉၆၀ အိမ်စောင့်အစိုးရမှကျင်းပသော အထွေထွေ
ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့၊
ဖဆပလ (တည်မြဲ) ၏ ဒုဥက္ကဋ္ဌ၊
ဖဆပလလုငယ်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊





၁၉၆၁ စက်တင်ဘာတွင် စစ်ပျော်ကြေးမစ်ရှင်ဒုတိယ
ခေါင်းဆောင်အဖြစ် တိုကျိုသို့သွားရောက်၊
နိုဝင်ဘာတွင် ရောမမြို့၌ ကျင်းပသောအပြည်
ပြည်ဆိုင်ရာ ဆိုရှယ်လစ်ပါတီများ ကွန်ဖရင့်သို့
တက်ရောက်၊
၁၉၆၃ မေလ ၅ရက်မှ ၁၉၆၈ ဖေဖော်ဝါရီ ၂၉ရက်အထိ၊
အင်းစိန်ထောင်တွင် ထိန်းသိမ်းခြင်းခံခဲ့ရ၊
၁၉၈၀ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ
တော်အစိုးရကချီးမြှင့်သော နိုင်ငံ့ဂုဏ်ရည်ပထမ
ဆင့် ရရှိခဲ့ပြီး၊
၁၉၈၆ ဇွန်လ ၂၃ရက် တနင်္ဂနွေနေ့တွင် ကွယ်လွန်
သည်။
ကွယ်လွန်ချိန်တွင် ဇနီးဒေါ်နွဲ့နွဲ့ရီ နှင့် သား
သမီး ခုနစ်ဦးတို့ ကျန်ရစ်သည်။



## သိန်းဖေမြင့်

၁၉၁၄ ဇူလိုင်လ ၁၀ရက် သောကြာနေ့တွင် အဖ မြေတိုင်းစာရေး ဦးဘ၊ အမိ ဒေါ်မြင့်တို့မှ ဖွားမြင်သည်။
ဘုတလင်ကျောင်းတွင် နေစဉ် ငယ်မည် မောင်မြမောင်ဖြစ်ပြီး၊ မုံရွာမြို့ အင်္ဂလိပ်မြန်မာကျောင်းတွင် မောင်သိန်းဖေဟု နေ့သင့်နံသင့် အမည်ပြောင်းခဲ့သည်။
၁၉၂၁ ဘုတလင်မြို့ ဆရာညဏ်၏ မြန်မာအလယ်တန်းကျောင်းတွင် ပညာသင်၊



၁၉၃၂ မုံရွာဗုဒ္ဓဘာသာအထက်တန်းကျောင်းမှ မြန်မာစာ နှင့် သင်္ချာဂုဏ်ထူးဖြင့် ၁၀တန်းအောင်မြင်၊ မန္တလေးဥပစာကောလိပ် (၁၉၃၂ – ၃၃)တက်၊
၁၉၃၃ ပထမပုံနှိပ်စာမူဖြစ်သည့် ဇန်နဝါရီလ ၂ ရက်နေ့ထုတ် သူရိယသတင်းစာပါ "ရာဇဝင်ပညာ" ဆောင်းပါးနှင့် "မန္တလေးအင်တာမီးဒီးယိတ် ကောလိပ် ခေါ် ဥပစာကျောင်း၌ အပိုမြန်မာစာ သင်ပြပို့ချသင့်ခြင်း" ဆောင်းပါးတို့ကို 'ဝနေ-ငဖေ၊ ဘုတလင်'ဟူသည့် ကလောင်အမည်ဖြင့် ပထမဆုံးရေးသား၊
ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်၊
၁၉၃၄–၃၅ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ အလုပ်အမှုဆောင်၊
၁၉၃၅ ဝိဇ္ဇာဘွဲ့ (ရန်ကုန်တက္ကသိုလ်)၊
မေ၊ ဇွန်တွင် သခင်ကိုယ်တော်မှိုင်း (ဦးလွန်း) အတ္ထုပ္ပတ္တိကို စတင်ရေးသား၊ နဂါးနီစာအုပ်သင်း၏ ပထမဆုံးသော စာအုပ်အဖြစ်ထုတ်ဝေ၊
၁၉၃၅–၃၆ ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး ဝါဒဖြန့်ဌာန တွဲဖက်အတွင်းရေးမှူး၊
သခင် သိန်းဖေဟု အမည်တွင်၊
၁၉၃၆–၃၇ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အမှုဆောင်၊
ဘင်္ဂလားပြည်နယ် တက္ကသိုလ်ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် အလုပ်အမှုဆောင်၊ နိုင်ငံ

ခြားဆက်သွယ်ရေးဌာန အတွင်းရေးမှူး၊
"တက်ဘုန်းကြီး" စာအုပ်ကို ရေးသားထုတ်ဝေ၊
တက်ဘုန်းကြီးသိန်းဖေဟူ၍ စတင်ထင်ရှား၊
၁၉၃၆-၃၈ ကာလကတ္တားတက္ကသိုလ်တွင် ဥပဒေပညာနှင့် မဟာဝိဇ္ဇာ (ပါဠိနှင့် ရှေးဟောင်းအိန္ဒိယသမိုင်း) ဆည်းပူး၊
၁၉၃၇-၃၈ နဂါးနီစာအုပ်သင်း ပညာရေးအဖွဲ့ဝင် အမှုဆောင်၊
၁၉၃၉ ဇန်နဝါရီ (၁၃၀၀ပြည့် အရေးတော်ပုံ)တွင် ထောင်နှစ်ပတ်ကြာကျခဲ့၊
၁၉၃၉-၄၀ "ယောကျ်ားဂုဏ်ရည်" ရုပ်ရှင်ဒါရိုက်တာ၊
၁၉၄၀-၄၁ "တက်ခေတ်နတ်ဆိုး" နှင့် "ဦးစောဘီလပ်သွား" ပြဇာတ်ရေး၊
ပြည်သူ့အရေးတော်ပုံပါတီ အထက် ဗမာပြည် စည်းရုံးရေးတာဝန်၊
၁၉၄၁-၄၂ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများ၏ စည်းရုံးရေးမှူးနှင့် ၎င်းကိုယ်စားလှယ်အဖြစ် အိန္ဒိယနှင့် တရုတ်နိုင်ငံများသို့ သွားခဲ့၊
၁၉၄၂ အိန္ဒိယတွင် မဟာမိတ်တပ်များနှင့် မြန်မာ့တော်လှန်ရေး အင်အားစုများအတွင်း ဆက်သွယ်ရေးတာဝန်ခံ၊
၁၉၄၃-၄၄ အိန္ဒိယတွင် "What happened in Burma" နှင့် "Over the Ashes" စာအုပ်နှစ်အုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသား၊



၁၉၄၅ အောက်တိုဘာတွင် ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး (၁၉၄၆ ဇွန်အထိ)၊
ဗိုလ်ချုပ်အောင်ဆန်း၏ ဖဆပလအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး၊
၁၉၄၆ ဇက်တင်ဘာမှ အောက်တိုဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ပထမဆုံးအစိုးရအဖွဲ့၏ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဌာနဝန်ကြီး၊
ဧကာပူစားနပ်ရိက္ခာအစည်းအဝေးတက်ရောက်၊
နိုဝင်ဘာ ၂၂ ရက်နေ့တွင် ဒေါ်ခင်ကြည်ကြည် (B.Sc.) နှင့် လက်ထပ်၊
၁၉၄၈ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ (မတ်လအထိ)၊
၁၉၄၈-၄၉ ဘဲလားရေးသဘင်သစ်ရေးသား၊
ဩဂုတ်လတွင် ထောင်ကျ (၁၉၄၉ ဇူလိုင်ထိ)၊
ထောင်တွင်း၌ "လမ်းစပေါ်ပြီ" ဝတ္ထု၊ "ချစ်၍ခေါ်ရာ" ဇာတ်ညွှန်းနှင့် "ဒီမိုကရေစီသစ် မော်စီတုံး၏ သင်ကြားချက်များ" ရေးသား၊
စိမ်းရောင်စိုညိုညွတ်ရေးနှင့် ငြိမ်းချမ်းရေးသဘင် ရေးသားပြသ၊
"လမ်းစပေါ်ပြီ" ဝတ္ထုမှစ၍ မိခင် ဒေါ်မြင့်၏ အမည်ကို တွဲဖက်၍ သိန်းဖေမြင့် အမည်ပြောင်း၊
၁၉၅၀ တရုတ်ဗမာမိတ်ဆွေဖြစ်အသင်း ဥက္ကဋ္ဌ၊

၁၉၅၀-၅၁ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် ဒုဥက္ကဋ္ဌ၊
၁၉၅၂ ပြည်သူ့ညီညွတ်ရေးပါတီ အထွေထွေအတွင်းရေးမှူး (၁၉၅၉ ထိ)၊
ပီကင်း၊ အာရှနှင့် ပစိဖိတ်ဒေသများ ဆိုင်ရာငြိမ်းချမ်းရေး ညီလာခံပြင်ဆင်ရေး ကော်မတီ အစည်းအဝေး တက်ရောက်၊
'ဖာတ်ဆရာ ဦးဖိုးစိန်' စာအုပ်ရေးသား၊
၁၉၅၃ စစ်အကွင်းခရီးသည် ရေးသားထုတ်ဝေ၊
၁၉၅၆ အောက်တိုဘာတွင် ပီကင်း၌ ကျင်းပသော လူ့ရှုန်းအနိစ္စရောက်ခြင်း ၂၀နှစ်မြောက် အထိမ်းအမှတ်ပွဲ တက်ရောက်၊
ဘုတလင်မဲဆန္ဒနယ်၏ ပြည်သူ့ညီညွတ်ရေး အမျိုးသားတပ်ပေါင်းစု (ပမညတ) အမတ် (၁၉၆၀ ထိ)၊
မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ (၁၉၅၈ ထိ)၊ အာရှစာရေးဆရာများညီလာခံ အိန္ဒိယပြည် နယူးဒေလီသို့ သွားရောက်၊
'တော်လှန်ရေးကာလ နိုင်ငံရေးအတွေ့အကြုံများ' ရေးသား၊
၁၉၅၇ ပါလီမန်ခရီးစဉ်အဖွဲ့နှင့် အင်္ဂလန်သို့သွားရောက် အီဂျစ်ပြည်ကိုင်ရိုမြို့၊ အာရှအာဖရိက ပြည်သူများ သွေးစည်းရေးညီလာခံတက်ရောက်၊
၁၉၅၈ 'အရှေ့က နေဝန်းထွက်သည့်ပမာ' စာအုပ်ဖြင့် စာပေဗိမာန်ဝတ္ထုရှည်ဆုရရှိ၊



ဩဂုတ် ၁ရက် မှစ၍ ပြည်သူ့ပိုင်ဖြစ်သည့် (၁၁-၉-၆၄) ထိ ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ် နှင့် အုပ်ချုပ်မှုဒါရိုက်တာ၊
ဗိုလ်တထောင် "ပွင့်ပွင့်လင်းလင်းပြောပါရစေ" ကဏ္ဍ ပင်တိုင်ဆောင်းပါးရှင် (၁၉၇၅ ထိ)၊
၁၉၆၁ မေလတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ကိုယ်စားလှယ်အဖြစ် ဂျပန်နိုင်ငံ အာရှစာရေးဆရာများ ဌာနရှိအစည်းအဝေးတက်ရောက်၊
အပြန်တွင် တရုတ်နှင့် မြောက်ဗီယက်နမ် သို့ဝင်ရောက်လေ့လာ၊
စက်တင်ဘာတွင် အမေရိကန်ပြည်ထောင်စုသို့ သတင်းစာဆရာအဖြစ် Leadership Grant ဖြင့်သွားရောက်၊
'ကျော်ငြိမ်း' စာအုပ်ရေးသားထုတ်ဝေ၊
၁၉၆၂ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ၊
သတင်းစာဆရာအဖြစ်ဆိုဗီယက်၊ ဂျာမဏီဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ရူမေးနီးယားနိုင်ငံများသို့ သွားရောက်၊
ပြည်ထောင်စုမြန်မာနိုင်ငံ ယဉ်ကျေးမှုကောင်စီ အဖွဲ့ဝင်၊
၁၉၆၆ တက္ကသိုလ်များဗဟိုကော်မတီအဖွဲ့ဝင်၊
'ဝတ္ထုတို ပေါင်းချုပ်' ထုတ်ဝေ၊
၁၉၆၇ "ဝိသေသတိုင်းသမိုင်းအစ" စာအုပ်ဖြင့် အမျိုးသားစာပေ (စာပေဗိမာန်) ပထမဆုရရှိ၊

၁၉၆၈ "သီတာပြုံး" စာအုပ်ဖြင့် အမျိုးသားစာပေ ဝတ္ထုရှည် စတုတ္ထဆုရရှိခဲ့၊
၁၉၇၀ တော်လှန်ရေးကောင်စီ အတိုင်ပင်ခံအဖွဲ့ ဒုဥက္ကဋ္ဌ၊
၁၉၇၃ 'တစ်ခုသော ငွေရတုသဘင်' ရေးသား၊
၁၉၇၈ 'ဖြဝကျော်မှ ရေးသောဝတ္ထုများ' ရေးသားထုတ်ဝေခဲ့ပြီး၊
ဇန်နဝါရီ ၁၅ရက် တနင်္ဂနွေနေ့တွင် ကွယ်လွန်သည်။



၁၉၃၃ခုနှစ်မှစ၍ ကွယ်လွန်ချိန်အထိ ဝတ္ထုတို/ရှည်၊ ဆောင်းပါး၊ ခရီးသွားစာပေ၊ အတ္ထုပ္ပတ္တိ၊ နိုင်ငံရေး၊ စာပေရေးရာ စသည်များကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် လည်းကောင်း၊ စာအုပ်အဖြစ်လည်းကောင်း အများအပြား ရေးသားထုတ်ဝေခဲ့သည်။
သိန်းဖေမြင့်ကလောင်အမည်အပြင် ဝနေ ငဖေ၊ သိန်းနေနွယ်၊ တက္ကသိုလ် အကျော်၊ တစ်ကောင်ကြွက်၊ ဦးကျောက်လုံး၊ သိန်းဖေ၊ တက်ဘုန်းကြီး သိန်းဖေ၊ မောင်တူ စသည်တို့ကို အသုံးပြု ရေးသားခဲ့သည်။
ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်ကြည်ကြည် နှင့် သားသမီး လေးဦးကျန်ရစ်သည်။

# အညွှန်း

## က

ကပိုင်ရွာ ၅၂
ကရှုးရှက်ဗ် ၆၊ ၁၃၁၊ ၁၃၂၊ ၁၃၄
ကရင်ကချင်လူနည်းစုများခေါင်းဆောင်သောအစိုးရ ၁၀
ကရင်လက်နက်ကိုင် ပြည်ထောင်စုရဲ ၁၁
ကရင်သူပုန်။ ကေအင်ဒီအို – ကြည့်
ကရင်သေနာပတိ။ ဒွန်း၊ စမစ်၊ စစ်ဦးစီးချုပ် – ကြည့်
ကရင်အမျိုးသား ၁၀၊ ၁၁
ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့။ ကေအင်ဒီအို – ကြည့်
ကရင်အမျိုးသားသမဂ္ဂ။ ကေအင်ယူ – ကြည့်
ကာစီ၊ ဦး ၁၁၆
ကာလကတ္တားတက္ကသိုလ် ၃၄
ကာလပျက်ခြင်း ၅၁
ကုလသမဂ္ဂအထွေထွေလွှတ်တော်ညီလာခံ၊ ပါရီ ၁၂၈
ကူမင်တန် ၅၊ ၉၆၊ ၉၇၊ ၁၂၆
ကေတီအေ။အမေရိကန်စီးပွားရေးအကူအညီအကြံပေးအဖွဲ့ – ကြည့်
ကေအင်ဒီအို ၁၁၊ ၁၁၆၊ ၁၁၉၊ ၁၂၇၊ ၁၂၈
ကေအင်ယူ ၉၈၊ ၁၁၅
 တောခိုခြင်း ၉၈၊ ၁၁၅
 မြေယာစနစ်ပြုပြင်ရေးကိုဆန့်ကျင်ခြင်း ၁၁၅
ကောလင်း၊ မိုက်ကယ်လ် ၃၄
ကံကျွေးစနစ်။ မြေရှင်စနစ် – ကြည့်
ကိုကိုကြီး၊ ဦး ၇၈၊ ၇၉
ကိုရီးယား ၆၊ ၁၄
ကိုလိုနီ ၈၊ ၃၆၊ ၁၃၃။ နယ်ချဲ့စနစ် – လည်းကြည့်
 နိုင်ငံ ၈
 ပညာရေး ၃၆
 ဝါဒ ၁၃၃
ကိုးလ်၊ ဂျီ ဒီ အိပ်ချ် ၃၉
ကင်ပေတိုင်ရုံး ၁၆
ကင်းဘဲလ် ၁၂၇၊ ၁၂၈
 ကေအင်ဒီအိုကိုကူညီခြင်း ၁၂၈
 အင်္ဂလိပ်သူလျှိုလုပ်ခြင်း ၁၂၈
ကန့်ဖန် ၁၃၆
ကမ္ဘာ့ကွန်မြူနစ်ပါတီ ၁၀
ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှု ၄၃
ကမ္ဘာ့ငြိမ်းချမ်းရေး ၁၃၀-၂၊ ၁၇၀
 ကွန်ဂရက် ၁၇၀
'ကမ္ဘာ့နိုင်ငံရေး' ၄၄

စာဆုပ်ဒရှုး

# ကျော်ငြိမ်း

သိန်းဖေမြင့်

